တက္ကသိုလ်

# နေလင်းအောင်

## ကောရာင်သခင်နှင့် သွေးယဉ်ပလ္လင်

စာစဉ် ၃



စာမူခွင့်ပြုချက်အမှတ် ၁၂၂၄/ ၂၀၀၃(၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၂၉၄/ ၂၀၀၃(၁၁)

၂၀၀၄-ခုနှစ်၊ မတ်လ
ဒုတိယအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး- ၄၅၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးလှသိန်း။
လှသိန်းဦးပုံနှိပ်တိုက်
၁၂/ဒါနလမ်း။ သာယာကုန်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှိပ်
ဦးထွန်းလင်း။
မိုးဝအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။


## အခန်း (၃၆)
## အရုပ်ဆိုးသော ညှော်စိမ်း

ကျန်ဟန်ပြောင်က တဟားဟားရယ်လိုက်၏။ ဤအစည်းအဝေးသို့ရောက်ခဲ့သည့်အချိန်များအတွင်း၌ ကျန်ဟန်ပြောင် အနေဖြင့် ပထမဆုံးအကြိမ် ရယ်မောနိုင်ခြင်းပင်ဖြစ်တော့သည်။

"ရှင်းမှာပါ၊ မပူပါနဲ့၊ ကျုပ်တို့လိုက်လုတဲ့လှေဟာ ကြောက်လန့်တကြားထွက်ပြေးရင်း အဲဒီရတနာပစ္စည်းကို ကျုပ်တို့ရေပြင်ပိုင်နက်ထဲပစ်ချခဲ့တာပါ၊ တဲ. . . အဲဒီပစ္စည်းကို ဘယ်သူပိုင်မလဲ၊ ညီအစ်ကိုတော်တို့ ဆုံးဖြတ်ပေးကြပါ"

"ဒီလိုမဟုတ်ပါဘူး၊ ဒီလိုမဟုတ်ပါဘူး၊ အဲဒီပစ္စည်းကို ကျုပ်တို့ရေပိုင်နက်ထဲမှာ ဆယ်ယူရရှိတာပါ"

ကျူလျှံရင်က အကြောက်အကန် ဝင်ပြောသည်။ ကျန်ဟန်ပြောင်က ခါးထောက်ပြီး ကျူလျှံရင်ကိုကြည့်၏။ သူ့မျက်လုံးများက ဒေါသရောင်တောက်နေသည်။

"ဟုတ်တယ်၊ ဒါကို တို့မငြင်းဘူး၊ ဖြစ်သွားတာက ရေစီး

ကြောင်းပဲ၊ တို့ပစ္စည်းဟာ ရေစီးကြောင်းနဲ့အတူ မင်းတို့နယ်ထဲ ရောက်သွားတာ၊ မင်းပဲပြောထားတယ် မဟုတ်လား၊ တို့ပိုင်နက်ထဲ ကျသွားတဲ့ပစ္စည်းဟာ တို့ပဲ ပိုင်သင့်တယ်လို့ ဒီပစ္စည်းကို တို့မြောက်ပိုင်း တံငါကျွန်းစုကပဲ ပိုင်သင့်တယ်၊ ခေါင်းဆောင်ကြီးခင်ဗျာ၊ ကျွန်တော်ပြောတာ မှန်ရဲ့လား ခင်ဗျာ"

ရှောင်ကြည်ဟိုင် ဘာမှမပြောရသေးမီ တစ်ယောက် တစ်ပေါက် ဝေဖန်သံများဆူညံလာပြန်၏။ ရှောင်ကြည်ဟိုင်လည်း ငိုင်သွားသည်။ သူတို့၏အကြောင်းပြချက်နှင့်သူတို့ မှန်နေကြသည်။ ကျွန်တန်ပြောင်က ကောက်ပင်ရိပ်လိုးစကားဖြင့် ကျူလုံ့ရင်ကို အပိုင်ချည်သွားသည်။

ရှောင်ကြည်ဟိုင်မှာ သူကိုယ်တိုင်လည်း မဆုံးဖြတ်နိုင်တော့ချေ။ ထို့ကြောင့် ကျွန်းသူကျွန်းသား အများပရိသတ်၏ဆန္ဒသဘောထားကို တောင်းခံရတော့သည်။

"ညီအစ်ကိုတော်တို့ ဒီကိစ္စကို ဘယ်လို ဆုံးဖြတ်ချင်ကြပါသလဲ"

ပရိသတ်ကြီးမှာလည်း အယူအဆအမျိုးမျိုး ဖြစ်နေသည်။ ထို့ကြောင့် တိကျသောဆုံးဖြတ်ချက်ကို မရဘဲရှိနေသည်။

ရှောင်ကြည်ဟိုင်သည် ချီရှိုထန်၊ တိန်ဒယောက်နှင့် ဟူစီတို့ကိုခေါ်၍ တိုင်ပင်၏။ ထိုလူများသည်လည်း သဘောထားကွဲလွဲပြန်သည်။

လူကြမ်းစိတ်ကြမ်း တိန်ဒယောက်က ခပ်သွက်သွက်ပင် ဝင်ဝင်သည်။





"ခေါင်းဆောင်ကြီး၊ သိပ်လဲ ဦးနှောက်ခြောက်ခံမနေနဲ့၊ ဆွေးနွေးဖြေရှင်းလို့မရလဲ သိုင်းလောကထုံးစံအတိုင်း ဖြေရှင်းလိုက်ကြတာပေါ့"

တိန်ဒယောက်သည် ကျူလုံ့ရင်နှင့်ရင်းနှီးသူ ဖြစ်၏။ တိန်ဒယောက်ပြောသည့် သိုင်းလောကထုံးစံအတိုင်းဖြေရှင်းရန် ဆိုသည်မှာ သိုင်းပညာဖြင့် တိုက်ခိုက်ရန်ဖြစ်ကြောင်း အားလုံးကနားလည်ကြသည်။ အုပ်စုချင်းယှဉ်လျှင် ကျူလုံ့ရင်က သာသွားလိမ့်မည်။

တိန်ဒယောက်က ကျွန်ဟန်ပြောင်ကို စူးစူးစိုက်စိုက်မေး၏။

"ကျွန်ဟန်ပြောင်- ဒီရတနာပစ္စည်းကို တောင်ပိုင်းကျွန်းစုကပိုင်တယ်လို့ ငါပြောချင်တယ်၊ မင်း ဘာပြောမလဲ"

ကျွန်ဟန်ပြောင်ကလည်း လှစ်နေအောင်ပါးသည်။

"ကျုပ်က ဘာပြောရမလဲ၊ ကျုပ်မှာ ဘာမှပြောစရာမရှိဘူး၊ ကျုပ်က အစည်းအဝေးကိုတင်ပြပြီးပြီ"

ပြဿနာကမအေးတော့ပြီ။ တစ်ယောက်တစ်ပေါက် ငြင်းကြခုန်ကြရင်းတိုက်ခိုက်ကြတော့မည်။ ပရိသတ်ကိုမထိန်းနိုင်လျှင်အားလုံးသွေးချောင်းစီးသွားနိုင်သည်။

အမြော်အမြင်ကြီးမားသောရှောင်ကြည်ဟိုင်က စားပွဲခုံပေါ်တက်ရပ်လျက် ကျယ်လောင်စွာအော်ဟစ်လိုက်သည်။

"အားလုံးတိတ်ကြပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်ပဲ အဆုံးအဖြတ်ပေးတော့မယ်"

လူအုပ်ကြီးသည် မီးကို ရေနှင့်ငြိမ်းသတ်သည့်အလား ရှဲခနဲ

ငြိမ်သွား၏။ ကျွက်စီ ကျွက်စီအသံများ တိတ်ဆိတ်သွားသည်။ သဲသောင်ပြင်ကြီး၌ လူတစ်ဦးတစ်ယောက်မျှမရှိသည့်အလား ငြိမ်သက်သွားသည်။

"ကျုပ် နည်းလမ်းနှစ်ခု စဉ်းစားမိတယ်၊ ပထမနည်းလမ်းကတော့ ကိုယ့်အချင်းချင်း တိုက်ဟယ် နိုက်ဟယ်မဖြစ်အောင် သူ့ မူလလာလမ်းဖြစ်တဲ့ပင်လယ်ထဲပြန်ပစ်ချဖို့ပဲရှိတယ်၊ အဲဒီလိုလုပ်သင့်တယ်လို့ ကျုပ် မယူဆဘူး၊ ခင်ဗျားတို့ကော အဲဒီလိုယူဆသလား"

"မယူဆဘူး--- မယူဆဘူး--"

အော်သံများ ဟိန်းထွက်လာသည်။

ရှောင်ကြည်ဟိုင်က ဆက်ပြောသည်။

"ဒုတိယနည်းလမ်းကတော့ ပဟာဒီရတနာပစ္စည်းကို တစ်ဝက်စီခွဲ၊ တောင်ပိုင်းကတစ်ဝက်ယူ၊ မြောက်ပိုင်းကတစ်ဝက်ယူ၊ အဲဒီနည်းကိုတော့ ကျုပ်ကြိုက်တယ်၊ ညီအစ်ကိုတော် အားလုံးကျေနပ်ကြတယ် မဟုတ်လား"

ကျွန်းသူကျွန်းသားအားလုံး သဘောကျသွား၏။ ရန်ဖြစ်စရာလည်း မလိုတော့။ ငြင်းနေသူများလည်း တစ်ယောက်တစ်ဝက်စီရသဖြင့် ကျေနပ်နိုင်သည်။

"ကောင်းတယ်၊ ကောင်းတယ်၊ ကျုပ်တို့ကျေနပ်တယ်"

အော်ဟစ်သံကြီး ဟိန်းထွက်လာသည်။

ရှောင်ကြည်ဟိုင်မှာ ထိုအခါကျမှ စိတ်သက်သာရာရသွားတော့၏။ သူက သဘောမတူသူရှိပါသလားဟု သုံးကြိမ်တိတိမေးသည်။ နောက်ဆုံးအကြိမ်ကျမှ သဘော မတူသူတစ်ယောက် ထွက်





ပေါ်လာသည်။ ထိုသူကား တိန်ဒယောက်ပင်တည်း။

"ကျုပ် သဘောမတူဘူး"

ကျွန်းသားများအံ့အားသင့်သွား၏။ ရှောင်ကြည်ဟိုင်လည်း မျက်နှာပျက်သွားသည်။ ရှောင်ကြည်ဟိုင်က စူးရှတောက်ပသော မျက်လုံးများဖြင့် တိန်ဒယောက်ကိုကြည့်လိုက်သည်။

"တိန်ဒယောက် ခင်ဗျားက ဘာသဘောလဲ"

ကျူလျံရင်သည် တိန်ဒယောက်တစ်ယောက်လုံး သူ့ရှေ့မှ မားမားမတ်မတ်ရပ်နေပြီဖြစ်ရာ ချက်ချင်း ထ၍အော်ဟစ်တော့၏။

"ကျုပ်လဲ သဘောမတူဘူး"

ရှောင်ကြည်ဟိုင်၏အဆုံးအဖြတ်မှာ အချည်းအနှီးဖြစ်ရပေတော့မည်။ ကျူလျံရင်၏တပည့်များလည်း သဘောမတူကြောင်း တစ်ယောက်တစ်ပေါက် ထပြောလာပြန်သည်။

ထိုစဉ်မှာပင် ကျွန်းသားလူအုပ်ကြီးထဲမှ လူတစ်ယောက် ထွက်လာ၏။ သူသည် အထက်အောက် အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။ သူ၏မျက်နှာမှာ ဖြူဖွေးသန့်စင်သည်။ ထူထဲမည်းနက်သောမျက်ခုံးများက တစ်ခုနှင့်တစ်ခု ဆက်မတတ်ဖြစ်နေသည်။ သူ့မျက်လုံးများက တောက်ပသည်။

"ခေါင်းဆောင်ကြီး ဘာမှအခက်အခဲ ဖြစ်မနေပါနဲ့၊ ကျုပ်က အကောင်းဆုံးနည်းလမ်းကိုတင်ပြပါ့မယ်"

အတွင်းအားထုတ်၍ပြောလိုက်သံက ခြသေ့်ဟိန်းသံလို ထင်မှတ်ရသည်။ များပြားလှသော မျက်လုံးအစုံတို့သည် ထိုလူဆီသို့ ရောက်ရှိသွားကြလေ၏။

"လူကြီးမင်းက ဘယ်သူများပါလဲခင်ဗျာ၊ ဘာအကြံဉာဏ်များ ပေးချင်သေးလို့ပါလဲ"

ရှောင်ကြည်ဟိုင်သည် တကယ့် လူကုံထံတစ်ဦးဖြစ်ပုံရ၏။ လက်နှစ်ဘက်ကိုယှက်လျက် ဂါရဝပြုရင်းယဉ်ကျေးစွာမေးသည်။ သို့သော် သူ့မျက်လုံးများကမူ ထိုလူအား ခြေဆုံးခေါင်းဆုံး အကဲခတ်လျက်ရှိနေ၏။

ထိုသူကား လုစုယာပေတည်း။

လုစုယာကလည်း လေးလေးစားစား ပြန်လည်ဂါရဝပြု၏။

"ကျွန်တော် အကြံမပေးခင် အခုဖြစ်နေတဲ့အခြေအနေကို နည်းနည်းလောက် ပြန်ပြောချင်ပါတယ်၊ ခေါင်းဆောင်ကြီးရဲ့ ပထမနည်းကို သူတို့ သဘောမတူကြတာတော့ ရတနာပစ္စည်းအလဟဿ အဆုံးအရှုံး မခံချင်လို့ရယ်၊ သူတို့ ကြည့်ချင်မြင်ချင်လို့ရယ်၊ အကြောင်း နှစ်ချက်ကြောင့် ရေထဲပြန်ပစ်ချဖို့ သဘောမတူကြတာပါ၊ ဒုတိယနည်းလမ်းကတော့ တကယ်ပဲ တရားမျှတမှုရှိပါတယ်၊ ဒါပေမယ့် ပစ္စည်းကို သေသေချာချာ မမြင်သေးဘဲနဲ့ တစ်ဝက်ကိုခွဲဖို့ဆိုတာ မလွယ်ပါဘူး၊ ဒါကြောင့် ဒီပစ္စည်းကို လူအများ သိသာမြင်သာအောင် ပထမပြသပါလို့ တောင်းဆိုချင်ပါတယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကျုပ်တို့သဘောတူတယ်"

ကျွန်းသားများ၏အော်သံသည် ပွဲတင်ထပ်၍ ထွက်ပေါ်လာပြန်၏။

သူ့အကြံအစည်ကို ဖျက်လိုဖျက်စီးလုပ်လာသော လူငယ်ကို တိန်ဒယောက်က ဒေါသထွက်သွားသည်။





"မင်းက ဘယ်ကျွန်းကလဲ၊ ဘယ်ကျွန်းခေါင်းဆောင်ရဲ့ နောက်လိုက်လူငယ်လဲ၊ ငါကတော့ မင်းကို တစ်ခါမှမမြင်ဖူးဘူး"

လုစုယာက ရယ်လိုက်၏။

"တမန်တော်က ဘယ်ကျွန်းသားပဲဖြစ်ဖြစ် အရေးမကြီးပါဘူး၊ အရေးကြီးတာက ကျွန်းသားတွေသွေးစည်းညီညွတ်ဖို့ပဲ"

ရှောင်ကြည်ဟိုင် ခေါင်းညိတ်လိုက်၏။ လုစုယာ မည်သည့်ကျွန်းသားဖြစ်ဖြစ် အကြောင်းမဟုတ်ပါ။ လုစုယာပြောသည့်အတိုင်း ကျွန်းသားများ သွေးစည်းညီညွတ်သည်ကိုသာ သူမြင်လိုသည်။

ထို့ကြောင့် စားပွဲပေါ်မှအထုပ်ကိုယူ၍ဖွင့်လိုက်သည်။ လက်ဝါးပေါ်တင်မြှောက်ပြလိုက်သည်။

"ကျွန်းသားများခင်ဗျာ၊ ခင်ဗျားတို့မြင်တွေ့လိုကြတဲ့ပစ္စည်းကတော့ ဟောဒီမှာပါ"

နှိုရှိုထန်က မီးတိုင်တစ်တိုင်ကို လှမ်းဆွဲ၍ ပစ္စည်းကို ထင်သာ မြင်သာအောင် အနီးကပ်ပြသည်။

ရတနာပစ္စည်းသည် ရှောင်ကြည်ဟိုင်၏ လက်ဝါးပေါ်၌ တဖိတ်ဖိတ်တောက်ပနေသည်။

ထိုအခါ ကျွန်းသားများ၏မျက်လုံအစုံတို့သည် ထိုရတနာပစ္စည်းဆီမှ မရွေ့လျားနိုင်ဘဲ အငမ်းမရကြည့်ရှုနေမိကြလေသည်။

ကျွန်းသားများက ထိုပစ္စည်းကိုလိုချင်လောဘဖြင့်ကြည့်ကြသော်လည်း လုစုယာကား မြင်လိုက်ရသည်နှင့်စိတ်ပျက်သွားသည်။

အဘယ်ကြောင့်ဆိုသော် ထိုရတနာပစ္စည်းမှာ ကျောက်စိမ်းကေရာဇ်တံဆိပ်တော် မဟုတ်သောကြောင့်တည်း။

ထိုပစ္စည်းသည် လေးထောင့်ပုံ ခြောက်လက်မပတ်လည် ရှိသော ဘူးတစ်ဘူးတည်း။ စိန်ရွှေငွေကျောက်မျက်ရတနာများ စီခြယ်ထားသည်။

လုစုယာသည် ထိုပစ္စည်းကိုမမြင်ရမီက ရင်တထိတ်ထိတ်ဖြစ်ခဲ့ရသော်လည်း ယခုအခါမူ စိတ်လှုပ်ရှားမှုမရှိတော့ချေ။

"မိတ်ဆွေကြီးခင်ဗျား၊ မိတ်ဆွေကြီးကပဲ အကြံသစ် ဉာဏ်သစ်များ ပေးစေလိုပါတယ်၊ ကျုပ်တို့အကြံအစည်ထက် ပိုကောင်းရင် ကျုပ်တို့လိုက်နာရမှာပေါ့"

ရှောင်ကြည်ဟိုင်က လုစုယာအား လှမ်းကြည့်ရင်း မေတ္တာရပ်ခံလိုက်သည်။

တိန်ဒယောက်သည် သူတို့မမြင်ဘူးသောလူဆီမှ အကြံဉာဏ်တောင်းခံနေသည်ကို စိတ်ထဲမှ နာလိုခံခက်ဖြစ်နေသည်။

ထို့ကြောင့်---

"သူများဆီက အကြံဉာဏ်တောင်းနေဖို့ မလိုပါဘူး၊ ကျုပ်ပြောတဲ့ သိုင်းလောကထုံးစံအတိုင်းဆောင်ရွက်လိုက်ရင် ပြီးတာပဲ"

ထိုစဉ် ကျွန်းသားများထဲမှ လူတစ်ယောက်ထွက်လာသည်။

"ဒီပစ္စည်းဟာ ဘယ်လိုပစ္စည်းမျိုး၊ ဘယ်နေရာမှာသုံးတဲ့ပစ္စည်းမျိုးဖြစ်တယ်ဆိုတာ ခေါင်းဆောင်ကြီးကတော့သိမှာပါပဲ၊ ကျုပ်တို့ကတော့ မသိဘူးဗျ၊ ခေါင်းဆောင်ကြီးက တဆိတ်လောက်ရှင်းပြပါလား"

ချီရှိကန်သည် သူ၏မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများကို လက်ဖြင့်သပ်လိုက်၏။





သူ့ဟန်ပင်မှာ "နန်းတွင်းတရုတ်ပညာရှိကြီးများ၏ဟန်ပန်နှင့်တူ၏။

သူသည် အသက်ကြီးလှပြီ။ ထိုက်သင့်သော ဗဟုသုတနည်းပါးသော ကျွန်းသူကျွန်းသားများအကြား၌ ပညာရှိတစ်ပါးပင်ဖြစ်နေသည်။

"ဒီပစ္စည်းဟာ တရုတ်မင်းအဆက်ဆက် အသုံးပြုခဲ့တဲ့ နန်းဆက် ကျောက်စိမ်းကောရာဇ် တံဆိပ်တော်ကို သိမ်းဆည်းတဲ့ ဘူးခွံပဲ ဖြစ်ပါတယ်၊ ကျုပ်ကြားဖူးသလောက်တော့ ဒီပစ္စည်းတွေကိုအမတ်ကြီးလုရှုဟူးဟာ သူနဲ့အတူရေထဲခုန်ချပြီး ယူသွားတယ်ဆိုတာပဲ၊ ကြည့်ရတာ ဒီပစ္စည်းဟာ ရေစီးနဲ့အတူ ကျုပ်တို့နယ်ထဲ ရောက်လာတယ်လို့ထင်တာပဲ"

ပရိသတ်ကြီးမှာ လွန်စွာအံ့အားသင့်သွားသည်။ သူတို့ အငြင်းပွားနေသည့်ပစ္စည်းသည် နန်းတွင်းရေးရာနှင့် ပတ်သက်ဆက်စပ်နေလိမ့်မည်ဟု သူတို့ လုံးဝမထင်မှတ်ခဲ့ကြပေ။

"စောစောက ဒီအကြောင်းထုတ်မပြောတာက အကြောင်းရှိပါတယ်၊ ဒီပစ္စည်းဟာ တစ်မျိုးသားလုံးနဲ့ပတ်သက်စပ်ဆိုင်နေတဲ့ ပစ္စည်းဖြစ်တဲ့အတွက် အဘိုးအနဂ္ဃထိုက်တန်နေပါတယ်၊ တန်ဖိုး မဖြတ်နိုင်တဲ့ပစ္စည်းမှန်းသိရင် လောဘပိုတက်ပြီး ဖြေရှင်းမရအောင် ပြဿနာရှုပ်ထွေးကုန်မှာစိုးပြီး ကျုပ်ကရှင်းမပြခဲ့တာပါ"

ချီရှိထန်သည် သူ၏မုတ်ဆိတ်ရှည်ကြီးကို လက်ဖြင့်သပ်နေ၏။ ကျူလုံရင်နှင့် ကျန်ဟန်ပြောင်တို့၏မျက်လုံးများကား တဝင်းဝင်း တလက်လက်တောက်ပနေသည်။

သူတို့နှစ်ယောက် အမှန်တကယ်ပင် လောဘတက်နေလေပြီ။

"ခေါင်းဆောင်ကြီးခင်ဗျာ၊ ဒီပစ္စည်းကို ဘယ်လိုစီစဉ်မလဲ၊ အစီအစဉ်ကို ကျုပ်တို့သိချင်ပါတယ်"

ရှောင်ကြည်ဟိုင်သည် ပထမဆုံးအကြိမ် သူတစ်ပါးကို အားကိုးသည့်အကြည့်မျိုးဖြင့် လုစုယာအားလှမ်းကြည့်လိုက်လေ၏။

"ဟား...ဟား...ဟား ဘာတွေ အခက်အခဲဖြစ်နေကြသလဲ"

အတွင်းအားပြည့်ဝသဖြင့် ရယ်သံကဟိန်းနေသည်။

"ခေါင်းဆောင်ကြီး၊ ကျုပ်နည်းနည်းလောက် စကားပြောချင်ပါသေးတယ်"

ရှောင်ကြည်ဟိုင်က မျက်မှောင်ကုတ်သွား၏။

မျက်တွင်းနက်နက် နှာတံကောက်ကောက်နှင့် အလွန်ရုပ်ဆိုးသော လူတစ်ယောက်သည် ကျွန်းသူကျွန်းသားများကို ကွေ့ပတ်ကာ ရှောင်ကြည်ဟိုင်ရှိရာသို့ လျှောက်လာနေသည်။

ကျွန်းသားများမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြ၏။ ထိုသူသည် လုစုယာကဲ့သို့လူစိမ်းဖြစ်သော်လည်း လုစုယာ၏ ရုပ်သွင်ကဲ့သို့ ရည်မွန်ခန့်ညားသောရုပ်ရည်မရှိချေ။

လူအားလုံး၏စိတ်ထဲ၌ မနှစ်မြို့သောစိတ်များပေါ်လာသည်က အမှန်ပင်။

ရှောင်ကြည်ဟိုင်၏လက်ထောက် ကျင့်စင်ဝန်သည် ရှောင်ကြည်ဟိုင်ရှေ့၌ပိတ်ရပ်ကာ ထိုလူအားဂါရဝပြုရင်းမေး၏။





"လူကြီးမင်းက ဘယ်သူပါလဲခင်ဗျာ"

အရုပ်ဆိုးသောလူကြီးက မဖြေ။ သူ့အား ရှေ့မှတားဆီးပြီး မေးခွန်းထုတ်လာသည်ကို စိတ်ဆိုးသွားဟန်ရှိသည်။

"ဖယ်စမ်း၊ မင်းက ဘာဝင်ရှုပ်တာလဲ"

ပြောပြောဆိုဆို အင်္ကျီလက်စရှည်ဖြင့် ဖယ်ယမ်းရိုက်ချလိုက်သည်။

"ဖြန်း..."

ကျင့်စင်ဝန်သည် သိုင်းပညာနိမ့်ကျသူ မဟုတ်ပေ။ ရှစ်ဆယ့်တစ်ကျွန်းတွင် ထိပ်တန်းအဆင့်ရှိသူဖြစ်သည်။

သူ့အား လူစိမ်းက အင်္ကျီလက်ရှည်စဖြင့်တိုက်ခိုက်သည့်အခါ လှစ်ခနဲရှောင်တိမ်းပြီး လက်ကိုဖမ်းလိမ်ရန်ကြိုးစားလိုက်သည်။

"သွားစမ်း"

"ဝုန်း..."

လူစိမ်းက ဘယ်လက်ဖြင့်ရိုက်တွန်းလိုက်ရာ ကျင့်စင်ဝန်မှာ ဆယ်ပေခန့်အကွာသို့ လွင့်ထွက်သွားရှာ၏။

လူစိမ်းသည် ကျင့်စင်ဝန်ကို တစ်ချက်မျှမကြည့်။ မည်သူနှင့်မျှ ဘာမျှမဖြစ်လေဟန် ရှောင်ကြည်ဟန်ဆီသို့သာတန်းတန်းမတ်မတ် လျှောက်လာသည်။

ရှောင်ကြည်ဟိုင်သည် ထိုလူ၏ပညာကို အထင်မသေးဝံ့တော့ပေ။ အထူးဂရုစိုက်နေရသည်။

"လူကြီးမင်းက ဘာများပြောချင်လို့ပါလဲ"

"ခေါင်းဆောင်ကြီး...ခင်ဗျားဟာ ခေါင်းဆောင်လုပ်ပြီး

ဘာကိုမှ ပိုင်ပိုင်နိုင်နိုင်မဖြေရှင်းနိုင်ဘူး၊ ဒီဘူးခွံစုတ်ကလေး တစ်လုံးအတွက် ကုန်လိုက်တဲ့အချိန်တွေ"

ရှောင်ကြည်ဟိုင်မှာ မျက်နှာတစ်ခုလုံးနီရဲသွား၏။

စော်ကားလွန်းလှသသော လူစိမ်း၏စကားအတွက် ဒေါသအလွန်ထွက်သည်။

သို့သော် ဒေါသကိုထိန်းတတ်သည့်အကျင့်ကို သူရထား၏။

"ခင်ဗျားက ကျုပ်တို့ကိုစော်ကားဖို့သက်သက်လာခဲ့တာလား၊ ခင်ဗျားပြောချင်တာ ဒါပဲလား"

"ဟော့. . . ကျုပ်လာခဲ့တာက အဲဒီဘူးခွံစုတ်ကိုယူဖို့ကွ၊ ဒီဘူးခွံစုတ်ကို လင်းနို့နက်ကလွဲလို့ ဘယ်သူပိုင်သင့်မှာလဲ"

လူစိမ်းသည် သူ့လက်ကြီးကိုဆန့်ထုတ်၍ ရတနာပစ္စည်းဘူးခွံကို တောင်းလိုက်၏။ သူ့လက်ကြီးကား အမွေးအမျှင်ထူလှချေ၏။

သူ့နာမည်ကိုကြားသည်နှင့် ကျွန်းသူကျွန်းသူအားလုံး မျက်နှာပျက်သွားသည်။

လင်းနို့နက်ဟူသောနာမည်ကို အားလုံးကြားဖူးထားကြောင်း သိသာထင်ရှားသည်။

ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးရှည်ကြီးရှိသော ချိုရိုထန်က ရှေ့သို့တက်လာသည်။

"ဩော်. . . မင်းက ရောသောပေါသောနဲ့ တို့ကျွန်းသားအစည်းအဝေးထဲ ဝင်လာတာကိုး"

လင်းနို့နက်သည် သူ့ရှေ့မှအဘိုးအိုကိုကြည့်လိုက်၏။

"ဟုတ်တယ်၊ ကျုပ်ကို လေးစားခန့်ညားတယ်ဆိုရင် အဲဒီဘူးခွံစုတ်ကို ပေးလိုက်ပေတော့၊ ကဲ. . . ပင်လယ်နဂါး ဘာဖြစ်လို့ ငိုင်နေတာလဲ၊ ဘူးခွံစုတ်ကလေးကို နှမြောနေလို့လား"

ရှောင်ကြည်ဟိုင်သည် ရတနာဘူးခွံကို လှမ်းမပေးပေ။ သူ့ဘေးရှိ စားပွဲပေါ် တင်လိုက်၏။

"ဒီကို ခင်ဗျားသဘောနဲ့ ခင်ဗျားလာတာလား၊ ဒါမှမဟုတ် ခင်ဗျားဆရာကလွှတ်လိုက်လို့ လာတာလား"

"ဟဲ. . . ဟဲ. . . ဟဲ ကျုပ်သဘောနဲ့ ကျုပ်လာဖို့ ဒီလောက်သတ္တိ မရှိပါဘူး"

"ဒါဖြင့် ခင်ဗျားဆရာကလွှတ်လိုက်တာပေါ့"

"မနေ့ကမှ ကျုပ်ဆရာကခေါ်ပြောတယ်၊ သူ့ဆီမှာ ကျော်စိမ်းစကရာဇ်တံဆိပ်တော်ရှိနေသတဲ့၊ အဲဒါထည့်ဖို့ ဘူးခွံလိုနေသတဲ့၊ အရှေ့ပင်လယ်ရှစ်ဆယ့်တစ်ကျွန်းအုပ်စုဟာ မူလပစ္စည်းရတနာဘူးခွံကိုရရှိထားသတဲ့၊ မင်းသွားယူစမ်းဆိုလို့ ကျုပ်ဒီကျွန်းကိုလိုက်လာရတာပါ၊ ကျုပ်ဘာသာဆိုရင် ဘယ်လာရဲပါ့မလဲ ဟဲ. . . ဟဲ. . . ဟဲ"

ကျွန်းသားများသည် လင်းနို့နက်၏နိုင်ထက်စီးနင်းပြောမှု၊ လှောင်ပြောင်သရော်မှုများကို လွန်စွာဒေါသထွက်နေကြသည်။

သို့သော် သူတို့ ထွက်မတိုက်ရဲချေ။ သည်ကြားထဲ လင်းနို့နက်က သူ့ဘာသာ လာလို၍လာခြင်းမဟုတ်၊ ဆရာသမားက စေခိုင်းအမိန့်ပေးသောကြောင့်ဟု ဆိုနေသေးသည်။ ကျွန်းသားများ ပို၍ကြောက်သွားသည်။ မထွက်ရဲကြတော့။

"နေစမ်းပါဦး၊ ခင်ဗျားက ဘာကြောင့် ဒီလိုပိုင်နိုးပိုင်နင်းပြောရတာလဲ၊ ခင်ဗျားဆရာက ဘယ်သူလဲ"

လူတစ်ယောက်သည် ကျွန်းသားများအကြားမှ ထွက်လာပြီး မေး၏။

"ကောင်လေး. . . ငါ့ဆရာနာမည်ပြောလိုက်တာနဲ့ မင်း သေသွားမှာပေါ့။ မတန်မရာ လာမမေးနဲ့"

"ဟုတ်သလား။ ကျုပ်ကတော့ မယုံဘူးဗျာ၊ ခင်ဗျားရဲ့ဆရာ ဟာ မာန်နက်ရဲ့အစေအပါးတော့ ဟုတ်မယ်မထင်ဘူး"

သူသည် စကားဆုံးသည်နှင့် လက်ဝါးတစ်ချက်ရိုက်ထုတ် လိုက်လေသည်။

လင်းနို့နက်က တဟဲဟဲရယ်ရင်း လက်ဝါးထုတ်ခုခံသည်။

"ဝုန်း. . ."

လင်းနို့နက်မှာ သူ့လက်ဖဝါး၌ မီးစကြီးထိုးထည့်လိုက်သည့် အလား ပူခနဲခံစားလိုက်ရသည်။ ပူလောင်စပ်ဖျဉ်းခံစားလိုက်ရသည်။ သူ မျက်နှာပျက်သွားသည်။ သို့သော် ချက်ချင်းပင် ဣန္ဒြေဆယ်လိုက် သည်။

သည်ကောင်လေးကို အထင်မသေးသင့်တော့။ ကောင် ရှုပ်ကလေးကို အရှင်ရှင်းထားရမည်။

"ငါ့ဆရာရဲ့နာမည်တောင် မသိမှတော့ မင်းဟာလူ့ပြည်မှာ မနေသင့်တော့ဘူး။ ကိုယ့်ကိုယ်ကို သတ်သေဖို့ပဲကောင်းတယ်၊ ဒါပေ မယ့် မင်းအလုပ်မရှုပ်အောင် ငါကပဲသတ်ပေးလိုက်ပါ့မယ်"

သူသည် ဘယ်ဘက်လက်ဝါးဖြင့်ရိုက်ဟန်ပြပြီး ညာဘက် လက်ဝါးဖြင့်ဝုန်းခနဲရိုက်ချသည်။ အတွင်းအားသုံးပုံနှစ်ပုံပါသည်။ ထို စဉ် တိုက်ပွဲစည်းထဲသို့ လူတစ်ယောက်ရိပ်ခနဲခုန်ဝင်လာပြန်လေ၏။





ထိုသူကား ယောကျ်ားလေးတစ်ယောက်နှယ် ဝတ်ဆင်ထား သည့် ကျန်းစန်းအော်ပေတည်း။

သူမသည် လုစုယာအားရိုက်လိုက်သည့် လင်းနို့နက်၏ လက်ဝါးကို ကြားမှဝင်ခံပေးလိုက်သည်။ သူမ၏နှိုင်းရှိသမျှအတွင်းအား ကိုထုတ်ကာ တန်ပြန်တွန်းလိုက်သည်။

"ဝုန်း. . ."

လင်းနို့နက်မှာ ဆယ်ပေခန့်လွင့်စဉ်သွား၏။

"ဟင်. . ."

"ဟာ. . ."

အာမေဋိတ်သံများဆူညံသွား၏။ သူတို့ကျွန်းပေါ်သို့ သိုင်း အကျော်အမော်များရောက်ရှိနေသည်ကို ကျွန်းသားများ အံ့သြစွာ တွေ့နေရလေပြီ။

လင်းနို့နက်သည် ကုန်းရုန်းထလာသည်။

သူ လွန်စွာဒေါသထွက်နေလေပြီ။

လင်းနို့နက်ဟူသောနာမည်သည် လွန်စွာကျော်ကြားသည်။

သူ့ဆရာ၏စေခိုင်းမှု တာဝန်ပေးမှုအရဟု ထုတ်ဖော်ပြော ခြင်းဖြင့် ကျွန်းသားများသည် သူ့အား ထိုပစ္စည်းကို လွယ်လွယ်ကူကူ ပေးအပ်မည်ဟု ထင်သည်။

သူ့ဆရာကို ကျွန်းသားများ သေးဖျန်းဖျန်းပါအောင် ကြောက် ကြမည်ဟု သူထင်ခဲ့သည်။

ယခုမူ ထိုသို့မဟုတ်တော့။ သူ့ကို အရှက်တစ်ကွဲ အကျိုး နည်း ဖြစ်စေခဲ့လေပြီ။

"ဟင်. . . မင်း- မင်းတို့က ငါ့ကိုအန်တုတယ်ပေါ့၊ ငါ့ဆရာကို အန်တုတယ်ပေါ့"

ဟူစီသည် သူ၏ကျာပွတ်ကိုဝှေ့ယမ်းရင်း ရှေ့သို့ခုန်ထွက်လာသည်။

"ဘာ. . . မင်းကိုအန်တုရမှာလဲ၊ မင်း ဗိုလ်ကျချင်တိုင်းဗိုလ်ကျလို့ရမယ်ထင်သလား၊ မင်းရမ်းကားချင်တိုင်း ရမ်းကားလို့ရမယ်ထင်သလား"

"ရွှမ်း. . ."

ဟူစီက ကျာပွတ်နှင့် လင်းနို့နက်ကိုရိုက်ချသည်။

ဟူစီလောက်တော့ လင်းနို့နက်က မမှု။ ကျာပွတ်ရိုက်ချက်ကို အသာကလေးရှောင်၏။ နောက်သို့ ခြေသုံးလှမ်းဆုတ်ကာ အဆိပ်သံမှိုလက်နက်ထုတ်ပြီးပစ်သည်။ ဟူစီ၏ခြေသလုံးကို ထိမှန်သွားသဖြင့် ဟူစီဝုန်းခနဲပြိုလဲသွားရသည်။

လူစုယာသည် ကျောက်စိမ်းဧကရာဇ်တံဆိပ်တော်အတွက် ဖူထိုကျွန်းသို့ ရောက်လာခြင်းဖြစ်သည်။ ဘူးခွံအတွက်ရောက်လာခြင်း မဟုတ်ပေ။

ဘာမဟုတ်သောကိစ္စအတွက် သူတို့ ကြားဝင်မပါလိုချေ ထို့ကြောင့် စန်းအော်ကိုဆွဲခေါ်ပြီး လူအုပ်ကြားပြန်၍လျှိုဝင်သွား၏။

လင်းနို့နက်က သူ၏အဆိပ်သံမှိုလက်နက်ဖြင့် နောက်ထပ် ကျွန်းသားသုံးယောက်ကို ဒဏ်ရာရစေလိုက်သည်။

ကျွန်းသားများသည် လုယက်တိုက်ခိုက်နေသူများ အဖြစ်လည်းကောင်း၊ ကိုယ့်ကျွန်းသားများ ထိခိုက်တုန်၍လည်းကောင်း





သွေးဆူပြီး ဗုံကြွလာ၏။

ရှောင်ကြည် ဟိုင်တားဖြစ်နေသည်ကိုပင် ဂရုမစိုက်ဘဲ ခုန်ထွက်လာကြသည်။

လင်းနို့နက်သည် ထွက်လာသောကျွန်းသားများအား သွေးနီဂိုဏ်း၏အထက်မြက်ဆုံး သိုင်းကွက်များဖြင့် တိုက်ခိုက်သည်။

သူ့ထက် သိုင်းပညာများစွာနုသော ကျွန်းသားများမှာ တဝုန်းဝုန်းလဲကျ ဒဏ်ရာရကုန်သည်။

လင်းနို့နက် အားတက်သွားသည်။

စောစောက သူ့အား ဒုက္ခပေးခဲ့သော လူငယ်နှစ်ယောက်ကို မတွေ့ရတော့သဖြင့် ရတနာဘူးခွံကို သူပင်ရတော့မည်ဟုထင်မှတ်မိပြန်လေ၏။

◈◈◈

## အခန်း (၃၇)
## ပတ်လည်တိုက်ပွဲ

ပင်လယ်နဂါးကြီး ရှောင်ကြည်ဟိုင်ကား မျက်နှာအပျက်ပျက် ဖြစ်နေသည်။ သူ့ ကျွန်းသူကျွန်းသားများ အကာအကွယ်မဲ့ ဒဏ်ရာ ရနေခြင်းကို သူ မကြည့်ရက်နိုင်ပါ။

သူ၏ ခရမ်းရောင်ဓားကြီးကိုဆွဲထုတ်ပြီး ဝင်ရောက်တိုက် ခိုက်ရန် ဟန်ပြင်သည်။

ထိုစဉ် ချီရှိုထန်က ရှောင်ကြည်ဟိုင်ကိုတားသည်။

"ခေါင်းဆောင်ကြီး သည်းခံပါ၊ ကိုယ်တိုင်တိုက်ဖို့ မလိုသေး ပါဘူး"

ချီရှိုထန်က တိန်ဒယောက်ကိုလှမ်းပြော၏။

"ဟေ့ တိန်ဒယောက်--- မင်းနဲ့ငါ ဒီကောင့်ကို ဘယ်ညာညှပ် ပြီးတိုက်မယ်၊ သွေးနီဂိုဏ်းချုပ်ဟာ ဘယ်လိုကနေများ သတင်းရ သွားသလဲ မသိဘူး၊ သွေးနီဂိုဏ်းရဲ့အဖျက်အဆီးတော့ မခံဘူးကွ၊ တိုက်ရင်းသေမယ်"



ချီရှိုထန်သည် အဲမြော်အမြင်ကြီးပါသည်။ ရှောင်ကြည်ဟိုင် တိုက်ပြီးရှုံးသွားလျှင် အရှေ့ပင်လယ်ရှစ်ဆယ့်တစ်ကျွန်း၏ဂုဏ်သိက္ခာ မှာ အဖတ်ဆယ်မရနိုင်တော့ပေ။

တိန်ဒယောက်လန့်သွား၏။ သို့သော် ချက်ချင်းပင်သူ့ဓားကို ဆွဲထုတ်သည်။

"ကောင်းပြီ၊ ကျုပ်တိုက်ပါ့မယ်"

သူသည် ဝန်ခံပြီးမှ ရှောင်ကြည်ဟိုင်ကိုမှာကြားသည်။

"ခေါင်းဆောင်ကြီး--- ကျုပ်တို့နှစ်ယောက်တိုက်လို့ မနိုင်မှ ခေါင်းဆောင်ကြီးဝင်ပါ၊ ကျုပ်တို့ အသက်စွန့်တိုက်ပါ့မယ်"

ရှောင်ကြည်ဟိုင် ခေါင်းညိတ်ပြ၏။

ရှစ်ဆယ့်တစ်ကျွန်းတွင် ရှောင်ကြည်ဟိုင်၊ ချီရှိုထန်နှင့် တိန် ဒယောက်တို့မှာ အဆင့်အမြင့်ဆုံးသိုင်းသမားများဖြစ်၏။ ချီရှိုထန်နှင့် တိန်ဒယောက်တို့တွဲလိုက်လျှင် လင်းနို့နက်ကို နိုင်ကောင်းနိုင်လိမ့်မည် ဟုယူဆသဖြင့် ရှောင်ကြည်ဟိုင်က ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

လင်းနို့နက်သည် တိန်ဒယောက်တို့၏အဝင်ကို မစောင့် တော့ဘဲ သူက ခုန်ဝင်လိုက်သည်။

တိန်ဒယောက်က ကိုယ်တစ်ခြမ်း စောင်းရှောင်ပေးပြီး လင်း နို့နက်၏လည်မျိုကို ဓားနှင့်ထိုးသွင်း၏။ တစ်ဖက်မှချီရှိုထန်ကလည်း လင်းနို့နက် မရှောင်နိုင်စေရန် ဝင်တိုက်သည်။

ချီရှိုထန်နှင့်တိန်ဒယောက်တို့သည် ပူးပေါင်းမတိုက်ဘဲ တစ် ဦးချင်းတိုက်လျှင် ရှုံးနိုင်သည်။

ပူးပေါင်းတိုက်သဖြင့် လက်ရည်တူသကဲ့သို့ဖြစ်သွားသည်။

ဤသို့ဖြင့် ဝိုင်းကြီးပတ်ပတ်ကစားသည့်နှယ် လှည့်ပတ်တိုက်ခိုက်ကြရာ အကွက်ပေါင်း ခြောက်ဆယ်ကျော်သွားသည်။

လုစုယာသည် လင်းနို့နက်၏သိုင်းကွက်များကို လိုက်လံမှတ်သားနေသည်။ သွေးနီဂိုဏ်းသည် သူ့တပည့်ကို သူ့သိုင်းကွက်များသာ သင်ပေးပေလိမ့်မည်။

သွေးနီဂိုဏ်းချုပ်နှင့်တွေ့လျှင် သွေးနီဂိုဏ်းချုပ်သည် ဤအကွက်များကိုသာ သူ့အတွင်းအားနှင့်ပေါင်းစပ်၍ တိုက်ခိုက်ပေလိမ့်မည်။

လင်းနို့နက်၏သိုင်းကွက်များမှာ အဆင့်မြင့်သော်လည်း အထွတ်အထိပ်သို့ကား မရောက်သေးချေ။

ထို့ကြောင့် ချီရိုထန်နှင့် တိန်ဒယောက်တို့ကို လက်ရည်တူတိုက်ခိုက်နေရခြင်းဖြစ်သည်။

လုစုယာသည် လင်းနို့နက်၏ဟန်ပြတိုက်ကွက်နှင့် အမိကတိုက်ကွက်တို့ကို ခွဲခြားသိလာ၏။

စွန်ကုတ်သိုင်းကွက်၏ သဘောတရားသည် ဆန်းပြားသော်လည်း လုစုယာမှတ်မိလာသည်။

သူ ကြိတ်၍ပြုံးလိုက်၏။

ကွမ်းတစ်ယာညက်ခန့် ကြာသောအခါ အခြေအနေ တစ်မျိုးပြောင်းသွား၏။ လင်းနို့နက်ထံသို့ ထိုးသွင်းရန်ရည်ရွယ်ထားသော တိန်ဒယောက်၏ဓားချက်သည် ချီရိုထန်၏လည်မျိုဆီသို့ လျှပ်တစ်ပြက် တိုးဝင်သွား၏။

"ဟယ်. . ."





"ဟာ. . ."

အာမေဋိတ်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။

ချီရိုထန်သည် ဤသို့ဖြစ်လာလိမ့်မည်ဟု လုံးဝ မထင်ပေ။

သူသည် သတိကြီးသူဖြစ်၍ခေါင်းကိုစောင်းငုံ့ပေးပြီး လက်ဝဲလက်ဖြင့် တိန်ဒယောက်အား ရိုက်ချလိုက်၏။ တိန်ဒယောက်ထိတ်ခနဲဖြစ်သွားပြီး လက်ဝဲဖြင့်ပြန်ခံပေးလိုက်ရာ နှစ်ယောက်စလုံး ခြေသုံးလှမ်းဆီ ဆုတ်သွားရလေ၏။

သို့သော် တိန်ဒယောက်ကမြန်သည်။

မထင်မှတ်သည့် ထိုအချိန်အတွင်းမှာပင် လျှပ်တစ်ပြက် ပြန်ခုန်ဝင်လာပြီးဓားနှင့်ထိုးလိုက်ရာ ခြေမြဲမြဲမရပ်နိုင်သေးသောချီရိုထန်မှာ ခါး၌ဓားတစ်ချက်အထိုးခံလိုက်ရလေသည်။-

"အား. . ."

လင်းနို့နက်သည် ပြောင်းလဲသွားသည့် အခြေအနေကို စိတ်မဝင်စားချေ။ ရှောင်ကြည်ဟိုင်ဝင်လာလျှင် သူ့အတွက် မလွယ်တော့ပြီဟုတွေးပြီး လျှပ်တစ်ပြက်ခုန်ထွက်သွား၏။

သို့သော် သူနှင့်အတူ လူရိပ်တစ်ရိပ်ခုန်ပျံလိုက်သွားပြီး ရွှေရောင်အလင်းတန်းများက သူ့ပြေးလမ်းကိုပိတ်ဆို့ထားဆီးလိုက်၏။

"ဒီလိုပြေးလို့ လွတ်မတဲ့လား"

ရွှေရောင်ဓားရိပ်များက လင်းနို့နက်၏တစ်ကိုယ်လုံးကို လွှမ်းခြုံထားသည်။ လင်းနို့နက်အား တားဆီးသူမှာ ယောကျ်ားကလေးဝတ်စုံဖြင့်ရုပ်ဖျက်ထားသည့် ဘွန်လူအောပေတည်း။

"ပင်လယ်နဂါးခုနစ်ဖော် ခေါင်းဆောင်ကြီး အတွင်းသူလျှို

သစ္စာဖောက်ကို ဖမ်းဆီးပါ"

လုစုယာက အတွင်းအားထုတ်လျက် အော်ဟစ်သတိပေးလိုက်သည်။

ရှောင်ကြည်ဟိုင်သည် ချိုရိုထန်အား တိန်ဒယောက်က လုပ်ကြံသည့် သစ္စာဖောက်မှုကို တွေ့ပြီးဖြစ်ရာ ချက်ချင်းပင် တပ်လှန့်နိုးလိုက်၏။

"ညီအစ်ကိုတော်တို့ ကျွန်းစုနှစ်ဆယ့်တစ်ရဲ့ခေါင်းဆောင်ကိုဝိုင်းဖမ်းကြ၊ အပြစ်ပေးကြ၊ သစ္စာဖောက်ကိုဒဏ်ခတ်ကြ"

"ခေါင်းဆောင်ကြီး ခင်ဗျား ရူးနေသလား၊ ကျုပ်ကို ဘာ့ကြောင့်ဖမ်းရမှာလဲ"

တိန်ဒယောက်က ဓားကိုဝှေ့ယမ်းပြီးအော်ဟစ်လိုက်သည်။

ထိုအချိန်မှာပင် လုစုယာသည် တိန်ဒယောက်အနီးသို့ လှစ်ခနဲရောက်ရှိလာပြီး ဖမ်းသည်။

တိန်ဒယောက် ရှောင်သည်။ လုစုယာကို တိန်ဒယောက် မယှဉ်နိုင်ပါ။ တခဏအတွင်းမှာပင် လုစုယာက တိန်ဒယောက်၏ သွေးကြောကိုထိုးပိတ်လိုက်သည်။

တိန်ဒယောက် ဝုန်းခနဲ ပစ်လဲကျသွား၏။

မလှုပ်နိုင်တော့။

"မင်း. . မင်း ဘယ်သူလဲ၊ ငါ့ကို ဘာဖြစ်လို့သွေးကြောပိတ်ရတာလဲ၊ ဒီအစည်းအဝေးကို သူစိမ်းတက်ခွင့်မရှိဘူး"

လုစုယာက ဘာမျှမပြော၊ ချိုရိုထန်ဆီသို့ လျှောက်သွားပြီး ဒဏ်ရာကိုကုသပေးသည်။





ကျွန်းနှစ်ဆယ့်တစ်ကျွန်းမှကျွန်းသားများက သူတို့၏ခေါင်းဆောင်ကိုဖမ်းဆီးထားခြင်းအတွက် မကျေမနပ်အော်ဟစ်ထွက်လာကြ၏။

"ခေါင်းဆောင်ကြီး. . . ကျုပ်တို့ခေါင်းဆောင်ကို ဘာဖြစ်လို့ဖမ်းချုပ်ရတာလဲ၊ ဘာ့ကြောင့် သူစိမ်းက ကျုပ်တို့ခေါင်းဆောင်ကို ဖမ်းဆီးရတာလဲ"

ရှောင်ကြည်ဟိုင်သည် အံကြိတ်လိုက်သည်။

ယနေ့ စည်း ဝေးပွဲ၌ တိန်ဒယောက် ခလောက်ဆန်ပုံများကို သတိပြုမိပြီးဖြစ်သည်။

ယခင့်ယခင်က စည်းစည်းရုံးရုံးရှိခဲ့သောကျွန်းသူကျွန်းသားများ သွေးမကွဲကွဲအောင် တိုက်ပွဲမဖြစ်ဖြစ်အောင် သွေးထိုးခြင်း လှုံ့ဆော်ခြင်းပြုနေခြင်းက သူ၏ဘီလူးခေါင်းဆောင်းထားသည့်အရွှတ္တသဏ္ဌာန်ကို သက်သေမြဖေါ်ထုတ်ပြီးဖြစ်နေသည်။

ချိုရိုထန်အား ဒဏ်ရာရစေသည့်အခါတွင်မူ သူ၏ဘီလူးရုပ်သည် ဘွားဘွားကြီးပေါ်ထွက်လာခဲ့သည်။

နှစ်ဆယ့်တစ်ကျွန်းစု၏ ဒုတိယခေါင်းဆောင် ဟွမ်ဟိုယုံက ရှေ့သို့တိုးထွက်လာပြီး. . .

"ခေါင်းဆောင်ကြီး. . . ခင်ဗျားရဲ့သဘောထားက မမှန်ကန်ပါလား၊ ဘယ်ကရောက်လာမှန်းမသိတဲ့သူစိမ်းက အတွင်းသူလျှိုသစ္စာဖောက်လို့ပြောလိုက်တာနဲ့ ကိုယ့်ညီတော် နောင်တော်တစ်ယောက်ကို သစ္စာဖောက်လို့သတ်မှတ်တာပဲလား၊ ဒီလိုဆို ကျုပ်တို့နှစ်ဆယ့်တစ်ကျွန်းသားတွေ အားလုံးသစ္စာဖောက်တွေချည်းပဲပေါ့"

ဟွမ်ဟိုယုံသည် ချိုရှိထန်အား သွားရောက်ပြုစုနေသည့် လုစုယာအား ကြည့်ပြီး. . .

"ဒီကျွန်းပေါ်မှာ သူလျှိုသစ္စာဖောက်ရှိတယ်ဆိုရင် အဲဒီလူပဲ သစ္စာဖောက်သူလျှိုဖြစ်ရမယ်၊ ဟေ့လူ. . . ခင်ဗျား ဘယ်သူလဲ ပြောစမ်း"

လုစုယာက ထိုမေးခွန်းကိုဂရုစိုက်၍မဖြေပေ။ ချိုရှိထန်ကို သာပြုစုပေးနေသည်။

ချိုရှိထန်က. . .

"မိတ်ဆွေကလေး နာမည်ပြောပါ၊ ဂိုဏ်းကိုပြောပါ၊ နောင်အခွင့်ကြုံရင် ကူညီချင်လို့ပါ"

လုစုယာက ပြုံး၍ခေါင်းခါပြ၏။ ထို့နောက် လင်းနို့နက်အား တားဆီးနေသော ဘွန်လူအောကို လှမ်းအော်၍ပြောသည်။

"ညီလေးဘွန်--- အဲဒီလူကိုတားမနေနဲ့တော့၊ သွားချင်သွားပါစေတော့၊ ဒီမှာ ဒဏ်ရာရထားတဲ့လူတွေများနေတယ်၊ တော်တော်ကြာ တိုက်ပွဲကြီးတစ်ပွဲ ဆင်နွှဲစရာရှိသေးတယ်၊ ဒီလူတွေကိုလာပြီး ပြုစုကုသပေးပါဦး"

ဘွန်လူအောက လင်းနို့နက်အားတိုက်ခိုက်နေသည့်သန္တာကို ရုပ်သိမ်းလိုက်သည်။ လင်းနို့နက်၏လက်ချက်ကြောင့် လဲကျနေသော လူပေါင်းသုံးဆယ်ခန့်ရှိရာသို့ သွားပြီးကြည့်သည်။

လူအချို့သာ လက်ဝါးဒဏ်ရာကြောင့် ဒဏ်ရာရသည်၊

အများစုမှာ အဆိပ်သင့်မှုလက်လက်ပုန်းကြောင့် လဲကျနေခြင်းဖြစ်သည်။





"ညီလေးဘွန်. . . ဒီလူတွေကို ကယ်တင်လို့ရပါဦးမလား"

လုစုယာက လှမ်းမေး၏။

ဘွန်လူအောက အခြေအနေကိုရှင်းပြသည်။

"ကယ်လို့တော့ ရမှာပါ၊ တခြားလူတွေတောင် ကျွန်တော်တို့ကယ်တင်ခဲ့သေးတာပဲ"

ထိုစဉ်. . .

"ဟား. . . ဟား. . . ဟား"

လင်းနို့နက် ထွက်မပြေးပေ။ သူတို့နှင့်မလှမ်းမကမ်း၌ ရယ်မောနေသည်။

"မင်းတို့က ကယ်တင်ပေးမလို့ဟုတ်လား။ ကယ်တင်ကြပါ။ ကယ်တင်ကြပါ။ ရပါလိမ့်မယ်၊ ဟီး. . . ဟီး. . . ဟီး"

လုစုယာ မျက်မှောင်ကုတ်သွား၏။

လင်းနို့နက်သည် အဘယ်ကြောင့် ဤသို့ ရယ်မောနေနိုင်ရပါသနည်း။ သူ၌ မည်သည့်နိုင်ကွက်ရှိလေသနည်း။

လုစုယာသည် ချိုရှိထန်ကိုပြုစုကုသပေးပြီးနောက် အဆိပ်အသင့်မှုများအား သွားရောက်စစ်ဆေးသည်။ ဟူစီ၊ ကျူလျံ့ရင်နှင့် ကျန်ဟန်ပြောင်တို့သည် အဆိပ်သင့်မှုမိထားသူများဖြစ်သည်။

လုစုယာ စစ်ဆေးသောအခါ ထိုလူများသည် အိပ်ပျော်နေသလိုဖြစ်နေ၏။ အချို့ကား ဟောက်များပင် ဟောက်နေသေးတော့သည်။

လုစုယာက ထိုလူများကိုပုတ်နှိုးလိုက်သည်။ လှုပ်ခါသည်။ သို့သော် နှိုး၍မထ၊ ပုတ်၍မရချေ။

သူတို့၏ရင်ဘတ်များကို နားနှင့်ကပ်၍ နားထောင်ကြည့်သည်။ အတွင်းကလီစာများကောင်းစွာ အလုပ်လုပ်နေသေးကြောင်း တွေ့ရသည်။

"ဟင်. . . ဘယ်လိုအဆိပ်များလဲမသိဘူး၊ ဒီလူတွေအားလုံး မနိုးသောအိပ်ခြင်းနဲ့ အိပ်ပျော်သွားမလား မဆိုနိုင်ဘူး"

လုစုယာသည် အလွန်တရာအံ့ဩလှသဖြင့် လင်းနို့နက်အား လှမ်း၍မေးမိသည်။

"သွေးနီဂိုဏ်းရဲ့ လက်နက်ပုန်းအဆိပ်ဟာ သိပ်အံ့ဩစရာကောင်းနေပါကလား၊ ဒီလူတွေ ဘယ်လိုဖြစ်ကုန်တာလဲ၊ ခင်ဗျားရှင်းပြနိုင်မလား"

ထိုစကားကို ကြားလိုက်ရသောအခါ ခေါင်းဆောင်ကြီးရှောင်ကြည်ဟိုင်နှင့်တကွ ကျွန်းသားအပေါင်းတို့မှာ များစွာထိတ်လန့်သွားကြသည်။

လုစုယာက ရယ်မောလိုက်၏။

"ခင်ဗျားလူလိမ်ပဲ"

လင်းနို့နက် ဒေါပွသွားသည်။

"ငါ ဘာလိမ်လို့လဲ"

"ခင်ဗျားလိမ်တာပေါ့၊ သူတို့ရဲ့အတွင်း ကလီစာတွေအားလုံး ကောင်းနေတယ်၊ သူတို့ကောင်းကောင်းကြီး အိပ်မောကျနေတယ်၊ သူတို့မှာ အဆိပ်မိတဲ့လက္ခဏာ ဘာမှမရှိဘူး"

လင်းနို့နက်မှာ လွန်စွာစိတ်ဆိုးမာန်ဆိုးဖြစ်သွားသည်။

"ဟေ့ ကောင်စုတ်လေး. . . မင်းလို ကောင်မျိုးကို ငါက





လိမ်နေရဦးမှာလား၊ မင်းကိုလိမ်ရင် ခွေးကိုကြိုးချည်ရိုက်သလိုဖြစ်နေမှာပေါ့၊ ဟင်း. . . မင်းသေသေချာချာမှတ်ထား၊ ငါသေချာအောင်ထပ်ပြောပြလိုက်ဦးမယ်၊ အဲဒီ သံမှိုလက်နက်မှာသုတ်လိမ်းတဲ့အဆိပ်ဟာ သံမှိုအဆိပ်ပျော့ကွ၊ အဲဒီအဆိပ်ကို မွန်ဂိုတွေနဲ့ကာမဘီလူးတွေအတွက် ငါတို့သွေးနီဂိုဏ်းကတီထွင်ထားတာကွ၊ အဲဒီ သံမှိုအဆိပ်ပျော့က သွေးကြောထဲရောက်သွားရင် ခုနစ်ညတိတိ အိပ်ပျော်သွားပြီးမှ နိုးလာတတ်တယ်၊ တခြားအန္တရာယ်တော့မရှိပါဘူး၊ ခုနစ်ရက်ကြာအောင် မအိပ်စေချင်ရင်တော့ ငါ့ဆီက ဖြေဆေးနဲ့မှ ချက်ချင်းနိုးလာနိုင်တယ်"

"အင်း. . . ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်"

"ဟေ့. . . ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ဒီအဆိပ်ကို ငါတို့သွေးနီဂိုဏ်းက တစ်သက်လုံး သုံးလာတာကွ၊ နောက်အဆိပ်တစ်မျိုးရှိသေးတယ်၊ အဲဒီအဆိပ်ကတော့ သွေးနီသံမှိုလို့ခေါ်တယ်၊ အဲဒီအဆိပ်ကပြင်းတယ်၊ အဲဒီအဆိပ်မိရင် ဇွါရကိုးပေါက်က သွေးတွေယိုစီးကျပြီး သေသွားတာပဲ၊ အဲဒီအဆိပ်ကို ဒီကျွန်းသားတွေအပေါ် ငါတို့မသုံးပါဘူး၊ သူတို့က မွန်ဂိုတွေမှမဟုတ်ဘဲ၊ ကဲ. . . လူကြီးလူကောင်းကလေး၊ ခင်ဗျားကကော ဘယ်အဆိပ်ကို သုံးဆောင်ချင်ပါသလဲ"

လုစုယာ ရယ်မောလိုက်သည်။

"ခင်ဗျားဟာ တော်တော်ရယ်စရာပြောတတ်တဲ့လူပဲ၊ ဘယ်သူက အဆိပ်ကို သုံးဆောင်ချင်ပါသလဲခင်ဗျာ၊ ကျုပ်လိုချင်တာ တစ်ခုတော့ရှိပါတယ်၊ အဲဒါကိုပေးခဲ့စမ်းပါ"

"ဘာပြောတယ်၊ ငါက ဘာပေးရမှာလဲ"

"အဆိပ်ဖြေဆေးလေ၊ သူတို့ကို အဆိပ်ဖြေပေးရမယ်"

"မင်းက ဘာကောင်မို့လို့ ငါက အဆိပ်ဖြေဆေးပေးရမှာလဲ၊ မင်းမှာ ဘာအရည်အချင်းရှိလို့လဲ၊ အဲ. . . အဲ တစ်ခုတော့ရှိတယ်၊ ဒါက အပေးအယူပေါ့ကွာ၊ မင်းတို့ဆီမှာ ရတနာဘူးခွံရှိနေတယ်၊ အဲဒီဘူးခွံ ငါ့ကိုပေးလိုက်ပါ။ ငါကလဲ ဖြေဆေးပေးဖို့ဝန်မလေးပါဘူး"

"ရတနာဘူးခွံက ကျုပ်ပစ္စည်းမဟုတ်တော့ ကျုပ်လဲ ပေးခွင့်မရှိဘူး။ ခင်ဗျားလိုချင်ရင်တော့ ခေါင်းဆောင်ကြီးဆီမှာ တောင်းပါ၊ ကျုပ်ကတော့ ဖြေဆေးပဲလိုချင်တယ်"

လင်းနို့နက်သည် လုစုယာကို အဖက်လုပ်၍ စကားမပြောတော့ပေ။ ရှောင်ကြည်ဟိုင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ခေါင်းဆောင်ကြီး. . . ကျုပ်ပြောတာ ခင်ဗျားအကုန်ကြားပြီးပြီ၊ ခင်ဗျားရဲ့သဘောကရော ဘယ်လိုလဲ"

ရှောင်ကြည်ဟိုင်သည် လင်းနို့နက်နှင့် ဒုတိယအကြိမ် ထိပ်တိုက်တိုးရပြန်လေပြီ။

ယခုအချိန်တွင် သူ့ရှေ့မှ ဝင်တာကွယ်မည့် ဟူစီ၊ ချီရိုထန်တို့မရှိကြတော့ပြီ။ သို့သော် စကားပြောရည်မွန်၍သူ့အားကူညီလိုဟန်ရှိသော လူငယ်ကလေးတစ်ယောက်ရှိနေသေးသည်။

ထိုလူငယ်ကလေး၏လှုပ်ရှားမှု၊ တိန်ဒယောက်အား တခဏ်အတွင်းမလှုပ်နိုင်အောင် ဖမ်းဆီးနိုင်မှုတို့ကိုကြည့်ပြီး ထူးခြားသည့် ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လိမ့်မည်ဟု ရှောင်ကြည်ဟိုင်တွက်သည်။ ထို့ပြင် သူကိုယ်တိုင်ကလည်း ထိုလူငယ်လေးအပေါ် အားကိုးလိုစိတ်





ပေါက်နေခဲ့သည်။ အကယ်၍ လင်းနို့နက်ကသူ့ကိုရန်ပြုလာလျှင် ထိုလူငယ်ကလေးက သူ့ဘက်မှဝင်ရောက်တာကွယ်ပေးလိမ့်မည်ဟု သူအကဲခတ်သည်။

ထို့ကြောင့် လင်းနို့နက်ကို ပျော့ပျော့မဆက်ဆံဘဲ တင်းတင်းမာမာပင် ငြင်းဆိုလိုက်သည်။

"ဒီရတနာဘူးခွံက ကျုပ်တို့ အရှေ့ပင်လယ်က ပစ္စည်းပဲ၊ ခင်ဗျားကို ဘာ့ကြောင့်ပေးရမှာလဲ၊ နောက်တစ်ခုက ခင်ဗျားဟာကျုပ်တို့ ကျွန်းသားတွေအပေါ်မှာလဲ စော်စော်ကားကားလုပ်ထားသေးတယ်၊ အဲဒီလိုလူကို ကျုပ်တို့က ဒီပစ္စည်းပေးရမတဲ့လား"

လုစုယာသည် ခေါင်းဆောင်ကြီးရှောင်ကြည်ဟိုင်၏မာန်ပါသောဆက်ဆံမှုကို ချီးကျူးမိ၏။

လင်းနို့နက်မှာမူ သူ အပေါ်စီးရောက်ပြီအထင်နှင့်ပြောလိုက်သည့်စကားကို ရှောင်ကြည်ဟိုင်က ပက်ပက်စက်စက် ငြင်းဆန်လိုက်သဖြင့် မျက်နှာအကြီးအကျယ်ပျက်သွားသည်။

နဂိုက အရုပ်ဆိုးသော မျက်နှာကြီးမှာ ရှုံ့မဲ့လိုက်သောအခါ သရဲတစ္ဆေကဲ့သို့ ကြောက်မက်ဖွယ်ရာဖြစ်သွားသည်။

လုစုယာက ရယ်ရယ်မောမောနှင့်ဝင်ပြော၏။

"ခင်ဗျား တခြားလူတွေကို လျှောက်ရန်လုပ်မနေနဲ့နော်၊ ဖြေဆေးလိုချင်တာက ကျုပ်ဗျ၊ ခေါင်းဆောင်ကြီးမဟုတ်ဘူး၊ ပြဿနာရှုပ်ထွေးအောင် မလုပ်ပါနဲ့"

ရှောင်ကြည်ဟိုင်ထံ ခုန်ဝင်တိုက်ခိုက်ရန် ဟန်ပြင်နေသော လင်းနို့နက်မှာ တုံ့ဆိုင်းသွားပြီး လုစုယာကိုလှည့်ကြည့်မိသည်။

သူသည် ချက်ချင်း စိတ်ပြောင်းသွားပြီး လုစုယာဘက်သို့ လှည့်လိုက်သည်။

"ဟုတ်တယ်၊ ငါမှားတော့မလို့၊ အလကားနေရင်း စကားတွေ ဟောင်ဖွာဟောင်ဖွာပြောနေတဲ့ မင်းပါးစပ်ကို အရင်ပိတ်သွားအောင် လုပ်ပေးရမယ်၊ ပြီးမှ ပင်လယ်နဂါးဆီက ရတနာဗူးခွံကိုတောင်းရမယ်"

လင်းနို့နက်သည် စကားဆုံးသည်နှင့် လုစုယာထံသို့ ခုန်ဝင်ပြီး စွန်ကုတ်သိုင်းကွက်ဖြင့် ငယ်ထိပ်ကိုပေါက်ချထိုးစိုက်သည်။

လုစုယာက အသာအယာပင် ရှောင်တိမ်းပေးလိုက်သည်။ ထိုသိုင်းကွက်၏သဘောတရားကို သူလေ့လာပြီးလေပြီ။

လုစုယာ လှစ်ခနဲရှောင်ထွက်သွားပြီး ရယ်ရယ်မောမောပင် ပြော၏။

"ခင်ဗျားက ကလေးဆိုးနဲ့တူတယ်၊ အရိုက်ခံပြီးမှဝှက်ထားတဲ့ပစ္စည်းကို ထုတ်ပေးချင်တာကိုး"

လျှာဖျား၌ ဆူးကလေးများပါသည် ဟူသော စကားပုံအရ လုစုယာက လင်းနို့နက်ဒေါသထွက်အောင် ဆွပေးလိုက်ခြင်းဖြစ်၏။

"မင်းပဲ အရိုက်ခံရမလား၊ ငါပဲအရိုက်ခံရမလားဆိုတာ စောင့်ကြည့်ကြသေးတာပေါ့"

လင်းနို့နက်သည် ဒေါသထွက်ပြီး တစ်ဟုန်ထိုး တိုက်ခိုက်၏။ လုစုယာက ပြန်မတိုက်ချေ။ နန်ရွှဲတောင်၏သိုင်းပညာ၌ ကိုယ်ပျောက်တန္တေပညာဟူသောသိုင်းကွက်တစ်မျိုးရှိသည်။ ထိုသိုင်းကွက်မှာ အနှောင်သက်သက်ဖြစ်သည်။





လုစုယာက ပွတ်ကာသီကာရှောင်သည်။

လင်းနို့နက်မှာ သူ၏စွန်ကုတ်သိုင်းပညာဖြင့် အဲဆက်မပြတ်တိုက်ခိုက်သော်လည်း လုစုယာ၏အကျႌစကိုပင် ထိအောင် မတိုက်ခိုက်နိုင်သဖြင့် ပို၍ပို၍ ဒေါသကြီးလာသည်။

စင်စစ် လုစုယာ သူ့ကိုအရှုံးဖြစ်အောင် ရှောင်ပြနိုင်ခြင်းမှာ ကိုယ်ပျောက်တန္တေပညာအရချည်းကြောင့်မဟုတ်။ စွန်ကုတ်ပညာ၏ သဘောတရားများကို သိထားပြီးခြင်းကြောင်းလည်း တစ်ကြောင်းပါသည်။

ဘွန်လူအောသည် ဒဏ်ရာရနေသူများကိုပြုစုနေရင်းမှ လုစုယာတို့၏တိုက်ပွဲကို အကဲခတ်နေသည်။

လုစုယာတစ်ယောက် ရန်သူကို အလွယ်တကူအနိုင်ယူနိုင်ပါလျက် အဘယ့်ကြောင့်အနိုင် မယူဘဲ ရှောင်တိမ်းရုံသာ ရှောင်တိမ်းနေသည်ကို စဉ်းစားသည်။

သူမသည် စဉ်းစားဉာဏ်ကောင်းသဖြင့် လုစုယာ၏ရည်ရွယ်ချက်ကို သိမြင်သည်။

ထို့ကြောင့် သူမကိုယ်တိုင်လည်း သွေးနီဂိုဏ်း၏ သိုင်းကွက်များကိုနားလည်အောင် ဂရုပြုမှတ်သားနေမိလေတော့သည်။

အတန်ကြာသော်. . .

လင်းနို့နက်မှာ တစ်ကိုယ်လုံးရေချိုးထားသကဲ့သို့ ချွေးများ ရွှဲနစ်လာသည်။ တိုက်ကွက်များမှာ စောစောကလို မမြန်တော့ပေ။ နှေးလာသည်။

အားမာန်မပါတော့ချေ။

ပျော့လာသည်။

သူ့တိုက်ကွက်များ အောင်မြင်မှုမရှိခြင်းအတွက် သောက များလည်း ဖိစီးလာသည်။

နောက်ဆုံး၌ လင်းနို့နက်သည် အတွင်းအိတ်ထဲမှ လေးထောင့် ရှည်သွယ်သွယ်ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်တော့သည်။

လျှို့ဝှက်လက်နက်ပုန်းတစ်ခုခုကို ထုတ်သုံးတော့မည် ဖြစ်ကြောင်း လုစုယာရိပ်မိလိုက်သည်။

"ထောက်. . ."

လင်းနို့နက်သည် ခလုတ်ကလေးတစ်ခုနှိပ်လိုက်ရာ ဓားသွားတစ်ခု ထွက်လာသည်။ လုစုယာက ရယ်မောလိုက်သည်။

"ခင်ဗျားက ကျုပ်ကို မျက်လှည့်ပြဦးမလို့လား"

လင်းနို့နက်မှာ မျက်နှာကြီးတစ်ခုလုံး မည်းမှောင်သွားသည်။ သူသည် သိုင်းပညာအရ လုစုယာကိုအနိုင်မရခဲ့ပေ။

ထို့ပြင် အလှောင်အပြောင်ချည်း ခံနေရသည်။

သူသည် လုစုယာကို အပိုင်းပိုင်းအစစ ဖြစ်အောင် ဆုတ်ဖြဲပစ်ချင်သည်။

သို့သော် အကျီစလေးကိုပင် ထိအောင်မလုပ်နိုင်ခဲ့ပေ။ လင်းနို့နက်၏မျက်လုံးများထဲ၌ လူသတ်လိုသည့်အရိပ်အရောင်များ ယှက်သန်းနေသည်။

"မင်းက ငါ့ကိုလှောင်တယ်ပေါ့၊ အေး. . မသေခင် အားရအောင်လှောင်ထား၊ ဒါက မင်းအတွက် သေမင်းတမန်ဓားဘူးကွ၊ သိလား၊ သေမင်းတမန် ဓားဘူး"





လင်းနို့နက်သည် သေမင်းတမန်ဓားဘူးဖြင့် လုစုယာအား မနားတမ်း ဝင်တိုက်သည်။

လုစုယာသည် ရန်သူဒေါသထွက်အောင်၊ အမှားများ ပြုလုပ်အောင် ဆွပေးနေသော်လည်း ပေါ့ဆခြင်းတော့မရှိပေ။ ထိုသေမင်းတမန်ဓားဘူးကို အတော်ကလေးဂရုစိုက်သည်။

လင်းနို့နက်က တရကြမ်းဝင်တိုက်သောအခါ လုစုယာသည် အတွင်းအားကိုထုတ်၍ သူ့လက်ကိုဖွေ့ယမ်းသည်။

သိပ်သည်းသောလေထုသည် လင်းနို့နက်ကို ဖိကပ်တွန်းထိုးထားသဖြင့် လင်းနို့နက် ရှေ့မတိုးနိုင်ဘဲ နောက်ဆုတ်ရသည်။

ထိုအခါ လုစုယာက လင်းနို့နက်၏လက်ထဲမှ သေမင်းတမန်ဓားဘူးကို ဖျတ်ခနဲလုယူလိုက်လေတော့သည်။

လင်းနို့နက်ခမျာ တစ်ရက်ကနှစ်ရက်ဖြစ်သွားရရှာသည်။ သူ့လက်နက် ရန်သူ့လက်ထဲကျရောက်သွားသောအခါ အသက်ကို မငဲ့ကွက်တော့ဘဲ သူသေကိုယ်သေတိုက်ကွက်များဖြင့် ဝင်ရောက် တိုက်ခိုက်လေတော့၏။

လုစုယာသည် လင်းနို့နက်၏တိုက်ကွက်များကို ရှောင်တိမ်းရင်း သေမင်းတမန်ဓားဘူး၏လျှို့ဝှက်ချက်များကို ရှာဖွေသည်။

ထိုဓားဘူးမှာ မထူးဆန်းလှပါ။

ဘူးနှယ် သံကြိုးလိမ်များ တွန်းအားကို ခလုတ်ဖြင့်ထိန်းထားခြင်းသာဖြစ်သည်။ ထိုဓားဘူး၏ လျှို့ဝှက်ချက်သုံးနေရာကို သိပြီးသည်နှင့် ပြန်ပေးရန်ဆုံးဖြတ်လိုက်သည်။

"ဒါဟာ ကလေးကစားစရာပစ္စည်းပဲ၊ ခင်ဗျားလို သိုင်းသမား

အရင့်အမာကြီးက ဘာဖြစ်လို့ ဒီပစ္စည်းမျိုးကိုဆောင်ထားရတာလဲ၊ ရှက်စရာ. . . "

လုစုယာသည် တစ်ချက်မျှရှောင်ထွက်လိုက်ပြီး. . .

"ရော့. . . ခင်ဗျားရဲ့ကလေးကစားစရာပစ္စည်း"

လင်းနို့နက်သည် ရှက်ရှက်နှင့်လှမ်းယူလိုက်၏။ သူ့ရင်ဘတ်ထဲ၌ပူခနဲလိုလိုဖြစ်သွားရာ လုစုယာက သူ့အား ဓားနှင့်ထိုးသွားလေသလားဟုထင်ပြီး ကပျာကယာငုံ့ကြည့်သည်။ သူ့ရင်ဘတ်၌ မည်သည့်ဒဏ်ရာမျှ ရှိမနေချေ။

ထိုစဉ် ပရိသတ်များ၏ ဝေါခနဲအော်သံတစ်ချက်ကြားလိုက်ရသဖြင့် လင်းနို့နက် ကပျာကယာမော့ကြည့်သည်။

"ဟင်. . . "

လင်းနို့နက်ခမျာ ဟင်ခနဲဖြစ်သွားပြီး ကြက်သေသေသွားသည်။ အဘယ့်ကြောင့်ဆိုသော်. . .

လုစုယာ၏လက်ထဲမှာ အနီရောင်အထုပ်ကလေးတစ်ထုပ်။

၎င်းအထုပ်မှာ အခြားမဟုတ်ပေ။

အဆိပ်ဖြေဆေးပင်ဖြစ်သည်။

"ကျေးဇူးတင်တယ်၊ လူနာကို ကျွေးပေးလိုက်ဦးမယ်"

လုစုယာသည် ဆေးထုပ်ကလေးကို မြှောက်ပြလိုက်ပြီး လူနာများဆီသို့ ပြေးထွက်သွားလေတော့သည်။

လင်းနို့နက်မှာ ဓားဘူးကလေးကိုကိုင်၍ ကျန်ရစ်ခဲ့သည်။ သူသည် ခလုတ်တစ်ခုကိုနှိပ်လိုက်သည်။

အဖုံးပွင့်သွားသည်။





အထဲမှဆေးထုပ်ကလေးက မရှိ တော့ ပေ။

အဘယ်မှာလျှင် ရှိနိုင်ပါတော့မည်နည်း။

လုစုယာ ယူသွားပြီမဟုတ်ပါလား။

လင်းနို့နက်မှာ သူ့ကိုယ်သူ အတော်ကြီးအထင်ကြီးခဲ့၏။

လုစုယာကို အတော်ကလေးအထင်သေးခဲ့၏။

လုစုယာ၏ လျှင်မြန်ပုံ၊ အစွမ်းထက်ပုံများကို တွေ့လိုက်ရသည့်အခါတွင်မူ သူ့တစ်ကိုယ်လုံးတုန်ယင်လာသည်။

သူသည် သူ့ဦးခေါင်းကိုလက်ဖြင့်စမ်းကြည့်ပြီး ချောက်ချားစွာရေရွတ်မိ၏။

"ဒီကောင်လေးဟာ ငါ့ကို ဘာမှမလုပ်ဘူး၊ ရှောင်ရုံပဲ ရှောင်တယ်၊ သူသာ တကယ်လုပ်မယ်ဆိုရင်တော့ ငါ့ဦးခေါင်းတောင် ရှိနေမှာမဟုတ်ဘူး၊ ဘုရား. . . ဘုရား"

ခွေးပါးစပ်မှ နတ်စကားထွက်ဆိုသကဲ့သို့ လင်းနို့နက်သည် တစ်ကြိမ်မျှ မတဖူးသော ဘုရား၏အမည်ကိုပင် တမိလေတော့သည်။

သူသည် လုစုယာကိုလှမ်းကြည့်လိုက်၏။ လုစုယာနှင့် သူ့အား ရွှေဓားဖြင့်တားဆီးခဲ့သော လူငယ်တို့သည် လူနာများကို လိုက်လံ ကုသလျက်ရှိနေလေပြီ။

"အင်း. . . ဒီကောင်လေးဟာ တစ်ယောက်တည်းသမား မဟုတ်ဘူး၊ အုပ်စုရှိသေးတယ်၊ ငါ ဒီမှာကြာကြာနေရင် ငါ့လောက် မိုက်မဲတဲ့ လူရှိမှာမဟုတ်တော့ဘူး"

ဘွန်လူအောကို လုစုယာ၏ရဲဘော်ရဲဘက်ယောကျ်ားလေးဟု ထင်သွားသည်။

ထို့နောက် ဘာမျှမပြောတော့ဘဲ ချာခနဲလှည့်ထွက်ပြေးသွားလေတော့သည်။

ရှောင်ကြည်ဟိုင်သည် အစမှအဆုံးတိုင် တိုက်ပွဲကိုကြည့်နေသူဖြစ်ရာ လုစုယာ၏ဓားခန်းသိုင်းပညာကို ကျိတ်၍ချီးကျူးမိသည်။

လင်းနို့နက် ထွက်ပြေးသွားသောအခါ သူပြုံးလိုက်မိသည်။ သွေးနီဂိုဏ်းကို အရှေ့ပင်လယ်ပြင်သည် ကောင်းစွာအနိုင်ရလိုက်ခဲ့ပြီမဟုတ်ပါလား။

"ဘယ်လိုလဲလင်းနို့နက်ရဲ့၊ ခဏတဖြုတ်လောက်တောင် အနားမယူနိုင်တော့ဘူးလား"

ဒဏ်ရာမှ သက်သာရာရနေပြီဖြစ်သော ချီရိုထန်က လှမ်းအော်လိုက်သည်။ "ခြေလှမ်းလေးငါးဆယ်လှမ်းမျှ ရောက်နေပြီဖြစ်သောလင်းနို့နက်သည် ဒေါသဟုန်းခနဲထွက်သွားသဖြင့် ချာခနဲ ပြန်လှည့်လာသည်။

"သေပေတော့"

သူသည် ချီရိုထန်ဆီသို့ပြန်ပြေးလာပြီး လက်ဝါးနှင့်ရိုက်ချ၏။ သူ့ကို ချီရိုထန် မနိုင်ပေ။

ခေါင်းဆောင်ကြီးရှောင်ကြည်ဟိုင်သည် ခုန်ပျံထွက်လာပြီး ကြားထဲမှ လက်ဝါးနှစ်ဖက်ဖြင့် တွန်းကာ ကာလိုက်၏။ ချီရိုထန်ကို ဝင်ရောက်အကာအကွယ်ပေးခြင်းဖြစ်သည်။

"ဝုန်း. . ."

ရှောင်ကြည်ဟိုင်မှာ မည်သူနှင့်မျှမထိနိုက်မိဘဲ သဲပြင်ပေါ် ကျသွားသည်။





သူ တအံ့တဩကြည့်လိုက်သောအခါ သူနှင့်လင်းနို့နက်ကြားထဲသို့ ဓားကြီးနှစ်ချောင်းချိတ်ထားသည့်လူငယ်တစ်ယောက်ရောက်ရှိနေပြီး လင်းနို့နက်၏လက်ဝါးကို တန်ပြန်ရိုက်လိုက်ကြောင်း တွေ့လိုက်ရသည်။

"ဘူးခွံအစုတ်ပလုတ်ကလေးကို ယူချင်သေးလို့ ပြန်လှည့်လာတာလား"

လင်းနို့နက် ဘာမှမပြောတော့ဘဲ ဒုတိယအကြိမ်အရှက်ကွဲကာ ပြေးထွက်သွားလေတော့သတည်း။

လင်းနို့နက် ပြန်လှည့်လာသည်ကိုတွေ့မြင်သော ဘွန်လူအောသည် လူနာများကို လုစုယာတို့နှင့်ထားခဲ့ပြီး ချီရိုထန်ကို လာရောက်ကာကွယ်ပေးခြင်းသာ ဖြစ်ပါလေ၏။

◈◈◈

## အခန်း (၃၈)
## အထင်အမြင်မှားကြခြင်း

လုစုယာသည် အဆိပ်ဖြေဆေးဖြင့် သံမှိုအဆိပ်မိသူအားလုံးကို ကယ်တင်နိုင်ခဲ့သည်။ အဆိပ်ဖြေဆေးကလည်း စွမ်းသည်။

လည်မျိုထဲသို့ အဆိပ်ဖြေဆေး ရောက်ရှိသွားသည်နှင့် ဝေါက်ခနဲ ထထိုင်ကြသည်။

ဟူစီ၊ ကျူးလျံရင်နှင့် ကျန်ဟန်ပြောင်တို့သည် တစ်ခဏအတွင်း ထထိုင်ကြသည်။ လုစုယာက ပိုနေသောအဆိပ်ဖြေဆေးကို အိတ်ထဲသို့ထည့်၍ သိမ်းဆည်းလိုက်၏။

အရှေ့ပင်လယ်နဂါးခုနစ်ဖော်ရှောင်ကြည်ဟိုင်ကား လုစုယာတို့ကို နတ်ဒေဝါတစ်ပါးပမာ လွန်စွာရှိသေလေးစားမိသည်။

လူငယ်တစ်ယောက်သည် မမျှော်လင့်ဘဲရောက်ရှိလာ၏။ မျှော်လင့်မထားသောရန်သူကို တိုက်ထုတ်ပေးသည်။

ရန်သူ၏တိုက်ခိုက်မှုကြောင့် ဒဏ်ရာအနာတရ ရရှိသွားသူ





များကိုလည်း ကူညီကယ်တင်ပေးသည်။

ထို့ကြောင့် သူသည် လုစုယာရှိရာသို့ခပ်သွက်သွက်လျှောက်လာပြီး လက်နှစ်ဖက်ယှက်ကာဂါရဝပြုသည်။ လေးစားခင်မင်သောလေသံဖြင့် နှုတ်ခွန်းဆက်သည်။

"သူရဲကောင်းများခင်ဗျား... မိတ်ဆွေတို့တစ်တွေဟာကောင်းကင်ကကျလာတဲ့ နတ်ဒေဝတာသူရဲကောင်းများလို့ ကျုပ်ထင်ယောင်ထင်မှားဖြစ်ရပါတယ်၊ ကျုပ်တို့ကိုကူညီတဲ့ကျေးဇူးကို ဘယ်လိုပေးဆပ်ရမယ်ဆိုတာ ကျုပ်စဉ်းစားလို့တောင်မရပါဘူး၊ သူရဲကောင်းများရဲ့နာမည်ကလေးများ မသိရဘူးလားခင်ဗျာ"

လုစုယာသည် ရတနာဘူးခွံကို လိုချင်စိတ်မရှိ။ သူလိုချင်သည်မှာ တံဆိပ်တော်ကျောက်စိမ်းတုံးသာဖြစ်သည်။ ဘူးခွံက ဘာမျှတန်ဖိုးမရှိချေ။

တံဆိပ်တော်ကျောက်စိမ်းတုံးကို ဆယ်ယူရရှိသည်ဟု ထင်၍သာ ဤအထိလိုက်လာခြင်းဖြစ်သည်။ ဘာမျှ တန်ဖိုးမရှိသော ဘူးခွံတစ်ခုအတွက်ဖြင့် သူတို့၏နာမည်ရင်းများ ဇာစ်မြစ်များကို မပြောလိုပေ။ သို့သော် မပြော၍လည်း မဖြစ်ချေ။

"ကျွန်တော့်နာမည်ကို စုသူရဲကောင်းလို့ပဲခေါ်ကြပါတယ်၊ သူ့ကိုတော့ ဟူးသူရဲကောင်းလို့ခေါ်ရင် ရပါတယ်၊ ဒီထက်တော့ပိုပြီး မပြောပါရစေနဲ့"

လုစုယာက အဆင်ပြေအောင်ပြောလိုက်သည်။

ရှောင်ကြည်ဟိုင်မှာ စုသူရဲကောင်းနှင့် ဟူးသူရဲကောင်းတို့၏နာမည်များကို နားထောင်ပြီး မည်သည့်အဖွဲ့အစည်း ဂိုဏ်းဂဏ

ကမှန်း မစဉ်းစားတတ်အောင်ဖြစ်နေသည်။ အဘိုးအို ချီရှိထန်က အားပါးတရရယ်မောပြီး. . .

"စုသူရဲကောင်းနဲ့ ဟူးသူရဲကောင်းတို့သာ ကျုပ်တို့ကျွန်းကို လာမည့်အကြောင်း ကြိုတင်သိထားရင် တခမ်းတနားနဲ့ ကျုပ်တို့က ကြိုဆိုမှာပေါ့ဗျာ၊ ခုလို အယောင်ဆောင်ပြီး ဟိုလိုလို သည်လိုလို လုပ်ပြီး ဝင်မလာရတော့ဘူးပေါ့ဗျာ၊ အင်း--- ကျုပ်တို့ကို ကျီစားချင်လို့ ဒီလိုလုပ်လာတာလားတော့ မဆိုနိုင်ဘူးပေါ့ဗျာ"

ချီရှိထန်ကား အလွန်ပါးနပ်သည်။ ရှောင်ကြည်ဟိုင်ထက် အသက်ကြီးသဖြင့် ရှောင်ကြည်ဟိုင်ထက်ပို၍ အတွေ့အကြုံများသည်။ လုစုယာတို့က နာမည်တိုများကိုသာပြောသဖြင့် လုစုယာတို့ကို မယုံသေးကြောင်း စကားကိုလှည့်၍ပြောခြင်းဖြစ်သည်။

လုစုယာမှာ စိတ်မသက်မသာဖြစ်သွားသည်။ သူတို့အပေါ် မည်သည့်သံသယမျှ အစွန်းအထင်းမခံလိုသဖြင့် ရုတ်တရက် စကားတစ်ခွန်းပြောလိုက်မိသည်။

"အမှန်အတိုင်းပြောရမယ်ဆိုရင် ကျွန်တော်တို့ဟာ ခေါင်းဆောင်ကြီးတို့ဆီမှာ ကျောက်စိမ်းတံဆိပ်တော်ရှိနေမယ်ထင်ပြီး ရောနှောဝင်လာမိခဲ့တာပါ၊ ဒီအတွက် ကျွန်တော်တို့က တောင်းပန်ပါတယ်"

ရှောင်ကြည်ဟိုင်နှင့်ချီရှိထန်တို့သည် ထိုစကားကိုကြားလိုက်ရသောအခါ လုစုယာတို့ကို ပို၍သံသယမကင်းဖြစ်သွားကြတော့သည်။ လုစုယာသည် ထိုနှစ်ဦး၏မျက်နှာများကို မြင်လိုက်သည်နှင့် စကားပြောမှားသွားပြီဖြစ်ကြောင်း သိလိုက်သည်။





ရှောင်ကြည်ဟိုင်က---

"ဩော်- သူရဲကောင်းကြီးတို့ကလဲ ဒီကိစ္စအတွက် ရောက်လာကြတာပဲကိုး၊ ကျုပ်တို့ဆီမှာ ဒီတံဆိပ်တော်ရှိနေရင် ကျုပ်တို့က သူရဲကောင်းကြီးတို့ရဲ့လက်ထဲကို ဒီတံဆိပ်တော် မပေးအပ်ဘဲ ဘယ်နေရဲမှာလဲဗျာ၊ သူရဲကောင်းကြီးတို့မှာ အံ့မခန်းသိုင်းပညာရှိနေတာပဲဥစ္စာ"

သဲသောင်ပြင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။

တစ်ကွင်းလုံးမှကျွန်းသားများသည် လုစုယာတို့နှစ်ယောက်ကို သံသယမျက်လုံးများဖြင့် ဝိုင်းကြည့်လာသည်။ သူတို့သည် လုစုယာတို့ ကူညီခဲ့ပုံများကို ချက်ချင်းမေ့ပျောက်ပစ်ကြသည်။

လုစုယာတို့မှာ ဒုတိယလင်းနို့နက်များ ဖြစ်ကုန်လေတော့သည်။

လုစုယာမှာ ကိုယ့်ကိုယ်ကိုစိတ်ဆိုးမိသည်။ တံဆိပ်တော်နှင့်ပတ်သက်သောစကားကို မပြောဘဲနေ၍ရပါလျက် လျှာရှည်၍ ပြောခဲ့မိသည့်ကိုယ့်အဖြစ်ကို ဒေါသထွက်၍မဆုံးတော့ပေ။

သူသည် ကျွန်းသားများနှင့် ရှောင်ကြည်ဟိုင်တို့ အမြင်ရှင်းသွားစေရန်အတွက် ရှင်းလင်းပြောပြန်ရန်ဟန်ပြင်လိုက်သည်။

ထိုစဉ် တိန်ဒယောက်က. . .

"ခေါင်းဆောင်ကြီး--- သူတို့ဟာ သူတို့နာမည်ရင်းနဲ့ ဇာတိဇာစ်မြစ်အမှန်ကို ဘယ်တော့မှထုတ်ဖော်ပြောမယ့်လူတွေ မဟုတ်ဘူး၊ ဒီလူတွေဟာ ကျုပ်တို့ကိုသွေးကွဲအောင်လုပ်တဲ့လူတွေပါ၊ အခု ကြည့်ပါလား၊ ကျုပ်တို့ကို ကျွန်းသားအများစုနဲ့သွေးကွဲအောင် လုပ်ထား

ပြီးပြီ၊ သူတို့မှ သူလျှိုအစစ်တွေဖြစ်ပါတယ်"

ကျွန်းသားအများစုသည် တိန်ဒယောက်၏စကားကို ဟုတ်သယောင်ယောင်ထင်မှတ်သွားကြပြန်သည်။ အချို့က တိန်ဒယောက်စကားကိုထောက်ခံကြ၏။

လုစုယာမှာ အတော်ကြီး သတိထားနေရလေပြီ။

အရေးထဲ၌ စန်းအော်တစ်ယောက် ဘယ်ရောက်မှန်းမသိ ပျောက်နေသည်။ စန်းအော်တစ်ယောက်ရှိနေလျှင် သူတို့၏ကိုယ်ဖျောက်ပညာဖြင့် ဤကျွန်းသားများ၏လက်မှ ထွက်ပြေးလွတ်မြောက်နိုင်သည်။

ထိုစဉ် ရှောင်ကြည်ဟိုင်၏စကားသံထွက်ပေါ် လာပြန်သည်။

"ဘာပဲဖြစ်ဖြစ်ပါလေ၊ စုသူရဲကောင်းနဲ့ ဟူးသူရဲကောင်းကြီးတို့ကို ကျုပ်တို့ကျေးဇူးတင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ရဲ့ရန်သူတော်ကြီးတစ်ယောက်လုံးကို ထွက်ပြေးအောင်ကူညီခဲ့ကြတယ် မဟုတ်လား"

"ဒါကို ယုံလို့ဘယ်ဖြစ်မလဲ၊ အဲဒီ လင်းနို့နက်နဲ့သူတို့ဟာ တစ်ကျိတ်တည်း တစ်ဥာဏ်တည်းမဖြစ်ဘူးလို့ ဘယ်သူက အာမခံရဲလို့လဲ"

တိန်ဒယောက်က အခွင့်သင့်တိုင်း လုစုယာကိုအကျပ်တွေ့အောင် အဆင်းတွင် ဘီးတပ်ပေးသည်။

ရှောင်ကြည်ဟိုင်သည် တိန်ဒယောက်ထံသို့ ခုန်ထွက်သွားသည်။ တိန်ဒယောက်၏ခန္ဓာကိုယ်ကို သေချာစွာစစ်ဆေးကြည့်၏။ တိန်ဒယောက်၏ ဘယ်ဘက်အဆုပ်ဗဟိုအခန်းနှင့် အရွတ်ကြောတို့





ပိတ်ခံထားရကြောင်း စစ်ဆေးတွေ့ရှိသည်။

ထိုအကြောပွင့်ရန်အတွက် ကျောဘက်မှ အမဆက်ထိန်းသွေးကြောများကို ခပ်ဆတ်ဆတ်ရိုက်ပေးရမည်ဖြစ်သည်။

ရှောင်ကြည်ဟိုင်သည် အတွင်းအားထုတ်လျက် အမဆက်ထိန်း သွေးကြောကိုရိုက်လိုက်သည်။

"ဖျန်း- ဖျန်း- ဖျန်း-"

"အောင်မလေးဗျ"

တိန်ဒယောက် နာကျင်စွာ အော်သည်။ သွေးကြောကမပွင့်။ ရှောင်ကြည်ဟိုင်ပင် လန့်ဖျပ်သွားသည်။ နန်ရွဲ့ဂိုဏ်း၏သွေးကြောပိတ်ပညာမှာ အခြားသိုင်းဂိုဏ်းများနှင့်မတူ။

တစ်မူထူးခြားသည်။

လုစုယာက နှစ်ဆင့်ပိတ်သွေးကြောပိတ်နည်းဖြင့် ပိတ်ထားရာ ရှောင်ကြည်ဟိုင်အနေဖြင့် မည်သို့မျှ တိန်ဒယောက်၏သွေးကြောကို ဖွင့်နိုင်လိမ့်မည်မဟုတ်ပေ။

ရှောင်ကြည်ဟိုင်မှာ အကြီးအကျယ်ထိတ်လန့်သွား၏။

စောစောက နတ်ဒေဝတာတစ်ပါးအလား သူ ထင်မှတ်ခဲ့သည့်လုစုယာကို ယခုအခါ သရဲတစ္ဆေအလား လှမ်းကြည့်နေလေပြီ။

"သူရဲကောင်းကြီး၊ ကျုပ်တို့အရှေ့ပင်လယ်ကျွန်းရဲ့ သိုင်းပညာဟာ သာမန်အဆင့်လောက်ပဲရှိနေပေမယ့် သူတစ်ပါးရဲ့အစော်ကားတော့ မခံပါဘူး၊ ကျေးဇူးပြုပြီး သူ့သွေးကြောကိုဖွင့်ပေးပါ"

ဘွန်လူအောသည် ဤကျွန်းပေါ်၌ စကားများများ မပြောခဲ့ချေ။ မပြောခြင်းမှာ ယောကျ်ားသံပေါက်အောင် ထိန်းပြောနေ

ရခြင်းကို ကာကွယ်ရန်ဖြစ်သည်။ ယခုမူ သူမ မပြောလို၍မဖြစ်တော့ချေ။ စဉ်းစားဉာဏ်ကြီးရင့်ပုံရသော ရှောင်ကြည်ဟိုင်သည် ကိုယ့် ကိုယ်ကို ယုံကြည်မှုမရှိတော့ပဲ တိန်ဒယောက်၏သွေးထိုးစကားများကို ပြန်လည်ယုံကြည်သွားပြီး မိမိတို့အပေါ် ရန်သူသဖွယ် ဆက်ဆံလိုနေသည်။

"ခေါင်းဆောင်ကြီး- သူ ဘာတွေပြောခဲ့သလဲ၊ သူ ဘာတွေလုပ်ခဲ့သလဲ၊ သူ့စကားနဲ့အပြုအမူတွေက သူဟာ အတွင်းသူလျှို ဖြစ်ကြောင်း ဖော်ပြခဲ့တာပဲ၊ အဲဒါကို ခင်ဗျားတို့ အကောင်းအဆိုး မခွဲခြားတတ်တော့ဘူးလား"

ရှောင်ကြည်ဟိုင် နဝေတိမ်တောင် ဖြစ်သွားပြန်သည်။ ဟူးသူရဲကောင်း၏စကားကလည်း မမှားဟု သူတွေးပြန်သည်။

ထိုစဉ်. . .

"သူလျှိုတွေ မပြေးကြနဲ့၊ ပြေးလို့လွတ်မယ်ထင်ရင် မှားသွားမယ်၊ ဖမ်းထား၊ သူတို့ကိုဖမ်းထား၊ သူလျှိုတွေကိုကြိုးပေးပြီး ငါကိုယ်တိုင် သတ်မယ်"

အခြားသူ၏အသံ မဟုတ်ပါ။ တိန်ဒယောက်၏တပည့် နှစ်ဆယ့်ရှစ်ကျွန်း၏ဒုတိယခေါင်းဆောင် ဟွမ်ယုံဟို၏အသံပင် ဖြစ်ပါတော့သည်။

သူ ထွက်လာသည်နှင့် နှစ်ဆယ့်ရှစ်ကျွန်းသားများသည် လက်နက်များစွဲကိုင်လျက် ဝိုင်းအုံလာတော့သည်။

"တိုက်ကြ၊ သူလျှိုတွေကိုသတ်ကြ"

ဟွမ်ယုံဟိုက ထပ်မံလှုံ့ဆော်သဖြင့် ကျွန်းသားများသည်





လုစုယာနှင့်ဘွန်လူအောတို့ကို စတင်တိုက်ခိုက်ကြတော့သည်။

"မိတ်ဆွေတို့အရမ်းမလုပ်ကြနဲ့၊ ကျုပ်ပြောတာကိုနားထောင်ကြပါဦး"

လုစုယာက တားမြစ်၏။

ဟွမ်ယုံဟိုက လုစုယာ၏စကားကို လက်မခံ။

"ဘာတွေနားထောင်ရဦးမှာလဲ၊ ကျုပ်တို့ ခေါင်းဆောင် အဖမ်းခံရသလို ကျုပ်တို့လဲ အဖမ်းခံပေးရဦးမှာလား"

ပြောပြောဆိုဆို ဟွမ်ယုံဟိုက သူ့ဓားရှည်ကိုဝှေ့ယမ်းလျက် ရှေ့သို့ ခုန်ထွက်တိုက်ခိုက်တော့သည်။

လုစုယာက ပြန်လည် မတိုက်ခိုက်။ ရှောင်တိမ်းရုံသာ ရှောင်တိမ်းသည်။ လင်းနို့နက်လိုလူမျိုးတောင် သူ နာကျင်အောင် မလုပ်ခဲ့သဖြင့် ဟွမ်ယုံဟိုလိုလူမျိုးကို ပို၍ ထိခိုက်နာကျင်အောင် မလုပ်လိုချေ။

လုစုယာသည် အတော်စိတ်ပျက်သွားသည်။

ရှောင်ကြည်ဟိုင်နှင့်ဟကွ ကျွန်းသားများ၏ယုံကြည်မှုကို အတော်အတန်ရခဲ့ပြီဟုထင်မှတ်ထားရာ ယခုမှမှားမှန်းသိတော့သည်။

"ခေါင်းဆောင်ကြီးပင်လယ်နဂါးခုနစ်ဖော် ကျုပ်ဟာ ခင်ဗျားတို့ကိုကူညီခဲ့တယ်၊ ခင်ဗျားတို့က ကျုပ်ကိုပေးဆပ်တဲ့ ကျေးဇူးကတော့ ကျုပ်တို့ကို သူလျှိုလို့သတ်မှတ်တာပဲလား"

ရှောင်ကြည်ဟိုင်သည် အလွန်တရာယဉ်ကျေးရည်မွန်သော လုစုယာကို အထင်ကြီးလေးစားခဲ့သည်။

သို့သော် မကြုံစဖူး ရုတ်ရုတ်သဲသဲဖြစ်ခဲ့သော အဖြစ်အပျက်

များက သူ၏ဆုံးဖြတ်ချက်များကို ယိမ်းယိုင်စေခဲ့သည်။

ရတနာဘူးခွဲလိုချင်သဖြင့် ရောက်လာသူများဟု အထင်မှားသွားခြင်းက လုစုယာနှင့် သူတို့၏ဆက်ဆံရေးကို ပျက်ပြားသွားစေခြင်းဖြစ်၏။

ကျောက်စိမ်းကေရာစ်တံဆိပ်တော်၏ လေးနက် နက်ရှိုင်းမှုများကို ရှောင်ကြည်ဟိုင် သိပ်သိလှသည်မဟုတ်ချေ။

ရှောင်ကြည်ဟိုင် တွေဝေနေသဖြင့် ဟွမ်ယုံဟိုအနေဖြင့် သူ့လူများကိုလွှဲဆောင်ပေးရန် ပိုအဆင်ပြေသွား၏။

“သူလျှိုကို မိအောင်ဖမ်းကြ၊ ရန်သူတွေကိုသတ်ကြ-”

လုစုယာမှာ ကျွန်းသားများနှင့်ပြေငြိမ်းရန်အတွက် မကြိုးစားနိုင်တော့ပေ။

အစိကချွတ်ယွင်းချက်မှာ ရှောင်ကြည်ဟိုင်က သူ့အပေါ် အထင်မှားခြင်းပင်ဖြစ်ကြောင်း လုစုယာသိသည်။ ရှောင်ကြည်ဟိုင်က သူ့လူများကို မတားဆီးသဖြင့် ကျွန်းသားများ ဉာဏ်မှုအတင့်ရဲလာခြင်းဖြစ်ပေသည်။

လုစုယာသည် ကျွန်းသူကျွန်းသားများ၏ သိုင်းပညာကို မကြောက်ချေ။ သို့သော် အင်အားကိုတော့ကြောက်သည်။

လူစုလူဝေးကြီးနှင့်တိုက်ခိုက်လာလျှင် သူတို့အတွက် အခက်အခဲကြီး ကြုံနိုင်သည်။

“လူအော- ငါတို့ လက်တုံ့ပြန်ရတော့မယ်၊ မရတော့ဘူး။ သူတို့မှာ စဉ်းစားဉာဏ်သိပ်မရှိဘူး။ တစ်ခုပဲထိန်းသိမ်းရမယ်၊ ကျွန်းသူကျွန်းသားတွေကိုတော့ ပြင်းပြင်းထန်ထန် ဒဏ်ရာမရပါစေနဲ့”





ဘွန်လူအော စိတ်ညစ်သွားသည်။ တဖြည်းဖြည်း နောက်ဆုတ်ပေးရသည်။

ထိုစဉ်-

“ရှီ. . .”

စူးရှသောလေချွန်သံနှင့်အတူ သစ်ပင်ရိပ်များအကြားမှ မည်းမည်းလူရိပ်တစ်ရိပ် ပြေးဝင်လာလေတော့၏။

ထူးခြားသောလေချွန်သံကြောင့် တိုက်ခိုက်နေသူများ တန့်ခနဲ ဖြစ်သွားကြသည်၊ သို့သော် အချို့ကတိုက်ဆဲ. . .

“ပင်လယ်နဂါးခုနစ်ဖော်၊ ကျုပ်က သူလျှိုကိုဖမ်းခေါ်လာခဲ့ပြီ၊ ခင်ဗျားက ဘာဖြစ်လို့တိုက်ပွဲကိုရပ်ဖို့ အမိန့်မပေးတာလဲ”

လုစုယာ ဝမ်းသာသွားသည်။ သူတို့ ဤကျွန်းပေါ်၌ ဤမျှပြဿနာဖြစ်သည်အထိ မနေချင်ခဲ့ပေ။ သူသည် အနီးရှိလူခြောက်ယောက်၏သွေးကြောများကို ထိုးပိတ်လိုက်သောအခါ သူ့ပတ်လည်၌ ရန်သူများရှင်းသွားသည်။

စန်းအော်က ယောကျာ်းကြီးနှစ်ယောက်ကို သွေးကြောပိတ်ပြီး ဖမ်းခေါ်လာခြင်းဖြစ်သည်။

“စန်းအော်. . . ဘာဖြစ်လို့ ဒီလောက်ကြာနေရတာလဲ၊ တို့ထွက်သွားမလို့ဥစ္စာ၊ မင်းမရှိလို့စောင့်နေတာ”

စန်းအော်သည် အတုံးအရုံးလဲနေကြသော ကျွန်းသားများကိုကြည့်၍ အခြေနေကိုသဘောပေါက်သွား၏။

“တိုက်ပွဲကလေးတစ်ခုဖြစ်လို့ ဒီလောက်ကြာသွားတာပါ၊ ကြာရကျိုးတော့ နပ်ပါတယ်”

စန်းအော်က ရှင်းပြ၏။

လုစုယာက ဖမ်းလာသူနှစ်ယောက်ကို မေးငေါ့ပြီး. . .

“သူတို့က. . .”

“သူတို့ကသူလျှိုတွေလေ၊ တစ်ယောက်ကမွန်ဂိုအထောက်တော်၊ ကစ်ယောက်က တိန်ဒယောက်ရဲ့တပည့်”

ထိုစကားကို ကြားလိုက်ရသောအခါ ရှောင်ကြည်ဟိုင် အံ့အားကြီးသင့်သွား၏။ သူသည် ရုတ်တရက်သတိရလာပြီး မီးကျည်သုံးခုကို ကောင်းကင်သို့ ပစ်တင်ဖောက်ခွဲလိုက်လေသတည်း။

◈ ◈ ◈



## အခန်း (၃၉)
## သစ္စာဖောက်တို့ သွားရာလမ်း

ကျန်းစန်းအော်သည် သူမ ဖမ်းလာသူများကို ခေါင်းဆောင်ကြီးရှောင်ဟိုင်ကြည်၏ရှေ့သို့ တဘုံးဘုံးပစ်ချလိုက်လေ၏။

ကျွန်းသားများဝိုင်းကြည့်ကြသည်။ မှန်သည်၊ ဟန်တရုတ်ဝတ်စုံကိုဝတ်ဆင်ထားသော မွန်ဂိုအထောက်တော် တစ်ယောက်နှင့် နှစ်ဆယ့်ရှစ်ကျွန်းစု၏တတိယခေါင်းဆောင် ကျန်ကိုတို့ဖြစ်နေသည်ကို တွေ့ကြရသည်။

ချိုရှိုထန်က မွန်ဂိုအထောက်တော်ကို လက်ညှိုးထိုး၍ မေးသည်။

“သူက ဘယ်သူလဲ”

“ကျုပ်လဲ ဘယ်သိမလဲ၊ ကျုပ်သိတာကတော့ သူဟာ ဟန်တရုတ်မဟုတ်ဘူး။ မွန်ဂိုဆိုတာပဲ ၊ ပထမတော့ ကျုပ်သတိမထားမိပါဘူး၊ နောက်ပိုင်းကျမှ နှစ်ဆယ့်ရှစ်ကျွန်းကလူတွေနဲ့ တိတ်တဆိတ်အချက်ပြနေတာတွေ့တော့မှ ကျုပ် သင်္ကာမကင်းဖြစ်လာတယ်၊ စောင့်

ကြည့်ခဲ့တယ်၊ နောက်တော့မှ မွန်ဂိုဖြစ်မှန်းသိရတာပဲ"

ချိုရိုထန်နှင့်ရှောင်ကြည်ဟိုင်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

သူတို့သည် စန်းအော်ကို အကဲခတ်နေကြသည်။ သူတို့၏ အမူအရာက စန်းအော်ကို သံသယမကင်းရှိနေကြောင်း ဖော်ပြနေသည်။

"ခင်ဗျားတို့က ဘာဖြစ်လို့ ကျုပ်ကိုအကဲခတ်နေရတာလဲ၊ မယုံလို့လား"

ရှောင်ကြည်ဟိုင်နှင့်ချိုရိုထန်တို့မှာ စန်းအော်ကို မယုံကြပါ။

"အစ်ကိုလု ဒီလူတွေ ဘယ်လိုဖြစ်နေတာလဲ၊ ဒီလောက်လက် ဆုပ်လက်ကိုင်ဖမ်းပြထားတာတောင် ဘာဖြစ်လို့ သူတို့ကမယုံနိုင်ဖြစ် နေရတာလဲ"

စန်းအော်က ဒေါသနှင့်မေး၏။

လုစုယာက. . .

"စန်းအော်. . . သူတို့ တွေဝေနေကြတယ်၊ သိပ်ဒေါသ မ ထွက်နဲ့ ဖြည်းဖြည်းရှင်းပြမှရလိမ့်မယ်"

ရှောင်ကြည်ဟိုင်က ဖြတ်၍မေး၏။

"အစ်ကိုလုဆိုတာက ဘယ်သူလဲ"

စန်းအော်က လုစုယာကိုလက်ညှိုးထိုးပြသည်။

"အစ်ကိုလုဆိုတာ သူပဲပေါ့"

"စန်းအော်ဆိုတာကရော"

"စန်းအော်ဆိုတာက ကျုပ်ပဲ"





ရှောင်ကြည်ဟိုင် မျက်နှာပျက်သွားသလို လုစုယာလည်း မျက်နှာပျက်သွားသည်။

"ဒီလူတွေဟာ လူလိမ်တွေပဲ၊ စောစောက ငါမေးတုန်းက တော့ သူဟာစုသူရဲကောင်းတဲ့. . . ၊ အခုတော့ လုဖြစ်သွားပြန်ပြီ၊ စန်းအော်ဆိုတာလဲ မိန်းမနာမည်ပဲ၊ ဟူးသူရဲကောင်းဆိုတာလဲ နာမည် လိမ်ပဲဖြစ်မှာပဲ၊ ဒီလူတွေကို ယုံလို့မရဘူး"

ရှောင်ကြည်ဟိုင် စိတ်ထဲမှတွေးနေလေ၏။

လုစုယာ၏စိတ်ထဲမှာလည်း. . .

"သွားပြီ. . . ဒီလူတွေ ငါတို့ကိုယုံတော့မှာမဟုတ်ဘူး"

စန်းအော်သည် အခြေအနေမှန်ကို မသိဘဲ သူ့ဖြစ်စဉ်များကို ဆက်လက်ပြောပြသည်။

"မွန်ဂိုအထောက်တော်ဟာ ကျွန်းသားတွေနဲ့လိုက်ပြီးစကား ပြောတယ်၊ အချိန်းအချက်လုပ်သည်၊ သူအချိန်းအချက်လုပ်တဲ့ လူ တွေဟာ နှစ်ဆယ့်ရှစ်ကျွန်းစုသားတွေ ဖြစ်ဖို့များတယ်"

ထိုအခါ တိန်ဒယောက်ကလုမ်းအော်သည်။

"မင်း. . . မင်း မဟုတ်တာတွေ လျှောက်ပြောမနေနဲ့"

နှစ်ဆယ့်ရှစ်ကျွန်းစုသားများ အော်ဟစ်၍ ရှေ့သို့တိုးလာ ပြန်သည်။

"သွေးခွဲသမားတွေကိုသတ်ကြ၊ သူလျှိုတွေကို သုတ်သင် ကြ"

"နောက်ဆုတ်စမ်း၊ သူပြောတာကို ဆုံးအောင်နားထောင်ဦး"

ရှောင်ကြည်ဟိုင်ဝေါက်လိုက်မှ ကျွန်းသားများတန့်သွား၏။

စန်းအော် ဆက်ပြော၏။

"နောက်တော့ မွန်ဂိုအထောက်တော်ဟာ လူတွေဆီက ခွဲထွက်သွားတယ်၊ သစ်တောထဲဝင်သွားတယ်၊ အစည်းအဝေးမှာ ရုတ်ရုတ်သဲသဲဖြစ်နေတော့ သူထွက်သွားတာကို ဘယ်သူက သတိပြုမိမှာလဲ၊ ဒါပေမယ့် ကျုပ်ကတော့ သူ့ကိုစောင့်ကြည့်နေတဲ့လူဆိုတော့ ကောင်းကောင်းသတိပြုမိတယ်၊ နောက်တော့ ကျွန်တိုဆိုတဲ့လူ လိုက်တာတယ်၊ သူတို့နှစ်ယောက်ဟာ ကျောက်ဆောင်တစ်ခုအေးမှာ တိုင်ပင်ကြနယ်၊ သူတို့ ဘာပြောတယ်ဆိုတာရော သိချင်ရဲ့လား"

"သူတို့ ဘာပြောကြသလဲ"

ရှောင်ကြည်ဟိုင်က အရေးတကြီးမေးသည်။

စန်းအော်က နှုတ်ခမ်းကိုမဲ့လိုက်သည်။

"သူတို့ပြောတာကတော့ တကယ့်ကို ရင်နာစရာကောင်းပါတယ်၊ မွန်ဂိုအထောက်တော်ကပြောတာက သူတို့မွန်ဂိုတွေဟာ ဒီညသန်းခေါင်ယံမှာ ဒီကျွန်းကို လာတိုက်မယ်တဲ့၊ ဟိုတစ်ယောက်က ပြောတာကတော့ စိတ်ချပါတဲ့၊ ကျုပ်တို့ကျွန်းသားတွေက အတွင်းက အချိန်တိုက်ပြီး ပုန်ကန်ပါမယ်တဲ့၊ အဲဒီ ကျုပ်ဖမ်းထားတဲ့လူဟာ ဘယ်ကျွန်းကို ကိုယ်စားပြုသလဲဆိုတာတော့ ကျုပ်မသိဘူး"

နှစ်ဆယ့်ရှစ်ကျွန်းသားများမှာ အကြီးအကျယ်မျက်နှာပျက်သွားကြလေသည်။

ရှောင်ကြည်ဟိုင်၊ ဟူစီ၊ ချီရှိထန်တို့ ခုန်ထမတတ်ဖြစ်သွားကြသည်။

"မင်း. . . မင်းစကားက အမှန်ပဲလား"





"ဘာမေးခွန်းလဲ၊ ဒီလိုစကားမျိုးကို လိမ်ညာပြောလို့ရမတဲ့လား၊ အခု အတော်ညဥ့်နက်နေပြီ၊ သန်းခေါင်ယံရောက်ဖို့ ဘာမှမလိုတော့ဘူး။ မွန်ဂိုတွေမလာရင် ကျုပ်ညာတယ်လို့သာမှတ်၊ မွန်ဂိုတွေဟာ ဒီကျွန်းသားသစ္စာဖောက်တွေဆီက အားလုံးသတင်းရပြီးသား၊ သူတို့က အစည်းအဝေးလုပ်ချိန်ကို တမင်ရွေးလာတာ၊ အားလုံးကို သုတ်သင်ပစ်ဖို့စီစဉ်တာ၊ ဟင်း. . . ကျွန်းစုခေါင်းဆောင်ကြီးတဲ့ ကိုယ့်အောက်ငယ်သားတစ်ယောက်က ကိုယ့်ကို လှည့်ဖြားနေတာတောင် မရိပ်မိဘူး"

တိန်ဒယောက်နှင့်ဟွမ်ယုံဟိုတို့မှာ သွေးဆုတ်ဖြူရော်သွားကြသည်။ ဟွမ်ယုံဟိုမှာ ခြေဖျားလက်ဖျားများပင်အေးစက်လာသည်။ သို့သော် တိန်ဒယောက်ကမူ. . .

"တောင်းကွာ. . . မင်းတို့သုံးယောက်ဟာ တကယ့်နတ်မိစ္ဆာတွေပဲ၊ တို့ကျွန်းစုညီအစ်ကိုတွေကို အချင်းချင်း ရန်တိုက်ပေးရအောင်ဝင်လာခဲ့တဲ့သူတွေပဲ၊ သည့်ပြင် နိုင်မာတဲ့သက်သေအထောက်အထားဘာများရှိကြလို့လဲကွာ"

စန်းအော်က ပြုံးလိုက်၏။

"ဆင်ကောင်လုံးကြီးမြင်မှ ဆင်ခြေရာရှာဖို့ လိုသေးလို့လား။ ဟောဒီမှာ အကောင်းဆုံးသက်သေတွေရှိတယ်"

စန်းအော်သည် ကျွန်ကို၏သွေးကြောကို တဖျပ်ဖျပ်ပုတ်ပေးလိုက်သည်။ ကျွန်ကို မျက်လုံးပြူးကြီးဖြင့်မော့ကြည့်သည်။ ထို့နောက် ခေါင်းငိုက်ကျသွားသည်။

ရှောင်ကြည်ဟိုင်မှာ လန့်သွားသည်။

"ဟင်. . . မင်း. . . မင်းသူ့ကို သတ်ပစ်လိုက်တယ်"

စန်းအော်မှာ ရှောင်ကြည်ဟိုင် စကားကိုမကြားပေ။ သူ့လက်ဝါးကိုသာ အံ့ဩတကြီးပြန်ကြည့်နေသည်။ သူမသည် နှလုံးကွဲအသည်းခြွေလက်ဝါးသိုင်းကို ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် အောင်မြင်တတ်မြောက်နေလေပြီတကား။

ချီရှိုထန်က ဝင်ပြော၏။

"ဒါဆိုရင် မွန်ဂိုအထောက်တော်လဲ အသက်မရှင်နိုင်တော့ဘူး"

သူတို့သည် မွန်ဂိုအထောက်တော်ကို ဆွဲလှန်လိုက်၏။ အမှန်တကယ်ပင် သေဆုံးနေလေပြီ။

လုစုယာ လွန်စွာစိတ်ရှုပ်သွားသည်။

"မင်း. . . မင်းရဲ့နှလုံးကွဲအသည်းခြွေလက်ဝါးဟာ ကြောက်စရာကောင်းလှချည်လား"

"ဟင်. . ."

ကျွန်းသားပရိသတ်ကြီးမှာ ဟင်ခနဲဖြစ်သွားကြသည်။

ကျွန်းသားများသည် အခြားပဟုသုတများနည်းပါးကြသော်လည်း နှလုံးကွဲအသည်းခြွေလက်ဝါးအကြောင်းတော့ ကြားဖူးကြသည်။

သို့သော် ဟွမ်ယုံဟိုကအော်ငေါက်ပြီး ရှေ့သို့ခုန်ဝင်လာ၏။ သူ့ညီတော် သေသွားသည်ကို ဒေါသထွက်လာသောကြောင့်ဖြစ်၏။

"ကောင်စုတ်ကလေး. . . ငါ့ညီတော်ကို သတ်တဲ့အကြွေးကို ဒီမှာပဲပေးဆပ်ရမယ်"





သူသည် ကျွန်းသားပရိသတ်ကြီးဘက်သို့လှည့်ကာ သွေးထိုးလှုံ့ဆော်ပြန်သည်။

"ညီအစ်ကိုတော်တို့ ဟောဒီသူစိမ်းသုံးယောက်ဟာ ကျုပ်တို့နှစ်ဆယ့်ရှစ်ကျွန်းစုကို သစ္စာဖောက်တွေဖြစ်အောင် လိမ်လည်လှည့်ဖြားပြောဆိုပြီး ကျန်တဲ့ကျွန်းသားညီအစ်ကိုတွေနဲ့ ရန်တိုက်ပေးခဲ့တယ်၊ သက်သေလဲ ဘာမှမပြနိုင်ဘူး၊ သက်သေလို့ဆိုတဲ့ လူတွေကိုလဲ သူပဲသတ်ပစ်တယ်၊ လက်တွေ့မှာတော့ သူတို့ဟာ လူသတ်တရားခံတွေပဲ၊ ကျုပ်တို့ကိုသွေးကွဲအောင် လုပ်တဲ့လူတွေ၊ ကျုပ်တို့ညီတော်ကိုသတ်တဲ့လူတွေကို ကျုပ်တို့က ဒီကျွန်းကနေ ဘေးမသီရန်မခ ပြန်ထွက်သွားခွင့်ပြုကြမှာလား"

"ခွင့်မပြုဘူး. . . ခွင့်မပြုဘူး"

ကျွန်းသားများမှာ ဆင်ခြင်တုံတရား နည်းပါးကြသူများဖြစ်၍ ရေကဲ့သို့စီးဆင်းသည်။ နေရာဒေသလိုက်၍အရောင်ပြောင်းကုန်သည်။ ဦးဆောင်သူတစ်ယောက်ပေါ်လာတိုင်း ထိုဦးဆောင်သူ၏နောက်သို့လိုက်ကြသည်။

စောစောက အဆိပ်လက်ဝါးကို ကြောက်ချည့်စိတ်များအစား ဒေါသများက အစားထိုးဝင်ရောက်လာ၏။

သူတို့သည်လက်နက်များကို ဆွဲကိုင်ကာ ဝိုင်းတိုက်ကြပြန်သည်။ စောစောက ငြိမ်သက်ခဲ့သောတိုက်ပွဲကြီးသည် ယခုပြန်လည်အသက်ဝင်လာပြန်လေ၏။

ကျန်းစန်းအော်မှာ အကြီးအကျယ်ဒေါသထွက်နေသည်။ သူမက စေတနာနှင့် သူလျှိုနှင့်သစ္စာဖောက်ကိုဖမ်းပေးသည်။

သူတို့က သေချာဂနမစဉ်းစားဘဲ သူမတို့ကိုပြန်တိုက်သည်။

"ဒီလောက်တောင် တိုက်ချင်ခိုက်ချင်စိတ်ရှိတဲ့လူတွေ လာခဲ့ကြစမ်း၊ အကုန်သတ်မယ်"

ဤကား ကျန်းစန်းအော်၏ဗီဇစိတ်ပင်တည်း။

သူမအား ဓားဖြင့်ဝင်ပိုင်းသူများကို ခြေထောက်ဖြင့်ကန်ထုတ်သည်။ လက်ဝါးဖြင့်ရိုက်သည်။

"စန်းအော်. . . အရမ်းမလုပ်နဲ့၊ သူတို့ဟာ တို့ရန်သူတွေမဟုတ်ဘူး"

လုစုယာက အရေးတကြီးအော်ဟစ်ရ၏။

စန်းအော်သာ မဆင်မခြင်လုပ်လျှင် ကျွန်းသားအတော်များများ သေဆုံးသွားနိုင်ပေသည်။

စန်းအော်ရောက်လျှင် ဤကျွန်းမှထွက်ခွါသွားရန် ပြင်ဆင်ထားသောလုစုယာမှာ စန်းအော်ရောက်မှ ပို၍ရှုပ်ကုန်သဖြင့် စိတ်ညစ်သွားသည်။

လုစုယာသည် စန်းအော် ခြေလွန်လက်လွန်မလုပ်စေရန်နှင့် စန်းအော်အား ကာကွယ်ရန် သူမအနီးသို့ခုန်ဝင်သွားပြီး ကျွန်းသားများကို ခပ်ပေါ့ပေါ့ ကာကွယ်ရိုက်ထုတ်ပေးရလေ၏။

ချိုနိုထန်သည် သူ့ဓားကိုဆွဲထုတ်၏။

ရှောင်ကြည်ဟိုင်ကလည်း ခရမ်းရောင်ဓားကြီးကို ဆွဲကိုင်ကာ ရှေ့သို့ခုန်ဝင်လာသည်။

"ဒီသုံးယောက်ကိုမလွတ်စေနဲ့ ရှစ်ဆယ့်တစ်ကျွန်းသားတွေရဲ့ဂုဏ်သိက္ခာအတွက် အသေခံတိုက်ကြ"





ရှောင်ကြည်ဟိုင်ကား အော်ဟစ်ရင်း ဝင်တိုက်တော့သည်။ အော်ဟစ်မာန်သွင်းသံများကြောင့် သဲသောင်ပြင်ကြီးသည် ငရဲပြည်အလား ဆူညံရှုပ်ထွေးကုန်တော့၏။

"ထွီ. . . ဘာဂုဏ်သိက္ခာလဲ"

စန်းအော်က ကျွန်းသားတစ်ယောက်ကို ကန်ထုတ်လိုက်ပြီး ရှောင်ကြည်ဟိုင်ထံ ခုန်ဝင်ရန်ဟန်ပြင်၏။

"မဝင်နဲ့ ငါဝင်မယ်"

ဘွန်လူအောသည် စန်းအော်ကိုလှမ်းပြောပြီး ရှောင်ကြည်ဟိုင်ထံ ခုန်ဝင်သွား၏။ ရွှေဓားနှင့်ခရမ်းရောင်ဓားတို့တွေ့ကြလေပြီ။

ဘွန်လူအောမှာ စန်းအော်မရောက်ခင်ကတည်းက စိတ်မရှည်တော့ပေ။ စန်းအော်ရောက်လာသောအခါ စိတ်တူကိုယ်တူ ဖြစ်သွားတော့၏။

သူတို့အား မိမိတို့ကကူညီခဲ့ပါလျက် မိမိတို့အား ရန်ပြန်လုပ်ခြင်းအတွက် ဘွန်လူအော နာကြည်းမိခြင်းဖြစ်သည်။

"အရူးတွေ. . . ဒီလိုအရူးတွေကိုကူညီလို့ အလကားပဲ"

"ထန်း. . ."

ဘွန်လူအော၏ရွှေဓားကြီးက ခရမ်းရောင်ဓားအား ပြင်းထန်စွာရိုက်ချသည်။ ရှောင်ကြည်ဟိုင်မှာ ဓားလွတ်ကျမတတ်ဖြစ်သွား၏။ လက်မောင်းတစ်လျှောက် ထုံကျဉ်သွားသည်။ ရှောင်ကြည်ဟိုင် ရင်ထိတ်သွားသည်။

စန်းအော်၏ပတ်လည်မှလူများသည် ရှဲခနဲ ရှဲခနဲဆုတ်သွားသည်။ စင်စစ် စန်းအော်သာ ရက်ရက်စက်စက်တိုက်ခိုက်လျှင် ကျွန်း

သားများကြောက်နွံ့ပြီး တစ်မျိုးတစ်မည်ဖြစ်သွားနိုင်သည်။

ယခုမူ လုစုယာကအမြဲမပြတ်သတိပေးနေသဖြင့် စန်းအော်မှာ သူ့အဆိပ်လက်ဝါးကို သုံးခွင့်မရဘဲဖြစ်နေသည်။

ကြာသော် ကျွန်းသားများအတင့်ရဲလာပြီး ဝိုင်းတိုက်ကြသဖြင့် လုစုယာတို့မှာ ပျားအုံကို တုတ်နှင့်ထိုး၍သွားစမိသူများကဲ့သို့ အလူးအလဲ ခုခံနေရတော့သည်။

ထိုစဉ် ကောင်းကင်၌လင်းခနဲဖြစ်သွား၏။ မီးရှူးမီးပန်းများ ပေါက်ကွဲခြင်းဖြစ်သည်။

ရှောင်ကြည်ဟိုင်က ဘွန်လူအောနှင့်တိုက်ခိုက်ရင်း အော်ဟစ်လိုက်သည်။

"တိုက်ကြ. . . သူတို့လူတွေလိုက်လာပြီ၊ ငါတို့အားလုံး ညီညွတ်မှဖြစ်မယ်"

စန်းအော်က စိတ်အချဉ်ပေါက်ပေါက်ဖြင့် အော်လိုက်၏။

"အရူးတွေ ညာသန်းခေါင်ယံမှာ မွန်ဂိုတွေလာတိုက်လိမ့်မယ်လို့ပြောထားတာကိုလဲ အမှတ်အသားမရှိဘူး။ ဒီလောက် သောက်သုံးမကျတဲ့တိရိစ္ဆာန်တွေဟာ မွန်ဂိုတွေလက်ထဲမှာ ခွေးသေဝက်သေ သေတာပဲကောင်းတယ်"

ရှောင်ကြည်ဟိုင်မှာ ဟိုက်ခနဲဖြစ်သွား၏။

"သူ. . . သူတို့ပြောတာ မှန်နိုင်တယ်၊ မွန်ဂိုတွေဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

ရှောင်ကြည်ဟိုင် ခုန်ဆုတ်သွားသည်။

ဘွန်လူအောက လိုက်မတိုက်ပေ။





ရှောင်ကြည်ဟိုင်သည် အချက်ပြမီးရှူးများကိုကြည့်လိုက်၏။

"ဒါ. . . ဒါဟာ နှစ်ဆယ့်ရှစ်ကျွန်းစုရဲ့အချက်ပြနည်းတွေပဲ"

ရှောင်ကြည်ဟိုင်မှာ မတုန်လှုပ်စဖူး တုန်လှုပ်သွား၏။ သူ့အရည်အချင်းများသည် ဤပွဲ၌ မလျှောဆင်းစဖူး လျှောဆင်းနိမ့်ကျကုန်သည်။

"အားလုံး ရပ်လိုက်ကြစမ်း"

သူ့အော်ဟစ်သံကြောင့် တိုက်ပွဲကြီးရပ်ဆိုင်းသွားသည်။

"အရူးတွေ၊ ဒါနဲ့တောင် သိက္ခာစကားပြောနေသေးတယ်"

စန်းအော်ထံမှ မကျေမနပ်ရေရွတ်သံထွက်ပေါ်လာနေသေးသည်။

ထိုအခိုက်မှာပင် ကမ်းခြေစောင့်ကင်းစခန်းမှဆက်သားများ အပြေးအလွှားရောက်ရှိလာသည်။

"ခေါင်းဆောင်ကြီး. . . မွန်ဂိုတွေ. . . မွန်ဂိုတွေ"

ဆက်သားများသည သေပြေးရှင်ပြေး ပြေးလာကာ အမောတကော အော်ဟစ်လာကြ၏။

သူတို့စကားများကလည်းမပီသ၊ အကယ်၍ တိုက်ပွဲကြီးသာ ဆက်ဖြစ်နေလျှင် သူတို့သည် ရှောင်ကြည်ဟိုင်အား ဤမျှမြန်မြန်ဆန်ဆန်သတင်းပို့နိုင်ကြလိမ့်မည် မဟုတ်ချေ။

"မွန်ဂိုတွေ ဟုတ်လား"

ရှောင်ကြည်ဟိုင်က ချိုရိုထန်၊ ဟူစီတို့ကိုခေါ်ထုတ်၏။ အရေတကြီးခေါင်းချင်းရိုက်တိုင်ပင်သည်။

"ထွီ. . . အရူးကြီးတွေ၊ ဒါနဲ့များ သူတို့ကိုခေါင်းဆောင်တင်

ထားသေးတယ်၊ ဘယ်မှာ လူကောင်းရှိတော့မှာလဲ"

စန်းအော်၏ရှုတ်ချစကားကိုကြားသော်လည်း ရှောင်ကြည်ဟိုင်တို့ ချီရှိုထန်တို့မှာ ချေပနိုင်စွမ်းမရှိကြတော့ပေ။

ထိုစဉ် ကျွန်းအတွင်းရှိစခန်းအချို့မှ မီးတောက်မီးလျှံများ ထွက်ပေါ်လာသည်။

လုစုယာတို့က ကျွန်းသားများအား လှမ်းကြည့်သည်။

ဟွမ်ယုံဟိုတို့အုပ်စု မရှိကြတော့ပေ။ သူတို့သည် တိုက်ပွဲရပ်ဆိုင်းသွားသည်နှင့် လူများအကြားမှလျှို့ထွက်ကာ ကျွန်းပေါ်ရှိ စခန်းများကို မီးတင်ရှို့ကြခြင်းဖြစ်လေတော့သည်။

ရှောင်ကြည်ဟိုင်မှာ ကျောချမ့် ဒေါသဖြစ်မိသွားတော့သည်။

"ညီအစ်ကိုတော်တို့ နှစ်ဆယ့်ရှစ်ကျွန်းသားတွေ သစ္စာဖောက်ကုန်ပြီ၊ တွေ့ရာသချိုင်း ဓားမဆိုင်းဘဲ သုတ်သင်ပစ်ကြ"

ကျွန်းသားများမှာ အူကြောင်ကြောင်ဖြစ်ကုန်သည်။ သူ့အမိန့်ကို ရုတ်တရက် မလိုက်နာနိုင်ဘဲဖြစ်ကုန်ကြသည်။ အပြောင်းအလဲအမျိုးမျိုးဖြစ်နေသဖြင့် ကျွန်းသားများကြောင်ကုန်ခြင်းဖြစ်သည်။

ထိုစဉ် ခပ်လှမ်းလှမ်းသစ်တောဆီမှ ဟွမ်ယုံဟို၏အော်ပြောသံကို အားလုံး ပီပီသသကြီးကြားလိုက်ရသည်။

"ခေါင်းဆောင်ကြီးရှောင်ကြည်ဟိုင်၊ ကျုပ်ခေတနာနဲ့ပြောတဲ့စကားကိုနားထောင်ပါ၊ ခဏနားထောင်ပါ"

ရှောင်ကြည်ဟိုင်က ဒေါသတကြီးပြန်အော်လိုက်သည်။

"ခွေးကောင်တွေ ပြောစရာရှိတာကို မြန်မြန်ပြော၊ အပိုတွေ ပြောမနေနဲ့"





"ခေါင်းဆောင်ကြီးရှောင်ကြည်ဟိုင်၊ ကျုပ်တို့တစ်တွေဟာ ဒီနယ်မှာကျက်စားခဲ့တာ ကြာပါပြီ၊ တံငါအလုပ်လုပ်လိုက် တိုက်ခိုက်လိုက်နဲ့ ကျုပ်တို့ဘယ်လိုကြီးပွါးနိုင်မှာလဲ၊ ကြာရင် ပင်လယ်ဓားပြဆိုတဲ့ဘွဲ့ရပြီး လူတကာရဲ့တံတွေးခွက်ထဲမှာပက်လက်မျောမှာပဲ၊ ဒီတော့ ကျုပ်တို့နဲ့အတူတူ နေပြည်တော်ကိုလိုက်ခဲ့ကြပါ၊ မွန်ဂိုဘုရင်မင်းမြတ်နဲ့တွေ့ဆုံပါ၊ မွန်ဂိုတွေကို ဆန့်ကျင်မယ့်အစီအစဉ်တွေကို ပယ်ဖျက်လိုက်ပါ၊ ဒါဆိုရင် သားနဲ့မယားနဲ့ စည်းစိမ်ချမ်းသာနဲ့ တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင်နေနိုင်ပါလိမ့်မယ်"

ရှောင်ကြည်ဟိုင်၏မျက်နှာမှာ ငရုတ်မီးနှင့်အပက်ခံလိုက်ရသကဲ့သို့ဖြစ်သွား၏။ သူသည် တစ်ယောက်တည်း ခုန်ထွက်သွားသည်။ သစ်တောစပ်သို့ပြေးသည်။

ဟွမ်ယုံဟိုမှာ သူ့နောက်မှ နှစ်ဆယ့်ရှစ် ကျွန်းသားများရှိနေသဖြင့် ဣန္ဒြေရရပင်ရပ်နေသည်။

"ခေါင်းဆောင်ကြီး. . ကျုပ်တို့နဲ့ပူးပေါင်းဖို့လာတာလား"

"မျိုးမစစ်တဲ့ကောင်"

ရှောင်ကြည်ဟိုင်သည် ကြိမ်းတမ်းစွာဆဲပြီး သူ၏ခရမ်းရောင်ဓားကြီးဖြင့်ခုတ်ချသည်။ ဟွမ်ယုံဟိုသည် သူ့ဓားဖြင့် ပြန်လည်ခုခံ၏။

"အား. . ."

ဟွမ်ယုံဟိုမှာ ဓားကွက်တစ်ကွက်တည်းဖြင့် ခေါင်းပြတ်သွား၏။ ရှောင်ကြည်ဟိုင်သည် ပထမဓားချက်ကိုဟန်ဆောင်ပြခုတ်ချခြင်းသာဖြစ်သည်။

ထို့နောက် လက်ကောက်ဝတ်ကို လျှပ်တစ်ပြက် လှည့်ပြီး

စားသွားကို ဘယ်ဘက်မှဝိုက်၍ လှုပ်ရှားလိုက်ရာ ဟွမ်ယုံဟိုး၏လည်ပင်းပြတ်တောက်သွားခြင်းဖြစ်သည်။

ရှောင်ကြည်ဟိုင်သည် သွေးစွန်းနေသောစားကြီးကို နှစ်ဆယ့်တစ်ကျွန်းသားများရှေ့၌ ဝှေ့ယမ်းလိုက်ပြီး. . .

"မင်းတို့ဟာ သစ္စာဖောက်အမျိုးယုတ် တိန်ဒယောက်ရဲ့ လှည့်ဖြားမှုကိုခံနေရတဲ့လူတွေလို့ ငါသတ်မှတ်တယ်၊ ဒီလိုမှမဟုတ်ဘဲ မွန်ဂိုတွေရဲ့နောက်လိုက်ခွေးအဖြစ် လိုလိုချင်ချင်လုပ်ချင်တဲ့ကောင် ရှိသေးတယ်ဆိုရင် အခုကတည်းကထွက်လိုက်. . ."

ချိုရိုထန်၊ ဟူစီ စသူတို့သည် တိန်ဒယောက်ကိုဆွဲခေါ်လာပြီး နှစ်ဆယ့်ရှစ်ကျွန်းသားများရှေ့သို့ ဝုန်းခနဲပစ်ချလိုက်၏။

နှစ်ဆယ့်ရှစ်ကျွန်းသားများမှာ ခေါင်းဆောင်အားလုံးပြတ်ပြတ်ပြုန်းလုဖြစ်နေ၍ ဆောက်တည်ရာမရဖြစ်ကုန်သည်။

မျက်စိသူငယ် နားသူငယ်ဖြစ်ကုန်သည်။

ရှောင်ကြည်ဟိုင်သည် တိန်ဒယောက်၏ရင်ဘတ်ကို ခြေဖြင့်နင်းပြီး စိတ်ဆိုးမာန်ဆိုးပြောလေတော့သည်။

"အမျိုးယုတ် ပြောစမ်းပါဦး၊ ဟိုသူစိမ်းတွေက သူလျှိုတွေပါ၊ ကျွန်းသားညီအစ်ကိုတွေကို သွေးခွဲတဲ့လူတွေပါလို့"

တိန်ဒယောက်မှာ စင်းစင်းကြီးအမိခံနေရပြီဖြစ်၍ ဘာမျှမပြောနိုင်တော့ပေ။ သူ့မျက်နှာမှာ ဆွတ်ဆွတ်ဖြူနေ၏။ သည်ကြားထဲသွေးကြောပိတ်ခံထားရသဖြင့် သူ့အဖို့ သေလမ်းမှတစ်ပါး အခြားမရှိပြီ။

"မင်းမှတ်ထား၊ အမျိုးကို သစ္စာဖောက်တဲ့လူမှန်ရင် အခုလို





အဖြစ်ဆိုးနဲ့ နောက်ဆုံးကြုံရတတ်တာပဲ၊ ခွေးရူးကောင်းစား တစ်မွန်းတည့်ဆိုတာလို မင်းတို့ကောင်းစားလဲ တစ်ခဏပဲ"

ရှောင်ကြည်ဟိုင်သည် စကားဆုံးသည်နှင့် တိန်ဒယောက်၏ရင်ဝသို့ စားဖြင့်ထိုးချလိုက်လေသည်။

"အား. . ."

ဤနည်းဖြင့် အမျိုးသားသစ္စာဖောက် အခွင့်အရေးသမားတိန်ဒယောက်မှာ မလှမပ နိဂုံးချုပ်ဇာတ်သိမ်းသွားရလေတော့သည်။

◈◈◈

## အခန်း (၄၀)
## အမှန်တရားကို သိမြင်ခြင်း

ရှောင်ကြည်ဟိုင်သည် မန်ချူးအလိုတော်ရိအမျိုးသားသ
ဖောက်တိန်ဒယောက်အား သုတ်သင်လိုက်ပြီးနောက် ရဲစိတ်ရဲမ
အပြည့်ဖြင့် အရှေ့ပင်လယ်ရှစ်ဆယ့်တစ်ကျွန်းသားအားလုံးကို မွ
ဆန့်ကျင်ရေးစကား ပြောကြားလေသည်။

"ကျုပ်တို့ အရှေ့ပင်လယ်ရှစ်ဆယ့်တစ်ကျွန်းဟာ လုယ
တိုက်ခိုက်ခဲ့ပေမယ့် ဘယ်တော့မှကျွန်စိတ်မမွေးခဲ့ဘူး၊ မွန်ဂိုတွေ
ဆန့်ကျင်ဖို့ တော်လှန်ဖို့ကို ဘယ်တုန်းကမှလက်မနှေးခဲ့ဘူး၊ ကျု
ရဲ့မွန်ဂိုဆန့်ကျင်ရေးစိတ်ဓာတ်ကို ဘယ်သူကမှရိုက်ချိုးလို့မရဘူ

"ဟုတ်တယ်၊ ကျုပ်တို့ရဲ့စိတ်ဓာတ်ကို ဘယ်သူကမှရိုက်ချိ
မရဘူး"

ကျွန်းသားများက ပွဲတင်ထပ်၍လိုက်အော်ကြသည်။ တ
နက် အော်လိုက်သည့်အသံသည် ဖူထိုကျွန်း၏အထက်ကောင်း
ယံသို့လွင့်ပျံ့သွား၏။





ရှောင်ကြည်ဟိုင် သက်ပြင်းချလိုက်သည်။ သူ့လေသံသည်
အနည်းငယ်နိမ့်သွားသည်။ ထို့ကြောင့် ကျွန်းသားပရိသတ်များက
ပို၍နားစိုက်ထောင်ကြရ၏။

"အခု- ကျုပ်တို့ဟာ အင်မတန် ကြောက်စရာကောင်းတဲ့
အတွင်းရန်ကို ချေမှုန်းသုတ်သင်နိုင်လိုက်တဲ့အတွက် အပြင်ရန်ဖြစ်တဲ့
မွန်ဂိုတွေကို တညီတညွတ်တည်း တိုက်ခိုက်နိုင်ခွင့်ရလိုက်ပြီ၊ ကိုယ့်
လူမျိုးတွေရဲ့နောက်ကျောကို ဓားနဲ့ထိုးဖို့ကြံထားတဲ့ အတွင်းရန် သူ
တွေဟာ နောင်တတရားရပြီး ခင်ဗျားတို့ရဲ့ဓားဦးကို မွန်ဂိုဘက် လှည့်
လိုက်ပါ၊ မွန်ဂိုတွေဆီမှာဒူးထောက်အညံ့ခံမယ့်လူရှိရင် အခုကတည်း
က မွန်ဂိုတွေဆီသွားပါ၊ ကျုပ်ခွင့်လွှတ်ပါတယ်၊ အဲ- ကျုပ်တို့နဲ့ သေ
အတူရှင်မကွာ နေတော့မယ်လုပ်ပြီးတဲ့လူများကတော့ ကျုပ်တို့ မွန်ဂို
တွေနဲ့တိုက်ခိုက်တုန်း ကျုပ်တို့ရဲ့နောက်ကျောကို ဓားနဲ့မထိုးပါနဲ့၊ ကျုပ်
ပြောတာ ရှင်းတယ်မဟုတ်လား"

"ရှင်းတယ်၊ ရှင်းတယ်၊ မွန်ဂိုတွေကို ကျုပ်တို့တိုက်မယ်"

ကျွန်းသားများက ရဲသွေးရဲမာန် တက်ကြွစွာထောက်ခံအော်
ဟစ်လိုက်သည်။

ကျွန်းသားတစ်ယောက်က ရှေ့သို့ခုန်ထွက်လာပြီး---

"ခေါင်းဆောင်ကြီး- မွန်ဂိုတွေကို ခေါင်းဆောင်ကြီးက ဦး
ဆောင်တိုက်ပါ၊ ကျုပ်တို့က နောက်ကရဲရဲဝံ့ဝံ့တိုက်မယ်လို့ ကတိပေး
ပါတယ်"

"ကတိပြုတယ်- ကတိပြုတယ်"

ကျွန်းသားများ၏ရဲရင့်သောနှလုံးသား ကောင်းကင်ပြင်သို့

တိန်ဒယောက်တည်းဟူသော တိမ်မည်းတိမ်ညိုများ ကင်းစင်သွားပြီဖြစ်၍ အမျိုးကိုချစ်သော နေမင်းအလင်းရောင်သည် တောက်ပဝင်းလက်လာခဲ့လေပြီ။

ရှောင်ကြည်ဟိုင်သည် ရုတ်တရက် မျက်နှာထားပြောင်းသွား၏။ သူ့မျက်နှာပေါ်၌အားနာခြင်း၊ ဝမ်းနည်းခြင်း၊ ရှက်ကြောက်ခြင်းစသောအရိပ်လက္ခဏာများ ပေါ်လာသည်။

သူနှင့်မလှမ်းမကမ်းတွင်ရောက်ရှိနေကြပြီဖြစ်သော လုစုယာ၊ ဘွန်လူအောနှင့် ကျန်းစန်းဖော်တို့သုံးဦးအား တစ်ဦးစီခွဲခြား၍ ဂါရဝပြုလိုက်၏။

“ကျုပ်ရဲ့ညံ့ဖျင်းမှု၊ အသုံးမကျမှု၊ လူကဲမခတ်တတ်မှု မိတ်ဆွေကိုရန်သူထင်တတ်မှုတို့အတွက် ကျုပ်ဟာအင်မတန်ရှက်ကြောက်စွာနဲ့တောင်းပန်ပါတယ်၊ ကျုပ်အတွက် ဘာမှဆင်ခြေမရှိပါဘူး၊ မိတ်ဆွေတို့ သုံးယောက်ဟာ အလွန်တရာမှပဲ စိတ်ထားမြင့်မြတ်ကြပါပေတယ်၊ ကိုယ့်အပေါ်အမျိုးမျိုးစော်ကားတဲ့ကျုပ်ကို စိတ်ရှည်လက်ရှည်ကူညီခဲ့ကြပါတယ်၊ ခင်ဗျားတို့သာမရှိရင် ကျုပ်ဟာ ခုအချိန်မှာ အသက်မရှိနိုင်တော့ပါဘူး၊ ကျွန်းသားတွေဟာလဲ မွန်ဂိုရဲ့အယုံသွင်းသတ်ဖြတ်မှုကိုခံရမှာ သေချာပါတယ်၊ ကျုပ်ကို ကျေးဇူးပြုပြီးခွင့်လွှတ်ကြပါ”

ကိုယ့်အသိုင်းအဝိုင်းနှင့်ကိုယ် ထည်ထည်ဝါဝါ နေနိုင်သော ခေါင်းဆောင်ကြီးများအနက် ရှောင်ကြည်ဟိုင်သည်လည်း တစ်ယောက် အပါအဝင်ဖြစ်သည်။

သူသည် ပြီးခဲ့သောအဖြစ်အပျက်များ၌ အလွန်တရာညံ့





ဖျင်းသော ခေါင်းဆောင်ဖြစ်ခဲ့သည်။ သို့သော် သူ၌ ဟန်တရုတ်မျိုးနွယ်ကိုချစ်သောစိတ်၊ ကျူးကျော်အုပ်စိုးနေသော မွန်ဂိုကိုမုန်းတီးသောစိတ်သည် ဆံဖျားမှခြေဖျားအထိ အပြည့်အရှိနေသည်။

ထိုအချက်တစ်ချက်တည်းဖြင့် လုစုယာက ရှောင်ကြည်ဟိုင်ကို ခွင့်လွှတ်လိုက်လေ၏။

လုစုယာက သူတို့၏နာမည်ရင်းများကို ထုတ်ဖော်ပြောလိုက်၏။ သို့ရာတွင် သိုင်းလောက၏နောက်ပေါက် လူငယ်များဖြစ်၍ ရှောင်ကြည်ဟိုင် ထူး၍သိမလာချေ။

အားလုံးပြေလည်ချိန်၌ မွန်ဂိုတို့၏စစ်ခရာသံများ နီးကပ်လာပြီဖြစ်သည်။ မွန်ဂိုတို့သည် ဖူထိုကျွန်း၏ကမ်းခြေများသို့ခြေတင်နင်းလာပြီဖြစ်ကြောင်း အားလုံးရိပ်မိသိရှိကြသည်။

ရှောင်ကြည်ဟိုင်က သူ့လက်နှစ်ဖက်ကိုဆုပ်ကာ ဂါရဝပြုလိုက်သည်။

“မိတ်ဆွေတို့ရဲ့ သိုင်းပညာအဆင့်အတန်းဟာ သာမညအဆင့်မဟုတ်ဘူးဆိုတာ ကျုပ်အကဲခတ်ပြီးပါပြီ၊ ကျုပ်တို့မှားတာကိုလဲ တောင်းပန်ပြီးပါပြီ၊ ကျုပ်တို့ကို ဆက်ပြီးအကူအညီပေးနိုင် မပေးနိုင် မေးပါရစေဗျာ”

လုစုယာက သွက်လက်စွာပြော၏။

“ခွင့်လွှတ်ပြီးပြီဆိုရင် ကူညီရမှာပေါ့၊ ဘယ်အချိန်မှာ ဘယ်လိုပဲဖြစ်နေပါစေ၊ မွန်ဂိုတွေကိုဆန့်ကျင်တိုက်ခိုက်ဖို့ကြုံလာရင်တော့ ဘယ်ဟန်လူမျိုးမဆို ကျောချင်းကပ်တိုက်ခိုက်ကြရမှာပဲ”

ထိုအချိန်မှစ၍ လုစုယာ၊ ဘွန်လူအောနှင့် ကျန်းစန်းဖော်

တို့မှာ သူတို့ကြောင့် သွေးကြောပိတ် လဲကျနေသူများအား ပြန်လည် သွေးကြောဖွင့်ပေးရလေတော့၏။

ချိုရှိထန်မှာမူ သူ၏မှားယွင်းမှုအတွက် ဘာမျှမပြောနိုင်ရှာပေ။ လုစုယာတို့လုပ်သမျှသာ ကြည့်နေရတော့သည်။

ဘွန်လူအောနှင့် ကျန်းစန်းအော်တို့ကား လုစုယာလောက် စိတ်ထားမရင့်ကျက်သဖြင့် စိတ်ထဲ၌ကား ကျေနပ်ခြင်းမရှိပေ။

သို့သော် ဘာမျှကား မပြောချေ။ လုစုယာကူညီသကဲ့သို့သာ လိုက်၍ကူညီသည်။

ရှစ်ဆယ့်တစ်ကျွန်းသားများသည် မွန်ဂိုတို့အား တိုက်ခိုက်ရန် မာန်တကြွကြွလက်နက်တပြင်ပြင် ဖြစ်နေလေပြီ။

"နောင်ကြီးကျူလျံ့ရင်- နှစ်ဆယ့်ရှစ်ကျွန်းသားတွေကို နောင်ကြီးက ဦးဆောင်ပြီးညွှန်ကြားပါ"

ရှောင်ကြည်ဟိုင်ကနှစ်ဆယ့်ရှစ်ကျွန်းသားများကို ကျူလျံ့ရင်၏စီမံခန့်ခွဲမှုအောက်သို့ ပို့လိုက်၏။

"မိတ်ဆွေကြီးလုစုယာ- ကျုပ်တို့ မွန်ဂိုတွေကို ဘယ်လို ခုခံသင့်ပါသလဲဗျာ"

ရှောင်ကြည်ဟိုင်က လုစုယာအားမေးလိုက်၏။

လုစုယာက ရတနာဘူးခွံကိုလက်ညှိုးထိုးပြပြီး-

"ခင်ဗျားတို့ဆီကို ဒီကောင်တွေ ဘာကြောင့် လာတယ်ဆိုတာ ခင်ဗျားတို့သိသလား။ အဲဒီ ရတနာဘူးခွံသတင်းကြားလို့ ဖြစ်ပါတယ်၊ ခင်ဗျားတို့ကျွန်းသားတွေကိုလဲ တစ်ချက်ကလေးမှ ညှာမယ်မထင်နဲ့. တွေ့တာနဲ့သတ်မှာပဲ"





ရှောင်ကြည်ဟိုင်သည် ထိုအခါကျမှသာ ရတနာဘူးခွံကို ကောက်ကိုင်မိတော့သည်။ သို့သော်- မည်သို့ သိမ်းဆည်းရမည်မှန်း မသိသေးဘဲရှိ၏။

"ဒီပစ္စည်းကို ဘယ်မှာသိမ်းထားရပါ့မလဲ၊ ချိုရှိထန်ဟာ သိုင်းညာ ထိုက်သင့်သလောက်ရှိပေမယ့် မွန်ဂိုတွေထဲမှာ မရဏာပုံလွှား နှစ်ဆယ့်တစ်ကောင်ပါလာရင်တော့ သူလဲ ဘာမှတတ်နိုင်မှာမဟုတ် ဘူး၊ သူ့ဆီအပ်ထားရင်လဲ ဒီရတနာဘူးခွံပါသွားမှာပဲ၊ လုစုယာဟာ ကူညီတတ်တာတော့မှန်တယ်၊ ဒါပေမယ့်---"

ရှောင်ကြည်ဟိုင်သည် ရတနာဘူးခွံကိုပိုက်၍ အတွေးကွန် ရက်ဖြန့်ကျက်နေသည်။

"မိတ်ဆွေလုစုယာ- မွန်ဂိုတွေ ဒီရတနာဘူးခွံကိုယူဖို့ ဆန္ဒရှိတယ်လို့ မိတ်ဆွေကဘာကြောင့်တိတိကျကျပြောနိုင်တာလဲ"

လုစုယာ ရယ်မောလိုက်သည်။

"သူတို့ဟာ ဒီရတနာဘူးခွံတင် ဘယ်ကမလဲ၊ ကျောက်စိမ်း ကေရာဇ်တံဆိပ်တော်ကိုပါ လုကြဦးမှာပဲ၊ ကျုပ်အဖေဟာ အဲဒီတံဆိပ် တော်အတွက် အသက်စွန့်ခဲ့ရတဲ့လူပဲ၊ ဒီအကြောင်းကို ကျုပ်မှမသိရင် ဘယ်သူက သိရဦးမှာလဲ"

"ဟား- ဟား- ဟား- "

ရှောင်ကြည်ဟိုင်သည် တဟားဟား ရယ်မောလေတော့၏။ လုစုယာက အံ့အားသင့်ပြီးကြည့်မိသည်။

"ဟား- ဟား- ကောင်းတယ်၊ ကောင်းတယ်၊ ကျုပ်က စကား တစ်ခွန်းထောင်ချောက်ဆင်ပြီးမေးလိုက်တာနဲ့ ခင်ဗျားအကြောင်း

ကျုပ်သိရတော့တာပဲ၊ ခင်ဗျားဟာ စန်းတုံပြည်နယ်က မိုးတိမ်ပျံ့လုကွမ်နန့်ရဲ့သား ကျော်ကြားလှတဲ့အမတ်ချုပ်ကြီးလုရှုဟူးရဲ့မြေး လုစုယာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

ကျွန်းသားများသည် မိုးတိမ်ပျံ့လုကွမ်နန့်အကြောင်း၊ အမတ်ချုပ်ကြီးလုရှုဟူးအကြောင်းများကို ကြားဖူးထားသဖြင့် လုစုယာကို ပက်ပင်းတွေ့လိုက်ရသောအခါ အားလုံးပင်ဖုံ့အားသင့်သွားသည်။

ရှောင်ကြည်ဟိုင်ကား ရင်တသိမ့်သိမ့်တုန်သွား၏။ လွန်စွာမှပင် အားရနှစ်ထောင်းဖြစ်သွားသည်။

"ဖြစ်ရလေဗျာ၊ ခင်ဗျားတို့က ဘာဖြစ်လို့ဒီအကြောင်းကို စောစောကတည်းက ဖွင့်မပြောခဲ့ရတာလဲဗျာ၊ ကျုပ်တို့မှာ အလကားသက်သက် စိုးရိမ်ကြောင့်ကြပြီး အထင်မှား အမြင်မှားဖြစ်ရတယ်"

လုစုယာ ဘာမျှပြန်မပြောပေ။ ပြုံး၍သာနေသည်။ ရှောင်ကြည်ဟိုင်သည် သူ့ရင်ခွင်ထဲမှရတနာဘူးခွံကို လုစုယာလက်ထဲသို့ အတင်းထိုးထည့်တော့၏။

"သူရဲကောင်းလေး- ဒီညတိုက်ပွဲကို ခင်ဗျားပဲဦးဆောင်ပါတော့၊ ခင်ဗျားမှာမျိုးရိုးစဉ်ဆက် မွန်ဂိုဆန့်ကျင်ရေးသွေးရှိခဲ့ပါတယ်၊ ကျုပ်ဟာ ခင်ဗျားအမိန့်ပေးသမျှ တစ်သဝေမတိမ်း လိုက်နာပါမယ်၊ ကျွန်းသားအားလုံး ခင်ဗျားလက်ထဲ အပ်ပါတယ်"

ကျွန်းသားများသည် လုရှုဟူး၏မြေးတော်သူကိုယ်တိုင် သူတို့အား ဦးဆောင်တိုက်ခိုက်ရန် အခြေအနေဆိုက်ရောက်လာသဖြင့် လွန်စွာတက်ကြွလာကြသည်။





လုစုယာက မှာမှာသလဲငြင်းသည်။

"အို- ဒါတော့လက်မခံပါရစေနဲ့၊ ညည့်သည်ဟာ ညည့်သည်နေရာမှာ နေတာပဲကောင်းပါတယ်၊ ခင်ဗျားပြောသလိုလက်ခံလိုက်ရင် ညည့်သည်က အိမ်ရှင်အပေါ် စီးပိုးရာရောက်သွားပါလိမ့်မယ်"

ချီရှိုထန်၊ ဟူစီ၊ ကျူလျံရင်နှင့် ကျန်ဟန်ပြောင်တို့သည် လုစုယာကို အရှိအသေမပေးဘဲ မနေနိုင်တော့ပေ။ ဦးညွှတ်ဂါရဝပြုလိုက်သည်။

"သူရဲကောင်းလေး- ကျုပ်တို့ရဲ့သံသယစိတ်ကြီးထွားခြင်းအကြောင်းကို သူရဲကောင်းလေး သဘောပေါက်ပါလိမ့်မယ်၊ ကျုပ်တို့ကို ခွင့်လွှတ်ပါ၊ အခု- အကြောင်းစုံသိတဲ့နောက်မှာတော့ ကျုပ်တို့ရဲ့သူရဲကောင်းလေးကို လုံးဝ သံသယမဖြစ်တော့ပါဘူး၊ ကျုပ်တို့ကို ဦးဆောင်ပါ၊ ကျုပ်တို့ အသေခံပြီးတိုက်ခိုက်ပါမယ်"

ချီရှိုထန်က လေးလေးနက်နက် တောင်းပန်သည်။

နောက်ဆုံး၌ လုစုယာငြင်းဆန်၍မရတော့ပေ။ ရွှေဘူးခွံကို ရင်ခွင်ထဲ ထိုးသွင်းသိမ်းဆည်းလိုက်ပြီး ကျွန်းသားများကို ဦးဆောင်ရန် တာဝန်ယူလိုက်ရတော့သည်။

"ကျွန်တော်က စစ်ဆင်စစ်တတ်ကို နားမလည်ပါဘူး၊ ဒီတော့ ကြီးကြီးကျယ်ကျယ် ဦးဆောင်မယ်ဆိုတဲ့စကားကို မသုံးလိုပါဘူး၊ တစ်ခုပဲရှိပါတယ်၊ အားလုံး တညီတညွတ်တည်း ခုခံမယ်ဆိုရင်တော့ ကျွန်တော်တို့ နိုင်နိုင်မှာပါ"

"ညီညွတ်မှုအတွက်တော့မပူပါနဲ့၊ မြင်တဲ့အတိုင်းပါပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော်က မရဏာပျံလွှား နှစ်ဆယ့်တစ်

ကောင်ကို တာဝန်ယူမယ်၊ ရွှေဘူးခွံကို ခဏသိမ်းထားပေးမယ်၊ မွန်ဂို စစ်သားတွေကို တိုက်ခိုက်ဖို့အတွက်တော့ ခေါင်းဆောင်ကြီးကပဲ တာဝန်ယူပေးပါ"

လုစုယာ၏စကားက ကောင်းမြတ်သင့်လျော်သည်။ သိုင်းသမားများကို သူကတာဝန်ယူမည်ဖြစ်ပြီး ရှောင်ကြည်ဟိုင်က မွန်ဂိုစစ်သားများကို တာဝန်ယူမည်ဖြစ်သည်။

ကျွန်းသားများက လုစုယာ၏စကားကို တစ်ခဲနက်ထောက်ခံလိုက်သည်။ ရှောင်ကြည်ဟိုင်၏ခန္ဓာကိုယ်ထဲ၌ ခွန်အားများ တိုးတက်လာသကဲ့သို့ ခံစားလိုက်ရ၏။

လုစုယာသာ အကူအညီပေးလျှင် မရဏပျံလွှားနှစ်ဆယ့်တစ်ကောင်ကို ကြောက်ရန်အကြောင်းမရှိတော့သဖြင့် မွန်ဂိုများကိုသူ မကြောက်တော့ချေ။ ထို့နောက် သူ၏လက်ထောက်ခေါင်းဆောင်များကိုခေါ်ကာ မွန်ဂိုများအား မည်သည့်နေရာများမှစောင့်ကြို၍တိုက်ခိုက်သင့်ကြောင်း တိုင်ပင်ဆွေးနွေးလေတော့၏။

◈◈◈



## အခန်း (၄၁)
## သွေးစည်းခြင်းအင်အား

မွန်ဂိုများသည် စစ်လှေကြီးပေါင်း လေးဆယ်ခန့်မျှဖြင့် အရှေ့ပင်လယ်ကျွန်းစုသို့ ရောက်လာခြင်းဖြစ်သည်။

အင်အားလေးထောင်ခန့်ပါဝင်သဖြင့် အရှေ့ပင်လယ်ကျွန်းသားများထက် အင်အားနှစ်ဆခန့်များပြားသည်။ သို့သော် ပင်လယ်ပြင်ကျွမ်းကျင်မှု၌မူ ကျွန်းသားများကို မမီချေ။

မွန်ဂိုတပ်ကို မွန်ဂိုဗိုလ်ချုပ်ကြီးတူယူကိုယ်တိုင် အုပ်ချုပ်လာ၏။ သူတို့သည် လုကွမ်နန်ဆီမှတံဆိပ်တော်ကို တိုက်ခိုက်လုယက်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ကြချေ။

သို့နှင့် သူတို့သည် ကျားချောက်ကမ်းပါးမှ တံငါရွာကလေးကို မီးလောင်တိုက်သွင်းခဲ့ကြသော ကိတ်အာကျက်နှင့် သူ့မရဏပျံလွှားနှစ်ဆယ့်တစ်ကောင်တို့ကို တွေ့ဆုံခဲ့ကြတော့သည်။

ကိတ်အာကျက်က ဗိုလ်ချုပ်ကြီးတူယူ၏ အစီအစဉ်များကို ကြားလိုက်ရသောအခါ သူ၏မရဏပျံလွှားနှစ်ဆယ့်တစ်ကောင်ထဲမှ ငါးကောင်ကို တူယူ၏မွန်ဂိုတပ်နှင့်အတူထည့်ပေးလိုက်၏။ သူ၏ကျန်အဖွဲ့သားများကမူ နေပြည်တော်သို့အရေးတကြီးပြန်သွားကြ၏။

တူယူသည် ကျွန်းစူးပြည်နယ် ပင်လယ်ပြင်သို့ရောက်သော အခါ ခေတ္တရပ်နားသည်။ အရှေ့ပင်လယ်ကျွန်းစုမှ တိန်ဒယောက်နှင့် အလျှင်ဦးစွာဆက်သွယ်သည်။ တိန်ဒယောက်၏တင်ပြချက်အရ ဖူထို ကျွန်း၌ အစည်းအဝေးလုပ်မည့်အချိန်ကိုစောင့်ပြီး ဖူထိုကျွန်းသို့ ချီ တက်လာခြင်းဖြစ်တော့သည်။

သို့ရာတွင် သူ၏အထောက်တော် နှင့် တိန်ဒယောက်တို့ အ သတ်ခံရခြင်းကိုမူ သူ လုံးဝမသိသေးချေ။

ပင်လယ်လေသည် တဖြူးဖြူးတိုက်နေသည်။ ထို့ကြောင့် လှိုင်းကြက်ခွပ်ကလေးများပေါ်နေသည်။ တစ်ခြမ်းပဲ့ငွေလမင်းသည် ထွန်းလင်းလှသည်မဟုတ်သော်လည်း ဖူထိုကျွန်း၏သစ်ပင်လွတ်ကင်း သည့်နေရာများစွာကို ထင်လင်းစေခဲ့သည်။

မွန်ဂိုများသည် စစ်လှေကြီးများကို ပင်လယ်ရေတိမ်၌ရပ်ပြီး လှေငယ်ကလေးများဖြင့်အုပ်စုခွဲကာ ကျွန်းဆီသို့ချဉ်းကပ်လာ၏။

ရှေ့ဆုံးလှေပေါ်တွင် မျက်ခုံးမွေးထူထူ မုတ်ဆိတ်မွေး ထူ လဗျစ်နှင့် အသက်ငါးဆယ်ခန့်ရှိသောလူကြီးတစ်ယောက်က ကျွန်း ဆီသို့ စူးစိုက်ကြည့်လျှက်ပါလာသည်။ သူ့မျက်လုံးများသည် ဝံပုလွေ တစ်ကောင်၏ မျက်လုံးများကဲ့သို့ရှိနေပြီး ညအခါတွင် မြင်ရသော ကြောင်မျက်လုံးများကဲ့သို့လည်း တောက်ပနေသည်။

ထိုသူသည် မရဏပုံလွှားနှစ်ဆယ့်တစ်ကောင်၏နံပါတ်နှစ် ခေါင်းဆောင် ရှောင်ကျဲပင်ဖြစ်တော့သည်။

သူသည် ကိုတ်အာကျက်ပြီးလျှင် သိုင်းပညာအတောင်းဆုံး ဖြစ်၍ အတော်အတန် ဩဇာကြီးမားသူလည်းဖြစ်သည်။





ကိုတ်အာကျက်သည် ရှောင်ကျဲ၏စွမ်းရည်ကို ယုံကြည် သ ဖြင့် ဗိုလ်ချုပ်ကြီးတူယူနှင့်အတူ ထည့်ပေးလိုက်ခြင်းဖြစ်သည်။

ရှောင်ကျဲသည် ဗိုလ်ချုပ်ကြီးတူယူနှင့် ညှိနှိုင်းဆောင်ရွက်ရ မည်ဖြစ်သည်။ သူ့တွင် မရဏပုံလွှား နောက်လိုက်လေးယောက် ပါ လာသဖြင့် အင်အားမဆိုးလှပေ ဆိုရပေမည်။

ထိုစဉ် ပင်လယ်ကမ်းစပ်၌ လှေတစ်စင်းမျောလာနေ၏။ လှေ ပေါ်တွင် လူတစ်ဦးလည်းပါလာကြောင်းတွေ့ရသည်။

သို့သော်- ဤကား အမြင်မှမြင်ရသော မြင်ကွင်းသာဖြစ်ပေ သည်။ လှေဝမ်းထဲတွင် ပုဝင်၍လိုက်ပါလာသူများပါရှိသေးသည်။

လှေလှော်လာသူကား ဟူစီဖြစ်ပြီး လှေဝမ်းထဲ၌ ပုဝင်လိုက်ပါ လာသူများမှာ ကျွန်းစန်းအော်နှင့် ရှစ်ဆယ့်တစ်ကျွန်းမှ ထိပ်သီးသိုင်း သမားများဖြစ်ကြ၏။

ထိုစဉ် ကျွန်းပေါ်မှ မီးရှူးမီးပန်းအချို့လင်းလက်သွားသည် ကိုတွေ့ရသဖြင့် ဟူစီက လေသံတိုးတိုးဖြင့်အချက်ပေးလိုက်၏။

"အချိန်ကျပြီ. . . ဆင်းကြတော့"

သူ့အသံက တုန်ယင်နေသည်။ သူသည် စစ်မြေပြင်မှာကဲ့သို့ အလုံးအရင်းနှင့် မတိုက်ဘူးခဲ့သဖြင့် စိတ်လှုပ်ရှားနေခြင်းသာ ဖြစ် သည်။ တကယ်တော့ ဟူစီသည် သတ္တိခဲမျိုးချစ်တစ်ယောက်သာဖြစ် ၏။

ကျွန်းစန်းအော် အပါအဝင် ကျွန်းသားများသည် လှေနံရံကို တွယ်လျက် ရေထဲသို့ အသာအယာဆင်းသွားကြ၏။ သူတို့ဆင်း သက်ပုံညင်သာလှသဖြင့် ရေသံပင် မကြားလိုက်ရပေ။

ရေထဲဆင်းသွားသူအားလုံးမှာ ရေကျွမ်းသူ ပင်လယ်ေ များချည်းဖြစ်၍ သူတို့သည် ငါးများကဲ့သို့ မွန်ဂိုစစ်လှေများဆီသို့ တိတ်ညင်သာစွာ ကူးခတ်သွားကြတော့သည်။

သူတို့ကံကောင်းသည်မှာ ရှောင်ကျဲတို့၏လှေများနှင့် ထ တိုက်မတိုးမိခြင်းသာဖြစ်သည်။ ပင်လယ်ရေစီးကြောင်းသည် သူ အား ညရန်သူများနှင့် ထိတိုက်မတွေ့စေရန် ရှောင်လွှဲခေါ်ဆောင်သ ခဲ့သည်။

ရှောင်ကျဲတို့အုပ်စုသည်လည်း ကမ်းသို့ဆိုက်ရောက်လာ ၏။ ကမ်းပေါ်သို့တက်သည့် မွန်ဂိုစစ်သားများ၏အရေအတွက် ဒုတိယဗိုလ်ချုပ်ကြီးထုံစင်းက စစ်ဆေးသည်။

ကုန်းပေါ်သို့ သူတို့ အေးအေးဆေးဆေး တက်ရောက် ခြင်းမှာလည်း ထူးခြားသည်။ စောစောက ဤကျွန်းပေါ်၌ အသံ များကြားနေခဲ့ရသော်လည်း ယခုအခါ ပိုးပရစ်များ၏စိုးစိုးစီစီ အ မြည်သံ မှလွဲ၍ မည်သည့်အသံမျှမကြားရတော့ပေ။

ဒုတိယဗိုလ်ချုပ်ကြီးထုံစင်းက အံ့အားသင့်သလို မေးလို ၏။

"စောစောတုန်းက မီးရောင်တွေကို အသေအချာတွေ့လို ရတယ်၊ ခင်ဗျားလဲ တွေ့တာပဲမဟုတ်လား၊ အခု ဘာမှမတွေ့ရတေ ဘူး၊ လူသံတွေလဲပျောက်သွားပြီ"

'ရှောင်ကျဲကား ဘာမှပြန်မဖြေ ထုံစင်းကိုသာ စိတ်ထဲမှကျိ ၍ဆဲနေ၏။

"အလကားဝက်ကြီး. . . ဘာမှအသုံးမကျဘူး"





ဤစစ်ဆင်ရေးကိစ္စတွင် ရှောင်ကျဲတို့၏အကြံဉာဏ်နှင့် စီမံ မှုလုံးဝမပါချေ။ သူတို့က အခြေနေကြည့်ပြီးဝင်တိုက်ပေးရုံသာ။

ရှောင်ကျဲတို့သည် ထုံစင်းတို့ကဲ့သို့သော မွန်ဂိုစစ်ဘက်ဆိုင်ရာ အကြီးအကဲများကို လုံးဝအထင်ကြီးလေးစားခြင်းမရှိပေ။

ထို့ပြင် ထုံစင်းတစ်ယောက် ဒုတိယဗိုလ်ချုပ်ကြီးရာထူးကို မတန်မရာရထားခြင်းဖြစ်သည်ဟု ထင်ထားခြင်းကလည်း သူ၏ဆက် ဆံရေးကို ပို၍ဆိုးဝါးစေခဲ့သည်။

အကြောင်းမှာ ထုံစင်းသည် တရားရေးဝန်ကြီးချင်အီကျူနှင့် ဆွေမျိုးတော်စပ်၏။

ချင်အီကျူအလျှော်ကောင်းသောကြောင့် မွန်ဂိုဘုရင်က ထုံစင်းကိုဒုတိယဗိုလ်ချုပ်ကြီးအဖြစ် တိုးမြှင့်ခဲ့ခြင်းကြောင့် မွန်ဂိုနန်း တွင်း၌ ကောလာဟလစကား ပျံ့နှံ့ခဲ့ပေသည်။

မွန်ဂိုလှေငယ်များသည် တစ်စင်းပြီး တစ်စင်းထိုးဆိုက်လာ ကြ၏။ ထုံစင်းသည် ရှောင်ကျဲ၏လျစ်လျူပြုခြင်းခံရသောအခါ ဒေါသ ထွက်သွားသည်။

သို့သော် သူ့ဒေါသကို အပြင်မထုတ်ချေ။

အဘယ့်ကြောင့်ဆိုသော် ရှောင်ကျဲကိုယ်တိုင် မွန်ဂိုနန်းတွင်း ၌ ခြဇာအထိုက်အလျောက်ရှိသည်ကို သိထားသောကြောင့်တည်း။

သို့ရာတွင် ထုံစင်းသည် သူ၏အခွင့်အာဏာကို ဤစစ်ဆင် ရေး၌ပြသရန် ဆုံးဖြတ်လိုက်သည်။ သူသည်ရှောင်ကျဲကို မတိုင်ပင် တော့ချေ။ ရှောင်ကျဲအပါအဝင် မရဏပုံလွှားငါးကောင်ကို လုံးဝဂရု မစိုက်တော့ဘဲ သူ့စစ်သားများကို ဆယ်စုခွဲ၍ ကုန်းမြေပေါ် တက်ခိုင်း

လိုက်သည်။ သူကိုယ်တိုင်လည်း တပ်သားတစ်ရာကို ဦးဆောင်ကာ ဖူထိုပုထိုးကြီး၏အနောက်ဘက်တောင်ကုန်းကလေးတစ်ခုသို့ ချီတက်ခဲ့လေ၏။

သူသည် ကွေ့ပတ်၍ချီတက်လာခဲ့ရာ မည်သည့်ရန်သူနှင့်မျှမတွေ့ရဘဲရှိသည်။ သစ်ပင်များအကြား၌လည်း ရန်သူမရှိပေ။

နောက်ဆုံး၌ ဖူထိုကျွန်းအနောက်ဘက်ရှိ သူမျှော်မှန်းခဲ့သည့် တောင်ကုန်းဆီသို့ ရောက်ရှိလာသည်။ ထိုတောင်ကုန်းပေါ်၌ ဇရပ်တစ်ဆောင်ရှိနေသည်။ ထိုဇရပ်၌ မီးရောင်အချို့တွေ့ရသဖြင့် သူ့တပ်သားများကိုအချက်ပြကာ ဇရပ်ကိုဝိုင်းသည်။ မီးရောင်လည်း လုံးဝပျောက်သွားသည်။

"အထဲမှာဘယ်သူတွေလဲ၊ ထွက်ခဲ့ကြစမ်း၊ ငါတို့ မီးရောင်မြင်ပြီးပြီ"

ဒုတိယဗိုလ်ချုပ်ကြီးထုံစင်းက အော်ငေါက်လိုက်သည်။

"ဟီး. . . ဟီး. . . ဟီး"

ညဉ့်အမှောင်ထဲထွက်ပေါ်လာသော ငိုကြွေးသံကြီးကြောင့် ထုံစင်းနှင့်အတူ မွန်ဂိုအားလုံး ကြက်သီးမွေးညင်းထသွားတော့သည်။

"ဘယ်သူလဲ၊ ထွက်ဆို ထွက်ခဲ့စမ်း"

"ဟီး. . . ဟီး. . . ဟီး ကျုပ်. . ကျုပ်ထွက်လို့မရဘူးဗျ"

"ဘာဖြစ်လို့ ထွက်လို့မရရမှာလဲ၊ ရအောင်ထွက်"

"ထွက်လို့မရဘူး၊ ခင်ဗျားတို့ အထဲဝင်လာကြပါ"

"သရဲတစ္ဆေလုပ်မနေနဲ့၊ ထွက်. . ."

"ဟား. . . ဟား. . . ဟား"





ပထမ၌ တစ်ဦးတစ်ယောက်၏ရယ်သံ၊ ဒုတိယ နှစ်ယောက်ပေါင်းရယ်သံ၊ နောက်၌ တစ်စုတစ်ပြုံလုံးသောလူများ၏ရယ်သံကြီးများ တဟားဟားမြင့်ထွက်ပေါ်လာတော့သည်။

ရယ်သံများက တဖြည်းဖြည်းကျယ်လောင်လာသည်။ နားမခံသာအောင်ဖြစ်လာသည်။ ထုံစင်းသည် ဟံပိုးခရာမှုတ်လျက် ဇရပ်အတွင်းသို့ခုန်ဝင်ကြရန် အမိန့်ပေးလိုက်သည်။

"ဝုန်း. . ."

အားလုံးပင် ဇရပ်ထဲသို့ရောက်ကုန်သည်။ သူတို့၏ဓားများသည် ခုတ်ထစ်ရန်အဆင်သင့်ဖြစ်လျက်ရှိလေပြီ။ သို့သော် စောစောက ရယ်သံများက လုံးဝတိတ်ဆိတ်သွား၏။

"ဟာ. . ."

ထူးဆန်းသည်မှာ ဇရပ်ထဲ၌ မီးရောင်များပြန်လင်းလာခြင်းဖြစ်သည်။ ဇရပ်ကြီး၏ကျယ်ဝန်းလှသော ခန်းမဆောင်အလယ်၌ ချောမောလှပသော မိန်းမပျိုတစ်ယောက် တခစ်ခစ်ဖြင့်ရယ်နေသည်။

ဒုတိယဗိုလ်ချုပ်ကြီးထုံစင်းသည် မိန်းမချောကလေးကိုမြင်ရသောအခါ ကြက်သေသေသွား၏။ စောစောကရယ်သံများကိုလည်း သတိမပြုမိတော့။

ထိုအချိန်မှာပင် မိန်းမချောကလေးက သူ့ဆီခုန်ပျံဝင်လာပြီး လျှပ်တရက် လှုပ်ရှားသွားသည်။ သူ့ရင်ထဲ၌ နာကျင်မှုဝေဒနာတစ်ခုကို ပြင်းပြင်းထန်ထန်ခံစားလိုက်ရပြီးနောက် ထုံစင်းခမျာ အသက်ကိုဖြောင့်ဖြောင့်တန်းတန်းမရှုနိုင်တော့ဘဲ ဘုန်းခနဲလဲကျသွားတော့၏။

မိန်းမချောလေးကား ဘွန်လူအောပေတည်း။

မွန်ဂိုစစ်သားများမှာ ဘွန်လူအောအား လူလားတစ္ဆေလ...
မခွဲခြားတတ်တော့ချေ။ အချို့ကကြောက်လန့်ပြီး နောက်ဆုတ်...
ကြသည်။ အချို့သတ္တိရှိသူများကမူ သူတို့၏ဒုတိယဗိုလ်ချုပ်ကြီး...
ကူညီရန် ရှေ့သို့တိုးလာကြ၏။

"ဖြန်း. . . ဖြန်း. . . ဖြန်း"

ဘွန်လူအောပြုံးလိုက်သည်။ သူမ၏အင်္ကျီလက်စကို တ...
ဖြန်းခါယမ်းလိုက်သောအခါ မီးများငြိမ်းသေပြီး မှောင်ကျသွားရသည်...

ထို့နောက် ထိုးသံခုတ်သံများကြားရပြီး မွန်ဂိုစစ်သား...
အသံနက်ကြီးများဖြင့် အော်သံသည် ညဥ့်ယံသို့ ဖောက်ထွက်...
တော့သည်။

ရှောင်ကျဲသည် ထိုအသံကြီးများကိုကြားလိုက်ရသဖြင့် စိ...
ထဲ၌ ထင့်ခနဲဖြစ်သွားသည်။

သူသည် ထုံးစင်းကို ကြည့်မရသော်လည်း တရားနေဝန်...
ချင်အိကျူ၏မျက်နှာကိုတော့ ထောက်ထားရသေးသည်။

"တောက်. . . ချင်အိကျူရဲ့မျက်နှာကြောင့်ပေါ့၊ နို့မို့...
ခွေးသေဝက်သေ ပစ်ထားခဲ့တယ်"

ရှောင်ကျဲသည် ထိုသို့စိတ်ကူးပြီးနောက် သူ့လူလေးယော...
ကို ရှေ့သို့တက်ရန်အချက်ပြလိုက်သည်။ ဖူထိုပုထိုးကြီးနောက်...
သို့သွားရန်အချက်ပြခြင်းဖြစ်သည်။ သူတို့သည် သစ်ပင်များအ...
မှ ပြေးလွှားလာခဲ့ရာ တောင်ကုန်းကလေးဆီသို့ မရောက်မီ ...
ဘက်အတွင်းမှ စူးစူးဝါးဝါးအော်သံတစ်သံကိုကြားလိုက်ရသည်...

"ဒါ တပ်ခွဲမှူး ကျန်းတက်ကြည်ရဲ့အသံပဲ"





ရှောင်ကျဲသည် မွန်ဂိုတပ်ခွဲမှူး ကျန်းတက်ကြည်၏အသံကို ကောင်းစွာမှတ်မိ၏။ ရှောင်ကျဲ၏ခြေလှမ်းများတုံ့ဆိုင်းသွားသည်။

"ဝမ်ကန့်ကြည်. . . မင်းသွားပြီး အကူအညီပေးလိုက်စမ်း၊ ငါတို့ကတော့ ထုံးစင်းဆီအရောက်သွားမယ်"

ဝမ်ကန့်ကြည်သည် ညာဘက်သစ်ပင်များအကြားကို ပြေးဝင်သွား၏။ သူသည် မရဏာပျံလွှားနှစ်ဆယ့်တစ်ကောင်တွင် နံပါတ်ငါးအဆင့်ရှိသူဖြစ်၍ သိုင်းပညာအတော်ထက်မြက်သည်။

ရှောင်ကျဲနောက်သို့ပါသွားသည့်လူသုံးဦးမှာ ဟူလူတူနှင့် ညီရင်းအစ်ကိုနှစ်ယောက်ဖြစ်သော လိုလူထင်းနှင့်လိုလူကျက်တို့ဖြစ်ကြသည်။

ထိုစဉ် သူတို့၏လက်ဝဲဘက်ဆီမှ မွန်ဂိုစစ်သားတစ်စု ပြေးထွက်လာသည်ကိုတွေ့လိုက်ရသောအခါ ရှောင်ကျဲမှာ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားတော့သည်။

သူပုန်များကိုဖြိုဖျက်ရန်လာသော တပ်များက သူပုန်များ၏အဖြိုကိုခံနေရသဖြင့် ရှောင်ကျဲ၏စိတ်ထဲ၌ အတော်ကလေး ကသိကအောက်ဖြစ်သွားသည်။

"ကဲ. . . အဲဒီဘက်ကို ဟူးလူတူသွားကူလိုက်စမ်း"

မရဏာပျံလွှားအဆင့်ခုနစ်ဖြစ်သူ ဟူလူတူသည် မွန်ဂိုများပြေးထွက်လာရာဘက်သို့ ပြေးထွက်သွားတော့သည်။

မရဏာပျံလွှားနံပါတ်နှစ်ရှောင်ကျဲ၊ နံပါတ်ကိုး လိုလူထင်းနှင့်နံပါတ်တစ်ဆယ် လိုလူကျက်တို့သည်သာ တောင်ကုန်းဆီသို့ ဆက်လက် တက်ကြရတော့သည်။

ရှောင်ကျဲသည် စိတ်ထဲမှတွေးလိုက်၏။

"ထုံစင်းဟာ ဘာမှသောက်သုံးမကျဘူး၊ သူပုန်အင်အားက ဘာမှရှိတာမဟုတ်ဘူး၊ ထုံစင်းသောက်သုံးမကျတာနဲ့ ဘာမှမရှိတဲ့ သူပုန်တပ်က အင်အားကြီးတဲ့မွန်ဂိုတပ်ကြီးကို ဒုက္ခကောင်းကောင်း ပေးနေပြီ"

ရှောင်ကျဲသည် ထုံစင်းကို ရှေ့ဦးစွာကယ်တင်ပြီးမှ စစ်ဆင် ရေးပြန်စသင့်သည်ကို သဘောပေါက်လိုက်သဖြင့် သူ့လူနှစ်ယောက် ကိုအချက်ပြကာ ရှေ့သို့တစ်ဟုန်ထိုးပြေးလေတော့သည်။

မကြာမီ ပုထိုးကြီး၏ အနောက်ဘက်တောင်ကုန်းကလေး ပေါ်မှ ဇရပ်ရှိရာသို့ရောက်ရှိလာကြတော့သည်။

ဇရပ်ပေါ်မှလူသံလည်း မကြားရ မီးရောင်လည်း မမြင်ရ သဖြင့် ရှောင်ကျဲ တွံ့ခနဲရပ်သွားသည်။ မျက်စိကိုဖွင့် နားကိုစွင့်၍ အသာစောင့်နေလိုက်သည်။

"ခစ်. . . ခစ်. . . ခစ် ဆရာ့ဆရာကြီးတွေက ခုမှရောက် ကြတာကိုး၊ ဘာဖြစ်လို့ နောက်ကျနေကြရတာလဲ"

ဇရပ်ခေါင်မိုးပေါ်မှထွက်ပေါ်လာသော အသံကြောင့် ရှောင် ကျဲမှာ ထိတ်လန့်သွားသည်။ သာမန်စစ်သားတစ်ယောက်သည် ဇရပ် ခေါင်မိုးပေါ်သို့ တက်နေမည်မဟုတ်ချေ။

'ဟင်း. . . ဒီနေရာကဘာလဲ၊ မှောင်နဲ့မည်းမည်း လူသူမရှိ တဲ့ဇရပ်ခေါင်မိုးပေါ်မှာ မိန်းကလေးတစ်ယောက် ရောက်နေတာ အ တော်ထူးဆန်းပါကလား၊ ထုံစင်းတို့ ထောင်ချောက်မိတာ ဒီနေရာ များဖြစ်နေမလား"





ရှောင်ကျဲသည် သိုင်းလောကအတွေ့အကြုံရှိသူဖြစ်၍ သတိ ရှိသည်။ သူသည် ကိုယ်ဖော့ပညာဖြင့် ဇရပ်ခေါင်မိုးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

"ဟင်. . ."

ခေါင်မိုးပေါ်တွင် လူငယ်တစ်ယောက်ကိုတွေ့ရသည်။ ထို လူငယ်က သူ့အားဂါရဝပြုနေသည်။

"ဆရာကြီးရှောင်ကျဲကို ကျွန်တော်လုစုယာက ဂါရဝပြုပါ တယ်"

ရှောင်ကျဲပါးစပ်မှာ အဟောင်းသားဖြစ်သွား၏။ မျက်လုံး ကြီးများပြူးသွားသည်။ ချင်ရှုံ့ရသေ့နှင့်ကျိုအန်ကန်ရှုံ့တို့ လုစုယာကို အကြီးအကျယ်ရှုံးနိမ့်ခဲ့ကြောင်း သူကြားသိထားရသည်။

လုစုယာ၏အမည်သည် တိုတောင်းလှသည့် (အလွန့်အလွန် တိုတောင်းလှသည့်)အချိန်အတွင်း သိုင်းလောက၌ကျော်ကြားခဲ့၏။ သူ့ညီတော်များ (မရဏာပုံလွှား)များသည်လည်း လုစုယာဒုက္ခပေးခဲ့ သည်များကို အတော်ခံလိုက်ရ၏။

အချိန်အနည်းငယ်အတွင်း သိုင်းလောက၌ကျော်ကြားဖို့ ဆို သည်မှာ လွယ်သောအလုပ်မဟုတ် ပေ။ ကိုယ့်ကိုယ်ကို ဆိုင်းဘုတ် တင်၍လည်းမရချေ။ ပတ်ဝန်းကျင်လောကက အသိအမှတ်ပြုမှသာ တကယ်ကျော်ကြားနိုင်သည်။

ရှောင်ကျဲသည် တုန်လှုပ်သွားသောစိတ်ကို ထိန်းသိမ်းလိုက် ၏။ သူသည် သိုင်းလောကထုံးစံအတိုင်း လုစုယာကိုပြန်လည်ဂါရဝ ပြုလိုက်သည်။

ဤထုံးစံရှိသည်ကို မရဏာပုံလွှားအားလုံး သိရှိကြသော်လည်း မရဏာပုံလွှားအချို့သည် မောက်ကြွားသောစိတ်ဖြင့် ပြန်လည်ဂါရဝပြုခြင်းကို မလုပ်ချေ။

"ကောင်းပြီလုစုယာ၊ မင်းကိုတွေ့ရတာ ငါဝမ်းသာတယ်၊ ငါတို့တပ်တွေပြန်ပြေးလာတာ ဘာမှအံ့ဩစရာမဟုတ်တော့ဘူးပေါ့၊ ကဲ. . . မင်းရဲ့တိုက်ကွက်ကိုသာ ထုတ်တော့"

လုစုယာ ပြုံးလိုက်သည်။

"ဒီလောက်လဲ ဆန္ဒစောမနေပါနဲ့လေ၊ တိုက်ဖို့အချိန်တွေ အများကြီးရှိပါသေးတယ်၊ ခဏစောင့်ပြီးမှတိုက်လဲ နောက်ကျတယ်လို့မဆိုနိုင်သေးပါဘူး၊ ခင်ဗျားကို မိန်းကလေး သူရဲကောင်းတစ်ဦးနဲ့ မိတ်ဆက်ပေးပါရစေဦး"

ဘွန်လူအောသည် မှောင်ရိပ်ခိုနေရာမှရှေ့သို့ထွက်လာ၏။ လုစုယာသည် ဘွန်လူအော၏နာမည်နှင့် ဆရာတို့၏နာမည်တို့ကို ထုတ်ဖော်ပြောပြပြီး မိတ်ဆက်ပေးသည်။

"ဆရာကြီးရှောင်ကျဲရဲ့နာမည်နဲ့ ဘယ်ဇလောက်ထင်ပေါ်ကျော်ကြားတယ်ဆိုတာကိုတော့ ကျွန်တော် ထပ်ခါထပ်ခါ ပြောမြလို့ သူ သိနေပါပြီ"

"လောကဝတ်စကားတွေ ဒီလောက်နဲ့ပဲတော်လောက်ပြီ မင်းသာ တိုက်ကွက်ထုတ်ပါ"

လုစုယာက ပြုံးလိုက်သည်။

"ကျွန်တော်တို့နှစ်ယောက် မထင်မှတ်ဘဲဆုံတွေ့ကြပြီး ကျားနှစ်ကောင်တိုက်နိုက်ရင် တစ်ကောင်သေစမြဲဆိုတဲ့စကားပုံလဲ ရှိပါ





တယ်၊ ဒီတော့ ကျွန်တော်တို့ မတိုက်နိုက်ဘဲ လက်ရှောင်လိုက်ရင် မကောင်းဘူးလား"

"သဘောက်မသားလေး. . ."

ရှောင်ကျဲစိတ်ထဲမှ ကျိတ်၍ဆဲလိုက်သည်။ သူက အဆိုးမြင်တားသဖြင့် ဤသို့ဆဲခြင်းဖြစ်သည်။

လုစုယာကမူ သူ့အတွက် စေတနာဖြင့်ပြောခြင်းသာ။

ရှောင်ကျဲသည် သိကွာရင့် ဝါစဉ်ကြီးသိုင်းဆရာကြီးဖြစ်၏။ သိုင်းလောကနှင့် မွန်ဂိုနန်းတွင်း၌ပါ ကျော်ကြားသူဖြစ်သည်။ မရဏာပုံလွှားနှစ်ဆယ့်တစ်ကောင်တွင် နံပါတ်နှစ် အဆင့်ရှိသူလည်း ဖြစ်သည်။

လုစုယာကမူ သူ့ကိုယ်သူ ကျော်ကြားနေမှန်းလည်းမသိပေ။

အကယ်၍ သူနှင့်ရှောင်ကျဲတို့တိုက်နိုက်ပြီး သူရှုံးသွားပါက အကြောင်းမဟုတ်သော်လည်း ရှောင်ကျဲရှုံးသွားပါက အကြောင်းဟုတ်သည်။ အရှက်တကွဲ အကျိုးနည်းဖြစ်သွားနိုင်သည်။

ရှောင်ကျဲ၏ညီတော်တစ်ယောက်က တင်းမာခက်ထန်စွာဝင်ပြောသည်။

"ကောင်လေး မင်းဟာ အတော်လည်တယ်၊ တို့ကို စကားနဲ့အချိန်ဆွဲပြီး စစ်ကူစောင့်နေတာမဟုတ်လား၊ ကျားချင်းတိုက်ရင် တစ်ကောင်သေရိုးထုံးစံရှိသလို ကျားချင်းတွေ့လို့ ရှောင်ရိုးထုံးစံလဲ မရှိဘူး၊ ဒီတော့ တိုက်ဖို့နည်းလမ်းကလွဲလို့ဘာရှိဦးမှာလဲ"

လုစုယာက ထိုလူကို စူးစမ်းသောအကြည့်ဖြင့် ကြည့်လိုက်သည်။

"ခင်ဗျားဘယ်သူလဲ"

"ငါက မရဏပုံလွှားနံပါတ်ကိုး၊ သူက နံပါတ်တစ်ဆယ်"

"ဟား. . . ဟား. . . ဟား ဖိန်ရွဲတောင်ပေါ်က ခုနစ်တောင်ကျားကြီးကိုသတ်ခဲ့တဲ့ ညီအစ်ကိုနှစ်ယောက်ကိုး၊ ကြားဖူးပါတယ်၊ ကြားဖူးပါတယ်၊ ခင်ဗျားတို့ရဲ့လက်သီးထိုးနဲ့ ခြေသိုင်းတွေက တကယ်မဆိုးဘူး"

လိုလူအင်း စိတ်မရှည်တော့ပေ။ လုံ့နှင့်ထိုးရန် ဟန်ပြင်၏၊ လုစုယာက လက်ကာတားလိုက်သည်။

"နေဦးလေ၊ ဘာဖြစ်လို့ ဒီလောက်စိတ်တိုရတာလဲ"

လိုလူအင်းက ရပ်တန့်သွားသည်။

"ဘာလဲ ဘာပြောမလို့လဲ"

"စောစောကခင်ဗျားပြောတယ်၊ ကျုပ်တို့က အချိန်ဆွဲကြီးစစ်ကူစောင့်နေတာတဲ့၊ ညီမလေးလုအော. . . ငါတို့ စစ်ကူစောင့်နေတာလား"

"မထင်ပါဘူး"

"ဒါဖြင့် ဘာစောင့်နေကြတာလဲ"

"ကျားမောင်းနည်းဗျူဟာကိုသုံးမလို့ စောင့်နေတာပါ"

လုစုယာက ရှောင်ကျဲတို့နှင့်ပြန်လည်မျက်နှာချင်းဆိုင်လိုက်၏။

"တွေ့လား--- ကျုပ်တို့က အဲဒီနည်းဗျူဟာကိုသုံးဖို့ အချိန်စောင့်နေတာပါ၊ အခုဆိုရင် ခင်ဗျားတို့သုံးယောက်ဟာ ကျုပ်ရဲ့ ပရိယာယ်ထောင်ချောက်ထဲ ရောက်နေပါပြီ"





"ဘာပြောတယ်ကွ၊ မရဏပုံလွှားတွေဟာ ထောင်ချောက်ထဲ လွယ်လွယ်ဝင်မယ့်လူတွေလို့ ထင်နေသလား"

"ဒါကတော့ အချိန်ကိုစောင့်ကြည့်ပေါ့ဗျာ၊ မနက်မိုးမလင်းခင် ခင်ဗျားတို့သုံးယောက် ဒီကျွန်းပေါ်မှာကျန်ရစ်ကြတော့မယ်၊ သိပ်မကြာပါဘူး၊ နောက် နှစ်နာရီလောက်ပါပဲ၊ မွန်ဂိုတွေနဲ့ သစ္စာဖောက်ဟန်တရုတ်တွေဟာ လုံးဝအချေမှုန်းခံရတော့မှာပါ၊ သူတို့လက်နက်ချမယ်၊ အညံ့ခံမယ်ဆိုရင်တော့ တစ်မျိုးပေါ့လေ"

ဘွန်လူအောက ဝင်၍ဖြည့်စွက်သည်။

"အစ်ကိုလုစုယာ၊ နောက်ထပ် အကြောင်းတစ်ခုလောက် ထပ်ပြောပြလိုက်ရင် ကောင်းမယ်ထင်တယ်"

လုစုယာက ခေါင်းညိတ်၏။

"ဆရာကြီးရှောင်ကျဲက ဘွင်းဘွင်းသမားကွယ့်၊ ငါတို့ပဟေဠိ ဝှက်တမ်းကစားသလို စကားပြောတာကို သူသဘောကျမှာ မဟုတ်ဘူး၊ ညီမလေးပဲပြောပြလိုက်ပါ"

ဘွန်လူအောက တခစ်ခစ်ရယ်လိုက်ပြီး. . .

"ကောင်းပါပြီ- ညီမလေးပဲပြောပြလိုက်ပါ့မယ်"

ဘွန်လူအောက် ချောင်းတစ်ချက်ဟန့်လိုက်ပြီးနောက်. . .

"ဟိုး. . . ရှေးရှေးတုန်းကတဲ့ အင်မတန်အင်အားကြီးတဲ့ ဘုရင်ကြီးတစ်ပါးဟာ ထောင်သောင်းမက များပြားလှတဲ့တပ်ကြီးကို ဦးစီးပြီး ကျွန်းငယ်ကလေးတစ်ကျွန်းကို ဆုံးမတွပ်ညှပ်ဖို့ ချီတက်လာသတဲ့၊ ဒါပေမယ့် အဲဒီစစ်ဘုရင်ကြီးရဲ့တပ်ဟာ ရေကြောင်းတော့ မကျွမ်းကျင်ဘူးတဲ့၊ ဒါနဲ့ပဲ စစ်ဘုရင်ကြီးရဲ့စစ်တပ်ဟာ အုံ့ဩစရာ

ကောင်းလောက်အောင် အရှုံးနဲ့ရင်ဆိုင်သွားရသတဲ့၊ တုန်းပေါ်မှာ အင်အားကြီးတဲ့ ဆင်ပြောင်ဟာ ရေထဲမှာတော့ မိကျောင်းရဲ့အစာပဲ"

"အဲဒီလံကြျပ်ပုံပြင်ဟာ တို့နဲ့ဘာဆိုင်သလဲ"

ရှောင်ကျဲက စိတ်တိုစွာပြောလိုက်သည်။

ဘွန်လူအောက ရယ်၏။

"ဒါက လံကြျပ်ပုံပြင်မဟုတ်ပါဘူး၊ နိမိတ်ပြ ပုံပြင်ပါ၊ အခု ဆိုရင် မွန်ဂိုတွေရဲ့စစ်လှေတွေဟာ ခြောက်ဆယ်ရာနိုင်နှုန်းလောက် ဖျက်စီးနေပါပြီ၊ ကျုန်းစန်းအော်ဟာ အသက်ငယ်သလောက် အင်မတန် ဒေါသကြီးတယ်၊ သူဟာ ဘယ်မွန်ဂိုကိုမှ ချမ်းသာပေးမှာ မဟုတ်ဘူး၊ နောက်ပြီး မွန်ဂိုဒုတိယဗိုလ်ချုပ်ကြီးတူယူအနေနဲ့လဲ ရေထဲမှာတော့ လက်မထောင်နိုင်မှာမဟုတ်ပါဘူး၊ ကဲ... ဆရာကြီး ရှောင်ကျဲ နောက်လှည့်ကြည့်လိုက်ပါဦးလေ"

ဤလှည့်ကွက်ကား အနိုးဆုံးသောလှည့်ကွက်ဖြစ်၏။ အနိုးဆုံးသောလှည့်ကွက်ဖြစ်သော်လည်း အများဆုံးသော ရန်သူများသည် ဖြိုင်ဘက်ရန်သူ၏ ထိုလှည့်ကွက်များထဲသို့ အကြိမ်ပေါင်းမြောက်များစွာ ခေါင်းစင်းဝင်သွားခဲ့ဖူးကြသည်။

ရှောင်ကျဲကား အတွေ့အကြုံများသူဖြစ်၍ ထိုလှည့်ကွက်ထဲသို့ ခေါင်းစင်းအဝင်မခံနိုင်ပါ။ သို့သော်ညီတော်နှစ်ယောက်ကမူ မကြည့်ဘဲမနေနိုင်သဖြင့် လှည့်ကြည့်မိကြသည်။

သူတို့ရပ်နေသည့်ဇရပ်သည် ဖူထိုကျွန်း၏တောင်ကုန်းမြင့်ပေါ်တွင် ဆောက်လုပ်ထားခြင်းဖြစ်၍ ထိုခေါင်မိုးပေါ်မှ ပင်လယ်ကမ်းစပ်သို့လှမ်းမြင်နိုင်သည်။





ပင်လယ်ကမ်းစပ်တွင် မီးများတထိန်ထိန်ညီးလျက် တောက်ပနေသည်။ မွန်ဂိုစစ်လှေများ မီးလောင်နေခြင်းသာဖြစ်ပါ၏။

လုစုယာနှင့်ဘွန်လူအောတို့သည် ရှောင်ကျဲနှင့်မျက်နှာချင်းဆိုင်စကားပြောရာတွင် ထိုမီးတောက်များကိုမြင်နေရသဖြင့် စိတ်လက်ချမ်းမြေ့စွာ အထက်စီးမှပြောနိုင်ခြင်းဖြစ်ပေသည်။

"ဟိုက်. . . ကျွန်တော်တို့စစ်လှေတွေ မီးလောင်နေတာပဲ"

မရဏာပုံလွှားနံပါတ်ကိုးနှင့်နံပါတ်တစ်ဆယ်တို့သည် အာမေဋိတ်သံများကို မထိန်းနိုင်ဘဲ လွှတ်ခနဲအော်လိုက်မိကြသည်။

ရှောင်ကျဲမှာထိတ်ခနဲဖြစ်သွားသည်။သူလည်းလှည့်မကြည့်ဘဲ မနေနိုင်တော့ပေ။ သူလှည့်ကြည့်သည်၊ လိုလူအင်းတို့ မြင်သလိုမြင်သည်။

"ဒုက္ခပဲ၊ ဒါဆိုရင် တို့ရှုံးပြီပေါ့၊ မြန်မြန်သွားမှပဲ"

ရှောင်ကျဲသည် လုစုယာတို့ရှိသည်ကိုပင်မေ့လျော့သွား၏။ ချက်ချင်းပင် နောက်ပြန်လှည့်သည်။

"မြန်မြန်သွားမယ်ဟုတ်လား၊ ဆရာကြီးရှောင်ကျဲက ဘယ်ကိုသွားမှာလဲခင်ဗျာ"

"ဟုတ်တယ်၊ တို့သွားမယ်၊ ဗိုလ်ချုပ်ကြီးတူယူဆီသွားရမယ်၊ ဟိုမှာ ဘာတွေဖြစ်ကုန်ပြီလဲမသိဘူး၊ တောက်. . . စကတည်းက ယဉ်သကို ဆိုတာလိုဖြစ်နေမှတော့ ဘယ်ကောင်းနိုင်ပါတော့မလဲ၊ လုစုယာ ငါတို့နောက်တော့ တွေ့ကြသေးတာပေါ့"

"ဘာလဲ- ဆရာကြီးရှောင်ကျဲ ထွက်ပြေးမလို့လား"

လုစုယာက စကားဆုံးသည်နှင့် လက်ဝါးတစ်ချက်ရိုက်ထုတ်

လိုက်သည်။

"ဝုန်း. ."

ပြင်းထန်သောလေဖိအားပေါ်လာသဖြင့် ရှောင်ကျဲမှာလှည့်မပြေးရဲတော့ဘဲ လုစုယာ၏လက်ဝါးကို ပြန်လှန်ခုခံရလေတော့သည်။ နှစ်ယောက်စလုံးတုန်ခါသွားသည်။ မတိုက်လျှင်မဖြစ်တော့ဆိုသည်ကို ရှောင်ကျဲသဘောပေါက်သွားသည်။

လုစုယာ၏ လက်ဝါးရိုက်အား အလွန်ကောင်းကြောင်း သိလိုက်ခြင်းက သူသည် ဤတိုက်ပွဲ၌ အကြိတ်အနယ်တိုက်ရတော့မည်ဖြစ်ကြောင်း နားလည်သွားခြင်းဖြစ်သည်။

"ဟင်း. . . ဘာ မရှအာပျံလွှားတွေတဲ၊ ကိုယ့်အစ်ကိုကြီးမှာ ဒုက္ခရောက်နေပြီ၊ သူတို့က ငေးပြီး ကြည့်နေကြတယ်၊ ဘာငိုင်နေကြတာလဲ၊ ဝင်ကူကြပါတော့လား"

ဘွန်လူအောက လှောင်ပြောင်သရော်လိုက်၏။

ထိုညီအစ်ကိုနှစ်ယောက်သည် ဟုန်းခနဲဒေါသထွက်သွားကြ၏။ သူတို့သည် ရှောင်ကျဲဘက်ကို ဝင်မကူပါ။ ဘွန်လူအောဆီသို့ ခုန်ဝင်လာပြီး လှံတံလေးလက်ဖြင့်တိုက်ခိုက်ကြ၏။

လှံတံနှစ်ချောင်းကိုင်တိုက်သူသည် သိုင်းလောက၌ အလွန်ရှားသည်။ ဓားနှစ်လက်သမားသာရှိသည်။ ယခု လိုညီအစ်ကိုနှစ်ယောက်မှာမူ နှစ်ယောက်စလုံးလှံနှစ်လက်သမားဖြစ်နေကြသည်။ သူတို့၏ လှံတံလေးလက်သည် ဘွန်လူအောအား တဖိုးဖိုးတရှမ်းရှမ်းဖြင့် ထိုးရိုက်တိုက်ခိုက်နေလေတော့သည်။

ဘွန်လူအောကား အဆင်သင့်ပင်။





တစ်ဖက်မှ နှင်းငွေ့အလင်းခွဲဓားကိုကိုင်ဆွဲပြီး တစ်ဖက်မှရွှေဓားကြီးကိုကိုင်၍ ဓားနှစ်လက်ဖြင့်ခုခံ၏။

နှင်းငွေ့အလင်းခွဲဓားက အေးစိမ့်သောလေထုကို ဖြစ်ပေါ်စေသည်။ ရွှေဓားကြီးက လရောင်၌စိမ်းရွှေရွှေအလင်းရောင်ကိုဖြစ်ပေါ်စေပြီး ရန်သူတို့အား **ချောက်ချားစေ၏။**

ဘွန်လူအောမှာ **ဓားသိုင်းပညာအလွန်ထက်မြက်သည်။**

လုစုယာကို မယှဉ်နိုင်သည်မှအပ သူမသည် ဓားသိုင်းပညာ၌လည်း ပထမတန်းစားတတ်မြောက်ထားသဖြင့် သိုင်းလောကရှိ အဆင့်တစ် သိုင်းဝိဇ္ဇာကြီးများနှင့် လုစုယာကဲ့သို့လူငယ်များမှလွဲလျှင် ဘွန်လူအောကို အဆင့်နှစ်အဖြစ် သတ်မှတ်နိုင်ပေလိမ့်မည်။

ထို့ကြောင့် သူမသည် လိုညီအစ်ကိုတို့ကို ရယ်မောလှောင်ပြောင်လျက် စိတ်အေးလက်အေး တိုက်ခိုက်နိုင်ခြင်းလည်းဖြစ်ပါသည်။

ဗိုလ်ချုပ်ကြီးတူယူ၏စက်လှေကြီးများမှာ မီးတဟုန်းဟုန်းဖြင့် တောက်လောင်လျက်ရှိနေလေပြီ။

သူတို့သည် အရှေ့ပင်လယ်ကျွန်းသားများကို အထင်သေးခဲ့၏။ သူတို့၏အထောက်တော်ထံမှ အဆက်အသွယ်မရလျှင် ဆက်မတိုက်သင့်သော်လည်း အသေးအမွှား အရှေ့ကျွန်းသားများဟု ယူဆပြီး ဆက်တိုက်ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

မွန်ဂိုတို့အဓိကအထိနာရခြင်းမှာ အရှေ့ပင်လယ်ကျွန်းသားများထဲမှ အသားထဲကလောက် တိန်ဒယောက်၏အကြံအစည်ကို လုစုယာတို့က ဖေါ်ထုတ်ပေးနိုင်ခြင်းပင်။

စောစောစီးစီး သွေးစည်းညီညွတ်မှုရလိုက်သဖြင့် မွန် များမှာ ထင်းချောင်းတစ်ချောင်းစီကို စိတ်ကြိုက် ချိုးခွင့်မရတော့ ထင်းအစည်းလိုက်ကို ချိုးခဲ့ကြရသည်။ သွေးစည်းမှုလည်းရှိ နယ် ကျွမ်းကျင်မှုလည်းရှိသော ကျွန်းသားများကို မွန်ဂိုများ မယှဉ်နိုင် ကြပေ။ အင်အားသည် အဓိကမဟုတ်ကြောင်း ကျွန်းသားများ သက်သေပြခဲ့ကြသည်။

ရှောင်ကျဲသည် လုစုယာနှင့်လက်ဝါးချင်း ရိုက်မိလိုက်သ မှစ၍ လုစုယာ၏စွမ်းရည်ကိုသိရှိသွားခဲ့၏။ ထို့ကြောင့် လုစုယာ ပေါ့ပေါ့ဆဆ သဘောမထားဝံ့ဘဲ ဂရုတစိုက်တိုက်ခိုက်သည်။ အ အကြုံရင့်ကျက်သူ ဝါစဉ်ကြီးသူလည်းဖြစ်၍ လုစုယာကိုထိန်း တိုက်ခိုက်နိုင်သည်။

လိုလူကျက်တို့ညီနောင်မှာမူ ရှောင်ကျဲကဲ့သို့ စိတ်အေးအေ မထားနိုင်ကြပေ။ ပူပင်သောကရောက်လျက်ရှိကြသည်။

ထို့ကြောင့် ဘွန်လူအောကို ထိန်း၍မတိုက်ခိုက်ဘဲ ပွဲသိ မြန်စေရန် တစ်ရှိန်ထိုး ဝင်ရောက်တိုက်ခိုက်ကြသည်။ သူတို့ဆန္ဒ လေလေ ဘွန်လူအော သဘောကျလေလေပင်။ ဆန္ဒစောသူသ အမှားတွေ့တတ်သည်မဟုတ်ပါလော။

လုစုယာမှာ အနိုးခံစိတ်ရှိသူဖြစ်၍ ရှောင်ကျဲကို စိတ် ကျိတ်၍ချီးကျူးမိ၏။ သူတွေ့ဖူးသမျှသော မရဏပုံလွှားများထဲတွ ရှောင်ကျဲသည် ဣန္ဒြေအရှိဆုံးသော သိုင်းသမားဖြစ်ကြောင်း လုစု အသိအမှတ်ပြုလေသည်။

တိုက်ကွက် အခေတ်များလာသောအခါ လုစုယာသ





နောက်သို့ ခုန်ထွက်လိုက်သည်။ ရှောင်ကျဲက လိုက်မတိုက်ပေ။ ဤ သို့ဖြင့် တစ်ဦးနှင့်တစ်ဦး ငါးပေခန့်ကွာဝေးသွား၏။

လုစုယာက ခြေနှစ်ချောင်းကိုကားရပ်လျက် ရှောင်ကျဲကို ရိုက်ကြည့်နေသဖြင့် ရှောင်ကျဲလည်းပြန်ကြည့်မိသည်။ ထိုအခါမှစ၍ လွှဲဖယ်၍မရသော စိတ်တန်ခိုးအတွင်းအားပြိုင်ပွဲကြီး စတင်လေ တော့သည်။

သူတို့သည် တစ်ဦးနှင့်တစ်ဦး စူးစူးစိုက်စိုက်ကြည့်နေကြ၏။ မျက်တောင်မခတ်ကြ။ စကားတစ်ခွန်းမျှမပြောကြ။ ဤပြိုင်ပွဲမျိုးမှာ သိုင်းလောကတွင် ကြုံတောင့်ကြုံခဲတိုက်ပွဲမျိုးသာဖြစ်တော့သည်။

ဘွန်လူအောကား အလွန်လျင်သည့်မိန်းကလေးဖြစ်၏။ သည်မှာဘက်၌တိုက်ခိုက်ရင်း လုစုယာတို့၏အခြေအနေကို ချက်ချင်း ဝေဖန်သုံးသပ်နိုင်သည်။ သူမကြောင့် လုစုယာစိတ်ပျံ့လွင့်မည်ကို အ ဖြစ်မခံနိုင်သဖြင့် လိုလူကျက်တို့အား ပါးစပ်ဖြင့်တိုက်ခိုက်နေခြင်းကို လုံးဝရပ်ဆိုင်းပြီး ဓားစွမ်းရည်ချည်းပြနေလေတော့သည်။

လိုလူကျက်တို့ညီအစ်ကိုသည် ဘွန်လူအော၏အစွမ်းထက် လှသောနှင်းငွေ့အလင်းခွဲဓားကို ကြောက်သည်။

ထိုဓားနှင့် သူတို့လုံ့တံများ မထိခိုက်အောင် သတိထားနေရ သည်။ ထိုအချက်ကပင် သူတို့အား အောက်စည်းသို့ရောက်ရှိစေခြင်း ဖြစ်သည်။

ညီအစ်ကိုနှစ်ယောက်စလုံးမှာ ဓားနှစ်လက်၏လွှမ်းခြုံခြင်း ကို ခံနေရသည်။ ဘွန်လူအောကိုကြောက်ရွံ့ပြီး နောက်ဆုတ်မည် ကြံသော်လည်း ဆုတ်၍မရတော့ပေ။

ရှောင်ကျဲနှင့်လုစုယာ. . .

လိုညီအစ်ကိုနှင့် ဘွန်လူအော. . .

ထိုအတွဲများတိုက်ခိုက်ချိန်သည် အတော်ကလေးကြာမြ[illegible] ခဲ့ပြီ။ တောင်ကုန်းအောက်ခြေမှ မွန်ဂိုစစ်သားများပြေးလွှားလျက်[illegible] ပြီး နောက်မှရန်သူများ လိုက်လံတိုက်ခိုက်နေသည်ကို လိုလူအင[illegible] မြင်မိသည်။ သူလည်း မကူညီနိုင်ပေ။ ဓားစက်ဝိုင်းအတွင်း ကျရောက[illegible] နေခဲ့သည်မဟုတ်ပါလား။

ထိုစဉ် လူရိပ်တစ်ရိပ်သည် တောင်ကုန်းထိပ်သို့ ရိပ်ခနဲ ရိပ်ခ[illegible] ပြေးတက်လာ၏။

"နံပါတ်နှစ်အစ်ကိုကြီး အခြေအနေ သိပ်အရေးကြီးနေပြ[illegible]

ပြေးတက်အော်ဟစ်လာသူကား မရဏပုံလွှားနံပါတ်ငါး ဝ[illegible] ကန့်ကြည်ပင် ဖြစ်လေတော့သတည်း။

◈◈◈



## အခန်း (၄၂)
## မွန်ဂိုတပ်၏ဆုံးရှုံးမှုများ

ဝမ်ကန့်ကြည်သည် ရှောင်ကျဲ၏ တာဝန်ပေးစေလွှတ်ချက်အရ မွန်ဂိုတပ်ခွဲမှူးကျန်းတက်ကြည်အား အကူအညီပေးရန် သစ်တောအုပ်အတွင်းသို့ ပြေးဝင်သွားခဲ့သည်။ သူရောက်သွားချိန်တွင် မွန်ဂိုတို့ အတုံးအရုံးကျဆုံးနေလေပြီ။ အဆိုးဆုံးကား တပ်ခွဲမှူးဖြစ်သော ဗိုလ်မှူးကျန်းတက်ကြည်ကိုယ်တိုင် ကျဆုံးနေခြင်းပင်တည်း။

ခေါင်းဆောင် မရှိတော့သဖြင့် မွန်ဂိုတပ်သားများ ပို၍အခြေအနေဆိုးကုန်သည်။

ဝါးအစည်းပြေသကဲ့သို့ဖြစ်ကာ မြက်ရိုင်းပင် များခုတ်လှဲခံရသကဲ့သို့ ကျွန်းသားများ၏ဓားသွားများအောက်၌ပြားပြားမှောက်ကုန်လေသည်။

ဝမ်ကန့်ကြည်သည် လွန်စွာ ဒေါသထွက်သွားသည်။

မဟာမွန်ဂိုကေရာဇ်၏ဘုန်းတော် တန်ခိုးတော်ကို အန်တုငံ့

သူများကို ချက်ချင်း ဆုံးမကွပ်ညှပ်မည်ဟုဆုံးဖြတ်လျက် ဓားကို ဆွဲထုတ်လိုက်၏။ သစ်ပင်များအကြားသို့ တစ်ရှိန်ထိုးခုန်ဝင်လိုက်၏။ ထိုစဉ်သူ့ ခေါင်းပေါ်သို့ ဓားပြားကြီးတစ်လက် ဝိုးခနဲကျရောက်လာသ ဖြင့် ဝမ်ကန့်ကြည်မှာ သူ့ဓားဖြင့်အလျင်အမြန်ခံပေးလိုက်ရ၏။

"ထန်း. . ."

ဓားချင်းထိခတ်သည့် အသံသည် ကျယ်လောင်စွာထွက်ပေါ်လာ၏။နှစ်ယောက်စလုံး၏လက်မောင်းများ ထုံကျဉ်သွားကြသည်။ နှစ်ယောက်စလုံး ခြေသုံးလှမ်းစီဆုတ်ပေးရသည်။ အုပ်မိုးခုတ်ချလိုက်သူကား ရှောင်ကြည်ဟိုင်ပေတည်း။

ရှောင်ကြည်ဟိုင်သည် ဓားပြားကြီးတိုက်ကွက်ကို လွန်စွာ ပိုင်နိုင်သည်။ အလေးချိန်စီးလှသောထိုဓားပြားကြီးကို တော်ရုံတန်ရုံ သိုင်းသမား မကိုင်နိုင်ချေ။

သူသည် မွန်ဂိုစစ်သားများကို သူ့ကျွန်းသားများနှင့် လွှတ်ထားပြီး သူကိုယ်တိုင်ကမူ ဝင်ကူလာမည့်ထိပ်သီးအဆင့် သိုင်းသမားများကို ချောင်းမြောင်းနေခဲ့၏။

ထိုစဉ် ဝမ်ကန့်ကြည် ဝင်လာခြင်းပင်ဖြစ်လေတော့၏။

ဝမ်ကန့်ကြည်ကလည်း နှယ်နှယ်ရရသိုင်းသမားမဟုတ်။ မရဏာပျံလွှားနံပါတ်ငါး။

ရှောင်ကြည်ဟိုင်ကလည်း တော်ရုံတန်ရုံသိုင်းသမားမဟုတ်။ အရှေ့ပင်လယ်ရှစ်ဆယ့်တစ်ကျွန်း၏ခေါင်းဆောင်ကြီး။

သူတို့သည် တိုက်ကွက်ပေါင်းသုံးဆယ်ကျော်သည့်တိုင် အရှုံးအနိုင်မပေါ်ဘဲ ရှိကြသည်။





ရှောင်ကြည်ဟိုင်အတွက် အခွင့်အလမ်းသာနေသည်မှာ ဝမ်ကန့်ကြည်တစ်ယောက်တည်း ရောက်ရှိလာခြင်းပင်ဖြစ်သည်။

ရှောင်ကြည်ဟိုင်၏ နောက်ဘက် သစ်ပင်များအကြားတွင် ရှောင်ကြည်ဟိုင်၏လက်ထောက် ကျင့်စင်ဝန်နှင့် ကျန်ဟန်ပြောင်တို့ ချောင်းနေကြသည်။

သူတို့၏ခေါင်းဆောင်ကြီးများနှင့် ရန်သူတော်သိုင်းသမားကြီးတို့ အရှုံးအနိုင်မရှိ အကြိတ်အနယ်ယှဉ်ပြိုင်နေကြသည်ကို တွေ့ရသောအခါ သူတို့သည်လည်း တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်ပြီး ရန်သူအား တရကြမ်းတိုက်ခိုက်ကြတော့၏။

ဝမ်ကန့်ကြည်မှာ ရှောင်ကြည်ဟိုင် တစ်ယောက်တည်းကို လက်ရည်တူတိုက်ခိုက်နေရသူဖြစ်ရာ ကျန်နှစ်ယောက်ဝင်လာသောအခါ မခုခံနိုင်တော့ပေ။

နောက်သို့ တဆုတ်တည်းဆုတ်ရတော့သည်။ နောက်ဆုံး၌ မရဏာပျံလွှားတို့၏ဂုဏ်သိက္ခာကိုပင် မထိန်းနိုင်တော့ဘဲ သူ့နောင်တော် ရှောင်ကျဲရှိရာသို့ထွက်ပြေးရတော့သည်။

ရှောင်ကြည်ဟိုင်သည် ဝမ်ကန့်ကြည်ကို လိုက်ခဲ မတိုက်ခိုက်ပေ။ လွှတ်ပေးလိုက်သည်။

အကြောင်းမှာ ကျွန်းတစ်ကျွန်းလုံးတွင် ကိုယ်စီကိုယ်စီ တိုက်ခိုက်ရန် အပိုင်းများကန့်ထားသောကြောင့်ဖြစ်သည်။

နောက်ဆုံး၌ ရှောင်ကြည်ဟိုင်သည် လက်ယာဘက် တောအုပ်အတွင်း ဝင်၍စစ်ဆေး၏။

"ဟာ. . . ဒီမှာလဲ တကယ့်ပွဲကြီးပွဲကောင်းပါလား"

လက်ယာဘက်တောအုပ်အတွင်း၌တာဝန်ယူသူမှာ ချီရိုထန် ဖြစ်၏။ ချီရိုထန်သည် ဟူလူထူနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေ၏။ သူတို့ သည်လည်း လက်ရည်တူဖြစ်နေသည်။

ထိုစဉ် ကျွန်းသားဆက်သားတစ်ယောက်ရောက်ရှိလာပြီး တစ်ကျွန်းလုံးမှအခြေအနေများကို ရှောင်ကြည်ဟိုင်ထံ အစီရင်ခံ၏။

ရှောင်ကြည်ဟိုင်၏မျက်နှာတစ်ပြင်လုံး လရောင်အောက်၌ ဝင်းပနေသည်။ ကျန်းစန်းအော်နှင့်ဟူစီတို့အုပ်စုသည် မွန်ဂိုစစ်လှေ ကြီးအချို့ကိုမီးတင်ရှို့နိုင်ခဲ့ပြီ။

ကျွန်းပေါ်မှ အပိုင်းလိုက်ခွဲခြားထားသော ကျွန်းသားများက လည်း ထိုးဖောက်တိုက်ခိုက်လာသော မွန်ဂိုတပ်များ၏ ခုနစ်ဆယ် ရာခိုင်နှုန်းခန့်ကို သတ်ဖြတ်သုတ်သင်ပြီးခဲ့ပြီ။

ဖူထိုပုထိုးကြီး၏အနောက်ဘက် တောင်ကုန်းပေါ်မှ ဇရပ် တွင်လည်း ဒုတိယဗိုလ်ချုပ်ကြီးထုံစင်းတို့မှာ အဖမ်းခံနေခဲ့ရပြီ။ ဤ တစ်ပွဲ၌ပြတ်ပြတ်သားသား အနိုင်ရတော့မည်ဖြစ်၍ ရှောင်ကြည်ဟိုင် မှာ လွန်စွာကျေနပ်ဝမ်းမြောက်နေသည်။

"နောင်ကြီးချီရိုထန် စစ်မျက်နှာတိုင်းမှာ ကျုပ်တို့အနိုင်ရနေ တယ်၊ အဲဒီကောင်ကိုလဲ မလွှတ်စေနဲ့ဗျ"

ရှောင်ကြည်ဟိုင်၏ အော်ဟစ်အားပေးသံကြောင့် ချီရိုထန် မှာ လွန်စွာအားတက်သွားသည်။ ဤတခဏ်၌ပင်လျှင် ရှောင်ကြည်ဟိုင် က သူ့အား အကူအညီပေးနိုင်နေပြီမဟုတ်ပါလား။ ထို့ကြောင့် သူ့ တိုက်ကွက်များသည် ပိုမို၍ထက်မြက်လာသည်။

ဟူလူထူအဖို့ကား တစ်ခုမျှ စိတ်သက်သာဖွယ်ရာ မရှိချေ။





သူ့အဖို့ အခြေအနေဆိုးသလို သူတို့တပ်ဖွဲ့များလည်း ရှုံး နိမ့်နေပြီဟု သိလိုက်ရသည်။

သူ ပြေးပေါက်ရှာလိုသော်လည်း ရှောင်ကြည်ဟိုင် ရောက် လာသဖြင့် ပြေးခွင့်မသာတော့ချေ။

ရှောင်ကြည်ဟိုင်ကလည်း ဟူလူထူ၏ပြေးပေါက်ကိုပိတ်ဆို့ ထားလိုက်သည်။ ဟူလူထူအဖို့ ချောက်ချားဖွယ်များသာကြုံတွေ့နေ ရသဖြင့် အကွက်များလည်းအမှားမှားအယွင်းယွင်းဖြစ်လာလေ၏။

"ရွှမ်း. . ."

"အား. . ."

ခြေအဆုတ်တွင် လူဟူထူတစ်ကွက်မှားသွား၏။ ထိုအခါ ချီရိုထန်၏ ချွန်မြသောဓားသွားက သူ့ပခုံးကိုထိုးခွဲသွားသည်။ သွေး များ ရဲခနဲထွက်လာသည်။

လုံးဝ အခြေအနေယိုင်သွားသောအခါ ဟူလူထူ နောက် တစ်ချက်ဓားအထိုးမခံရအောင် အလျင်အမြန်ထပ်ဆုတ်လိုက်သည်။

"ရွှမ်း. . ."

"အား. . ."

ရှောင်ကြည်ဟိုင်၏ဓားပြားကြီးသည် လရောင်အောက်၌ လင်းခနဲ လက်ခနဲဖြစ်သွားသည်။ ထိုဓားချက်များဖြင့် မရဏပြုံလွှား ဟူလူထူမှာ မရဏပြည်သို့ ရောက်ရှိသွားတော့သည်။

ရှောင်ကြည်ဟိုင်က ဓားတွင်ပေနေသော သွေးများကို ဟူ လူထူ၏အင်္ကျီနှင့်ပင် သုတ်ပစ်လိုက်သည်။

"ဒီမှာပွဲပြီးသွားပြီ၊ တောင်ကုန်းပေါ်ကိုတက်ကြစို့"

ရှောင်ကြည်ဟိုင်၏အမိန့်ပေးသံကြောင့် ချိုရိုထန်၊ ကျင့်ဝ
ဝန်၊ ကျန်ဟန်ပြောင်တို့သည် ရှောင်ကြည်ဟိုင်၏နောက်မှ ပြေးလို
ကြသည်။ သူတို့သည် ဖူထိုပုထိုးကြီး၏ အနောက်ဘက်တောင်ကုန်
ဆီသို့ အပြေးချီတက်ကြသည်။

ဝမ်ကန့်ကြည်ကား ရှောင်ကြည်ဟိုင်တို့ထက် အချိန်စော
ရောက်သဖြင့် သူ့နောင်တော်အား အော်ဟစ်သတိပေးနိုင်ခဲ့ပေသည်

ဝမ်ကန့်ကြည်၏အော်သံသည် ရှောင်ကျဲအားဒုက္ခမပေးဘဲ
လုစုယာကိုသာ ဒုက္ခပေးသည်။ စိတ်တန်ခိုးချင်းယှဉ်ပြိုင်နေသော
လုစုယာမှာ မကျေနပ်ဝမ်းသာမှုကြောင့် စိတ်အနည်းငယ် ပျံ့လွင့်သွား
၏။

ရှောင်ကျဲသည် အလွန်အကွက်မြင်သည်။ ရရှိသောအခွ
အရေးကို လက်လွှတ်မခံချေ။ သူနှင့်လက်တစ်ကမ်းမကွာ့တကွာသ
ရောက်ရှိလာသောဘွန်လူအောထံသို့ လက်ဝါးတစ်ချက်ရိုက်ထုတ်ပြ
နောက်သို့ခုန်ဆုတ်လိုက်သည်။

လိုညီအစ်ကိုသည်လည်း ဘွန်လူအော၏ဓားစက်ဝိုင်း
တွင်းမှ လွတ်ထွက်သွားကြသည်။

"ငါ့နောက်လိုက်ခဲ့"

ရှောင်ကျဲသည် ဇရပ်ခေါင်မိုးပေါ်မှခုန်ချပြီး ဝမ်ကန့်ကြည်
သို့ဆင်းပြေး၏။

လိုညီအစ်ကိုတို့သည်လည်း လွှားခနဲလွှားခနဲခုန်ချပြီး ဆင်
လိုက်သွားကြသည်။ လေးဦးသားပေါင်းမိသွားသောအခါ ရှောင်က
တို့သည် လာလမ်းအတိုင်း တရကြမ်းပြေးချသွားတော့၏။





"အစ်ကိုလုစုယာ. . . သူတို့ကို ဒီအတိုင်းလွှတ်လိုက်တော့
မလို့လား"

"ဘယ်သူပြောသလဲ. . . လွှတ်လိုက်မယ်လို့"

လုစုယာနှင့်ဘွန်လူအောတို့သည်လည်း ဇရပ်ပေါ်မှ အသီး
သီးခုန်ချပြီး ရှောင်ကျဲတို့နောက် ပြေးလိုက်ကြသည်။

လုစုယာသည် အခြေအနေ အချိန်အခါကို ကွက်တိအသုံး
ချနိုင်စွမ်းရှိသောရှောင်ကျဲကို စိတ်ထဲမှကျိတ်၍ချီးကျူးမိသည်။

အချို့သော အစွန်းရောက်သိုင်းသမားများသည် အသက်
အသေခံပြီး တိုက်ကြလိမ့်မည်။

ဘွန်လူအောတို့က နောက်မှလိုက်ခဲ့ကြသော ရှောင်ကျဲတို့
၏လေးယောက်အုပ်စုသည် တောင်ကုန်းရှိရာသို့ပြေးလာနေကြသော
ရှောင်ကြည်ဟိုင်တို့၏အုပ်စုနှင့် ရင်ဆိုင်တွေ့ကြသည်။

ရှောင်ကြည်ဟိုင်သည် ရှောင်ကျဲကို မည်သည့်အဆင့်ရှိမှန်း
မသိပေ။ ရန်သူဟု၍သာသိရှိသဖြင့် သူ၏ဓားပြားကြီးနှင့်ဝင်ပိုင်း၏။

"တယ်လာတဲ့ဓားပါလား"

ရှောင်ကျဲက ကိုယ်ကိုလှုပ်၍ရှောင်လိုက်သည်။ ရှောင်ကြည်
ဟိုင်၏ဓားကိုင်လက်ကိုဖမ်းဆွဲလိုက်သည်။ အပိုင်အနိုင်ခုတ်ချခဲ့သော
ရှောင်ကြည်ဟိုင်မှာ ဟာခနဲဖြစ်သွားသည်။ သူ့ဓားသည် ဦးတည်ရာ
မှဲလျက် လွဲချော်သွားခဲ့ရပြီမဟုတ်ပါလား။

ထိုစဉ် ရှောင်ကျဲက ရှောင်ကြည်ဟိုင်၏ဓားလက်ကိုင်ကို ဖတ်
ခနဲဖမ်းကိုင်လိုက်ပြီး ဆွဲလှည့်လိုက်ရာ ရှောင်ကြည်ဟိုင်မှာ ရှောင်ကျဲ
၏ရင်ခွင်ထဲသို့ ရောက်သွားတော့သည်။

"သေလိုက်စမ်း"

ရှောင်ကျဲသည်ခါးသီးစွာရေရွတ်ပြီးနောက် ရှောင်ကြည်ဟိုင်၏ယပ်ထိပ်ဆီသို့ လက်ဝါးဖြင့်ရိုက်ချလိုက်သည်။ ရှောင်ကြည်ဟိုင်ကို အသေရိုက်သတ်လိုက်ခြင်းဖြစ်သည်။

"ဝုန်း. . ."

ရှောင်ကျဲမှာ ဘာမှန်းမသိလိုက်ရဘဲ လွင့်စဉ်ထွက်သွား၏။ တစ်ကိုယ်လုံးထုံကျဉ်သွားသည်။

သူ့လက်ဝါးရိုက်ချက် ရိုက်ပင် မရိုက်ရသေးမီ သူလွင့်စဉ်သွားခဲ့ရခြင်းဖြစ်ပေသည်။

သူ လူးလဲထလိုက်သောအခါ လုစုယာနှင့်ဘွန်လူအောတို့အား တွေ့လိုက်ရသည်။ ရှောင်ကြည်ဟိုင်ကား လုစုယာ၏ဘေး၌ ရောက်နေလေပြီ။ လုစုယာ၏ကယ်တင်မှုကြောင့် ရှောင်ကြည်ဟိုင် တစ်ယောက် သေဘေးမှလွတ်ကင်းသွားခဲ့ရချေပြီ။

"ကောင်းပြီလုစုယာ၊ မင်းရဲ့လက်ဝါးရိုက်ချက်ကို ငါ တစ်သက်လုံး မှတ်ထားလိုက်ပါ့မယ်"

ရှောင်ကျဲသည် တစ်ဟုန်ထိုးပြေးထွက်သွားလေတော့၏။

ဘွန်လူအောက ပြေးလိုက်ရန်ဟန်ပြင်၏။ လုစုယာက တားလိုက်သည်။

"ကိစ္စမရှိဘူး၊ သူပြေးပါစေ၊ သူ့ကိုသတ်ပစ်ဖို့အချိန်တွေ တို့မှာ အများကြီးရှိပါသေးတယ်"

ဘွန်လူအောက ခေါင်းခါလိုက်သည်။

"ဘယ်အချိန်ရှိပါ့မလဲ၊ သူတို့အခုဘယ်ကိုပြေးမှာလဲ၊ မွန်ဂို





စစ်လှေတွေကလွဲလို့ သူတို့ဆီမှာပြေးစရာရှိတာမှမဟုတ်တာ၊ သူတို့ဟာ စန်းအော်နဲ့. ."

လုစုယာ ထိတ်ခနဲဖြစ်သွားသည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ မဖြစ်ဘူး။ သူတို့ဟာ စစ်လှေတွေဆီပြေးတာဆိုတော့ စန်းအော်တို့ကိုမုချတွေ့မှာပဲ၊ ဗီအဘိုးကြီးဟာ သိပ်ရက်စက်တယ်၊ စန်းအော်ကိုတွေ့ရင် မုချသတ်မှာပဲ၊ စန်းအော်ကို အမြန်ဆုံးကယ်ရမယ်"

လုစုယာသည် ဘွန်လူအော၏လက်ကိုဆွဲကာ ကမ်းစပ်ဆီသို့ တရှိန်ထိုးပြေးလေတော့သည်။

မွန်ဂိုတို့၏ စစ်လှေအစင်းသုံးဆယ်လောက် ပျက်စီးသွားသော်လည်း အချို့လှေများကား ကျန်နေသေးသည်။

မီးလောင်သောလှေများထဲ၌ တိုက်သံခိုက်သံ တညံညံဖြစ်နေသေးသဖြင့် စန်းအော်နှင့်ဟူစီတို့၏လုပ်ဆောင်ချက် မည်မျှအောင်မြင်သည်ကို လုစုယာတို့ ခန့်မှန်းဖွယ်ရာတွေမြင်ခွင့်ရသည်။

သူတို့ ကမ်းစပ်ပေါ်ရောက်သည်နှင့် လှေငယ်တစ်စင်းပေါ် ခုန်တက်ကာ မွန်ဂိုစစ်လှေများဆီသို့ အပြင်းအထန် လှော်ခတ်လေတော့သည်။ ဘွန်လူအောကလည်း ဝိုင်းဝန်းကူညီရာ သူတို့၏လှေငယ်သည် ရိပ်ခနဲ ရိပ်ခနဲ ရှေ့သို့ထိုးထွက်သွားလေတော့သည်။

မွန်ဂိုစစ်သားများသည် သူတို့၏စစ်လှေများ၌ လောင်နေသောမီးများကို ငြိမ်းသတ်လျက်ရှိကြရာ လုစုယာတို့၏လှေငယ်ကို တွေ့ရသောအခါ လှံများနှင့်ပစ်ပေါက်ကြသည်။ ဘွန်လူအောက ထိုစစ်လှေဆီသို့ ခုန်ကူးရန်ဟန်ပြင်သည်။

"မလုပ်နဲ့ညီမလေး- အရေးကြီးတဲ့စစ်လှေကြီးက ဟိုရှေ့မှာ ရှိနေတယ်၊ ရှေ့ကိုသာ မြန်မြန်လှော်"

လှေငယ်သည် တရိပ်ရိပ်ထွက်သွားနေသည်။

မကြာမီ ထိုးခုတ်တိုက်ခိုက်နေသည့် စစ်လှေကြီးတစ်စင်း အနီးသို့ရောက်လာသည်။ သေချာစွာကြည့်လိုက်ရာ ဟူစီ၏တပည့် ကျွန်းသားအချို့မှာ ထိုစစ်လှေပေါ်မှ မွန်ဂိုများ၏တိုက်ခိုက်မှုကို အလူးအလဲခံနေရကြောင်း တွေ့ရှိလိုက်ရသည်။

"ညီမလေးဘွန်လူအော၊ တို့လှေကို ဒီစစ်လှေကြီးဘေးနားမှာ ကပ်ရပ်လိုက်စမ်း၊ သူတို့ကို ကယ်လိုက်ဦးမယ်"

ဘွန်လူအောသည် လှေငယ်ကို စစ်လှေကြီးနံဘေးနား ကပ်ရပ်ရန်ကြိုးစားသည်။

စစ်လှေကြီးနှင့်နီးသည်နှင့် လုစုယာသည် စင်ရော်ငှက်ကဲ့သို့ လွှားခနဲ ခုန်တက်သွား၏။

ဘွန်လူအောလည်း နောက်မှလိုက်၍ ခုန်တက်လာသည်။ ထို့နောက် မွန်ဂိုများအား အပြင်အထန်တိုက်ခိုက်တော့သည်။ မွန်ဂိုများမှာ သာမန်စစ်သားများသာဖြစ်၍ လုစုယာနှင့်ဘွန်လူအောတို့ကို မယှဉ်နိုင်ချေ။

တစ်ယောက်ပြီးတစ်ယောက် ရေထဲကျကုန်၏။ ထိုတခဏ အတွင်း၌ ဟူစီ၏တပည့်ကျွန်းသားသုံးယောက်ကို လုစုယာတို့ ကယ်တင်လိုက်နိုင်၏။

"စန်းအော်. . . စန်းအော်ညီမလေး၊ မင်းဘယ်မှာလဲဟေ့"

လုစုယာက တကြော်ကြော်အော်ခေါ်လိုက်လေသည်။





ထိုအခါ ကျွန်းသားတစ်ယောက်က အခြားသောစစ်လှေကြီးတစ်စင်းကိုလက်ညှိုးထိုးပြ၏။

"သူနဲ့အစ်ကိုကြီးဟူစီတို့က ဟဲဒီစစ်လှေကြီးပေါ် တက်သွားကြတယ်၊ ကျွန်တော်တို့က ကိုယ့်အစုနဲ့ကိုယ် စစ်လှေတွေကိုမီးရှို့ရတာ"

"သာ. . . ညီမလေးလူအော"

လုစုယာသည် ဆက်၍စကားမပြောတော့ချေ။ သူတို့စီးလာသောလှေငယ်ပေါ်သို့ခုန်ချပြီး ကြိုးကိုဖြုတ်လိုက်၏။ ဟူစီ၏တပည့်များညွှန်ပြသည့်စစ်လှေရှိရာသို့ အမြန်ဆုံးလှော်ခတ်တော့သည်။

ထိုစဉ် မွန်ဂိုစစ်သားများအပြည့်တင်ဆောင်လာသော လှေငယ်တစ်စင်းသည် မီးလောင်နေသော စစ်လှေတစ်စင်း၏ဘေးမှ ဘွားခနဲပေါ်လာ၏။

လုစုယာမှာ စိတ်ထဲ၌ထိတ်ခနဲဖြစ်သွား၏။

၎င်း မွန်ဂိုတစ်စုကို အမြန်ဆုံးရှင်းပစ်ရန်စိတ်ကူးပြီး လေဆန်သံမဏိအပ်များထုတ်ပြီး ဝှီးခနဲပစ်ထုတ်လိုက်၏။

"အား. . ."

မွန်ဂိုများကား ကသောင်းကနင်းဖြစ်သွားသည်။ ရှောင်သူရှောင်၊ ထိသူထိဖြစ်ကာ လှေသည် တစ်ဖက်သို့စောင်းသွား၏။ လှေနှင့်လူတင်လာသည်မှာမမျှသဖြင့် လှေသည်တိမ်းစောင်းနစ်မြုပ်သွားတော့သည်။

ထိုစဉ် လှေဘေးမှ ဦးခေါင်းတစ်လုံးပေါ်လာသည်။

လုစုယာ ဇုံခြစွာကြည့်မိသည်။

"သူရဲကောင်းကြီးလုစုယာ ခင်ဗျားအချိန်မီ ရောက်လာတာပါပဲ၊ ကျုပ်ဖြင့်မျှော်လိုက်ရတာ"

ထိုဦးခေါင်းဝိုင်ရှင်ကား ဟူစီတည်း။

လုစုယာက အလောတကြီးမေးလေသည်။

"နောင်ကြီးဟူစီ. . . စန်းအော်ဘယ်မှာလဲ၊ စန်းအော် စန်းအော်"

"သူလား. . . မွန်ဂိုအလံတင်စစ်လှေဆီ ကူးသွားတယ်၊ မွန်ဂိုစစ်ဗိုလ်ကြီးတူယူကို သုတ်သင်မလို့တဲ့၊ ကျုပ်က သူရဲကောင်းကြီးတို့ကို စောင့်ပါဦးလို့တောင်းပန်တာလဲ မရဘူး"

လုစုယာမှာ အကြီးအကျယ်ထိတ်လန့်သွားသည်။ ရှောင်ကျဲသည် အခြားစစ်လှေများဆီသို့ ပြန်မည်မဟုတ်ချေ။ အလံတင်စစ်လှေဆီသို့သာ မှုချပြန်ပေမည်။

ရှောင်ကျဲပြန်ရောက်ချိန်နှင့် စန်းအော် ထိုစစ်လှေပေါ်သို့တက်ချိန်သည် အံ့ဩဖွယ်ကောင်းလောင်အောင် တိုက်ဆိုင်နေမည်ဟု လုစုယာတွက်ချက်မိသည်။

ရှောင်ကျဲသည် မိမိကိုယ်ပင် သူတင်ကိုယ်တင် တိုက်ခိုက်နိုင်သူဖြစ်၍ စန်းအော်ကိုကား ပြောစရာ မရှိတော့ပေ။

"ဗိုလ်ချုပ်ကြီးတူယူရှိတဲ့စစ်လှေက ဘယ်လှေလဲနောင်ကြီး"

"သူရဲကောင်းကြီးကျုပ်ပါလိုက်မှာပေါ့၊ ကျုပ်လိုက်ပြပါ့မယ်"

ဟူစီသည် လုစုယာ၏လှေပေါ်သို့တက်လာသည်။ ထိုသို့တက်ရာတွင် သာမန်တွယ်တက်ခြင်းမဟုတ်ချေ။

ရေထဲမှ ဗွမ်းခနဲ ခုန်၍တက်လာခြင်းမျိုးဖြစ်သည်။





အမှာခံမရှိဘဲ ထိုသို့ခုန်တက်ခြင်းမျိုးကို လုစုယာနှင့် ဘွန်လူအောတို့ လွန်စွာအံ့ဩကြသည်။ သူတို့နှစ်ယောက်အနေဖြင့် မည်သို့မျှ ထိုသို့ခုန်မတက်နိုင်ပေ။

ထိုအတတ်ပညာမှာ သိုင်းပညာနှင့် လုံးဝမသက်ဆိုင်ပေ။ အတွင်းအားပညာ၊ ကိုယ်ဖော့ပညာနှင့်လည်း မည်သို့မျှ မပတ်သက်ပေ။ ပင်လယ်ငါးပျံတစ်မျိုး၏အလေ့အထမှ သဘာဝကိုအတုယူ၍ လေ့ကျင့်ထားသူတို့သာ ထိုသို့ခုန်ပျံတက်နိုင်သည်။

စန်းအော်သည်လည်း ထိုအလေ့အကျင့်ကို ရထားကြောင်း လုစုယာသိရှိထားသည်။

မကြာမီ သူတို့သည် ပင်လယ်ပြင်နှင့်အနီးဆုံးဆိပ်ကမ်းနှင့် အဝေးဆုံး ကျောက်ချထားသော သုံးပင်တိုင်ရွက်လှေကြီးဆီသို့ ရောက်ရှိလာကြလေသည်။

"သူရဲကောင်းကြီး. . . ဒါဟာ မွန်ဂိုအလံတင်စစ်လှေပဲ၊ မွန်ဂိုစစ်ဗိုလ်ကြီးတူယူဟာ ဒီစစ်လှေကြီးပေါ်မှာပဲ ရှိလိမ့်မယ်"

လုစုယာနှင့်ဘွန်လူအောတို့က ခေါင်းညိတ်လိုက်ကြလေသည်။ ထိုစစ်လှေကြီးသည် စစ်လှေအားလုံးထက် ကြီးရုံမျှမက သားလည်း သားနားသည်။

ခန့်လည်း ခန့်ညားသည်။ မီးလောင်ကျွမ်းမှုလည်း လုံးဝမရှိ။ တိုက်ခိုက်သံလည်း မကြားရချေ။

"စန်းအော်. . . ဒီစစ်လှေဘက်ကိုလာတာ သေချာရဲ့လား"

"သေချာပါတယ်၊ တူယူကိုသုတ်သင်မယ်လို့ သူကြုံးဝါးသွားတာပဲ၊ တူယူကိုသတ်ချင်ရင် ဒီလှေဆီကို မုချလာရမယ်"

ဟူစီက ခိုင်မာစွာပြောသည်။

ဟူစီသည် ရုတ်တရက်လက်ညှိုးထိုးပြီး အလန့်တကြားအော်ပြောလိုက်လေသည်။

"ဟို. . . ဟိုမှာ စန်း စန်းအော်မဟုတ်လား"

ဆံပင်ရှည်များ လေ၌ကြဲလျက် ချက်တိုင်ထိပ်ဖျားပေါ်၌ ရပ်နေဟန်ရှိသော လူရိပ်တစ်ရိပ်ကို အားလုံးပင်တွေ့ကြရသည်။ ထိုလူရိပ်ကား အမှန်တကယ်ပင် စန်းအော်ဖြစ်နေလေသတည်း။

◈◈◈



## အခန်း (၄၃)
## သတိထားရမည့်လူတစ်ယောက်

စန်းအော်သည် ချက်တိုင်ထိပ်ဖျား၌ ကြောက်ကြောက်ရွံ့ရွံ့ ရပ်နေသည်မဟုတ်ပေ။ သူမသည် နဂိုကပင်ကြောက်ရွံ့ခြင်းကင်း၏။ သူမ၌သတ္တိရှိသည်။

ယခု. . . သူမ၏မျက်ဝန်းများ၌ ဒေါသအရိပ်အယောင်များက ရဲရဲတောက်နေသည်။

"ရှင်တက်လာခဲ့စမ်းပါ၊ ကျွန်မက မကြောက်လို့ ဒီလေ့ပေါ်တစ်ယောက်တည်းတက်လာခဲ့တာ၊ ရှင် ချက်တိုင်ထိပ်ကိုတက်ခဲ့စမ်း!"

သူမက စိတ်ဆိုးမာန်ဆိုးစိန်ခေါ်လိုက်သည်။ တစ်ဖက်လူ၏တုံ့ပြန်မှုကား အေးဆေးလှသည်။

"ကျုပ်က တမင်သက်သက်ခေါ်တာမဟုတ်ပါဘူးကွယ်၊ မင်းရဲ့ခေါင်းစည်းပဝါလေးကို ပြန်ပေးချင်လို့ပါ မိန်းကလေးရယ်"

ထိုအသံနှင့်အတူ လူတစ်ယောက်သည် ချက်တိုင်ထိပ်ဖျားပေါ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ခုန်တက်လာ၏။ စန်းအော်က တစ်ဖက်ချက်တိုင်ထိပ်ဖျားပေါ်သို့ ခုန်၍ရှောင်ထွက်သွားသည်။

"ထွီ. . . ရှင့်လက်နဲ့ကိုင်ထားတဲ့ပစ္စည်းကို မသတီတော့လို့ လွှင့်ပစ်လိုက်တာပဲ၊ ရှင်းပြီလား"

"ဟား. . . ဟား. . ဟား မင်းရဲ့စကားက ရှေ့နောက်လဲ မညီညွတ်ပါကလား"

စန်းအော်က ကျားသစ်မလေးသဖွယ် ဒေါသနှင့်အော်လိုက်သည်။

"ဘာရှေ့နောက်မညီသလဲ ပြောစမ်း"

ထိုလူငယ်က တဟင်းဟင်းရယ်ပြီး. . .

"မင်းရဲ့ပဝါလေးကျတော့ ကျုပ်လက်နဲ့ထိလို့ မသတီဘူးတဲ့၊ မင်းရဲ့ပခုံးလေးတွေ မင်းရဲ့လက်ကလေးတွေကို ကျုပ်ကိုင်ခဲ့ထိခဲ့ဖူးပြီလေ၊ အဲဒါတွေကော ဘာဖြစ်လို့ မလွှင့်ပစ်ရတာလဲ"

"တောက်"

လုစုယာသည် ထိုစကားများကို အတိုင်းသား ကြားလိုက်ရသဖြင့် တက်ခေါက်လိုက်မိသည်။ သူ့လွန်စွာဒေါသထွက်၏။

ဤမျိုးဆက် ညီမလေးများကို သူအလွန်သံယောဇဉ်ရှိသည်။ အလံတင်စစ်လှေကြီးပေါ် ခုန်တက်ရန် ဟန်ပြင်နေသော လုစုယာ၏ တံတောင်ဆစ်ကို ဘွန်လူအောက ရုတ်တရက်ဖမ်းဆွဲလိုက်သည်။

"အစ်ကို ဒေါသမထွက်နဲ့ဦး၊ ဆန္ဒ မစောနဲ့ဦး၊ သူဟာ ဒီအုပ်စုထဲမှာ လူထူးထူးဆန်းဖြစ်နေတယ်၊ သူဘယ်လောက် စွမ်းသလဲဆိုတာ စောင့်ကြည့်ကြရအောင်၊ ရုတ်တရက်တော့ ညီမလေးစန်းအော် အန္တရာယ်မရှိနိုင်သေးပါဘူး၊ တကယ်လို့ သေရေးရှင်ရေးကြုံရင် ညီမလေးဟာ အဲဒီအလံတိုင်ကနေ ရေထဲထိုးချလာမှာပဲ"





လုစုယာသည် မျက်မှောင်ကုတ်၍ကြည့်နေသည်။

ဘွန်လူအောက ထပ်မံဖျောင်းဖျသည်။

"ညီမတို့ ခဏလောက်စောင့်ကြည့်လိုက်လို့ နောက်ကျ မသွားပါဘူးအစ်ကို၊ ညီမလေးစန်းအော် ရေထဲခုန်ချလာလို့ကတော့ အဲဒီပညာတတ်ပုံစံ ဝတ်ထားတဲ့သူကောင့်သားကြီးဟာ ရေထဲမှာ ဘာမှလုပ်နိုင်မယ် မထင်ပါဘူး"

လုစုယာပြုံးလိုက်မိသည်။ ဤကဲ့သို့သော လူမျိုးမဆိုထားနှင့် ဆရာကြီးကျင်းထုံကဲ့သို့သော သိုင်းအဓိပတိကြီးတစ်ယောက်ပင် ရေကို အလွန်ကြောက်ကြောင်း သူသိခဲ့ရသည်မဟုတ်ပါလော။

ထိုစဉ် လူငယ်၏အေးအေးကြည်လင်သောအသံ ပေါ်ထွက်လာပြန်လေသည်။

"မိန်းကလေး ကုန်းပတ်ပေါ်ကိုဆင်းပါ"

"မဆင်းဘူး"

"အေးအေးဆေးဆေး ဆင်းနိုင်းတုန်း ဆင်းနော်"

စန်းအော်က ဒေါသတကြီးအော်လိုက်သည်။

"အောင်မာ၊ ရှင် ဆင်းခိုင်းတိုင်း ဆင်းမယ်များထင်နေသလား. . ."

"အေး. . . မင်းမဆင်းရင် ငါလာပြီ"

လူငယ်သည် စန်းအော်ရှိရာသို့ ခုန်ပျံကူးသန်းရန် ဟန်ပြင်လိုက်စဉ်မှာပင် အောက်ဘက်ကုန်းပတ်ဆီမှ စူးရှကြမ်းတမ်းသော အော်သံဟစ်သံ ထွက်လာတော့သည်။

"အရာရှိကလေးကျန်း၊ အချိန်တွေကို အလကားဖြုန်းပစ်မ

အားရစွာ လက်ခုပ်ဩဘာပေးကြလေသည်။

ဝိုလ်ချုပ်ကြီးတူယူသည် စန်းအော်ကို လက်ရဖမ်းမိခြင်းအတွက် အံပျော်ကြီးပျော်၊ အကျေနပ်ကြီးကျေနပ်လျက်ရှိနေသည်။ အရာရှိငယ်ကျန်းကလည်း မချိမချဉ်မျက်နှာထားဖြင့် စန်းအော်အား သရော်လှောင်ပြောင်သည်။

"ဟဲ. . . မင်းမောနေပြီမဟုတ်လား၊ စောစောကတည်းက ကုန်းပတ်ပေါ် ဆင်းခဲ့ပါလို့ပြောနေတာ မရဘူး၊ အခုကော ဘာထူးသလဲ၊ မင်းကို ဘယ်သူမှ ဘာမှမလုပ်ပါဘူးကွယ်၊ လိမ်လိမ်မာမာနဲ့သာ နေပြည်တော်ကိုလိုက်ခဲ့စမ်းပါကွယ်၊ ဟဲ. . . ဟဲ. . . ဟဲ"

ထိုအချိန်၌ လုစုယာထက် စောစီးစွာ ခုန်ပျံတက်သွားသူမှာ ဘွန်လူအောဖြစ်နေလေ၏။ ဘွန်လူအောမှာ အသားများ တဆတ်ဆတ်တုန်လျက် အလွန်တရာဒေါသထွက်နေသည်။

သူသည် ကြိုးကြာတိမ်ဖောက်သိုင်းကွက်ဖြင့် စစ်လှေကြီးပေါ် သို့ရောက်ရှိသွားပြီး အရာရှိငယ်ကျန်း၏ကျောပြင်ကို အားကုန်သုံး၍ ရိုက်ချလိုက်သည်။

"ရာရာစစ. . . နင်က ငါ့ညီမကို ဘာကြောင့် ဒီလို နောက်ပြောင်ရဲရတာလဲ"

အရာရှိငယ်ကျန်းသည် လွန်စွာထိတ်လန့်သွား၏။ လက်ဝါးမရောက်မီ တွန်းဖိလာသောလေအားကိုခန့်မှန်းရုံဖြင့် သူ့အားရိုက်သူသည် သိုင်းပညာအဆင့်မြင့်လှသူဖြစ်ကြောင်း သိရှိလိုက်၏။

သူသည် စန်းအော်ကိုလည်း အလွတ်မပေးလိုချေ။ ထို့ကြောင့် စန်းအော်အားဆွဲ၍ တစ်ဖက်သို့ခုန်ထွက်ရန်ကြိုးစား၏။





ဤသို့ မိထားသောအစာကို မလွှတ်လိုသော လောဘစိတ်ကြောင့်ပင် ဘွန်လူအော၏လက်ဝါးရိုက်ချက် တစ်စိတ်တစ်ပိုင်း အထိခံလိုက်ရတော့သည်။

"ဖြန်း. . ."

သူ့ကျောပြင်၌ ပူရှိန်းရှိန်း စပ်ဖျင်းဖျင်းဖြစ်သွားသည်။ သူသည် ပေါ့ပေါ့ဆဆခုခံ၍မရတော့ကြောင်းရိပ်မိသဖြင့် စန်းအော်ကို ရှောင်ကျဲထံသို့ပစ်ပေးလိုက်၏။

ရှောင်ကျဲက စန်းအော်ကိုဖမ်းယူလိုက်၏။

"ဆရာကြီးရှောင်ကျဲ သူ့ကို ခဏခေါ် ထားစမ်းပါဗျာ၊ တစ်ခုတော့ရှိတယ်၊ သူ့မွေးညှင်းကလေး တစ်ပင်တောင် မကျွတ်အောင်တော့ ဂရုစိုက်စမ်းပါဗျာ"

သူသည် သူ့အားရိုက်လိုက်သူကို လှည့်၍ရင်ဆိုင်သည်။

"ဟင်. . ."

ကုန်းပတ်ပေါ်၌ ပန်းပွင့်လေးတစ်ပွင့်အလား ချောမောလှပလှသည့်မိန်းမပျိုတစ်ယောက် ရပ်နေသည်ကိုတွေ့ရသောအခါ အရာရှိငယ်ကျန်း အံ့ဩသွားသည်။

သို့သော် ခါးတစ်ဖက်တစ်ချက်စီ၌ ကြီးမားလှသောဓားကြီးနှစ်လက်ချိတ်ဆွဲထားသည်ကို မြင်ရသည့်အခါတွင်မူ သူ့အံ့ဩစိတ်များ ပြန်လည်ပျောက်သွား၏။

သိုင်းဇကရီ သိုင်းဒေဝီတစ်ယောက်မှလွဲ၍ အခြားသူ မဖြစ်နိုင်ကြောင်း သူရိပ်မိလိုက်လေပြီ။

လုစုယာသည် စိတ်ကိုတည်ငြိမ်အောင်ထားပြီး စောင့်ကြည့်

၏။ မမြင်ဘူးသူအား ငေးကြည့်နေသကဲ့သို့တည်း။

"လူအော. . . ဆင်းခဲ့တော့"

ဘွန်လူအောသည် နောက်သို့ခုန်ဆုတ်လာသည်။ လုစုယာ၏အကွက်မြင်မှုကို ချီးကျူးမိသည်။

"အစ်ကိုလုစုယာ ဒါ အပိုင်ဆုံးအကွက်ပဲ"

အရာရှိငယ်ကျန်းသည် တခဏအချိန်အတွင်းမှာပင် ဘာဖြစ်သည်ကို သဘောပေါက်သွားပြီး လုစုယာရှိရာသို့ခုန်ဝင်လာ၏။

ဘွန်လူအောက ရှေ့ထွက်မည့်အကြံကို လုစုယာက ငေါက်ငမ်း၍တားလိုက်သည်။

"ညီမလေးလူအော၊ အသာနေစမ်း"

အရာရှိငယ်ကျန်းသည် လုစုယာအား လက်ဝါးတစ်ချက်ရိုက်၍တိုက်ခိုက်သည်။

လုစုယာက သူအကြောထိုးပိတ်ထားသည့် ဗိုလ်ချုပ်ကြီးတူရှုကို ရှေ့သို့ထိုးခံလိုက်၏။

"မင်းတို့တိုက်ချင်ရင်တိုက်ကြ၊ အရင်ဆုံးသေမှာကတော့ မင်းတို့ရဲ့ဗိုလ်ချုပ်ကြီးပဲ"

အရာရှိငယ်ကျန်းမှာ ထိတ်လန့်သွားသည်။ လှုပ်ရှားမှုလျင်မြန်သည်သာမက အကြံဉာဏ်ပါထက်မြက်လှသော လုစုယာကို တွေ့ရသောအခါ လက်မှိုင်ချရမလိုဖြစ်သွားသည်။ သူ့ကိုဉာဏ်နီဉာဏ်နက်များလှသူဟု သူ့ရန်သူများကပင်ချီးကျူးခဲ့ကြသည်။ ယခုမူ သူ့ထက် ဉာဏ်နီဉာဏ်နက်များသူကို တွေ့နေရပေပြီ။ အရာရှိငယ်ကျန်းသည် သူ့လက်ဝါးကို အလျင်အမြန်ရုပ်သိမ်းလိုက်သည်။





[illegible]ရုပ်သိမ်းလျှင် သူ့ဗိုလ်ချုပ်ကြီးပင် အမှန်တကယ်သေပေ လိ[illegible]ည်။ အရာရှိငယ်ကျန်းသည် တံတွေးကို မျိုချလိုက်ပြီး ခြောက် က[illegible]သော လေသံဖြင့် မေးလိုက်၏။

"ခင်ဗျားဘယ်သူလဲ"

လုစုယာမှာ ကျန်းစန်းအော်အတွက် စောစောက ခေါင်းအလွန်ပူနေခဲ့သည်။ ယခုမူ ခေါင်းမပူတော့။ ဗိုလ်ချုပ်ကြီးတူယူကို ဖမ်းထားသမျှကာလပတ်လုံး စန်းအော်ဘေးကင်းရန်ကင်းရှိမည်ကို သိလိုက်ရသဖြင့် သူ့အတွင်းသဏ္ဌာန်မကြုံစဖူး အေးဆေးတည်ငြိမ်လျက် ရှိနေလေ၏။

"ကျုပ်နာမည် လုစုယာ၊ သာမန်အညတြသိုင်းသမားတစ်ယောက်ကို အလေးဂရုပြုမေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

အရာရှိငယ်ကျန်းမှာ အမှန်တကယ် ထိတ်လန့်သွား၏။ လုစုယာပြောသလို အညတြသိုင်းသမားမဟုတ်ကြောင်း သူသိထားသည်။ မရဏာပျံလွှား နှစ်ဆယ့်တစ်ကောင်၌ အပါအဝင်ဖြစ်သော ချင်ရှုံနှင့် ကျိအန်ကျန်ရှုံ့တို့ကို လုစုယာအနိုင်ယူထားသည့် ဇာတ်တင်းကို သူကြားသိခဲ့ပြီးလေပြီ။

◈◈◈

ဆက်ပြောပါ၊ ကျုပ်နားထောင်နေပါတယ်လေ"

အရှက်မဲ့သောလူ၏ သရော်လှောင်ပြောင်သော စကားက ထပ်မံထွက်ပေါ်လာပြန်သည်။

"ကောင်းပြီ၊ သူ့ကိုယ်စား ကျုပ်ပြောမယ်"

လုစုယာကဝင်ပြောလာသဖြင့် အရာရှိငယ်ကျွန်းက လုစုယာကို မျက်မှောင်ကုတ်၍ကြည့်နေလေသည်။

"ပြောပါ- ခင်ဗျားတို့က စကားလေးတစ်ခွန်းပြောမယ့်ကိစ္စကို မဲနှိုက်ပြီးပြောရမလိုဖြစ်နေကြတယ်"

"နားထောင်၊ ခင်ဗျားရဲ့ဗိုလ်ချုပ်ကြီးကို ကျုပ်တို့ဖမ်းထားပြီးပြီ၊ ဒါကို ခင်ဗျားတို့သဘောပေါက်ပါ"

"ဟဲ. . . ဟဲ. . . ဟဲ. . ဒါများ ဘာဆန်းသလဲ"

အရာရှိငယ်ကျွန်းသည် မရဏပုံလွှားနံပါတ်နှစ် ရှောင်ကျဲဘက်သို့လှည့်၍ပြောသည်။

"သူတို့ကလဲ ကိုယ်စားလှယ်နဲ့စကားပြောတယ်၊ ခင်ဗျားတလဲ ကျုပ်ကိုယ်စား ဝင်ပြောလိုက်ပါလား"

ဒုတိယဗိုလ်ချုပ်ကြီးထုံစင်းလိုလူမျိုးကို လုံးဝဂရုမစိုက်သော နန်းတွင်း၌ထိုက်သင့်သလောက်ဩဇာအာဏာရှိသော ရှောင်ကျဲသည် အရာရှိငယ်ကျွန်း၏စကားကြောင့် ပျာပျာသလဲဖြစ်သွား၏။ သူတကျွန်းကို အရိုအသေပေးပြီး ထစ်ထစ်ငေါ့ငေါ့ဖြင့်ပြောသည်။

"ကျုပ်. . . ကျုပ်. . . မ မပြောရဲပါဘူးခင်ဗျာ"

အရာရှိငယ်ကျွန်းကား လွန်စွာကြောက်စရာကောင်းသူဖြစ်ကြောင်း လုစုယာသိရှိသွားလေသည်။





ရှောင်ကျဲအား လှည့်၍စကားပြောခြင်းမှာ သူ့အဆင့်အတန်း၊ သူ့ဂုဏ်ဒြပ်မည်မျှရှိကြောင်း လုစုယာတို့ သိစေလို၍ဖြစ်သည်။ ရှောင်ကျဲကဲ့သို့သော မွန်ဂိုနန်းတွင်း၌ အရေးပါသော မရဏပုံလွှားနံပါတ်နှစ်ပင် ရိုသေကြောက်ရွံ့ရသည်ဆိုလျှင် ထိုအရာရှိငယ်၏ အဆင့်သည် မည်မျှရှိလိမ့်မည်နည်း။

သူသည် ဗိုလ်ချုပ်ကြီးတုယူ၏အမိန့်ကိုပင် တစ်သဝေမတိမ်း နာခံသူမဟုတ်ကြောင်း စန်းအော်နှင့် ရွက်တိုင်ထိပ်ပေါ်၌ ရှောင်တိမ်းပြေးလွှားနေစဉ်ကပင် သက်သေပြခဲ့၏။

ထိုလူငယ်သည် တဒင်္ဂဖြစ်ပေါ်နေသည့် အကြောင်းအရာများကို ထိန်းချုပ်နိုင်စွမ်းရှိသွား၏။ သူ့ကိုယ်သူ မိတ်ဆက်သည်။

"ကျုပ်ကတော့ ခင်ဗျားရဲ့မိန်းကလေးမိတ်ဆွေ ကျန်းစန်းအော်နဲ့ မျိုးနွယ်နာမည်ချင်းတူတဲ့ ကျန်းကျုံးရှုပါပဲ၊ ကျုပ်က တစ်တိုင်းပြည်လုံးအပေါ်မှာ ဩဇာမရှိပေမယ့် မွန်ဂိုနန်းတွင်းမှာတော့ အတော်အသင့် လူသိများပါတယ်"

သူသည် သူ့ကိုယ်သူ နှိမ့်ချသယောင်နှင့် သူ့ဂုဏ်ပုဒ်များကို ဆက်လက်ဖေါ်ပြနေသည်။

"နောက်ပြီး- မွန်ဂိုဧကရာဇ်ကြီးကလဲ ကျုပ်ပြောတဲ့စကား တစ်ခွန်း နှစ်ခွန်းလောက်ကိုတော့ တစ်ခါတစ်ရံမှာ သဘောတူတတ်ပါတယ်၊ တဲ. . . ခင်ဗျားကပြောတယ်၊ ကျုပ်တို့ရဲ့ ဗိုလ်ချုပ်ကြီးကို ဖမ်းထားတာကို သဘောပေါက်နားလည်စမ်းပါတဲ့၊ ကျုပ်က သိပ်သဘောပေါက်တာပေါ့၊ ခင်ဗျားလို သိုင်းလောကရဲ့ နာမည်ကျော်ပုဂ္ဂိုလ်ကြီးက ကျုပ်တို့ဗိုလ်ချုပ်ကြီးကို ဓားစာခံအဖြစ်ဖမ်းတဲ့ကိစ္စဟာ

သိုင်းလောကစည်းကမ်းနဲ့ တကယ် မညီတဲ့ကိစ္စပဲဗျာ၊ အရပ်ရပ် နေပြည်တော် ကြားလို့မှ မလျော်တဲ့ကိစ္စပဲ"

ဤလူကား မည်သူနည်း။

မွန်ဂိုဘုရင်အပေါ် ဩဇာညောင်းကြောင်း ပြောလိုပြော၊ သိုင်းလောကစည်းကမ်းအကြောင်း ပြောလိုပြောနှင့် လုစုယာအဖို့ တွေးစရာဖြစ်လာသည်။

လုစုယာက. . .

"ကျုပ်ဟာ သိုင်းလောကထဲက အညတြတစ်ယောက်ပါဗျ၊ ကျုပ်ဟာ စိတ်ထားလဲနုပါတယ်၊ ဒေါသလဲထွက်တတ်ပါတယ်၊ ဒီအတွက် ငွေမယူဖို့ တောင်းပန်ထားပါရစေ၊ ကျုပ်လိုလူမျိုးက ဗိုလ်ချုပ်ကြီးကို မတန်မရာဖမ်းတာကတော့ထားပါတော့၊ ခင်ဗျားလို မွန်ဂိုကေရာဇ်ကြီးရဲ့နားပေါက်အောင် ထင်ရှားလှတဲ့သူရဲကောင်းကြီး တစ်ယောက်က ဘာမဟုတ်တဲ့မိန်းကလေးတစ်ယောက်ကို ဖမ်းလားဆီးလားလုပ်တာတော့ တကယ်မသင့်လျော်တဲ့ကိစ္စပါ၊ ကျုပ်ဟာ ရှက်စရာအလုပ် လုပ်မိတယ်ဆိုရင် ခင်ဗျားကကျုပ်ထက်ပိုပြီး ရှက်စရာလုပ်မိနေသလားလို့ ကျုပ်စဉ်းစားနေပါတယ်"

ကျန်းကျုံးရှု၏မျက်နှာမှာမည်းခနဲဖြစ်သွား၏။ လုစုယာကသူ့ထက် ပိုစကားတတ်နေပြန်သဖြင့် စိတ်ထဲ၌ အောင့်သက်သက်ဖြစ်သွားရပြန်သည်။

"ဝမ်ကန့်ကြည်. . . ဝမ်ကန့်ကြည်"

"ဟုတ်ကဲ့သခင်လေး"

"ခင်ဗျားဖမ်းထားတဲ့မိန်းကလေးကို ခေါ်ခဲ့စမ်း"





"ဟုတ်ကဲ့ ဟောဒီမှာပါ"

ဝမ်ကန့်ကြည်က စန်းအော်ကို ရှိုရှိုသေသေပင် ကျန်းကျုံးရှုရှေ့သို့ချပေး၏။

ကျန်းကျုံးရှုက စန်းအော်၏သွေးကြောများကိုဖွင့်ပေးလိုက်သည်။ စန်းအော်က ဒေါသတကြီးဖြစ်နေရာ လုစုယာက ခပ်ငေါက်ငေါက် အော်ဟစ်အမိန့်ပေးမှငြိမ်သွား၏။

"လာခဲ့ညီမလေး. . . မလိုအပ်တဲ့စကားတွေပြောမနေနဲ့"

စန်းအော်သည် ဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကျန်းကျုံးရှုကိုကြည့်နေသည်။ ဘွန်လူအောက စန်းအော်ကို ဆွဲခေါ်ပြီး သတိပေးလိုက်သည်။

"ညီမလေး နှောက်ထပ်အမှားမဖြစ်စေနဲ့၊ အခု မားစာခံချင်းလဲနေကြတာ"

လုစုယာသည် စန်းအော်လွတ်မြောက်လာသဖြင့် စိတ်သက်သာရာရသွား၏။

"ခင်ဗျားရဲ့ သိုင်းပညာကတော့ တကယ်ထက်မြက်ပါတယ်၊ ကျုပ်တို့ အတုယူစရာအများကြီးရှိနေသေးတာတော့ အမှန်ပဲ"

လုစုယာက စိတ်ပါလက်ပါချီးကျူးပြီး တူယူ၏သွေးကြောများကို အသာပင်ဖွင့်ပေးသည်။ ထို့နောက် ကျန်းကျုံးရှု၏လက်ထဲသို့ အပ်နှံလိုက်သည်။

"ခင်ဗျားတို့ရဲ့စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးတူယူကို ကျုပ်ပြန်လည်ပေးအပ်ပါတယ်၊ ကျုပ်တို့ ဘယ်သူ့မှ မနစ်နာဘူးလို့ထင်ပါတယ်"

"ခွေးကောင်. . . မင်းကတော့ ပြောအားရှိတာပေါ့"

ကျန်းကျုံးရွှသည် စိတ်ထဲမှ လုစုယာကိုဆဲရေးလိုက်သည်။ တကယ့်နှုတ်ကမူ. . .

"အင်း. . . ပြီးတာလဲပြီးပါစေ၊ ဒါထက် ကျုပ်တစ်ခုလောက်တော့မေးချင်ပါတယ်"

ဗိုလ်ချုပ်ကြီးတူယူသည် အဖမ်းအဆီးခံရပြီးမှ လွတ်မြောက်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။ သို့သော် သူ၏မွန်ဂိုတပ်ကြီးရှုံးနိမ့်သွားရသည့်အဖြစ်အပျက်ကို ပြန်လည်သတိရသည့်အခါတွင်မူ လွန်စွာဒေါသထွက်သွားရသည်။

သူသည် ကျန်းကျုံးရွှစကားပြောနေသည်ကို ဂရုမစိုက်နိုင်ဘဲ သူ့စစ်သားများအား အမိန့်ပေးလိုက်၏။

"ဒီသုံးကောင်ကို ဝိုင်းဖမ်းကြစမ်း"

စစ်သားများသည် ရုတ်တရက် ရှေ့သို့တိုးလာသည်။

ကျန်းကျုံးရွှသည် သူစကားပြောနေစဉ် တူယူဝင်ရှုပ်သဖြင့် အကြီးအကျယ် မကျေနပ်ဖြစ်သွား၏။

"ဗိုလ်ချုပ်ကြီး. . . ကျုပ်ဒီမှာ အရေးကြီးတဲ့စကား ပြောနေတယ်၊ ဘာ့ကြောင့် ခင်ဗျားဝင်ရှုပ်ရတာလဲ"

ဗိုလ်ချုပ်ကြီး တစ်ယောက်လုံးကို မည်သည့်အရာရှိငယ်တစ်ယောက်ကမျှ ဤသို့ပြောရဲလိမ့်မည်မဟုတ်ပါ။ ကျန်းကျုံးရွှကတော့ ဤအတိုင်းပင်ပြောသည်။

"ဟို. . . ဟို. . ကျုပ်. . ကျုပ်ဝင်ရှုပ်တာမဟုတ်ပါဘူး၊ ခင်ဗျားနဲ့ နန်းတွင်းကိုယ်ရံတော်အရာရှိငါးဦး ပါလျက်နဲ့ ကျုပ်တို့





ရှုံး. . . ရှုံး. . . "

သူသည် ထိုစကားကို ရုတ်တရက်ပြောမထွက်နိုင်ပါ။ မွန်ဂိုစစ်ရှုံးရသည်ဆိုသောစကားကို သူပြော၍မထွက်ပါ။

"ကျုပ် ကျုပ်အနေနဲ့ ဘုရင်မင်းမြတ်ကို ဘယ်လိုလျှောက်တင်ရမယ်မှန်းမသိလို့ပါဗျာ"

ဗိုလ်ချုပ်ကြီးတူယူ၏ရှိသေကျိုးနွံမှုကိုကြည့်၍ လုစုယာကြက်သေသေသွား၏။ တူယူကဲ့သို့ ဗိုလ်ချုပ်ကြီးတစ်ဦးက ကြောက်နွံ့ရသည်ဆိုလျှင် ကျန်းကျုံးရွှ၏အဆင့်ကို သေးသေးကွေးကွေးသတ်မှတ်၍ မရနိုင်တော့ပေ။

ဗိုလ်ချုပ်ကြီးတူယူက သူ့စစ်သားများကိုအချက်ပြပြီး မြန်မြန်ဆုတ်စေလေ၏။

ထို့နောက် ရှောင်ကျဲကို လှမ်းကြည့်သည်။ နန်းတွင်းကိုယ်ရံတော်တပ်ဖွဲ့၊ မရဏပျံလွှားနံပါတ်နှစ်ခေါင်းဆောင်ရှောင်ကျဲမှာ အောင်ပန်းမဆင်နိုင်ရုံမက သူ့ညီတော် ဟူလူတူပင်အသက်ဆုံးရှုံးခဲ့သဖြင့် ဗိုလ်ချုပ်ကြီးတူယူက လှမ်းကြည့်လိုက်သည်နှင့် ခေါင်းငုံ့သွားခဲ့သည်။

ကျန်းကျုံးရွှကား ဗိုလ်ချုပ်ကြီးတူယူကို လုံးဝဂရုမစိုက်ချေ။

"နောင်ကြီးလုစုယာ. . . ကျုပ်ကို သိပ်စပ်စုတယ်လို့တော့ မထင်စေချင်ဘူး၊ အခြေအနေက စပ်စုဖို့ဖန်လာတော့ ကျုပ်လဲ စပ်စုရတာပဲ"

"ကိစ္စမရှိဘူး၊ ခင်ဗျားဘာသိချင်သလဲ"

"နောင်ကြီးလုစုယာရဲ့အဘိုးဟာ တောင်ပိုင်းစုန့်မင်းရဲ့ အမတ်ချုပ်ကြီးလုရှုပ်ဟူးဟုတ်ပါသလား"

"ဟုတ်တယ်"

"ဒါဆိုရင် ကျုပ်တွေးတာမှန်နိုင်လောက်ပြီ၊ ဟောဒီ မိန်းကလေးနှစ်ယောက်ဟာလဲ၊ ဘွန်အမတ်ကြီးနဲ့ကျန်းဗိုလ်ချုပ်ကြီးတို့ရဲ့ မြေးတွေပဲဖြစ်ရမယ်"

အမတ်ကြီးဘွန်ထန်နန်နှင့် အမတ်ကြီးကျန်းစိကျက်တို့သည် အမတ်ကြီးများသာမက တစ်ခါတစ်ရံ အရေးကြီးလျှင် စစ်သေနာပတိများအဖြစ်လည်း ဆောင်ရွက်ခဲ့ကြသူများဖြစ်သည်။

ထိုသည်ကို ရည်၍ဘွန်အမတ်ကြီးနှင့် ကျန်းဗိုလ်ချုပ်ကြီးဟုပြောခြင်းဖြစ်သည်။

လုစုယာသည် သူတို့မျိုးဆက်များအကြောင်း နှိုက်နှိုက်ချွတ်ချွတ်မေးလာခြင်း အတွက်စိတ်ထဲ၌ခံစားမှုတစ်ခုဖြစ်ပေါ်လာသည်။

"ကျုပ်တို့ရဲ့ကိုယ်ရေးရာဇဝင်တွေကို တော်ရုံတန်ရုံလူတွေ မသိရှိကြပါဘူး၊ ခင်ဗျားကတော့ ကျုပ်တို့အကြောင်းတွေ အတော်ကလေးသိနေပုံရတယ်၊ ခင်ဗျားက ဘယ်သူလဲ"

ကျန်းကျုံးရှုက တဟားဟားအော်ရယ်လေသည်။ သူ့ရယ်သံသည် မှန်ကိုအလံတင်စစ်လှေကြီးကိုပင် တုန်လှုပ်စေသည်။

"ဟား. . . ဟား. . . ဟား ကျုပ်သိထားတာက တစ်မျိုး၊ ကျုပ်မြင်နေရတာကတစ်မျိုး၊ ကျုပ်မျက်စိထဲမှာ ဘွန်၊ ကျန်း၊ လုတို့ရဲ့ နောက်တိုးမျိုးဆက်တွေဟာ တစ်ဦးနဲ့တစ်ဦး အတော်ကလေးချစ်ချစ်ခင်ခင်ဖြစ်နေကြပါလား"

လုစုယာသည် ကျန်းကျုံးရှုကို လုံးဝ အထင်မသေးတော့ပေ။ ဤသူသည် မျိုးဆက်သုံးဆက်၏ရန်ငြိုးများကိုလည်း သိထား





ပုံရနေသည်။ ထိုအချိန်မှာပင် ကျန်းကျုံးရှုသည် ဘွန်လူအောနှင့် ကျန်းစန်းအော်တို့ဘက်သို့ ဆတ်ခနဲ လှမ်းကြည့်လိုက်ပြီး သရော်လှောင်ပြောင်သောလေသံဖြင့် ပြောသည်။

"မင်းတို့ရဲ့ အထက်မျိုးဆက်တွေကတော့ တစ်ယောက်ကို တစ်ယောက် ရက်ရက်စက်စက်သတ်ဖြတ်ကြတယ်၊ တကယ့်အငြိုးမပြေ ရန်သူတော်တွေဖြစ်ခဲ့ကြတယ်၊ မင်းတို့ကြတော့ ဇာတ်ပြစရာကောင်းလောက်အောင်ကို ရင်းနှီးနေကြတယ်၊ ရန်သူကို ရန်သူလို့မမြင်ဘဲဖြစ်နေတယ်၊ အင်း. . . ကေန္တ- မင်းတို့မှာ မမြင်ရတဲ့သံယောဇဉ်ချစ်နှောင်ကြိုးကလေးတွေများ ရစ်ပတ်နေပြီလားမဆိုနိုင်ဘူး"

ဘွန်လူအောနှင့် စန်းတော်တို့မှာ ဆတ်ဆတ်ခါနာကျင်သွားကြသည်။ စန်းအော်မပြောနှင့် ဆင်ခြင်တုံတရားအတော်ရှိသော ဘွန်လူအောသည်ပင် စိတ်ကို မထိန်းနိုင်ဘဲဖြစ်သွားရာ ကျန်းကျုံးရှု၏ ခလုတ်တိုက်သောစကား မည်မျှအရာရောက်သွားသည်ကို သိရှိနိုင်ပေသည်။

"ညီမလေးတို့ ငြိမ်ငြိမ်နေကြစမ်း"

လုစုယာက အော်လိုက်သည်။

သူသည် ကျန်းကျုံးရှုဘက်သို့လှည့်လိုက်သည်။

"ကျန်းကျုံးရှု- ခင်ဗျားဟာ အသက်ငယ်ပေမယ့် အတော်ကြီးကျယ်တဲ့ဩဇာကို ပိုင်ထားတဲ့သူပဲ၊ ဘာဖြစ်လို့ ဒီလောက်အောက်တန်းကျလှတဲ့စကားကိုပြောရတာလဲ"

ဗိုလ်ချုပ်ကြီးတူယူသည် အရာရှိငယ်ကျန်း၏ ကေရာဇ်အပေါ် ပေါက်ရောက်သောအရည်အချင်းကြောင့် ကြောက်ရွံ့သော်

လည်း ရန်သူများနှင့် ဆွေစုံမျိုးစုံဇာတ်ခင်းနေသည်ကိုမူ စိတ်ရှည်သည်းခံနိုင်ဟန်မပေါ်တော့ပေ။

သို့သော် သူစစ်ရှုံးရသည့်ကိစ္စတွင် အလျှောက်ကောင်းမှ အထောင်းသက်သာမည်ဖြစ်၍ ကျန်းကျိုးရှုကို အားကိုးရပေဦးမည်။

သို့ဖြစ်၍ ဗိုလ်ချုပ်ကြီးသည် မျက်နှာကြီးရှုံ့မဲ့လျက် ကြိတ်မှိတ်၍သာ အောင့်အည်းသည်းခံနေရပြန်သည်။

ကျန်းကျိုးရှု၏အမူအရာများသည် ချက်ချင်းပြောင်းလဲသွား၏။ စောစောက သရော်လှောင်ပြောင်သည့် အရိပ်အယောင်များလည်း ချက်ချင်းပျောက်သွားသည်။

သူကတည်ကြည်စွာပြောသည်။

“ကျုပ်အနေနဲ့ အောက်တန်းကျတဲ့စကား ပြောကောင်းပြောမိမယ်၊ ပြောလဲ အပြစ်မဖြစ်နိုင်ဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားရဲ့အဘိုး အမတ်ချုပ်ကြီးလုရှုဟူးနဲ့ကျုပ်အဘိုးမှာလဲ ရန်ငြိုးရန်စတွေ ရှိခဲ့လို့ပဲပေါ့”

လုစုယာမှာ အလွန်တရာအံ့ဩသွားသည်။

“အင်း. . . ဒါဆိုရင် ခင်- ခင်ဗျားဟာ”

ကျန်းကျိုးရှုက ခပ်ယဲ့ယဲ့ကလေးရယ်လိုက်သည်။

“ဟုတ်တယ်၊ ကျုပ် ကျန်းကျိုးရှုရဲ့အဘိုးဟာ စစ်သေနာပတိချုပ်ကြီးကျန်းရှုံ့ဟွမ်ပဲဗျ”

ထိုစကားကိုကြားလိုက်ရသောအခါ လုစုယာ၊ ဘွန်လူအော နှင့်ကျန်းစန်းအော်တို့မှာ အကြီးအကျယ်မျက်နှာပျက်သွားကြလေ၏။ ကျန်းစန်းအော်မှာ သူတို့သုံးယောက်အနက်တွင် စိတ်နောက်ကိုယ်ပါ





အလုပ်တတ်ဆုံးဖြစ်၍ လျှပ်တစ်ပြက်ခုန်ထွက်သွားကာ ကျန်းကျိုးရှုအား အသည်းကြွေသွေးမြေခဟူသောလက်ဝါးတိုက်ကွက်ဖြင့် ဘယ်ယောင်ပြ ညာဘက်တိုက် တိုက်ခိုက်လေတော့၏။

ထိုတိုက်ကွက်သည် နှလုံးကွဲအသည်းခြွေလက်ဝါးသိုင်းထဲမှ အလွန်တရာရက်စက်ကြမ်းကြုတ်သော တိုက်ကွက်ဖြစ်သည်။ ကျန်းကျိုးရှုကား ခါးနွဲ့၍ အသာကလေးရှောင်တိမ်းသွားသည်။ လုစုယာမှာ ပြင်းထန်ရက်စက်သောတိုက်ကွက်အား ထိမထင်သလို ရှောင်တိမ်းသွားသည့်အတွက် အလန့်တကြားဖြစ်မိသည်။

“ဒီလူရဲ့သိုင်းပညာဟာ ရှောင်ကျဲထက် အများကြီးအဆင့်မြင့်ပါလား၊ ကိတ်အာကျက်နဲ့ တန်းတူအဆင့်လောက်များ ရှိနေသလားမသိဘူး”

လုစုယာမှာ ကျန်းကျိုးရှုအား တစ်ထစ်ပြီးတစ်ထစ် အမှတ်များတိုးပေးနေရလေ၏။ ထို့ပြင် မိမိ၏အဘိုးဖြစ်သူအား အကြီးအကျယ်နှောင့်ယှက်ခဲ့သူ၏မျိုးဆက်အား ယခုပင် တိုက်ခိုက်ရလေမည်လား၊ နောင်မှတိုက်ခိုက်ရမည်လားဆိုသည်ကိုပင် မဝေခွဲနိုင်ဖြစ်နေရပေသည်။

ဘွန်လူအောကလည်း ကျန်းကျိုးရှုအား မျက်မှောင်ကုတ်ကြည့်ပြီးတွေးနေ၏။

“ဒီလူဟာ တော်တော်ထူးဆန်းတဲ့လူပဲ၊ မျိုးဆက်ရန်ကြွေးကိုသိုဝှက်ထားပြီး ငါတို့ကိုလုပ်ကြံမယ်ဆိုရင် သူ့အတွက် အခွင့်အရေးသာမှာအမှန်ပဲ၊ ဒီလိုကျတော့လဲ သူ မလုပ်ဘူး။ မျိုးဆက်ရန်ကြွေးအကြောင်း ရဲရဲဝံ့ဝံ့ ထုတ်ဖော်ပြောပြခဲ့တယ်၊ အခုဆိုရင် သူ့ရယ်

ရှောင်ကျဲရယ်၊ ဝမ်ကန့်ကြည်တို့ရယ်ရှိနေကြတယ်၊ နောက်ပြီး စစ်လှေပေါ်မှာ မွန်ဂိုစစ်သားတွေလဲ ရှိနေကြတယ်၊ အင်အားအနေနဲ့ သူတို့ဘက်ကတောင် သာသယောင်ရှိသေးတယ်၊ သူက ဘာဖြစ်လို့ မတိုက်တာလဲ မသိဘူး"

ဘွန်လူအောသည် ထိုအတွေးတွေးမိသဖြင့် ပို၍ပင် သတိထားလိုက်သည်။ သူမ၏ဓားနှစ်လက်ကို မသိမသာ စမ်းသပ်လိုက်သည်။ အကယ်၍ တိုက်ခိုက်ကြရလျှင် သိုင်းလောက၌ သမိုင်းဝင်သော တိုက်ပွဲဖြစ်မှာသေချာသည်။

ကျန်းကျုံးရှသည် ဘွန်လူအော၏လက်များ ဓားနှစ်လက်၏လက်ကိုင်ရိုးပေါ် ဝဲနေသည်ကိုကြည့်ပြီး တဟဲဟဲလှောင်ရယ်ရယ်၏။ အတည်စကားများပြောပြီးသည့်နောက်ပိုင်း၌ သူ၏မခိုးမခန့် အမူအရာများ ချက်ချင်းပြန်ပေါ်လာသည်။

"ခင်ဗျားတို့သုံးယောက် သိပ်ပြီးအတွေးခေါ်မနေကြနဲ့"

"ခင်ဗျားက ဘယ်လိုဖြစ်စေချင်လို့လဲ၊ ခင်ဗျားရဲ့စိတ်ကူးကို ကျုပ်တို့သိချင်တယ်"

လုစုယာက ပြန်လည်မေးခွန်းထုတ်လိုက်သည်။

"ဟဲ- ဟဲ- ဟဲ- ခင်ဗျားတို့သုံးယောက် မျက်လုံးတွေထဲမှာ အမုန်းရဲ့အရိပ်အယောင်တွေ အများကြီးမြင်နေရတယ်၊ ခင်ဗျားတို့ သိပ်လက်စားချေချင်ကြမယ်ဆိုတာ ကျုပ်ဗေဒင်မမေးဘဲနဲ့ သိနိုင်ပါတယ်၊ ဟဲ- ဟဲ- ဟဲ ဒီတော့ နောက်သုံးလကြာရင် ခင်ဗျားတို့အားလုံး ပီကင်းနေပြည်တော်ကိုလာခဲ့ကြ၊ ကျုပ်က ရှင်ရှမ်းအဆောက်အအုံမှာ စောင့်နေမယ်၊ ခင်ဗျားတို့ လာရော လာရဲကြရဲ့လား ဟဲ- ဟဲ- ဟဲ"





ဖိတ်ခေါ်ချက်. . .။

စိန်ခေါ်ခြင်းဟုဆိုက ပို၍မှန်ပေလိမ့်မည်။

မမျှော်လင့်သည့်ဖိတ်ခေါ်ချက်ကြောင့် သုံးယောက်စလုံး ကြက်သီးတဖျန်းဖျန်း ထသွားလေသည်။

လုစုယာက အတန်ကြာစဉ်းစားပြီး ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီလေ. . . ဒီအတိုင်းဖြစ်ရစေမှာပေါ့၊ ဖြစ်မည့်အရာများသည် ဖြစ်ကိုလာရမည်ဆိုတဲ့စကားအတိုင်းပဲပေါ့၊ ကျုပ်က နောက်တစ်ခုထပ်ပြီး ဖြည့်စွက်လိုက်မယ်၊ ခင်ဗျားတင်မကဘူး၊ မွန်ဂိုတွေကို မျက်နှာလိုမျက်နှာရလုပ်ပြီး ဟန်တရုတ်တွေကိုနှိပ်စက်နေတဲ့ မရဏာပျံလွှားနှစ်ဆယ့်တစ်ကောင်ကိုပါ အဲဒီနေ့မှာ တွေ့မယ်လို့ ချိန်းဆိုလိုက်ပါတယ်. . ."

ရှောင်ကျဲက ရှေ့သို့တစ်လှမ်းတက်ပြီး စိန်ခေါ်ချက်ကိုလက်ခံကြောင်း ပြန်ကြား၏။

"ကောင်းပါပြီ. . . တို့ကလဲ မင်းတို့ကိုစောင့်နေပါ့မယ်"

"ဒါဆိုရင် တိစ္ဆပြတ်ပြီပေါ့"

"အခုအချိန်မှာတော့ ပြတ်ပြီ"

ကျန်းကျုံးရှက ခပ်စိမ်းစိမ်းပင်ပြောသည်။

လုစုယာက ကျန်းကျုံးရှအားဂါရဝပြုလိုက်ပြီး ဘွန်လူအောနှင့်ဝန်းအော်တို့အား လှေငယ်ဆီသို့ဆင်းရန် အချက်ပြလိုက်၏။

ကျန်းကျုံးရှ၏သိုင်းပညာမှာ လွန်စွာအဆင့်မြင့်လှသဖြင့် ဘွန်လူအောနှင့်ဝန်းအော်တို့အား အလျင်ဆင်းစေခြင်းဖြစ်သည်။

"ဟဲ . . . ဟဲ . . . ဟဲ ကျုပ်က ဘာမှဉာဏ်နီဉာဏ်နက် မများပါဘူး၊ နောက်သုံးလအကြာမှာ တွေ့ကြဖို့ချိန်းဆိုပြီးပြီပဲ"

ကျန်းကျုံးရှုက လုစုယာအား သရော်လှောင်ပြောင်သံနှင့် လှမ်းပြောလိုက်လေသည်။

လုစုယာက ဘာမျှခွန်းတုံ့မပြန်တော့ဘဲ လှေငယ်ရှိရာသို့ ခုန်ချသွားလေ၏။ ဟူစီသည် ဝမ်းသာအားရဖြင့် လှေငယ်ကို ကျွန်းဘက်ဆီသို့ ပြန်လည်ဦးတည်ကာ တရကြမ်းလှော်ခတ်လေတော့၏။

◈ ◈ ◈



## အခန်း (၄၅)
## သူရဲကောင်းတို့၏မျက်ရည်

ဝိုလ်ချုပ်ကြီးတူယူ၊ ကျန်းကျုံးရှုနှင့်ရှောင်ကဲ့တို့ကား အရှေ့ပင်လယ်ရှစ်ဆယ့်တစ်ကျွန်းအား အန္တရာယ်ပေးထွက်ခွါသွားခဲ့ရလေပြီ။

ရှောင်ကြည်ဟိုင်သည် ကျွန်းပေါ်မှမွန်ဂိုအကြွင်းအကျန်များကို သုတ်သင်ရှင်းလင်းပြီးနောက် လုစုယာတို့ကို ဆီးကြိုလျက်ရှိကြ၏။ သူတို့သည် လုစုယာတို့အားဂုဏ်ပြုချီးကျူးရန် ပုထိုးကြီး၏ အနောက်ဘက်တောင်ကုန်းရှိဇရပ်ကို ရှင်းလင်းထား၏။ ဇရပ်၏ခန်းမကြီးသည် ဂုဏ်ပြုပွဲလုပ်ရန် သင့်လျော်သည်။

အရှေ့ပင်လယ်ရှစ်ဆယ့်တစ်ကျွန်းသားများသည် တစ်ညလုံး အကြိတ်အနယ်တိုက်ခိုက်ခုခံခဲ့ကြ၏။ နံနက်လင်းသောအခါ အောင်ပွဲသည် သူတို့လက်ထဲသို့ရောက်နေပြီဖြစ်ကြောင်း တွေ့လိုက်ကြရသည်။

ဇရပ်ခန်းမဆောင်ကြီးကား လင်းလင်းချင်းချင်းရှိနေ၏။ ခေါင်းရင်းရှိ စားပွဲကုလားထိုင်များတွင် လုစုယာ၊ ဘွန်လူအောနှင့်

ကျွန်းစန်းအော်တို့အပြင် ကျွန်းစုခေါင်းဆောင်များထိုင်နေကြ၏။

အရက်နှင့်ဟင်းလျာများကိုလည်း ရှောင်ကြည်ဟိုင်က စီစဉ်ထား၏။ လုစုယာတို့ကဗြင်းပယ်သော်လည်း ရှောင်ကြည်ဟိုင်က အတင်းအဓမ္မ အားနာစရာကောင်းလောက်အောင် တောင်းပန်သဖြင့် အရက်တစ်ခွက်စီသောက်ကြရသည်။

ထိုဂုဏ်ပြုပွဲတွင် စကားအများဆုံးပြောသူမှာ ရှောင်ကြည်ဟိုင်သာဖြစ်၏။ ယခင်က အထင်မှား သံသယရှိခဲ့သည်များကိုလည်း ထပ်လောင်းတောင်းပန်သည်။ ကျွန်းစုခေါင်းဆောင်များနှင့်ကျွန်းသားအားလုံးမှာ ပျော်တပြုံးပြုံး မော်မဆုံးဖြစ်နေကြသည်။

လုစုယာသည် သူတို့၏အပျော်မျက်နှာများကို ပျောက်ဆုံးမသွားစေချင်ပေ။ သူက ထရပ်ပြီး သတိပေးစကားပြောကြားလေ၏။

"ခေါင်းဆောင်ကြီးရဲ့သိုင်းပညာနဲ့ ကျွန်းစုခေါင်းဆောင်တွေရဲ့သိုင်းပညာတွေဟာ ဟောဒီနယ်ပယ်တဝိုက်မှာတော့ အတော်တလေးပဲ ထင်ပေါ်ကျော်ကြားနိုင်လောက်တယ်၊ ရှစ်ဆယ့်တစ်ကျွန်းသားတွေရဲ့မျိုးချစ်စိတ်နဲ့အမျိုးမာန်က ကျောက်ဆောင်ကျောက်တောင်တွေထက် မာကျောလှပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့အားလုံးသတိပြုရမယ့်အချက်ကတော့ မွန်ဂိုစစ်ဗိုလ်ချုပ်ကြီးတုယှုဟာ အရှုံးကြီးရှုံးပြီး ပြန်ပြေးသွားရတယ်ဆိုတာကိုပါပဲ၊ သူဟာ အခဲကြေမှာ မဟုတ်ဘူး၊ သူပြန်လာဦးမှာပါ၊ ဒါကြောင့် ခင်ဗျားတို့ဟာ အစဉ်အမြဲသတိရှိနေရပါမယ်၊ မွန်ဂိုတွေအလစ်မတိုက်နိုင်အောင် ခင်ဗျားတို့ ပြင်ဆင်မှုတွေ လုပ်ထားသင့်တယ်လို့ ကျွန်တော်ယူဆပါတယ်"

ကျွန်းစုခေါင်းဆောင်များ ခေါင်းတညိတ်ညိတ်ဖြစ်ကုန်သည်။





သို့သော် ချီရိုထန်က ချက်ချင်းထသည်။

"ခုလို သတိပေးတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ် ခိုင်ခိုင်မာမာပြောနိုင်တာတော့ ရှိပါတယ်၊ ဒီလိုပြောလို့ ကျုပ်ကို ကိုယ့်ကိုယ်ကို အထင်ကြီးပြီးပြောတာလို့လဲ မထင်စေချင်ပါဘူး"

"ကျွန်တော်နားလည်ပါတယ်၊ ခင်ဗျားပြောချင်တာကို ပြောပါ"

"ကျုပ်တို့ကျွန်းစုတွေဟာ ယခင့်ယခင်အခါကလဲ အင်မတန်မှ စည်းလုံးညီညွတ်ခဲ့ပါတယ်၊ အခုလဲ အတွင်းသူလျှိုသာ ရှိမနေဘူးဆိုရင် မွန်ဂိုတွေဟာ ခုလောက် ရဲရဲတင်းတင်းဝင်တိုက်ဝံ့မယ်မထင်ပါဘူး၊ နောက်တစ်ကြောင်းလဲရှိပါသေးတယ်၊ မွန်ဂိုတွေဟာ ရေကြောင်း မကျွမ်းကျင်သလို ကျုပ်တို့ရဲ့ကျွန်းနယ်မြေကိုလဲ ကျွမ်းကျင်မှုမရှိကြပါဘူး၊ ကျုပ်တို့ကိုအနိုင်တိုက်ဖို့ဆိုတာ သိပ်တော့မလွယ်တဲ့ ကိစ္စပါ"

အတွင်းသူလျှိုဟူသောစကားပါရှိလာသဖြင့် ကျွန်းသားများသည် တိန်ဒယောက်ကို အတော်ကလေး မကျေမနပ်ဖြစ်သွားသည်။ ဟူစီက ကျိန်ဆဲသည်။

ဟူစီသည် ကျန်ဟန်ပြောင်နှင့် ကျူလျံရင်တို့အား လှည့်မေးသည်။

"မင်းတို့နှစ်ယောက်ကလဲ ဘယ်လိုဖြစ်ကြတာလဲ၊ ကျူလျံရင်ကရော တိန်ဒယောက်ပါ မမှန်ကန်တာ တစ်စွန်းတစ်စ မသိဘူးလား"

ရှောင်ကြည်ဟိုင်က ဖြစ်ပြီးသောကိစ္စများအတွက် အားလုံးအသစ်တစ်ဖန် စိတ်မချမ်းသာခြင်း မဖြစ်စေလိုပေ။

"တော်ကြပါတော့၊ ဖြစ်ပြီးတဲ့ကိစ္စတွေကို ထပ်ပြောမနေပါနဲ့တော့၊ အတိတ်ဟာ အတိတ်မှာပဲရှိပါစေ၊ ကျုပ်တို့တတွေ စည်းလုံးဖို့ပဲလိုပါတယ်"

ကျူလျံရှင် ကျန်ဟန်ပြောင်တို့အကြောင်း စကားစပ်မိနေသောအခါမှ လုစုယာသည် သူ၏အတွင်းအိတ်ထဲမှ ရတနာဘူးခွံကြီးကို သတိရလေတော့သည်။

သူသည် ရတနာဘူးခွံကြီးကို ဖျာဖျာသလဲထုတ်ယူပြီး စားပွဲခုံပေါ် တင်ထားပေးလိုက်သည်။

"ကြည့်စမ်းပါဦးဗျာ၊ အရေးကြီးတဲ့ပစ္စည်းကို ကျုပ်ပြန်ပေးအပ်ပါတယ်ခင်ဗျာ"

ရှောင်ကြည်ဟိုင်ကမူ လုစုယာ၏ရိုးသားမှုကို ကြည့်၍တဟားဟားရယ်လေသည်။

"သူ့ရဲ့ကောင်းကြီး. . ခင်ဗျားတို့ ဖူထိုကျွန်းကို ဆင်းလာတာ တမင်သက်သက်ဆင်းလာတာတော့ ဟုတ်မယ်မထင်ဘူး"

ရှောင်ကြည်ဟိုင်က လုစုယာအား မေးလိုက်၏။

လုစုယာမှာ မျက်နှာပူသွားသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး သူ မပွင့်လင်းခဲ့သဖြင့် ရှစ်ဆယ့်တစ်ကျွန်းသားများ အထင်မှားခဲ့ကြပုံကို ပြန်လည်သတိရမိသည်။

"မှန်ပါတယ်၊ ဒီကျွန်းကိုဝင်လာတာ ရည်ရွယ်ချက်ရှိပါတယ် ခင်ဗျားတို့ ကျွန်းသားတွေ ပစ္စည်းတစ်ခုရေထဲက ဆယ်ယူရရှိတယ်ဆိုတော့ ကျုပ်တို့စိတ်ထဲမှာ ကျောက်စိမ်းဧကရာဇ်တံဆိပ်တော်များလားလို့ အထင်ရောက်ခဲ့မိကြပါတယ်၊ ဒါကြောင့် လူအုပ်နဲ့ရောပြီးဝင်ခဲ့တာပါ။ တကယ်တမ်းကျတော့ ခင်ဗျားတို့ရထားတာက တံဆိပ်တော်မဟုတ်ဘဲနဲ့ တံဆိပ်တော်ထည့်တဲ့ဘူးခွံကြီးဖြစ်နေတာကိုး"





"တကယ်လို့ ဘူးခွံချည်းသက်သက်မဟုတ်ဘဲ၊ ကျောက်စိမ်းတံဆိပ်ဖြစ်နေမယ်ဆိုရင်ကောဗျာ"

ရှောင်ကြည်ဟိုင်က လုစုယာကို ကျီစယ်လိုက်ခြင်းသာဖြစ်ပါလေ၏။ သို့သော် စန်းအော်က ကျီစယ်မှန်းမသိဘဲ ဆတ်ခနဲထရပ်သည်။

"ဒါဆိုရင်တော့ ကျွန်မတို့က ခေါင်းဆောင်ကြီးတို့ကို ဘယ်အားနာနိုင်တော့မလဲ၊ ကျွန်မတို့ ဘိုးစဉ်ဘောင်ဆက်တွေဟာ ဒီတံဆိပ်တော်အတွက်. . ."

"ဟား. . . ဟား. . . ဟား"

သူမ၏စကားမဆုံးမီ ရှောင်ကြည်ဟိုင်က တဟားဟားရယ်လိုက်သဖြင့် ကျန်းစန်းအော်မှာကြောင်စီစီဖြစ်သွားသည်။

"အဲဒီလိုပဲဖြစ်ရမှာပေါ့၊ အမတ်ချုပ်ကြီးလုရှုဟူးဟာ ဒီတောင်ပိုင်းပင်လယ်ပြင်မှာ အသက်ဆုံးရှုံးခဲ့ရတယ်၊ ကျောက်စိမ်းဧကရာဇ်တံဆိပ်တော်အတွက် ဘွန်၊ ကျန်း၊ လုမျိုးဆက်တွေဟာ သွေးချောင်းစီးမတတ် တိုက်ခိုက်ခဲ့ကြရတယ်၊ ဒါတွေဟာ အကြောင်းမဲ့ဖြစ်တာမှမဟုတ်ဘဲ၊ ကျုပ်တို့ဟန်တွေလက်ထဲ ကိုယ့်တိုင်းပြည် ကိုယ်ပြန်ရောက်အောင်ကြိုးစားရင်း ဖြစ်ခဲ့ကြရတာပဲ"

စန်းအော်မှာ နှုတ်ပိတ်သွားရသည်။ ရှောင်ကြည်ဟိုင်သည် ဘွန်၊ ကျန်း၊ လုမျိုးဆက်တို့၏ အမျိုးသားရေးလှုပ်ရှားမှုကို ကောင်းစွာအသိအမှတ်ပြုပေသည်။ စန်းအော် ပြန်ထိုင်သွား၏။

“ကျုပ်တို့ရှစ်ဆယ့်တစ်ကျွန်းဟာ သားငါးပေါ်ရုံတင်မဟုတ်ဘူး၊ တခြားအသီးအနှံတွေလဲ ဖြစ်ထွန်းပါတယ်၊ ဒီရတနာဘူးခွံဟာ ကျုပ်တို့အတွက် အသုံးမဝင်ပါဘူး၊ ဒီဘူးခွံမဟုတ်ဘဲနဲ့ ကျောက်စိမ်းကေရာဇ်တံဆိပ်တော်ဖြစ်နေပါစေဦး၊ ကျုပ်တို့ မမက်မောပါဘူး၊ သို့သော်လဲပဲ. . .”

ရှောင်ကြည်ဟိုင်သည် ခေါင်းဆောင်ပီသသည်။ အရေးအခင်းအားလုံး ငြိမ်းပြေစေလိုသည်။

“သို့သော်လဲ. . . ဒီဘူးခွံကိုဆယ်ယူရရှိတဲ့ ကျုပ်ရဲ့ညီတော်နောင်တော်တွေရဲ့သဘောထားကိုတော့ အများရှေ့မှာပဲ ကျုပ်ကရှင်းရှင်းလင်းလင်းဖြစ်သွားအောင် မေးမြန်းလိုပါတယ်”

ကျူလျံရှင်က ချက်ချင်းထပြီး. . .

“သူ့ရဲ့ကောင်းကြီးလုစုယာဟာ ကျုပ်တို့ရဲ့ကျေးဇူးရှင်ပါ၊ သူသာ မရှိခဲ့ရင် ကျုပ်တို့ရှစ်ဆယ့်တစ်ကျွန်းသားတွေ အတော်များများသေကုန်မှာသေချာပါတယ်၊ ဒါကြောင့် ဒီရတနာဘူးခွံနဲ့ပတ်သတ်လို့ ကျွန်တော်တို့ ဘာမှမက်မောခြင်းမရှိပါဘူး၊ သူ့ရဲ့ကောင်းကြီးကို ပေးအပ်ဖို့ကိစ္စမှာ ကျုပ်တို့ လုံးဝသဘောတူပါတယ်”

ထိုအခါ ကျန်ဟန်ပြောင်သည် မတ်တတ်ထရပ်လိုက်သည်။

“ကျုပ်ကလည်း ဒီနည်းအတိုင်းပါပဲ၊ ကျုပ်တို့နှစ်ယောက် မနေ့ကတိုက်ခိုက်ခဲ့တာတွေဟာ ဘာမှအဓိပ္ပါယ်မရှိပါဘူး၊ တကယ်တော့ရတနာဘူးခွံဟာ အဓိကမဟုတ်ပါဘူး၊ ကျုပ်တို့ဟာ မာန်မာနကြောင့် တိုက်ခိုက်မိခဲ့ကြတာပါ”

“ဟုတ်ပါတယ်၊ ဒါအမှန်ပါပဲ၊ ကျုပ်တို့ မှားခဲ့ကြပါတယ်”





ကျူလျံရှင်သည် မျက်ရည်များရစ်ဝဲလျက် ကျန်ဟန်ပြောင်ဆီသို့ သူ့ညာဘက်လက်ကို ဆန့်တန်းပေးသည်။ ကျန်ဟန်ပြောင်က တင်းကျပ်စွာဆုပ်ကိုင်၏။ သူလည်း မျက်ရည်များဝဲလာသည်။

“တကယ်တော့ ကျုပ်တို့ဟာ ကျွန်းသွားညီအစ်ကိုတွေပါ၊ ကျုပ်တို့ကျွန်းကို မွန်ဂိုတွေမထိပါးအောင် ကာကွယ်ပါ့မယ်၊ ဟန်တရုတ်ညီအစ်ကိုတော်တွေအတွက် ကျုပ်တို့ရဲ့အသက်သွေးချွေးကို စတေးပါ့မယ်၊ နောင် စိတ်ဝမ်းကွဲတဲ့အပြုအမူတွေ မဖြစ်ရအောင် ကျုပ်တို့ရှောင်ကြဉ်ပါ့မယ်”

ကျန်ဟန်ပြောင်၏စကားလုံးများသည် ကျွန်းသားအားလုံး၏နှလုံးသားသို့ ရိုက်ခတ်သွားလေသည်။

အားလုံးပင် လက်သီးတင်းတင်းဆုပ်မိကြသည်။ ကြက်သီးဖြန်းဖြန်းထမိကြသည်။

“ကောင်းတယ်၊ သိပ်ကောင်းတယ်၊ အဲဒီစိတ်ဓာတ်ဟာ ဟိုရှေးပဝေသဏီကတည်းကရှိခဲ့တဲ့ ညီရင်းအစ်ကိုစိတ်ဓာတ်ပဲ၊ တိန်မူယောက်ကြောင့် အဲဒီစိတ်ဓာတ်ပြိုကွဲမလိုဖြစ်ခဲ့ရတယ်၊ ဘုရားသိကြားမလို့ ဒီစိတ်ဓာတ်ဟာ မပြိုမလဲနိုင်ခိုင်မြဲမြဲရှိခဲ့တယ်၊ ဝမ်းသာတယ်၊ ကျုပ်သိပ်ဝမ်းသာတယ်”

အဘိုးအိုချီရှိုထန်သည် အားပါးတရ ရယ်မောကာ ကျယ်လောင်စွာအော်ဟစ်လေသည်။

ထိုအချိန်မှာပင် ကျွန်းသားတစ်ယောက်သည် သေချာကျနစွာ စည်းနှောင်ထားသည့်အထုပ်ကြီးတစ်ထုပ်ကို စားပွဲပေါ်လာတင်သည်။

ချောင်ကြည်ဟိုင်က ရတနာဘူးခွံကို ထိုအထုပ်ကြီးနှင့်အတူ ယှဉ်၍ချထားလိုက်သည်။

"ဒါကတော့ ကျုပ်တို့ဒေသထွက်တဲ့ ငါးခြောက်ပါ၊ ဒီငါးခြောက်ဟာ တခြားငါးခြောက်တွေနဲ့ လုံးဝမတူပါဘူး၊ အဲဒီငါးဟာလဲ ကြို့စင်ကျွန်းနားမှာပဲနေပါတယ်၊ ဒီငါးကိုစားရင် အသက်ရာကျော်ရှည်တယ်လို့ ကျုပ်တို့ကျွန်းသားတွေအယူရှိပါတယ်၊ ကြို့စင်ကျွန်းသားတွေဟာလဲ တခြားကျွန်းသားတွေနဲ့မတူပါဘူး၊ အသက်တစ်ရာကျော်နေကြရပါတယ်၊ ဒီငါးခြောက်တွေကို ကျုပ်တို့ ရှစ်ဆယ့်တစ်ကျွန်းသားတွေက လက်ဆောင်ပေးအပ်ပါတယ်၊ ရည်ရွယ်ချက်ကတော့ ခင်ဗျားတို့သုံးယောက် အသက်ရာကျော်ရှည်ပြီး ဟန်တရုတ်တွေအတွက် ဆတက်ထမ်းပိုးတိုးပြီး ကြိုးစားနိုင်အောင်လို့ပါဗျာ"

ချီရှိုထန်က လက်ဆောင်များကို ပေးအပ်ပြီး နှုတ်ဆက်စကားပြောကြားလိုက်ရာ ကျွန်းသားအားလုံး တဖြောင်းဖြောင်းဖြင့် လက်ခုပ်သြဘာပေးကြလေတော့၏။

လုစုယာတို့မှာ သူတို့၏စေတနာအတွက် မျက်ရည်လည်မတတ်ခံစားကြရ၏။ သို့သော် ငါးခြောက်များသည်လည်းကောင်း၊ ရတနာဘူးခွံသည်လည်းကောင်း သူတို့အတွက် ဘာမျှတန်ဖိုးမရှိပါချေ။ စေတနာဖြင့်ပေးသောပစ္စည်းများဖြစ်၍ သူတို့သည် အကျောက်အကန် မငြင်းဆန်တော့ချေ။

◈ ◈ ◈



အခန်း (၄၆)
## ခြေရာခံလိုက်သူများ

လုစုယာက အားလုံးကို လက်အုပ်ချီ၍ ကျေးဇူးတင်စကားပြော၏။

"အခုလို စေတနာနဲ့ လက်ဆောင်ပစ္စည်းတွေပေးအပ်ကြတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ တိုင်းပြည်ကြီးကိုယ့်လက်ထဲ ကိုယ်ပြန်ရောက်ဖို့ကိစ္စမှာ ဒီရှစ်ဆယ့်တစ်ကျွန်းက ညီရင်းအစ်ကိုတွေအနေနဲ့ ပြည်မကမျိုးချစ်တွေနဲ့အတူ လက်တွဲဆောင်ရွက်သွားနိုင်ကြပါစေလို့ နောက်ဆုံး ဆုတောင်းဆန္ဒပြုလိုက်ပါတယ်ခင်ဗျား"

လုစုယာက လက်ဆောင်များကို စနစ်တကျအား အသိမ်းခိုင်းလိုက်၏။ သူတို့အား ထွက်ခွါသွားခွင့်ပြုရန် ချောင်ကြည်ဟိုင်အားတောင်းပန်ရာ ချောင်ကြည်ဟိုင်က နောက်တစ်ပတ်နှစ်ပတ်ခန့် နေထိုင်ပါရန် အတင်းအကျပ်တောင်းဆိုသည်။

"အခုတော့ ခင်ဗျားတို့ဧည့်ဝတ်ကျေပွန်လှပါပြီ၊ ကျွန်တော်

တို့အနေနဲ့ ဒီမှာ မနေချင်လို့မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ ဆရာကြီး တစ်ယောက်နဲ့အဖြင့် ကျောက်စိမ်းတံဆိပ်တော်နောက်ကို အမိလိုက်ရ ဦးမှာပါ၊ တကယ်လို့ ကျွန်တော်တို့နောက်ကျရင် သူကတံဆိပ်တော် ကို အရယူသွားမှာပါ၊ ဒါကြောင့် ဒီလောက်မြန်မြန်ဆန်ဆန် ခရီးထွက် ရခြင်းဖြစ်ပါတယ်၊ တကယ်လို့ အားလပ်ခဲ့ရင်တော့ နောက်တစ်ကြိမ် အလည်အပတ်လာခဲ့ပါ့မယ်ဗျာ"

ရှောင်ကြည်ဟိုင်တို့မှာ ထပ်မံ၍ မတားဆီးနိုင်တော့ပေ။

ဟူစီက လူစုယာတို့အား ဒီကြိုမြို့ကလေးအထိ လိုက်ပို့မည် တကဲကဲလုပ်နေသည်။ လူစုယာက အတန်တန်တောင်းပန်မှ လက် လျှော့သွားသည်။

"ကျုပ်တို့ ဘယ်တော့များမှပြန်ဆုံကြမယ် မသိဘူးနော်"

ရှောင်ကြည်ဟိုင်၏ ညည်းညူညူပြောလိုက်သည့်စကားက လူစုယာတို့အား အကြီးအကျယ်တုန်လှုပ်ဝမ်းနည်းသွားစေသည်။

"ကျွန်တော်တောင်ပေါ်က ဆင်းသက်လာတဲ့ အဓိကရည် ရွယ်ချက်က သိုင်းလောက ဂိုဏ်းအဖွဲ့အသီးသီးက သူရဲကောင်းတွေ ကိုစုစည်းပြီး မွန်ဂိုတွေကိုတော်လှန်မယ်ဆိုတဲ့ ရည်ရွယ်ချက်ပါပဲ၊ အခု အဲဒီကိစ္စအတွက် ကျွန်တော် ဒီတိုင်းပြန်ရောက်နိုင်ပါသေးတယ် ခေါင်း ဆောင်ကြီးခင်ဗျား"

ရှောင်ကြည်ဟိုင်၏မျက်လုံးများ တောက်ပသွားသည်။ အား လည်းတက်သွားသည်၊ သူ၏ခရမ်းရောင်ဓားကြီးကို ကိုင်မြှောက်ကာ အားပါးတရပြောသည်။

"ကောင်းတယ်. . . သိပ်ကောင်းတဲ့အစီအစဉ်ပဲ၊ ဟောဒီ





ကျုပ်ရဲ့ဓားကို သက်သေပြုကိုင်တည်ပါတယ်၊ မွန်ဂိုတွေကို တော်လှန် တဲ့အတွက် ကျုပ်ရဲ့လက်ထောက်တွေဟာလဲ ကျုပ်လိုပဲ ပါဝင်ကြပါ လိမ့်မယ်၊ သူရဲကောင်းကြီးသာ မပျက်မကွက် ဆက်ဆက်ရောက် အောင်လာခဲ့ပါတော့ဗျာ"

လူစုယာသည် သိုင်းလောကထုံးစံမဟုတ်သော နှုတ်ဆက် ခြင်းဖြင့် နှုတ်ဆက်ရန် သူ၏ညာလက်ကို ရှောင်ကြည်ဟိုင်ဆီသို့ လှမ်း ပေး၏။ ရှောင်ကြည်ဟိုင်က လူစုယာလက်ကို သူ့လက်နှစ်ဘက်ဖြင့် လေးစားမြတ်နိုးစွာဆုပ်ကိုင်သည်။ သူ့မျက်လုံးများကား တက်ကြွမှု ဖြင့် အရောင်တောက်ပနေ၏။

အကယ်၍ လူစုယာကသာ အမျိုးသားစိတ်ဖြင့် လှုံ့ဆော် ပေးခြင်းမပြုခဲ့လျှင် ကျွန်းစုသခင်ခေါင်းဆောင်ဖြစ်သော သူရဲ ကောင်းကြီးရှောင်ကြည်ဟိုင်သည် လူစုယာတို့နှင့်ခွဲရသည့်အတွက် မျက်ရည်တျရှာပေလိမ့်မည်။ သူရဲကောင်း၏မျက်ရည်ကို လူစုယာ မမြင်လိုပါ။

လူစုယာအချက်ပြလိုက်သောအခါ ချင်ယင်ပန်းလှေထိုးသား နှစ်ဦးသည် သူတို့၏မနစ်မြုပ်နိုင်သောလှေကို ကမ်းစပ်မှခွါလိုက် သည်။ ရေစီးကြောင့် လှေသည် တစ်ရှိန်ထိုးထွက်သွားသည်။

လူစုယာ၊ ဘွန်လူဘောနှင့်စန်းဇော်တို့သည် ခေါင်းဆောင် ကြီးရှောင် ကြည်ဟိုင် မြင်ကွင်းမှပျောက်ကွယ်သွားသည်အထိ ရပ်၍ လက်ပြနှုတ်ဆက်ခဲ့ကြလေသတည်း။

လူစုယာတို့၏မနစ်မြုပ်နိုင်သောလှေသည် တောင်ဘက်သို့ ဦးတည်ထွက်လာကြသည်။

လေစုန်ရေစုန်ကို ရွက်ဖွင့်ရသည်ဖြစ်ရာ လှေသည် လျင်မြန်စွာဖြင့် တနိုင်နိုင်ပြေးလေတော့သည်။

တစ်နေ့မကူးမီပင် ကျွန်းနန်ဒေသ၏အကြီးဆုံးမြို့တော် ဝန်ကျိုးသို့ ဆိုက်ရောက်၏။ ကလေးစိတ်မကုန်ချင်သေးသည့် စန်းအော်သည် မြို့ပေါ်တက်၍လည်ပတ်ချင်သေးသည် လုစုယာနှင့်ဘွန်လူအောတို့က အချိန်မဖြုန်းသင့်ကြောင်း ဝိုင်းဝန်းပြောမှ လည်ပတ်ချင်စိတ်ကိုလျှော့လိုက်သည်။

ထို့နောက် ဝန်ကျိုးမှ ထွက်ခွါလာကြသည်။ ဆီးနှင်းများ သိပ်သည်းစွာကျလာသဖြင့် သူတို့ ရှေ့ခရီးမဆက်နိုင်ကြတော့ပေ။ ကမ်းစပ်တစ်နေရာသို့ ထိုးကပ်လိုက်ရသည်။ ထိုနေရာသည် ချူကျိုးမြို့နှင့် သိပ်မဝေးလှချေ။

လှေကမ်းကပ်သည်နှင့် စန်းအော်၏လည်ပတ်ချင်သောရောဂါ ပြန်ထလာပြန်သည်။ လုစုယာအတော်စိတ်ရှုပ်သွားသည်။ ထိုအထဲတွင် ဘွန်လူအောကပါ မြို့ပေါ်တက်ချင်သည်ဟုဆိုသောအခါ လုစုယာခွင့်ပြုရတော့သည်။

"ကောင်းပြီလေ၊ နှစ်ယောက်သွားမယ်ဆိုရင်တော့ ဘေးကင်းလောက်ပါတယ်။ ဒီ မြို့သိမ်မြို့ငယ်ကလေးမှာ ဘာမှကြည့်စရာတော့ ရှိမှာမဟုတ်ဘူး၊ စားစရာသောက်စရာ ရိက္ခာအချို့တလေ ဝယ်ခဲ့ကြ၊ ရန်သူမရှိဘူးဆိုပြီးတော့ ပေါ့ပေါ့ဆဆလဲ လျှောက်သွားမနေကြနဲ့၊ အစစအရာရာသတိရှိကြ"

စန်းအော်နှင့် ဘွန်လူအောတို့သည် ယောက်ျားလေးဝတ်စုံများနှင့်ပင် ကမ်းပေါ်တက်သွားကြ၏။





မြို့ငယ်ကလေးဖြစ်၍ လုစုယာပြောသည့်အတိုင်း ခြောက်ကပ်နေသည်။ လူသူလည်း နည်းပါးလှသည်။ ကြည့်စရာ ရှုစရာ ထူးထူးခြားခြားအဆောက်အအုံလည်းမရှိပေ။

လုစုယာသည် လှေဝမ်းထဲ၌ တုံးလုံးပက်လက်လှဲ၍ အနားယူနေသည်။ သူ့လှေထိုးသားနှစ်ဦးကား ပဲ့ပိုင်း၌မခွါကြချေ။

လုစုယာသည် ဘွန်လူအောအကြောင်း စဉ်းစားမိသည်နှင့် အိတ်ထဲမှ ကျောက်စိမ်းယပ်တောင်ကလေးကို ဆွဲထုတ်ကြည့်မိသည်။

ယပ်တောင်၏ကျောဘက်တွင် ဘွန်ဟူသောစာလုံးကလေးအား တွေ့လိုက်ရသောအခါ ရင်ထဲ၌တသိမ့်သိမ့်တုန်သွားသည်။

"အင်း- ဘွန်လူအောဟာ ငါ့ရဲ့ဇနီးလောင်းဖြစ်နေတာကိုး၊ ပန်းပွင့်ကလေးလို လှပသလောက် သိုင်းပညာကတော့လဲ တကယ်ထက်မြက်တာပဲ၊ အပြောအဆိုလဲ နူးညံ့သိမ်မွေ့တယ်၊ ရှာမှရှားတဲ့ မိန်းကလေးပဲ"

"နောက်ပြီး ငါ့အဖေအုတ်ဂူကိုလဲ ခဲရာခဲဆစ်တည်ဆောက်ပေးခဲ့သေးတယ်၊ တမွဲ့ည်းကျောက်ပြားမှာ ငါ့နာမည်ကို ရေးထိုးပေးရုံတင်မကဘူး အောက်ဘက်မှာ ကွက်လပ်ကလေးတောင် ချန်ထားခဲ့သေးတယ်၊ ဒါဟာ ဘာသဘောလဲ၊ ငါတို့မျိုးနွယ်ဆက် သားရေးသမီးရေးကိစ္စကို သူများကြိုတင်သိထားလေလို့လား၊ အင်း. . . ဒီအတိုင်းဆိုရင် စန်းကလေးအတွက် ငါဘာလုပ်ပေးရပါ့မလဲ"

ကျန်းစန်းအော်အကြောင်း ခေါင်းထဲဝင်လာသောအခါ လုစုယာ၏ ပျော့ရွှင်စိတ်ကလေးများမှာ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တော့သည်။

မိဘများ၏သဘောဆန္ဒအရဆိုလျှင် သူနှင့်ဘွန်လူအော လက်ဆက်ရမည်ဖြစ်သည်။ သို့သော် ဤကိစ္စကို စန်းအော် ဘာမျှမ သိရှာပေ။ သူမသည် သူ၏ဖခင်လုကွမ်နန် ဖုံးကွယ်ထားမှုကြောင့် မျိုးဆက်အရေးအခင်းများကိုပင် ဘာမျှမသိရှာခဲ့ပေ။

သူနှင့်တွေ့စကပင် စန်းအော်သည် **သူ့အား** ခင်ခင်မင်မင်ရှိခဲ့၏။ တစ်ရက်**ထက်တစ်ရက် ကြာလာသည်နှင့်အမျှ** စန်းအော်၏ သံယောဇဉ်များသည် **သူ့အပေါ် ရစ်ပတ်**နှောင်တွယ်လာသည်ကို လုစုယာ ကောင်းစွာသိရှိခံစားမိသည်။

ဤကိစ္စများကို စန်းအော်အား ထုတ်ဖော်ပြောပြလိုက်ရမည်လား။ မဖြစ်နိုင်ပါ။ လုံးဝမဖြစ်နိုင်ပါ။

ပျော်ရွှင်နေသော စန်းအော်သည် ပန်းကလေးပမာ ညှိုးနွမ်းသွားပေလိမ့်မည်။ နုပျိုငယ်ရွယ်၍ ကလေးဆန်လှသော စန်းအော် မပျော်မရွှင်ဖြစ်သွားမည်ကို လုစုယာ မလိုလားနိုင်ပါ။ ထိုအရေးကို တွေးမိသော သူမျှကား ဦးနှောက်ခြောက်စိတ်ညစ်ခဲ့ရလေပြီ။

"ဒုန်း. . ."

လှေတစ်စင်းလုံး တုန်လှုပ်သွားသဖြင့် လုစုယာ၏အတွေးစများ ပြန့်ကောက်သွား၏။ ဆဲသံဆိုသံများကြောင့် သူ လှဲအိပ်မနေနိုင်တော့ဘဲ ခေါင်းထောင်ကြည့်လိုက်ရတော့သည်။

"ဟေ့ကောင်တွေ- လှေထိုးသားလုပ်နေပြီး ဒီလောက်ညံ့ရသလားကွ၊ ဒီလောက် ကမ်းအကျယ်ကြီးကပ်တာတောင် သူများလှေကို ဝင်တိုက်ရတယ်လို့၊ တော်တော် သောက်သုံးမကျတဲ့ကောင်တွေ"

သူ့လှေထိုးသား ချင်ယာပန်း ဂိုဏ်းသားနှစ်ယောက်က တစ်





ဖက်လှေသမားကို ဆဲဆိုနေသည်။

"ဟေ့ကောင်တွေ စကားမရှည်နဲ့ ကိုယ်ကပ်ချင်တဲ့နေရာကပ်တယ်၊ ကိုယ်ဆိုက်ချင်တဲ့နေရာဆိုက်တယ်၊ မင်းတို့က ဘာလုပ်ချင်လို့လဲ"

ချင်ယာပန်းဂိုဏ်းသားများဖြစ်ခဲ့ကြသော **လှေထိုး**သားနှစ်ဦးမှာ သူတို့ချထားသည့်မာန်များ ဟုန်းခနဲပြန်ကြလာသည်။ သူတို့သည် ယခင်က ဤသို့သောအစော်ကားကို မခံကြချေ။ သူတို့က စော်ကားသည်ပဲရှိခဲ့သည်။

လုစုယာ တပျာကယာထရ၏။

တိုက်မိုက်ရန် ဟန်ပြင်နေသော သူ့လှေထိုးသားနှစ်ဦးကို ကပျာကယာ တားဆီးလိုက်သည်။

"မလုပ်ကြနဲ့၊ ဒီကိစ္စလေးလောက်နဲ့ ရန်မဖြစ်ကြနဲ့၊ တော်ကြပါ- တော်ကြပါ"

တစ်ဖက်မှလှေထိုးသားကား လွန်စွာအရုပ်ဆိုးသည်။ မျက်လုံးကြီးကြီး၊ မျက်ခုံးထူထူဖြစ်သည်။ တောင်ပိုင်းသားလည်း ဟုတ်ဟန်မတူ။ ထိုသူက ခါးထောက်ပြီးရပ်ကြည့်နေသည်။

"သူ့ရဲကောင်းလေး ကျွန်တော်တို့ ဒီအတိုင်း သည်းခံနေရင် အမြဲတမ်း လူစော်ကားခံရမှာသေချာပါတယ်"

"ဟေ့ ကလေကချေ ကလေကဝကောင်တွေ၊ မင်းတို့ ဘယ်လောက်များအစွမ်းရှိလို့လဲ၊ သတ္တိရှိရင်လာကြ၊ သတ္တိ မရှိတဲ့ကောင်တွေအဖို့တော့ အမြဲတမ်းအစော်ကားခံရမှာပဲ"

တစ်ဖက်လှေထိုးသားက ရှိုင်းရှိုင်းစိုင်းစိုင်းပင် စိန်ခေါ်သည်။

ချင်ယာပန်းဂိုဏ်းသားနှစ်ဦး၏ သည်းခံမှုအတိုင်းအတာ ဤတွင် ကုန်ဆုံးသွားသည်။

လုစုယာကလည်း တစ်ဖက်ကအလွန်ကျွံစော်ကားလာ သဖြင့် မတားဆီးတော့ပေ။ သူ့လှေထိုးသားနှစ်ဦးကို လွှတ်ပေးလိုက်သည်။

ထိုအခါ နှစ်ယောက်တစ်ယောက် တိုက်ပွဲဖြစ်ကြသည်။ တစ်ဖက်လှေထိုးသား၏သိုင်းပညာမှာ မခေလှပါ။ လုစုယာသည် ထိုလူ၏သိုင်းပညာအခြေခံကိုကြည့်ပြီး တစ်ဖက်လှေကို သံသယဝင်သွား၏။ မလှမ်းမကမ်းမှ စောင့်ကြည့်သည်။

ထိုစဉ် တစ်ဖက်လှေပေါင်းမိုးထဲမှ အသက်လေးဆယ်ခန့်လူတစ်ယောက်ထွက်လာ၏။ ကုန်သည်တစ်ဦး၏ အသွင်သဏ္ဌာန်ရှိသော်လည်း ထိုလူသည် ရန်ပွဲများကို ထီမထင်ဟန်တူသည်။ ထိုလူသည် လုစုယာကိုလှမ်းကြည့်ပြီး. . .

"ဘယ်လိုလဲဗျ. . . ဒီလူတွေရန်ဖြစ်နေတာကို ခင်ဗျားကကြည့်ကောင်းနေတယ်နဲ့တူတယ်၊ တားစရာ တားမှပေါ့"

လုစုယာသည် ထိုလူ၌သက်ဝမကင်းဖြစ်စရာ အချက်အလက် မရှိကြောင်း လေ့လာမိ၏။ ထို့ကြောင့် လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

"အဲဒီလိုမဟုတ်ပါဘူးဗျာ"

"မဟုတ်ရင် တားပါလား"

"ကျွန်တော် တားပါတယ်၊ သူတို့နှစ်ယောက်စလုံး ရိုင်းရိုင်းစိုင်းစိုင်းတွေပြောပြီး ရန်ဖြစ်နေကြတာပါ"





"ဒီလိုဆိုရင် ခင်ဗျားလူတွေကို ခင်ဗျားထိန်း၊ ကျုပ်လူတွေကို ကျုပ်ထိန်းမယ်၊ ဘယ်လိုသဘောရသလဲ"

"အင်မတန် သင့်လျော်တဲ့အလုပ်ပါပဲဗျာ"

လုစုယာသည် ရန်ပွဲသို့ပြန်ကြည့်လိုက်၏။ ရန်ပွဲကား တိုက်ခိုက်နေဆဲ။ တစ်ဖက်လှေသားကပင် အပေါ်စီးမှတိုက်ခိုက်နေသည်။ နှစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်ခြင်းဖြစ်ပါလျက် အပေါ်စီးကတိုက်နိုင်ခြင်းသည် တစ်ဖက်လူ၏သိုင်းပညာက ပို၍ အဆင့်မြင့်ကြောင်း သက်သေပြနေခြင်းပင်မဟုတ်ပါလား။

ထိုစဉ် တစ်ဖက်လူ၏လက်သီးတစ်လုံးသည် ချင်ယာပန်းလှေထိုးသားတစ်ဦး၏ရင်ဝသို့ ဝင်လာမည်ကဲ့သို့ရှိသွား၏။ လုစုယာ ထိတ်ခနဲဖြစ်သွားပြီး သူ့လူကိုဆွဲယူရန် ဟန်ပြင်လိုက်မိသည်။ ထိုစဉ် သူ့ဦးခေါင်းထဲ၌ အတွေးတစ်ချက်လက်သွား၏။

"ဟိုကုန်သည်လိုလိုလူက ငါ့ကိုသာ တားနိုင်းတယ်၊ သူကတော့ လှုပ်တောင်မလှုပ်ပါလား။ ငါ့ကို အကဲခတ်စောင့်ကြည့်နေတာလဲ ဖြစ်ချင်ဖြစ်မယ်၊ ငါဝင်ဆွဲလို့ မဖြစ်ဘူး၊ သူ့ကို အကဲခတ်ရမယ်၊ ဒီလူဟာ တကယ့်ကုန်သည်ဖြစ်ချင်မှဖြစ်မယ်"

လုစုယာသည် ချက်ချင်းပင် ကိုယ်ရှိန်သတ်လိုက်သည်။ ကံအားလျော်စွာပင် လုစုယာ၏လှေထိုးသားမှာ လက်သီးချက်မှ လွတ်မြောက်သွားသည်။ ထိုမျှတိုက်ခိုက်နေသော်လည်း ကုန်သည်သဏ္ဌာန်ရှိသောလူမှာ သူ့လူကို ယခုတိုင် မထိန်းသေးပေ။

ထိုစဉ် တစ်ဖက်လှေသား၏တိုက်ကွက်က ပို၍ပို၍ ပြင်းထန်လာသည်။

လုစုယာသည် သူ့လှေထိုးသားနှစ်ဦး၏အသက်ကို အချည်းအနှီး အဆုံးမခံလိုပေ။ ထို့ကြောင့် သံမဏိလေဆန်အပ်ကလေးကို လက်ချောင်းများထိပ်၌ထားကာ သတိကြီးစွာစောင့်ကြည့်နေလိုက်၏။

"ဟော. . ."

"ဝှစ်. . ."

လုစုယာ အချိန်မစောင့်တော့ပါ။ တစ်ဖက်လှေ၏ လက်သီးသည် ချင်ယာပန်းလှေထိုးသားတစ်ဦး၏အသည်းနှလုံးရှိရာသို့ ဝှစ်ခနဲဝင်လာတော့မည်ကိုသိမြင်သော် လုစုယာက သူ၏သံမဏိလေဆန်အပ်ကို တောက်ထုတ်လိုက်သည်။

တစ်ဖက်လှေထိုးသားမှာ တုံ့ခနဲဖြစ်သွားသည်။ သူ့လက်သီးအဘယ့်ကြောင့် ဤသို့ တုံ့ခနဲဖြစ်သွားရခြင်းကို သူ မသိပေ။ သူ့လက်သို့ လေဆန်သံမဏိအပ် လာစိုက်ခြင်းကိုလည်း သူမသိပေ။

တစ်ဖက်ရန်သူ တုံ့ခနဲဖြစ်သွားသည်ကို အခွင့်ကောင်းယူပြီး ချက်ယာပန်းဂိုဏ်းသားနှစ်ဦး ခုန်ဆုတ်လာကြသည်။

တစ်ဖက်လှေထိုးသားသည် ခုန်ဆုတ်သွားသော ချင်ယာပန်းဂိုဏ်းသားနှစ်ဦးကို မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ကြည့်နေသည်။ သူ့စိတ်ထဲ၌ မချင့်မရဲဖြစ်နေသည်။ ရန်သူနှစ်ဦးကို သေသေချာချာ မဆုံးမလိုက်ရလေခြင်းဟု မခံချိမခံသာဖြစ်နေပုံရသည်။

ကုန်သည်သဏ္ဌာန်ရှိသူက ပြန်ခေါ်လိုက်သည်။

"ဟေ့ကောင်- ဘာရပ်လုပ်နေတာလဲ၊ ဟိုကောင်တွေမှ မရှိတော့ဘဲ၊ မင်းတစ်ယောက်ထဲ ရန်ဖြစ်ချင်သေးလို့လား"





ကုန်သည်လိုလူက သူ့လူကို ရယ်ရယ်မောမောနှင့် ပြန်ခေါ်ကာ လှေပေါင်းမိုးထဲသို့ပြန်ဝင်သွားလေသည်။

လုစုယာက တီးတိုးပြော၏။

"ဒီလူတွေကြည့်ရတာ ထူးခြားတယ်၊ ခင်ဗျားတို့ သတိဝီရိယနဲ့နေကြပါ"

"သူ့ရဲကောင်းလေးအမြင်ပဲ၊ သူတို့က လူဝါးဝတာ"

"ဖြစ်ပြီးတဲ့ကိစ္စကို ဘာမှပြန်မပြောမနေပါနဲ့တော့၊ ကျုပ် သိပါတယ်၊ ကျုပ်တို့ ဘယ်သူဘယ်ဝါမှန်း မသိအောင် သိုသိုသိပ်သိပ် နေကြပါ"

"ဒီအတွက်တော့ စိတ်ချပါ"

လှေထိုးသားနှစ်ဦးသည် ပဲ့ပိုင်းသို့ ပြန်သွားကြသည်။

လုစုယာလည်း လှေဝမ်းထဲပြန်ဝင်ပြီး အိပ်သည်။

ထိုစဉ်. . .

"ဒုန်း. . ."

လုစုယာတို့၏လှေမှာ တုန်လှုပ်သွားရပြန်၏။ နောက်ထပ်လှေတစ်စင်းသည် သူတို့လှေနှင့်ထပ်မံတိုက်မိကြောင်း လုစုယာ နိုးမိလိုက်သည်။ ထို့ကြောင့် စိတ်ထဲမသက်မသာဖြစ်သွားရသည်။

ဤနေရာသည် ဆိပ်ကမ်းမဟုတ်ချေ။ နှင်းမြူများပိတ်သဖြင့် လှသူတင်းရှင်းသည့် ကမ်းတစ်နေရာ၌ ထိုးဆိုက်ထားခြင်းသာဖြစ်သည်။

ယခု ဆိပ်ကမ်းမဟုတ်ဘဲဆိုက်ထားသည့် သူ့လှေဘေး၌ လှေနှစ်စင်း ထိုးဆိုက်လာကြချေပြီ။

လုစုယာသည် လှေဝမ်းထဲမှထွက်ကာကြည့်သည်။ မိမိတို့လှေ၏ဘယ်ဘက်၌ လှေတစ်စင်းဆိုက်ကပ်ထားသည်။ ဘယ်ညာလှေနှစ်စင်း ညှပ်ထားခြင်းဖြစ်တော့သည်။

"ဒီလူတွေ ငါ့ဆီက ရှုတနာဘူးခွံများလိုချင်လို့လားမသိဘူး"

လုစုယာသည် လှေဝမ်းထဲမှ ငြိမ်သက်စွာပြန်ထိုင်နေလိုက်သည်။ သူတို့လှေတွင် ယာယီအသုံးပြုနိုင်သော ပေါင်းမိုးကလေးပါရှိသည်။ ဤပေါင်းမိုးကလေးကို ချင်ယာပန်းဂိုဏ်းသားနှစ်ဦးက ဖန်တီးပေးထားခြင်းဖြစ်သည်။ အသုံးမပြုလိုပါက ဖြုတ်၍သိမ်းထားနိုင်၏။ ယခုအခါ၌ လုစုယာသည် ပေါင်းမိုးကလေးကို တပ်ဆင်ထားပြီး လှေဝမ်းထဲ၌ ဝင်အိပ်နေခြင်းဖြစ်သည်။

သူသည် သူ့ဘယ်ဘက်၌ဆိုက်ကပ်လာသော လှေကို စိတ်မချသဖြင့် ပေါင်းထိုးထဲမှအကဲခတ်ရန် ပြန်ဝင်လိုက်သည်။

"ကျွီ. . ."

တိုးညင်းသောအသံ. . .

ထိုအသံကို အမှုမဲ့အမှတ်မဲ့နေလိုက်လျှင် မည်သူမျှ ကြားနိုင်မည်မဟုတ်ချေ။ သို့သော် လုစုယာက သူ့ဘေးမှ လှေနှစ်စင်းလုံးကို သတိထားနေသူဖြစ်၍ ထိုအသံကိုကောင်းစွာကြားလိုက်သည်။

သူသည် လှေပေါင်းမိုးကို လက်ညှိုးဖြင့် အသာမ,ကာ အပေါက်က ချောင်းကြည့်လိုက်သည်။ အသံကြားသည့်လှေမှာ သူနှင့်ရန်ဖြစ်ခဲ့သည့်လှေဖြစ်သည်။ ထိုလှေ၏ ကဲလားပြူတင်းကလေးမြောက်တက်နေသည်။ ကျွီဆိုသောအသံမှာ ထိုပြူတင်းကိုဖွင့်လိုက်သည့်အသံဖြစ်သည်။





ကုန်သည်ယောင်ယောင်လူသည် ပြတင်းပေါက်မှနေ၍ နောက်တိုးလှေကို ချောင်းကြည့်နေကြောင်း အုံ့ဩစဖွယ် တွေ့ရှိလိုက်ရလေသည်။

လုစုယာစိတ်ထဲ၌ များစွာ သံသယဝင်သွား၏။ နောက်လှေဆီမှ မီးရောင် ပြိုးခနဲပြက်ခနဲလင်းလာသောအခါ ကုန်သည်ယောင်ယောင်လူသည် ပြူတင်းပေါက်မှပျောက်ကွယ်သွားသည်။ လုစုယာသည် နောက်တိုးလှေကို ထပ်ကြည့်ရပြန်သည်။ ထိုလှေပေါ်မှ ခေါင်းတစ်လုံးပေါ်လာပြီး လှစ်ခနဲပျောက်သွားပြန်သည်။

ထိုနိုပ်ခနဲ မြင်လိုက်ရရုံဖြင့်ပင် လုစုယာမှာ အတော်ကြီး ထိတ်လန့်သွားသည်။ သူသည် လွန်စွာအမြင်သန်လှသဖြင့် ရိပ်ခနဲမြင်လိုက်ရရုံဖြင့် မျက်နှာဝါဖန့်ဖန့် ပါးရိုးငေါငေါ လူမမာတစ်ဦးပမာ ရုပ်ဆိုးလှသော ထိုမျက်နှာကို ဖျတ်ခနဲသိမြင်လိုက်ပြီးဖြစ်သည်။

သူ ချောင်းမြောင်းနေစဉ်မှာပင် ကမ်းနဖူးမှ ခိုးခိုးခစ်ခစ်ရယ်လျက် ပြန်ရောက်လာသော ဘွန်လူအောနှင့်ကျန်းစန်းအော်တို့၏ အသံကို ကြားလိုက်ရသည်။

မိန်းကလေးနှစ်ယောက်သည် လှေပေါ်သို့ ခုန်တက်လာကြပြီး လုစုယာကို ပြုံး၍နှုတ်ဆက်ကြသည်။

စန်းအော်က ညည်းညည်းညူညူပြောသည်။

"အစ်ကိုပြောတာ သိပ်မှန်တာပဲ၊ မြို့ကကျဉ်းကျဉ်း၊ လူသူလဲ သိပ်မရှိ၊ စားစရာသောက်စရာကလဲခပ်ရှားရှား၊ ဒီကြက်ကလေးတစ်ခြမ်းတောင် မနည်းရှာဝယ်ခဲ့ရတယ်"

"ရှူး. . . တိုးတိုး"

လုစုယာက သတိပေးပြီးနောက် သူတို့လှေ၏ဘယ်ညာ၌ ဆိုက်ကပ်ထားသော လှေနှစ်စင်း၏လှုပ်ရှားမှုများကို ပြောပြလိုက်သည်။ ဘွန်လူအောနှင့်ကျန်းစန်းအော်တို့ မျက်လုံးပြူးသွားကြသည်။

"အစ်ကို ဘယ်လိုလုပ်မလဲ"

"ဘာလုပ်ရမလဲ၊ ကျားလား နဂါးလားခွဲခြားသိရအောင် လုပ်ရတော့မှာပေါ့။ ငါ့မှာ အကြံအစည်ရှိပါတယ်၊ ညီမလေးတို့သာ အလိုက်သင့်နေကြ"

လုစုယာသည် ပေါင်းမိုးအတွင်း၌ပင် ခုံငယ်ကလေးကို ခင်းပြီး ရတနာဘူးခွံကိုတင်သည်။ စန်းအော်တို့ဝယ်လာသည့် ကြက်ကင်တစ်ခြမ်းကိုလည်း တင်သည်။ ချင်ယာပန်းလှေထိုးသားနှစ်ဦး ချက်ပြုတ်ပေးထားသည့်အစားအသောက်များကိုလည်း တင်သည်။

"ကဲ. . . ညီမလေးတို့ စားစရာရှိတာကို ဣန္ဒြေရရစားကြ ဘာထူးသလဲဆိုတာ စောင့်ကြည့်ရမယ်"

လုစုယာ၊ ဘွန်လူအောနှင့် ကျန်းစန်းအော်တို့သည် ဝိုင်းဖွဲ့ထိုင်ကာ စားသောက်ကြတော့သည်။

ရတနာဘူးခွံကား မီးအိမ်အလင်းရောင်အောက်၌ ဖြိုးဖြိုးဖြက်ဖြက် အရောင်ထွက်နေလေ၏။

ကွမ်းတစ်ယာညက်ခန့်ကြာသည်အထိ စောင့်ဆိုင်းခဲ့ရပြီးနောက် လှေသည် အိခနဲလှုပ်ရှားသွား၏။ တစ်စုံတစ်ယောက်သည် လှေပေါ်သို့ ရောက်ရှိလာခဲ့လေပြီ။

လုစုယာက တီးတိုးပြောလိုက်၏။

"ထင်တဲ့အတိုင်း လာနေပြီ"





ဘွန်လူအောနှင့်ကျန်းစန်းအော်တို့ တစ်ယောက်ကို တစ်ယောက်ကြည့်မိကြ၏။ လုစုယာသည် ရတနာဘူးခွံကို ဖြောင်ဖြောင်ပြလျက် ရန်သူကိုဖော်ထုတ်လိုက်ခြင်းပင် ဖြစ်တော့သည်။

"လှေပေါ်ကိုတက်လာတဲ့မိတ်ဆွေ၊ 'ကျုပ်တို့ဟာ သိပ် စိမ်းကားတဲ့လူတွေ မဟုတ်ပါဘူး၊ ပေါင်မိုးထဲကို ဝင်လာလို့လဲရပါတယ်၊ ခိုးကြောင်ခိုးဝှက်လုပ်တာမျိုးတော့ ကျုပ်တို့က မကြိုက်ဘူးဗျ"

လုစုယာ၏စကားအဆုံးတွင် အပြင်မှချောင်းဟန့်သံ ထွက်ပေါ်လာ၏။

"ကျေးဇူးတင်ပါတယ်၊ ကျုပ်အထဲကို ဝင်ခဲ့ပါရစေ"

"ရပါတယ်၊ ဝင်သာဝင်လာခဲ့ပါ"

လှေဝမ်းထဲသို့ လူတစ်ယောက်ဆင်းသက်လာလေ၏။

ထိုသူကား လှေထိုးသားချင်းရန်ဖြစ်နေစဉ်က ကိုယ့်လူ ကိုယ်ထိန်းရန် လုစုယာအားလှမ်းပြောခဲ့သည့် ကုန်သည်ယောင်ဆောင် လူပင် ဖြစ်လေသတည်း။

◈◈◈

## အခန်း(၄၇)
## အဆိပ်ခတ်ထားသောအရက်

ကုန်သည်ယောင်ဆောင်လူသည် လက်နှစ်ဖက်ပူးယှက်ကာ လုစုယာနှင့်တကွ ထိုင်နေသူအားလုံးကို ဂါရဝပြုလိုက်လေ၏။ ထို့နောက် အားနာလွန်းလှသောဟန်ဖြင့် တောင်းပန်သည်။

"အမှောင်ဝင်လာပြီဆိုတော့ အဖော်မရှိတဲ့လူအတွက် မျှင်းရော ပိုကောင်းလာပါတယ်၊ ဒါကြောင့် ဒီလှေဘက် ကူးလာခဲ့စီတာပါ။ မိတ်ဆွေတို့ကို အနှောင့်အယှက်ပေးသလိုဖြစ်သွားမယ်ဆိုရင်တော့ ခွင့်လွှတ်ပါခင်ဗျာ"

ကုန်သည်ယောင်ဆောင်လူကား ယခုအကြိမ်၌ အတော်က လေးယဉ်ကျေးသိမ်မွေ့နေ၏။ လုစုယာက ထိုအတွက်ပို၍ပင် သတိထားသည်။ လူချိုစိတ်ကောက်၊ လူဖြောင့်စိတ်တိုဆိုသည့်စကားလည်း ရှိနေသေးသည် မဟုတ်ပါလော။

လုစုယာက ရယ်လိုက်ပြီး. . .





"ကိစ္စမရှိပါဘူး၊ ခရီးသည်တွေအချင်းချင်းပဲဗျာ၊ ကျုပ်တို့လဲ စကားပြောဖော်ရတာပေါ့။ လာပါ. . . လာပါ"

ထိုသူက လွှတ်နေသည့်နေရာတွင် ဝင်ထိုင်သည်။ ထို့နောက် ခပ်ပြောင်ပြောင်ပင် မေးမြန်းတော့သည်။

"မိတ်ဆွေတို့သုံးယောက်က ဘယ်သူတွေပါလဲ"

"လမ်းပေါ်က ခရီးသွားတွေပဲဆိုကြပါစို့ဗျာ၊ ဟို. . . ( ၂ဗျာ လေးတစ်ပုဒ်လိုပေါ့ဗျာ၊ ဒို. . . အသင် ဒိုက်သရောတို့ . . . သင်တို့သည် ကျယ်ပြောသောပင်လယ်ပြင်၌ မထင်မှတ်ဘဲဆုံတွေ့ကြ၏။ ထို့နောက် မထင်မှတ်ဘဲခွဲခွာသွားကြရလိမ့်မည်သာတည်း။ ဆိုတာလိုပေါ့၊ ကျုပ်တို့လဲ မထင်မှတ်ဘဲဆုံတွေ့ပြီး မထင်မှတ်ဘဲ ခွဲခွာကြရမှာဆိုတော့ နာမည်တွေဘာတွေပြောပြီး မိတ်ဆက်နေဖို့တော့ လိုမယ်မထင်ပါဘူးဗျာ"

လုစုယာလည်း ခပ်ရှင်းရှင်းပင်ပြင်းဆန်လိုက်သည်။

ကုန်သည် ယောင်ယောင်လူသည် မျက်နှာပျက်သွား၏။

"ခင်ဗျားတို့နာမည်တွေ မပြောချင်ဘူးဆိုရင်လဲရှိပါစေတော့၊ ကျုပ်ကတော့ ခင်ဗျားတို့လောက် သဘောထား မတင်းမာနိုင်ဘူးဗျာ၊ ကျုပ်နာမည်ကတော့ ကျို့ထောင်ပါ"

လုစုယာက ခေါင်းညိတ်အသိအမှတ်ပြုလိုက်သည်။

ကျို့ထောင်က ဆက်ပြောသည်။

"မိတ်ဆွေတို့က တောင်ပိုင်းသားတွေနဲ့မတူဘူး၊ နောက်ပြီး ကုန်သည်တွေနဲ့လဲ မတူဘူး"

"ဘာတွေနဲ့တူသလဲဗျာ"

"ဟဲ. . . ဟဲ. . ဟဲ စိတ်ထင်တိုင်းပြောရရင်တော့ မိတ်ဆွေတို့ဟာ သိုင်းသမားတွေနဲ့တူနေပါတယ်၊ ခင်ဗျားတို့ခရီးစဉ်ကကော ဘယ်လိုဗျာ"

ကျို့ထောင်က အတားအဆီးမရှိ စပ်စုလေတော့၏။

လုစုယာက ခပ်အေးအေးပင်. . .

"ကျုပ်တို့ခရီးစဉ်ကတော့ ထူးတယ်လို့ပြောရမလားပဲ၊ ကျုပ်တို့က ပစ္စည်းတစ်ခုနောက်လိုက်နေကြတာပါ"

ကျို့ထောင်၏မျက်ခုံးများမြင့်တက်သွား၏။ လုစုယာ ဤသို့ ပွင့်ပွင့်လင်းလင်းပြောလိမ့်မည်ဟု သူ မထင်မှတ်ခဲ့ချေ။ ကျို့ထောင်သည် သူ့အံ့ဩမှုကိုမျိုသိပ်ပြီးနောက် မသိသာသလိုမေးမြန်းလေ၏။

"ဘာပစ္စည်းများပါလဲခင်ဗျာ"

လုစုယာက ကျို့ထောင်ကိုစိုက်ကြည့်လိုက်ပြီး. . .

"နောင်ကြီးကျို့ထောင်က ဒီတောင်ပိုင်းသားမဟုတ်လား။ ဒီတောင်ပိုင်းမှာ ဘယ်ပစ္စည်းကျော်ကြားတယ်ဆိုတာ နောင်ကြီးသိမှာပေါ့။ ကျုပ်တို့က အဲဒီပစ္စည်းနောက် လိုက်နေတာပါ"

"ဟင့်အင်း. . . ကျုပ်က တောင်ပိုင်းသားမဟုတ်ဘူးဗျ၊ သေသေချာချာလဲကြည့်ပါဦး၊ ကျုပ်က မြောက်ပိုင်းဒေသကလူပါ"

လုစုယာက တိုးညင်းသောအသံဖြင့်ရယ်လိုက်၏။

"ခင်ဗျား မိုနန်ကမဟုတ်လား"

"ဟင်. . ."

ကျို့ထောင် မျက်လုံးပြူးသွား၏။

"ခင်. . . ခင်ဗျား ဘယ်လိုလုပ်သိသလဲ"





လုစုယာက ရယ်လေ၏။

ကျို့ထောင်မှာမူ မျက်လုံးပြူးနေသည်။ လုစုယာ၏စကားသည် ကျို့ထောင်၏အရှိက်ကိုထိုးလိုက်သလို လျှို့ဝှက်သောအဖြစ်ကို ဖေါ်ထုတ်ခဲ့သည်။

ဘွန်လူအောနှင့် ကျန်းစန်းအော်တို့ကား ထိုစကားဝိုင်းသည် သူတို့နှင့် လုံးဝမသက်ဆိုင်သကဲ့သို့ ငြိမ်သက်စွာထိုင်၍ စားသောက်နေကြလေ၏။

လုစုယာ အတန်ကြာရယ်မောသဖြင့် ကျို့ထောင်မှာ ပို၍ နေမထိ ထိုင်မသာဖြစ်လာသည်။ လုစုယာက ကျို့ထောင်၏ လက်တစ်ဖက်ကို လက်ညှိုးထိုးညွှန်ပြပြီး. . .

"နောင်ကြီး ကျို့ထောင်ဟာ မိုနန်ကျင်ပိစန်းဂိုဏ်းက အဆင့်မြင့်သိုင်းသမားတစ်ယောက်ပဲ၊ ဒါကိုသိဖို့လဲ သိပ်မခက်လှပါဘူး၊ နည်းနည်းကလေး အမြင်စူးဖို့ပဲလိုပါတယ်၊ နောင်ကြီးလက်က လက်စွပ်က ဒါကို သက်သေပြနေတာပါပဲ"

ကျို့ထောင်မှာ သူ့လက်ကို ရှေ့၌ပင်ထားရမလိုလို နောက်၌ပဲ ထားရမလိုလို၊ ဟိုလိုလို သည်လိုလိုဖြစ်သွားသည်။

"ဒီကောင်လေးကို ငါအထင်သေးထားတယ်၊ သူကတော့ လှစ်နေအောင်ပါးတယ်၊ ငါတို့ကျင်ပိစန်းဂိုဏ်းက အမှတ်အသားကို တောင်မြင်တယ်၊ ဒီကောင်လေးကို ပေါ့ပေါ့ဆဆသဘောထားလို့ မရဘူး"

စန်းအော်ကား မိုနန်ဂိုဏ်းဆိုသည့်အသံကိုကြားကတည်းက တုန်လှုပ်သွား၏။ သူ့မွေးစားဖခင်လုကွမ်နန်ကို လာတိုက်သူများတွင်

မိုနန်ဂိုဏ်းလည်း ပါသည်မဟုတ်ပါလား။

ကျို့ထောင်က ဂ္ဂရမြေကိုထိန်း၍ပြောသည်။

"ဩော်- မိတ်ဆွေက တကယ့်ကိုဗဟုသုတများပေတာကိုး၊ မိတ်ဆွေပြောတာတွေ မမှားပါဘူးဗျာ၊ ကျုပ်ကလဲ မိတ်ဆွေတို့လိုပဲ ပစ္စည်းတစ်ခုနောက်ကို လိုက်နေကြတာပါပဲ"

လုစုယာက ခေါင်းညိတ်လိုက်သည်။

"ဒါဆိုရင်တော့ ကျုပ်တို့ဟာ ခေတ္တခဏမှာတော့ တစ်လှေထဲစီးတွေမဟုတ်ပေမယ့် တစ်ခရီးတည်းသွားတွေတော့ ဖြစ်နေကြပြီပေါ့ဗျာ၊ တစ်ခုတော့ရှိတယ်ဗျ၊ လုံခွမ်ကိုရောက်ဖို့ အနည်းဆုံး ငါး-နာရီလောက် လိုသေးတယ်ဗျ"

"ကျို့ထောင်သည် သူ့ရည်ရွယ်ချက်ကို လုစုယာက အကွင်းအကွင်း အထင်းသားမြင်ပြီးဖြစ်ရာ ဖုံးကွယ်လည်း အပိုသာဖြစ်တော့မည်ဟုသိရှိသွား၏။

"ဟား. . . ဟား. . . ဟား ဟုတ်ပါ့ဗျာ၊ ခင်ဗျားနဲ့ကျုပ်ကတော့ တကယ့်ကို ရည်ရွယ်ချက်ချင်းတူနေကြတာကိုး၊ အခုအရက်ဝိုင်းမှာ တစ်စားပွဲတည်းဖြစ်နေပေမယ့် မနက်ဖြန်ဆိုရင် ဓားတွေ လှံတွေကိုကိုင်ပြီး အသေအကြေတိုက်ခိုက်ချင် တိုက်ခိုက်နေရမှာ၊ ဒီတော့ တိတိလင်းလင်း ရန်သူမဖြစ်ကြခင် ကျုပ်က မိတ်ဆွေတို့ကို ကျုပ်ရဲ့အကောင်းစားအရက်နဲ့ ဧည့်ခံပါရစေခင်ဗျာ"

"ဒါတော့ ကျုပ် မကန့်ကွက်ပါဘူး"

ကျို့ထောင်သည် လုစုယာ၏သဘောတူညီချက်ကိုရသည်နှင့် လှေနံရံကို တခုန်းခုန်းထုလိုက်သည်။





ထိုထုသံကို တစ်ဖက်လှေမှ ကောင်းစွာကြားသိဟန်တူသည်။ အသံကြားပြီး မကြာမီပင် သံမဏိလေဆန်အပ် ထိမှန်ထားခြင်းခံရသော ကျို့ထောင်၏တပည့်သည် အရက်အိုးကြီးတစ်လုံးဖြင့် ရောက်ရှိလာ၏။

"ဆရာ. . . အရက်အိုးပါ"

"စားပွဲပေါ်တင်ထားပစ်ခဲ့၊ မင်းပြန်တော့"

ကျို့ထောင်၏တပည့်သည် သူ့လှေပေါ်သို့ ပြန်ကူးသွား၏။

ကျို့ထောင်က အရက်များကို ပန်းကန်လုံးလေးလုံးထဲသို့ အညီအမျှထည့်သည်။

လုစုယာကား အရက်များကိုမြင်ဟန်မတူ၊ သူ့အတွေးနှင့်သူ ငေးနေသည်။ သူတွေးနေသည်မှာ ကျောက်စိမ်းစကောရာဇ်တံဆိပ်တော်ကိစ္စ။ တံဆိပ်တော်သည် သွေးနီဂိုဏ်းချုပ်ကြီး၏လက်ထဲသို့ရောက်နေသည်မှာ ဆယ့်ငါးရက်ခန့်ပင်ရှိနေလေပြီ။

သိုင်းလောက၏သတင်းပျံ့နှံ့မှုကလည်း ထူးခြားဆန်းကြယ်လှ၏။ ထိုသတင်းသည် တရုတ်ပြည် တောင်မြောက်တစ်ခွင်လုံး ပျံ့နှံ့သိရှိနေပြီ။

ယခုပင်ကြည့်။

မိုနန်ဂိုဏ်းသားကျို့ထောင်သည် ထိုသတင်းအတွက် တောင်ဝိုင်းသို့ရောက်ရှိနေပြီ။ သူ့ပုံသဏ္ဍာန်ကလည်း သွေးနီဂိုဏ်းချုပ်ကြီးကို ထီမထင်သည့်အသွင်။

တကယ်တမ်း တိုက်တော့မှသာ သူ့အရည်အသွေးကို သိခွင့်ရမည်။ ရှေ့ဆက် ဘာဖြစ်လာဦးမလဲဟု လုစုယာတွေးနေသည်။

အထူး သတိဝီရိယထားရတော့မည်ဖြစ်ကြောင်း လုစုယာသိသည်။ အကြောင်းမှာ ကျို့ထောင်ကဲ့သို့သော လူပေါင်းများစွာကိုတွေ့ရတော့မည်ဖြစ်ကြောင်း ရိပ်မိလာသောကြောင့်ဖြစ်သည်။

ကျောက်စိမ်းတံဆိပ်တော်၏သတင်းသည် သိုင်းလောက၌ပျံ့နှံ့နေပြီမဟုတ်ပါလား။

လုစုယာသည် ကျို့ထောင်က ငှဲ့ပေးထားသော အရက်ခွက်ကိုကောက်ကိုင်ပြီး နှုတ်ခမ်းနှင့်ထိလိုက်၏။ စွတ်စိုသောအရက်ကိုလျှာနှင့်ထိမိသည်နှင့် ထူးကဲသောအရသာကို ခံစားလိုက်ရသည်။

အကောင်းခံစားရခြင်းမဟုတ်။ အဆိုးခံစားရခြင်းဖြစ်၏။ အဆိပ်. . .။ အရက်ထဲတွင် အဆိပ်ခတ်ထားခဲ့လေပြီ။

လုစုယာသည် ခေတ္တစဉ်းစားလိုက်၏။ ထို့နောက် ထိုအရက်များကို တစ်ချက်တည်းမော့ချပစ်လိုက်တော့သည်။ ဝမ်းထဲသို့အရက်ရောက်သည်နှင့် အတွင်းအားကိုစုစည်းလိုက်သည်။ သွေးကြောများဆီသို့အဆိပ်များမပျံ့နှံ့မီ ချွေးအဖြစ်ပြောင်းလဲပစ်လိုက်ပြီး ခန္ဓာကိုယ်၏ မွေးညင်းပေါက်ကလေးများမှ ပြင်ပသို့ပြောင်းထုတ်ပစ်နေသည်။

ဤသို့ပြုလုပ်ရန်မှာ သိပ်မလွယ်ချေ။ အတွင်းအား မကောင်းဘဲနှင့်မလုပ်နိုင်။ အန္တရာယ်လည်းကြီးသည်။ ကျို့ထောင်၏ရှေ့ခြေလှမ်းကိုသိလို၍ စွန့်စားရခြင်းဖြစ်တော့သည်။

ကျို့ထောင်ကား သူ့အရက်များကို လုစုယာ တစ်ကျိုက်တည်း မော့ချပစ်လိုက်ခြင်းအတွက် လွန်စွာကျေနပ်ပီတိဖြစ်နေ၏။ သူ့စိတ်ကြိုက် အခြေအနေဖန်တီးနိုင်တော့မည်ဟု ဝမ်းသာနေ၏။ သို့သော် မိန်းကလေးနှစ်ယောက်ကား အရက်ခွက်ကို မကိုင်ကြသေး။





ကျို့ထောင်၏စိတ်ထဲ၌ မိန်းကလေးများဟု မသိသေးချေ။ ယောကျ်ားကလေးများဟုသာ ထင်နေသေးသည်။

"ညီလေးတို့ကရော သောက်လိုက်ကြဦးလေ"

"နေပါစေ- ကျွန်တော်တို့က မသောက်တတ်လို့ပါ"

"ဟား. . . ဟား. . . ဟား ယောကျ်ားလေးတွေဖြစ်ပြီး အတော်ညံ့ သေးတာပဲ"

ကျို့ထောင်သည် ဘွန်လူအောနှင့် ကျန်းစန်းအော်တို့ကို အကဲခတ်ပြီးပေပြီ။ နူးနူးညံ့ညံ့ပါးပါးလှပ်လှပ်ကလေးတွေ။

မိန်းကလေးတွေဖြစ်ရင် အင်မတန် ချစ်စရာကောင်းမှာပဲဟုပင်တွေး ခဲ့မိသည်။ တကယ် မိန်းကလေးများဖြစ်နေသည်ကိုတော့ သူ မသိချေ။ ဤလို ခပ်ပျော့ပျော့လူငယ်နှစ်ယောက်ကိုကား သူ့အနေဖြင့်မမှုပေ။ ထို့ကြောင့် အရက်သောက်ရန်ကို ဆက်၍မတိုက်တွန်းတော့ပေ။

ထိုစဉ် လုစုယာက အာလေးလျှာလေးသံကြီးဖြင့်. . .

"နောင်- နောင်ကြီးကျို့ထောင်၊ ခင်- ခင်ဗျားက ဘာဖြစ်လို့ မ- မသောက်သေးတာလဲ"

"အာ. . . ဟုတ်သားပဲ၊ မိတ်ဖြစ်ဆွေဖြစ်သောက်ကြတယ်ဆိုပြီး ကျုပ်က မသောက်ရင် ဘယ်မှာမိတ်ဆွေဖြစ်နိုင်တော့မလဲ"

ကျို့ထောင်က အရက်ခွက်ကိုကောက်ယူမော့ချလိုက်၏။

"တဲ. . . ကျေနပ်ပြီလား၊ နောက်ထပ် ထပ်ယူဦးမလား"

"ဟဲ. . . ဟဲ. . . နောင်ကြီးက မိတ်ဖြစ်ဆွေဖြစ်သောက်ပြီးမှတော့ ကျုပ်က ဘာဖြစ်လို့ထပ်မယူရမှာလဲ"

လုစုယာသည် ကျို့ထောင်ပေးသည့်အရက်ကို ထပ်သောက်လိုက်ပြန်သည်။ ထို့နောက် အတွင်းအားဖြင့် စုစည်းဖျစ်ညှစ်လျက် ချွေးအဖြစ်ထုတ်ပစ်လိုက်ပြန်၏။

ကျို့ထောင်ကား အဆိပ်အရက်ကို ရဲရဲတင်းတင်းပင် သောက်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ဤလှေသို့ ကူးမလာမီ ကပင် အဆိပ်ဖြေဆေးကို သူသောက်ခဲ့ပြီးပြီဖြစ်သောကြောင့်တည်း။

လုစုယာမှာ ဒုတိယအရက်ခွက်ကိုသောက်ပြီးသည်နှင့် လှေကြမ်းပြင်ပေါ်သို့ ဝုန်းခနဲလဲကျသွားလေတော့၏။

ဘွန်လူအောနှင့် စန်းအော်တို့ ထိတ်ခနဲဖြစ်သွားကြသော်လည်း မီးစင်ကြည့်ကရန် လုစုယာကမှာကြားထားသဖြင့် စိတ်ကို ထိန်းပြီး အခြေအနေစောင့်ကြည့်ကြသည်။

လုစုယာလဲကျသွားသောအခါ ကျို့ထောင်က သဘောကျစွာ ရယ်မောတော့သည်။

"ဟား. . . ဟား. . . ဟား မိတ်ဆွေကလေးတွေရဲ့ နောင်တော်ဟာ လက်နက်ပုန်းပစ်တဲ့နေရာမှာ ကျွမ်းကျင်သလောက် အရက်သောက်တဲ့နေရာမှာတော့ အင်မတန်ညံ့ဖျင်းတယ်၊ အရက်နှစ်ပန်းကန်ပဲ သောက်ရသေးတယ်၊ မှူးလဲနေပြီ"

ကျို့ထောင်သည် လုစုယာကို ဆွဲမထူပေး၏။ ကျို့ထောင် မပြောနိုင်သည်နှင့် လုစုယာက ဘွန်လူအောနှင့်စန်းအော်တို့ကို မျက်စိမှိတ်ပြပြီး ဆက်လက်၍ခေါင်းငိုက်စိုက်ကျပြသည်။ ထိုအခါကျမှ ဘွန်လူအောတို့စိတ်အေးသွားသည်။

ဘွန်လူအောက. . .





"ကျုပ်တို့အစ်ကိုဟာ အရက်တော်တော်သောက်နိုင်တဲ့လူဗျ၊ အခုကျမှ နှစ်ပန်းကန်တည်းနဲ့ ဘာလို့မူးရတာလဲမသိဘူး"

ကျို့ထောင်က တဟဲဟဲရယ်ရင်း. . .

"ဟဲ. . . ဟဲ. . . ဟဲ အရက်ချင်းမှမတူဘဲကိုး ညီလေးရဲ့၊ ငါယူလာတဲ့အရက်က နှစ်တစ်ရာလှောင်ထားတဲ့အရက်ပဲ၊ ပြင်းလဲပြင်းတယ်၊ အရသာလဲရှိတယ်၊ အခုဆိုရင် မင်းတို့ရဲ့နောင်တော်အတော်ကလေး အရသာရှိနေပြီကွ၊ မင်းတို့လဲ နည်းနည်းပါးပါးလောက် သောက်ကြည့်ပါလား၊ အရက်ကောင်းကောင်းသောက်ဖူးတယ်ရှိအောင်ပေါ့"

ဘွန်လူအောက ခေါင်းကိုခါယမ်းလိုက်သည်။

"ဟင့်အင်း- ကျုပ်တို့က အရက်သောက်တာတော့ ဝါသနာမပါဘူး၊ လောင်းကစားလေး ဘာလေးဆိုရင်တော့ စုတ်တုတ်တုတ်ရှိသေးတယ်"

သူမသည် စကားဆုံးသည်နှင့် စားပွဲပေါ်မှရတနာဘူးခွံကို ကောက်ကိုင်ပွတ်သပ်နေသည်။ ကျို့ထောင်သည် ရတနာဘူးခွံကို ဣန္ဒြေမဲ့ဖျက်လောက်အောင်တော့မကြည့်။

မသိမသာကြည့်သည်။

သို့သော် သူ့မျက်လုံးများက လောဘရမ္မက်၏အရောင်များ တပြောင်ပြောင်တလက်လက် တောက်ပနေသည်။

"မင်းတို့က တော်တော်ဆန်းတာပဲ၊ ကိုယ့်အစ်ကို ဒီလိုမူးလဲနေတာကို မပြုစုကြတော့ဘူးလား"

"သူက အမြဲတမ်းမူးအောင်သောက်တာပဲ၊ အခုကျမှ နှစ်ပန်း

ကန်ထဲနဲ့မူးတာ၊ ထားလိုက်စမ်းပါ၊ အမူးပြေရင် သူ့ဘာသာ ထလာပါလိမ့်မယ်"

"ဟား. . . ဟား. . . ဟား တကယ့်ညီအစ်ကိုတွေပဲ၊ အဲဒါမှ အရက်သမားညီအစ်ကို ပီသတာ၊ အရက်သမားတိုင်း မူးတာကိုဖိမ်ခံကြတာပဲကွ၊ ဟဲ. . . ဟဲ. . . ဟဲ"

ကျို့ထောင်ကား အလွန်တရာပီတိဖြစ်နေသည်။ သူသည် လုစုယာကိုလှမ်းကြည့်လိုက်၏။ လုစုယာမှာ တခေါခေါဟောက်လျက် အိပ်များပင် ပျော်နေချေပြီ။

လုစုယာကို စိတ်ချသွားရပြီဆိုသည်နှင့် ကျို့ထောင်သည် ဘွန်လူအောဆော့ကစားနေသောရတနာဘူးခွံကို ပြောင်ပြောင်တင်းတင်းပင် ကြည့်လေတော့သည်။

"ငါ့ညီ ဒီပစ္စည်းကဘာပစ္စည်းလဲကွ"

"ရတနာတွေစီချယ်ထားတဲ့ ဘူးခွံကလေးလေ၊ အဲဒီဘူးခွံက ရတနာတစ်လုံးတောင် အင်မတန်အဖိုးတန်တာ"

"ငါ့ကို ခဏလောက်ပြပါလား"

"ရပါတယ်"

ဘွန်လူအောက ဂရုမစိုက်ဟန်ဖြင့်ပစ်ပေးလိုက်၏။ အနီးကပ်ပေးခြင်းကိုပင် ကျို့ထောင်သည် ကွဲကျမည့်ကြက်ဥကိုဖမ်းသည်နှယ် အလွန်ဂရုစိုက်လေ၏။

"ဒီပစ္စည်းတန်တာလဲ မပြောနဲ့တော့လေ၊ ဘုရင်တွေကိုင်တဲ့ပစ္စည်းဖြစ်ခဲ့တာကိုး၊ ဒီတော့ တန်ဖိုးအရှိဆုံး ရတနာတွေနဲ့စီခြယ်ထားတော့တာပေါ့"





ဘွန်လူအောက ထိုစကားကို တမင်ပြောခြင်းဖြစ်သည်။ အဖိုးအနဂ္ဃထိုက်တန်သောရတနာများ။ ဘုရင်အဆက်ဆက် ကိုင်ဆောင်သောပစ္စည်း။ ထိုစကားများက ကျို့ထောင်၏လောဘကို တနိုက်မက်မက်ဖြစ်အောင် ထိုးဆွပေးပေလိမ့်မည်။

ကျို့ထောင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ငါစစ်ဆေးပြီးပြီ၊ တကယ်အဖိုးတန်တဲ့ရတနာတွေစီခြယ်ထားတာပဲ၊ အင်း. . . ငါ့မှာလဲ အကျင့်ဆိုးကြီးတစ်ခုရှိနေတာ ခက်နေတာပဲ"

ဘွန်လူအောက ကျို့ထောင်ကို မျက်ခုံးပင့်တင်ပြီး ကြည့်လိုက်၏။

"ဘာအကျင့်ဆိုးကြီးများလဲ နောင်ကြီးရဲ့"

"ဘာအကျင့်ဆိုးလဲဆိုတော့ ပစ္စည်းတစ်ခု တပ်မက်မိတယ်ဆိုရင် တားမနိုင်ဆီးမရလိုချင်တတ်တဲ့အကျင့်ဆိုးပဲ၊ အဲဒီပစ္စည်းကို လက်ထဲမရောက်ရောက်အောင် ဖြစ်တဲ့နည်းနဲ့ယူတတ်တော့ မူလပစ္စည်းရှင်အဖို့ ဝမ်းနည်းစရာဖြစ်ရတော့တာပေါ့ကွာ၊ ကဲ. . . ကဲ ရှင်းရှင်းပဲပြောမယ်၊ အဲဒီရတနာဘူးခွံကို ငါလိုချင်နေပြီကွာ"

ကျို့ထောင်သည် စကားဆုံးသည် ရတနာဘူးခွံကို အိတ်ထောင်ထဲသို့ ထိုးသွင်းလိုက်လေတော့၏။ ပိုင်ရှင်၏ခွင့်ပြုစကားကိုပင် မစောင့်တော့ချေ။

ဘွန်လူအောက လုံးဝမတားဖြစ်ချေ။ မတားမြစ်သည့်အပြင် ကျို့ထောင် ထိုင်ရာမှ ခုန်ထစေမည့်စကားတစ်ခွန်းပင် ထပ်၍ပြောလိုက်သေးသည်။

"နောင်ကြီး လိုချင်လဲယူပေ့ါဗျာ၊ နောင်ကြီးသာ တကယ် လိုချင်ရင် ဒီပစ္စည်းနဲ့တွဲနေတဲ့ပစ္စည်းတစ်ခုကိုပါ နောက်ထပ်ပေးလိုက် ချင်ပါရဲ့ဗျာ"

"ဟေ. . . အဲဒီပစ္စည်းဘယ်မှာလဲ၊ ဘာပစ္စည်းလဲ"

ကျို့ထောင်က ထိုင်ရာမှဆတ်ခနဲထပြီး မေးလေသည်။ ဘွန်လူအောက ကျို့ထောင်ကို အသေအချာကြည့်ပြီး တစ်ခွန်းချင်း ပီပီသသ ပြောချလိုက်လေသည်။

"ကျောက်စိမ်းဧကရာဇ်တံဆိပ်တော်. . . တဲ့"

ကျို့ထောင် မျက်လုံးပြူးသွားသည်။

ထိုစဉ် လှေတစ်စင်းလုံး သိမ့်ခနဲဖြစ်သွားပြီး လှေဦးပိုင်းမှ ကျယ်လောင်သောရယ်မောသံကြီး ထွက်လာလေတော့၏။

◈◈◈



အခန်း (၄၈)

ခေါင်းတုံးပေါ်ထိပ်ကွက်

"ဟား. . . ဟား. . . ဟား ပစ္စည်းကို ပစ္စည်းရှင်ကတောင် သေးဘူး၊ သိမ်းဖို့ဝှက်ဖို့က အရင်လုပ်နေတာကိုး၊ ကျလဲကျ ာင်ကွာ"

စကားသံနှင့်အတူ လူတစ်ယောက်သည် ကျို့ထောင်တို့ ရှိ လှဝမ်းထဲသို့ဆင်းသက်လာလေတော့သည်။

ထိုလူကား မျက်နှာဝါထိန်နေသောလူပေတည်း၊ ထိုလူ နောက်တိုးလှေမှလူဖြစ်သည်။

ကျို့ထောင်သည် ထိုလူကို မြင်သည်နှင့် ရန်သူနှင့်တွေ့သော င်ကဲ့သို့ မာန်ထောင်လာ၏။ ထိုလူကလည်း ကျို့ထောင်တို့၏ ို လူရင်းတစ်ယောက်ပမာ ဝင်လာကာ ပိုင်စိုးပိုင်နင်းထိုင်ချ၏။

ကျို့ထောင်သည် သူ၏အတွင်းအိတ်ထဲမှ ရတနာဘူးခွံကို ြင့်ဖိကိုင်ထားသည်၊ သူ့အိတ်ထဲမှပစ္စည်းကို နောက်တိုးရန်သူ

လုယူသွားမည်ကို စိုးရိမ်နေသည်။ ဤသို့ဖြစ်နေကတည်းက နောက်ထပ်တိုးလာမည့်ရန်သူ မည်သူမည်ဝါဖြစ်နေသည်ကို သူသိထားကြောင်း ပေါ်လွင်နေသည်။

"ကျုပ်က ဘယ်သူများလဲလို့ လက်စသတ်တော့ ဓားဝမ့်ထိန်ဖြစ်နေတာကိုး။ ခင်ဗျား ဒီကိုဘာလာလုပ်တာလဲ၊ အုန်းမြစ်ရဲ့ သာယာလှပတဲ့ရှုခင်းတွေကို လာကြည့်တာတော့ မဖြစ်နိုင်ပါဘူး"

ဓားဝမ့်ထိန်ဆိုသူကား မည်သူနည်း။

သူသည် ချန်စန်းဂိုဏ်း၏ ဝါစဉ်ကြီးပုဂ္ဂိုလ်သုံးယောက်အနက်တွင် တစ်ယောက်ပါဝင်သူဖြစ်သည်။ အောက်လမ်းဂိုဏ်းများတွင် ကျော်ကြားသူတစ်ယောက်လည်းဖြစ်သည်။

လုကွမ်နန်နှင့်ကျန်းစန်းအော်တို့ရှိရာ ကျားချောက်ကမ်းပါးကိုလာတိုက်သူများတွင် မိုနန်ဂိုဏ်းနှင့်အတူ ချန်စန်းဂိုဏ်းလည်းပါသည်။ ထို့ကြောင့် သူတို့ သိဟောင်းကျွမ်းဟောင်းများဖြစ်နေခြင်းပင်။

ဓားဝမ့်ထိန်ဆိုသောပုဂ္ဂိုလ်ကြီးက ကျို့ထောင်၏စကားကိုနားထောင်ပြီးခေါင်းခါ၏။

"အုန်းမြစ်ရဲ့ရှုခင်းတွေက သာယာလှပတာတော့ အမှန်ပဲ၊ ဒါပေမယ့် ဒါတွေကိုခံစားဖို့ ငါ့မှာအချိန်မရှိပါဘူး။ ငါ့စိတ်ကိုဆွဲဆောင်နေတာက အုန်းမြစ်ရဲ့ရှုခင်းမဟုတ်ဘူးကွ၊ ဘာတွေက ဆွဲဆောင်နေတယ်ဆိုတာ မင်းသိပါလိမ့်မယ်ကွာ၊ ဟဲ. . . ဟဲ. . . ဟဲ"

ဓားဝမ့်ထိန်က တဟဲဟဲရယ်၏။ သူကရယ်လေ ကျို့ထောင်က စိတ်ဆိုးလေဖြစ်သည်။

"ဒီမှာဓားဝမ့်ထိန်. . . ခင်ဗျားဒီကို ဘာလာလုပ်တာလဲ၊





စကားကိုရှင်းရှင်းပြောပါ။ သူများပစ္စည်းကို အချောင်ဝင်နှိုက်လို့တော့ မရဘူးဗျ"

ဓားဝမ့်ထိန်က ကျို့ထောင်ကို ဖုတ်လေသည့်ငပိ ရှိုးလေသည်မျှ မထင်ပေ။ တဟဲဟဲရယ်ရင်း လဲကျနေသောလုစုယာ၊ အရက်ဝိုင်းဘေး ထိုင်နေကြသည့် သေးသေးသွယ်သွယ်ယောကျ်ားလေးနှစ်ဦးကို လှည့်ပတ်အကဲခတ်ကြည့်လိုက်သည်။

ထို့နောက် ကျို့ထောင်ကို တောက်ပသောမျက်လုံးများဖြင့်ကြည့်ပြီး ခပ်လျှောင်လျှောင်ပြောသည်။

"ဟုတ်တယ်ကွ၊ အချောင်ရမလားလို့လာခဲ့တာပဲ"

စားခွက်အလုခံရသောခွေး မာန်ဖီသကဲ့သို့ ကျို့ထောင်မာန်ဖီလေသည်။

"ဘာပြောတယ်၊ ခင်ဗျား ဘာပြောတယ်"

"ထားလိုက်စမ်းပါ၊ မင်းကို သတင်းတစ်ခုပေးစရာရှိတယ်၊ မင်းစိတ်ဝင်စားလိမ့်မယ်လို့ထင်တာပဲ"

"သွယ်ဝိုက်ပြီး ပြောမနေစမ်းပါနဲ့၊ ပြောစရာရှိရင် မြန်မြန်ပြောစမ်းပါ"

ဓားဝမ့်ထိန်၏မျက်နှာသည် ရုတ်တရက်တည်ကြည်သွား၏။ ထိုအခါမှ သူ့မျက်နှာသည် လူသေနှင့်ပိုတူသွားသည်။ သူ့စကားကိုပို၍လေးနက်စေလိုဟန်ဖြင့် စကားကိုလည်းတိုးတိုးပြောသည်။

"ကျို့ထောင်. . . ဒီည အချောင်ဝင်နှိုက်ဖို့လာတာ တစ်ယောက်တည်းမဟုတ်ဘူးကွ၊ နောက်တစ်ယောက်ရှိသေးတယ်"

ကျို့ထောင်မှာ ကုန်းကုန်းကွကွကြီးဖြစ်သွားသည်။

ဓားဝမ့်ထိန်ပေးသည့်သတင်းသည် သူ့ကို အလွန်တရာ စိတ်ဝင်စားသွားစေခဲ့သည်။

ဓားဝမ့်ထိန်က. . .

"ဒီလူက အာရုံခြောက်ပါး ခံစားမှုနဲ့ပတ်သက်ရင် ခံစားမှုအနည်းဆုံးလူပဲကွ၊ သာမန်ပုဂ္ဂိုလ်တွေထက် ထူးခြားတာပေါ့ကွာ၊ မင်းသူ့ကို ကောင်းကောင်းမှတ်မိမယ်လို့ထင်တာပဲ၊ သူ့နာမည်က နွံ့ရင်းတဲ့ကွ. . ."

"နွံ့. . ."

ဓားဝမ့်ထိန်သည် စကားဆုံးသည်နှင့် ရှည်လျားစွာ စူးရှသောလေချွန်သံကိုပြုလိုက်၏။

ကျို့ထောင်၏အကြောအခြင်များ ရုတ်တရက်တောင့်တင်းသွားသည်။ သူ၏အတွင်းစိတ်က သူ့အန္တရာယ်အတွက် အချက်ပေးခေါင်းလောင်းထိုးလာသည်။

ထိုစဉ် လှေ၏အပြင်ဘက်မှ အသံဝါကြီးတစ်သံ ထွက်ပေါ်လာ၏။

"ကျို့ထောင်ဆိုတဲ့အကောင်ကို ရှင်းပစ်လိုက်ပြီလားဟေ့"

အသံက တုန်ယင်လှုပ်ခါနေသည်။ အတွင်းအားကောင်းသည့်သဘော။ စကားအဆုံးတွင် လူသည်လည်း ပေါင်းမိုးအဝသို့ရောက်ရှိလာသည်။

ထိုလူ၏ ဦးခေါင်းက အကြီးစား ဘုန်းသီးကြီးလောက်ရှိသည်။ နားရွက်များကကားလွန်းသဖြင့် ယပ်တောင်နှစ်ခုကို တစ်ဖက်တစ်ချက်တပ်ဆင်ထားပေးသလိုရှိသည်။





မျက်ပေါက်ကျဉ်းလှသည့်အပြင် နှာခေါင်းကလည်း အလွန်တရာ ပိပြားသေးသည်။

ဤမျှ အရုပ်ဆိုးရသည့်အထဲ မျက်နှာထိ မျက်နှာထားကြီးဖြင့် လုပ်နေသေးသဖြင့် သူ့ရုပ်ရည်မှာ ဘီလူးသရဲကဲ့သို့ ပို၍ရုပ်ဆိုးသွားသည်။

နွံ့ရင်း သည်ပေါင်းမိုးထဲသို့ခေါင်းငုံ့ဝင်လာပြီး. . .

"ဟား. . . ဟား. . ဟား၊ ကျို့ထောင်. . . ကျို့ထောင်၊ မင်းအတော်ကလေး လျင်တဲ့လူပဲကိုး"

ကျို့ထောင်သည် ထိုလူကို မလိုတမာမျက်နှာဖြင့်ကြည့်နေ၏။

"သိုင်းလောကမှာ စကားတစ်ခုရှိတယ်ကွ၊ လက်နှစ်ဖက်ဟာ လက်လေးဖက်ကို ဘယ်တော့မှမနိုင်ဘူးတဲ့၊ ဓားဝမ့်ထိန်နဲ့ငါဆိုရင် လက်လေးဖက်ဖြစ်သွားပြီ၊ ဒီည မင်းကိုရှင်းပစ်လိုက်ရင် လွယ်လွယ်ကလေးပဲ၊ အရက်တစ်ခွက်သောက်တာမှ ခက်ချင်ခက်နေဦးမယ်၊ ဒါပေမယ့် ငါက မကောင်းတာမလုပ်ချင်တဲ့လူ၊ အကုသိုလ်အလုပ်ကို ရှောင်ချင်တဲ့လူ၊ သတ္တဝါတွေအပေါ်မှာ မေတ္တာထားချင်တဲ့လူ"

"တော်စမ်းပါဗျာ၊ ပြောချင်တာကို လိုရင်းတိုရှင်းပြောစမ်းပါ"

ကျို့ထောင်စိတ်မရှည်တော့ဘဲ ကြားထဲမှဖြတ်အော်လိုက်၏။

"ဟဲ. . . ဟဲ. . . ဟဲ ဖြည်းဖြည်းပေါ့ကွာ၊ ငါတွေကို ငါက အလကားအချိန်ကုန်ခံပြီး ပြောနေတာမဟုတ်ပါဘူး၊ မင်းနဲ့ငါဟာ တစ်ချိန်တုန်းက မိတ်ဆွေဖြစ်ခဲ့ဖူးလို့ သက်ညှာတဲ့အနေနဲ့ ပြောပြနေ

တာပါ။ ကဲ. . . ကဲ မင်းက လိုရင်းတိုရှင်းမှ ကြိုက်တယ်ဆိုတော့လဲ ခပ်တိုတိုပဲပြောကြပါစို့ကွာ၊ မင်းအိတ်ထောင်ထဲကပစ္စည်းကို ထားခဲ့ပေတော့၊ မင်းကို ငါလက်ဖျားနဲ့ မတို့တော့ပါဘူး"

ကျို့ထောင်မှာ မျက်နှာဖြူရော်သွားလေသည်။

သည်လမ်းဆုံးလျှင် သည်ရွာရောက်တော့မည်ကို ကြိုတင်ရိပ်မိထားသော်လည်း တကယ်တမ်း အနုကြမ်းစီးလာသောအခါတွင်မူ စိတ်ထဲ၌ မခံမရပ်နိုင်အောင်ဖြစ်မိသည်။

သို့သော် ရှို့ရင်းပြောသည့်အတိုင်း နှစ်ယောက်နှင့်တစ်ယောက်ဖြစ်သည့်အတိုင်း အရှုံးဘက်ကများနေကြောင်းသူသိသည်။

မူးလဲနေဟန်ဆောင်ထားသောလုစုယာကား မျက်နှာကိုမှောက်ထားရင်းမှ ပြုံးနေလိုက်သည်။ ရတနာဘူးခွံကလေးတစ်ခုကို စားပွဲပေါ်တင်ထားရုံဖြင့် အနှစ်နှစ်အလလကရန်ကြွေးများကို သူရှင်းပစ်နိုင်တော့မည်မဟုတ်ပါလား။

ကျို့ထောင်သည် ကျိတ်၍စဉ်းစားနေသည်။ အတန်ကြာစဉ်းစားပြီးမှ. .

"ခင်ဗျားတို့က အတော် လူလည်လုပ်တယ်၊ ကျုပ်အပေါ်လာပြီး ခေါင်းတုံးပေါ်ထိပ်ကွက်လုပ်တာပဲ၊ တစ်ချိန်တုန်းက ကျုပ်တို့ဟာ မဟာမိတ်ဆွေဖြစ်ခဲ့တယ်ဆိုတာ မေ့ဖို့မကောင်းပါဘူး"

ရှို့ရင်းက တဟားဟားရယ်မောလိုက်သည်။

ကျို့ထောင်က. . .

"ခင်ဗျား ဘာဖြစ်လို့ရယ်နေတာလဲ"

"မင်းက စကားကိုဦးအောင်ပြောချင်နေတာကိုး။ မင်းသာ





ဒီလိုမဟာမိတ်ဆိုတဲ့ စိတ်ထားမျိုးထားရင် ချင်ဖုံးတောင်ပေါ်မှာ ငါတို့ကို ဘယ်ကလိန်ကျသင့်မလဲ၊ မင်းစဉ်းစားပါဦး"

"ဒါ. . . ဒါကတော့"

"တိတ်စမ်း အရင်ကကိစ္စတွေကို ငါတို့က အရေးထားနေတာမဟုတ်ဘူး၊ အခုကိစ္စကိုပဲအရေးထားတယ်၊ ရှို့ရင်းပြောသလို မသေချင်ရင် ပစ္စည်းကိုထုတ်ပေးပေတော့"

ကျို့ထောင်သည် ဓားဝမ့်ထိန်ကိုကျိန်ဆဲနေ၏။

ရှို့ရင်းသည် စားပွဲပေါ်မှအရက်အိုးကိုကောက်ယူပြီး နမ်းကြည့်၏။ ချက်ချင်းပင် မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားသည်။

"ဟင်း. . . မင်း တော်တော်ယုတ်မာတဲ့ကောင်ပဲ၊ ဒါ အဆိပ်ခတ်ထားတဲ့အရက်တွေပဲ၊ ဒါမျိုးကျတော့ဖြစ်တယ်"

သူသည် အရက်အိုးကို စားပွဲပေါ်သို့ဆောင့်ချလိုက်ရာ အရက်အိုးသည် ခွမ်းခနဲကွဲသွားလေတော့၏။

ကျို့ထောင်မှာ လူအမိခံရသောသူခိုးကဲ့သို့ ဘာမျှ မပြောသာတော့ပေ။

ရတနာဘူးခွံကို အိတ်ထောင်ထဲမှထုတ်ပြီး စားပွဲပေါ်သို့ အသာအယာ တင်လိုက်ရလေသည်။ အားမတန် မာန်လျှော့ကာ လက်မြှောက်အရှုံးပေးလိုက်ရသည်။

"ခင်ဗျားတို့နှစ်ယောက် ပူးပေါင်းလာမှတော့ ကျုပ်ကအရှုံးပေးရတော့မှာပေါ့ဗျာ၊ ကဲ. . . ခင်ဗျားတို့ အချောင်နှိုက်ချင်တဲ့ပစ္စည်းကို ကျုပ်ပေးလိုက်ပါပြီ၊ ယူကြပါတော့"

ရှို့ရင်းက ကျေနပ်စွာရယ်မောလေသည်။

"ဒီလိုနားလည်မှုပေါ့ကွ၊ တစ်ချို့က လူလိုစကားပြော
မလည်ဘူး၊ တိရိစ္ဆာန်လိုပြောမှရတယ်ကွ"

တိရိစ္ဆာန်လိုပြောခြင်းဆိုသည်မှာ တိုက်ခိုက်နှိပ်
အလိုရှိသည့်ပစ္စည်းကိုရခြင်းဖြစ်ကြောင်း ဆိုလိုရင်းဖြစ်သည်

ကျို့ထောင်က ခေါင်းညိတ်ပြပြီး. . .

"ယူပါဗျာ. . . ပစ္စည်းကို စားပွဲပေါ်တင်ပေးပြီးပါ
ကြိုက်သာ ယူကြပါတော့ဗျာ"

ရှုံ့ရင်းသည် စားပွဲပေါ်၌ရှိနေသောပစ္စည်းကို ခပ်ပေ
လှမ်းယူလိုက်သည်။

သို့သော် ရတနာဘူးခွံက ပါမလာချေ။ ရှုံ့ရင်းသည်
ဆဆ သဘာမထားတော့ဘဲ ရတနာဘူးခွံကို ဂရုတစိုက်ခဲ
သည်။ ထိုအခါတွင်လည်း ဘူးခွံပါမလာပြန်ပေ။ ရတနာဘူ
စားပွဲပေါ်၌ သံမှိုစွဲထားသည့်အလားနိုင်မြဲနေ၏။

"ယူပါ. . . ယူစမ်းပါ၊ လွတ်လွတ်လပ်လပ်ယူဖို့ တင်
ရက်နဲ့ ခင်ဗျားက ဘာဖြစ်လို့စားပွဲပေါ်ပြန်ချထားပစ်ခဲ့ရတာ

ကျို့ထောင်က သရော်သလိုလို လှောင်ပြောင်သလို
သံဖြင့်လှမ်းပြော၏။

ရှုံ့ရင်းမှာ မျက်နှာတစ်ပြင်လုံး ရဲခနဲဖြစ်သွားသည်
ပေါ်၌ တင်ထားသည့်ဘူးခွံကို သူအဘယ့်ကြောင့် ယူ၍မရ
နားမလည်ချေ။ ထို့ကြောင့် နဖူး၊ လည်ပင်းတစ်ဝိုက်တွင်
လာသည်။

ဓားဝမ့်ထိန်သည် အတန်ကြာမျှ မျက်မှောင်ကုတ်၍





သည်။ ထို့နောက် ခေါင်းတဆတ်ဆတ်ညိတ်ပြီး. . .

"ကျို့ထောင်- မင်းရဲ့ပညာက အသေးအဖွဲ့ကလေးပါကွ
အင်း. . . ဒီလိုပရိယာယ်မျိုးကို တို့က သိပ်ဂရုမစိုက်ဘူး၊ ရှုံ့ရင်း မင်
ဘူးဖယ်ပေးစမ်း၊ ငါရအောင်ယူပြမယ်ကွ"

ရှုံ့ရင်းက ရတနာဘူးခွံကို မကျေမနပ်ဖြင့်ကြည့်နေ၏။ ဓ
ဝမ့်ထိန်က သူ့အားတွန်းဖယ်သောအခါ မဖယ်ချင့်ဖယ်ချင်ဖြင့် ဒေ
ဖယ်ပေးလိုက်သည်။

ထိုအခါ ဓားဝမ့်ထိန်သည် လျှပ်တစ်ပြက်ပင် ကျို့ထောင်
ပခုံးကြောကိုထိုးပိတ်လိုက်သည်။

ကျို့ထောင်က လျင်သည်။

တဖျန်းဖျန်းဖြင့်ရိုက်ထုတ်လိုက်ပြီး ရှောင်၏။

ကျို့ထောင် ဒေါသထွက်သွားသည်။

"မင်း ဘာလုပ်တာလဲ၊ ရတနာဘူးခွံကို ငါမပေးဘဲထား
လား၊ မင်းတို့စိတ်ကြိုက်ယူနိုင်တာပဲဥစ္စာ"

ထိုအချိန်တွင် ရတနာဘူးခွံသည် ဓားဝမ့်ထိန်၏လက်ထဲ
ရောက်ရှိသွားလေပြီ။ ကျို့ထောင်တစ်ယောက် ဆွေ့ဆွေ့ခုန် ဒေ
ထွက်လျက် ရှိနေလေတော့သည်။

"ဟော့ကောင်. . . ရတနာဘူးခွံကိုထားခဲ့စမ်း။ ဒီပစ္စည်းပ
ဒီကထွက်သွားနိုင်လိမ့်မယ်လို့ မင်းတို့ထင်ထားရင် မှားလိမ့်မယ်

ကျို့ထောင်မှာဒေါသဖြစ်လွန်းသဖြင့် ဓားဝမ့်ထိန်နှင့် ရှုံ
တို့အား လေးလေးစားစားပင် မဆက်ဆံတော့ချေ။

ဓားဝမ့်ထိန်ကား ပြုံးနေ၏။

သူလိုချင်သည့်ရတနာဘူးခွံကို ရပြီးပြီ။

မည်သူ့ကို ဂရုစိုက်နေရတော့မည်နည်း။

"အောင်မာ မင်းကများ အထက်စီးကပြောရတယ်ရှိသေးသလား။ ရှုံ့ရင်း. . . ဒီ မသာကောင်ကိုရှင်းပစ်ကြစို့"

ရှုံ့ရင်းမှာမူ ရတနာဘူးခွံကို စားဝမ့်ထိန်တစ်ယောက် လွယ်လွယ်ကူကူ ယူသွားနိုင်ခြင်းအတွက် လွန်စွာအံ့ဩနေ၏။

စားပွဲပေါ်သို့လှမ်းကြည့်လိုက်သောအခါမှ လျှို့ဝှက်ချက်ကို သူသိတော့သည်။

ကျို့ထောင်သည် ရတနာဘူးခွံကို စားပွဲပေါ်သို့တင်ပြီးသည်နှင့် အတွင်းအားသုံးကာ စားပွဲအောက်မှနေ၍ အပေါက်ကလေးတစ်ပေါက်ဖောက်လိုက်သည်။ ထိုအပေါက်မှနေ၍ လက်ဖြင့်နှိုက်ကာ ရတနာဘူးခွံကိုဆွဲယူထားခဲ့သည်။

ကျို့ထောင်နှင့်ရှုံ့ရင်းတို့မှာ အတွင်းအားအရာ၌ ဝိန်မသာလိန်မသာပင်။

သို့သော် ရှုံ့ရင်းကကျို့ထောင်၏လျှို့ဝှက်ချက်ကိုမသိသဖြင့် နိုးနိုးသားသားပင် ဘူးခွံကိုဆွဲယူနေရာ ရတနာဘူးခွံကို မည်သို့မျှ ဆွဲယူ၍ မရခြင်းဖြစ်တော့သည်။

စားဝမ့်ထိန်ကမူ ကျို့ထောင်၏လျှို့ဝှက်ချက်ကိုရိပ်မိသည်။

ထို့ကြောင့် စားပွဲအောက်မှ လက်များလွတ်သွားစေရန် ပြင်ပ၌ ကျို့ထောင်ကိုတိုက်ခိုက်ခြင်းဖြစ်သည်။

ကျို့ထောင် လျှပ်တစ်ပြက်ခုခံတိုက်ခိုက်နေစဉ်တွင် စားပွဲပေါ်မှ ရတနာဘူးခွံကို အလျှင်အမြန်ယူလိုက်ခြင်းဖြစ်သည်။





"ကောင်းပြီ မင်းတို့ထင်သလောက်တော့ မချောင်ဘူးမှတ်ကွ၊ ငါက မင်းတို့ကိုအသေအကြေတိုက်မယ်"

ကျို့ထောင်သည် ဓားရှည်တစ်လက်ကို ရွှမ်းခနဲ ဆွဲထုတ်လိုက်၏။ အလင်းတန်းများဖြာထွက်လာသည်။ ဓားကောင်းတစ်လက်ဖြစ်ကြောင်း မြင်ရုံနှင့်သိသာ၏။

ရှုံ့ရင်းက ဓားပြားကြီးနှစ်လက်ဆွဲထုတ်ပြီး အသင့်ပြင်သည်။ ဓားဝမ့်ထိန်ကား ဓားမကိုင်ဘဲတောင်ဝှေးတစ်ချောင်းကိုင်ထားသည်။ သူတို့သည် တစ်ဦးနှင့်တစ်ဦး စူးစူးစိုက်စိုက်ကြည့်နေကြသည်။

ထိုစဉ် ဘွန်လူအောကရုတ်တရက်ပြောလေသည်။

"ခင်ဗျားတို့ ပြိုင်ချင်သပဆိုရင် ကုန်းပေါ်မှာသွားပြိုင်ပါ၊ ကျုပ်တို့လှေပေါ်မှာ သွေးစွန်းမခံနိုင်ဘူး"

ထိုစကားကြောင့် ရန်သူသုံးယောက်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။

လှေကလေးကား အမှန်တကယ်ပင် ကျဉ်းမြောင်းလှသည်။ တကယ်တမ်းတိုက်ခိုက်လျှင် ဓားကိုဝှေ့၍ပင် ရလိမ့်မည်မဟုတ်ချေ။

"ဟုတ်တယ်၊ ဒီနေရာကကျဉ်းလွန်းတယ်၊ ဟေ့. . . ကျို့ထောင် ကုန်းပေါ်တက်ပြိုင်ကြမယ်"

ကျို့ထောင်ကား နေရာအသာစီးရထားသဖြင့် ကုန်းပေါ်တက်ပြိုင်ရန် စိတ်မကူးချေ။

"ခေါင်းမပါဘဲနဲ့တက်ချင်ရင်တော့ တက်သွားပေါ့ကွာ၊ ဒီအတိုင်းတော့ ငါကခွင့်မပြုဘူး"

ရှုံ့ရင်းသည် ဓားနှစ်လက်ဖြင့် စတင်တိုက်ခိုက်တော့သည်။

ကျို့ထောင်က သူ့ဓားဖြင့် ခံပေးလိုက်ရာ မီးပွင့်များဖြာထွက်သွ
ရွှံ့ရှင်း၏ညာဘက်လက်မှ ဓားကြီးသည် အသွားအနည်းငယ်
သည်။ ရွှံ့ရှင်း ဖုံ့အားသင့်သွားသည်။

ကျို့ထောင်သည် ထိုတဒင်္ဂအတွင်း ရွှံ့ရှင်းကိုဖိတိုက်
ရွှံ့ရှင်းကိုသတ်ပြီးမှ ဓားဝမ့်ထိန်ကိုယှဉ်ပြိုင်မည့်သဘောပင်။

ဓားဝမ့်ထိန်သည် ကျို့ထောင်ထက်ပင် ပါးနပ်လိမ္မာ
သည်။ သူ့တောင်ဝှေးကို လှုပ်ရှားကာ ဝါဆန်းတောင်ဖြိုတော
တိုက်ကွက်ဖြင့် တရကြမ်းတိုက်ပြီး ကျို့ထောင်ကို နောက်ဆုတ်
စေသည်။

အပေါ်စီးမှနေရာယူထားခြင်းကို ဖျက်ပြားသွားစေရန်
ဆောင်ခြင်းဖြစ်သည်။

သူဆောင်ရွက်သည့် အတိုင်းအောင်မြင်သည်။ ကျို့ထေ
သည် ရွှံ့ရှင်းနှင့်ဓားဝမ့်ထိန်တို့ကို မတားနိုင်တော့ချေ။

ရန်သူနှစ်ဦးသည် ကျို့ထောင်ကို ဖောက်ထွက်လျက် ေ
မိုးအပြင်ဘက်လှေဦးသို့ ရောက်ရှိလာကြသည်။

"ဟင်. . ."

ဓားဝမ့်ထိန်မှာ လွှတ်ခနဲအာမေဋိတ်သံထွက်သွားသည်

အဘယ့်ကြောင့်ဆိုသော် သူတို့၏လှေနှစ်စီးသည် ရေလ
၌ မျောနေလေပြီဖြစ်သောကြောင့်ပင်တည်း။

သူတို့၏ရန်ပွဲသည် သဘောတူညီချက်မရှိဘဲ ချက်ချင်
ဆိုင်းသွားသည်။

ကျို့ထောင်သည် သူ့လှေကိုလှမ်းကြည့်ပြီး. . .





"ဟေ့. . . ငါ့လှေကို ဘယ်သူ ရေလယ်ရောက်အောင် လုပ်
တာလဲကွ၊ ဟေ. . ."

သူသည် ဒေါသဖြင့်လှမ်းအော်နေသည်။

ထိုစဉ် ရေလယ်ခေါင်၌ ဦးခေါင်းကလေးတစ်လုံးပေါ်လာ
၊ ကျန်းစန်းအော်ဖြစ်လေသည်။

"ကျုပ်လုပ်တာလေ၊ ခင်ဗျားတို့ရန်ဖြစ်နေကြတုန်း ကျုပ်က
ဝ်က တိတ်တိတ်ကလေးထွက်ပြီး ကမ်းမှာချည်ထားတဲ့ဆိုင်းကြိုး
ကိုဖြုတ်ပြီး ရေထဲမျောပစ်ခဲ့တာပဲ"

"ငါ့လှေထိုးသားရော"

"ငါးစာကျွေးပစ်လိုက်ပြီ"

"မင်း. . . မင်း. . . ငါလုပ်လိုက်ရင်သေတော့မယ်"

ကျို့ထောင်မှာ ဆွေ့ဆွေ့ခုန်ဒေါသဖြစ်နေလေတော့သည်။

ဓားဝမ့်ထိန်မှာလည်း အတော်ကလေး မခံချိမခံသာဖြစ်
ည်။ သူတို့အဖြစ်မှာ အတော်ရယ်စရာကောင်းနေသည်။

သူတို့လှေနှစ်စင်း ရေထဲမျောသဖြင့် ဒေါသထွက်နေသည်။
တက်နေသည့် စန်းအော်တို့လှေသည်လည်း တရွေ့ရွေ့ကမ်းမှ
 တဖြည်းဖြည်း ရေလယ်သို့ရောက်နေကြောင်း သူတို့ သတိ
းမိကြသေးချေ။

စန်းအော်ကား ရေထဲ၌ပင်လယ်ဖျံကလေးပမာ လူးလာဆန်
ကူးခတ်နေလေသည်။

ထိုစဉ် စန်းအော်၏ဦးခေါင်းကလေးပြန်ပေါ်လာသောအခါ
မ့်ထိန်သည် သူ့လက်ကို လျှပ်တစ်ပြက်လှုပ်ရှားလိုက်သည်။

"ဝှစ်. . . ဝှစ်. . . ဝှစ်"

စန်းအော်ကလည်းလျှင်သည်။ လှစ်ခနဲပြန်ငုပ်သွားပြန်၏။ သို့သော် ချက်ချင်း ရေပေါ်ပြန်ပေါ်လာသည်။

"ဘာလဲ- ရှင်တို့လှေတွေကိုနှမြောနေကြသလား၊ နှမြောလို့ ကုန်းပေါ်ပြန်တက်ပြီး ငိုချင်လို့လဲမရတော့ဘူး"

ကျို့ထောင်၊ ဓားဝမ့်ထိန်နှင့်ရှို့ရင်းတို့သည် အလန့်တကြား လှည့်ကြည့်ကြရာ သူတို့ခြေတင်နင်းထားသည့်စန်းအော်တို့လှေသည် လည်း ရေလယ်သို့ရောက်လုရောက်ခင်ဖြစ်နေကြောင်း တွေ့လိုက်ကြရသည်။

"ဘုရားရေ. . . ငါတို့ ကုန်းပေါ်မတက်နိုင်တော့ပါလား"

သူတို့အားလုံး မြောက်ပိုင်းသားများဖြစ်၍ အလွန်တရာ ရေကြောက်ကြသည်။ ကျောက်ခဲသုံးလုံးကို ရေထဲပစ်ချက ပေါ်ချင်ပေါ်လာဦးမည်။ ဤသုံးယောက်ကား မည်သို့မျှမပေါ်နိုင်ပေ။

"ငါတို့ကို ကုန်းပေါ်ပြန်ပို့ပေးပါ"

သူတို့သည် ရေကြောက်စိတ်မွှန်သွားသဖြင့်ဤလှေကိုတိုက်နိုက်လုယူပြီး ကမ်းသို့ပြန်နိုင်သည်ဆိုသော အချက်ကိုပင် မေ့သွားကြသည်။ ကျို့ထောင်က စန်းအော်ကိုတောင်းပန်နေသည်။

စန်းအော်သည် ရေထဲ၌ကိုယ်ဖော့ထားရင်း. . .

"ခင်ဗျားတို့ကို ကမ်းပေါ်ပြန်ပို့ပေးမယ်၊ ဒါပေမယ့် ပစ္စည်းနှစ်မျိုးကိုတော့ ထားပစ်ခဲ့ရမယ်"

"ကောင်းပါပြီ. . . ကောင်းပါပြီ၊ ပထမတစ်မျိုးကတော့ ရတနာဘူးနဲ့ဖြစ်မှာပါပဲ၊ ဒုတိယတစ်မျိုးက ဘာပါလိမ့်"





ဓားဝမ့်ထိန်က လှမ်းပြောလိုက်သည်။

"ဒုတိယတစ်မျိုးကတော့ ရှင်တို့ဦးခေါင်းတွေပဲ"

ရန်သူသုံးယောက်သည် မကြားဝံ့မနာသာ ဆဲဆိုကြလေတော့သည်။

ယခုအခါ. . .

ကျို့ထောင်၊ ဓားဝမ့်ထိန်နှင့် ရှို့ရင်းတို့သည် မဟာမိတ်များအဖြစ်သို့ ပြန်လည်ရောက်ရှိသွားကြပြန်လေပြီ။

ကျို့ထောင်က စန်းအော်ကို အော်၍ပြောသည်။

"ဟေ့- မဖြစ်နိုင်တာတွေကိုပြောမနေနဲ့၊ ငါတို့က ရတနာဘူးနဲ့ပြန်ပေးမယ်၊ တို့ကို ကမ်းပေါ်ပြန်ပို့ပေးပါ၊ ဒါက အရှင်းဆုံးပြောတာပဲ"

"ဟား. . . ဟား. . . ဟား"

သူတို့နောက်မှရယ်သံတစ်သံပေါ်လာသဖြင့် သုံးယောက်စလုံး ကျောချင်းကပ်လိုက်ကြသည်။

လက်ဝါးများကို ရင်ဝ၌ကာကွယ်လိုက်ကြသည်။

တိုက်ကွက် အသင့်ပြင်လိုက်ခြင်းသာဖြစ်သည်။

ရယ်သံရှင်ကား လုစုယာပင်တည်း။

ထိုအခါ ရန်သူသုံးယောက်စလုံး မျက်လုံးပြူးသွားကြသည်။ ကျို့ထောင်က မယုံနိုင်သောမျက်လုံးများဖြင့်ကြည့်နေသည်။

"ဟင်. . . မင်း. . . မင်း"

"ဟုတ်ပါတယ်- ကျုပ်ပါ"

"မင်း. . . မင်း တကယ်မလဲဘူးပေါ့"

“လဲတော့ လဲပါတယ်ဗျာ၊ ခင်ဗျားအမြင်ပါပဲ၊ ဒါပေမယ့် ခင်ဗျားရဲ့နှစ်တစ်ရာအရက်က နည်းနည်းပေါ့တယ်မှတ်တယ်ဗျာ ”

ဘွန်လူအောသည် လုစုယာ၏နောက်၌ ပြုံးပြုံးကလေးရပ်နေသည်။

လုစုယာက. . .

“ကျုပ်က ခင်ဗျားတို့ကိုအထင်ကြီးခဲ့တာဗျ၊ တကယ်တော့ ခင်ဗျားတို့မှာ အထင်ကြီးစရာ ဘာအရည်အချင်းမှမရှိဘဲ”

“ဘာလဲ ငါ့အရက်ထဲကအဆိပ်ကို အထင်သေးပြီးပြောတာလား”

“ခင်ဗျားအရက်ထဲက အဆိပ်ကစွမ်းပါတယ်၊ ကျုပ်ပြောတာက အဲဒါမဟုတ်ဘူး။ ဒီလှေကိုတိုက်ခိုက်ယူပြီး ကမ်းကိုပြန်ကပ်ဖို့ ခင်ဗျားတို့ နည်းနည်းလေးမှ စိတ်မကူးမိကြဘူးလားဗျာ”

ရန်သူသုံးယောက်စလုံး ခေတ္တငိုင်သွားကြသည်။

ဟုတ်ပေသည်။ ဤလှေကို တိုက်ခိုက်လုယူနိုင်ကြောင်း သူတို့ မေ့လျော့ခဲ့ကြပေသည်။

လုစုယာက လက်ဖြင့်တောင်းခံလိုက်သည်။

“ခင်ဗျားတို့ ဘာငိုင်နေကြတာလဲ၊ ပေး- ကျုပ်ရဲ့ရတနာဘူးခွံ. . .”

ဘေးဝယ်ထိန်မှာ သူ ခက်ခက်ခဲခဲရယူထားသော ရတနာဘူးခွံကို မပေးချင်ပေ။

ကျောက်စိမ်းဧကရာဇ်တံဆိပ်တော်ထည့်သည့် ဘူးခွံဖြစ်နေခြင်းကိုပင် သူတို့တန်ဖိုးထားခဲ့ကြသည်။





သူက ကျို့ထောင်ကိုညွှန်ပြလိုက်ပြီး. . .

“ဒီပစ္စည်းကို ငါက မင်းဆီက ယူထားတာမဟုတ်ဘူးလေ၊ ငါ က ကျို့ထောင်ဆီကလုထားတာကွ၊ ငါ့အဖို့တော့ ဒီပစ္စည်းရှင်ဟာ ကျို့ထောင်ပဲ”

“တော်တော်ယုတ်မာတဲ့လူတွေပဲ”

ဘွန်လူအော မကျေမနပ်ရေရွတ်လိုက်လေတော့သည်။

◈◈◈

## အခန်း (၄၉)
## ကျောက်စိမ်းကေရာင်တံဆိပ်တော်

ဓားဝမ့်ထိန်သည် ရတနာဘူးခွံကို အိတ်ထောင်အတွင်းမှ ထုတ်ယူလိုက်ပြီး ကျို့ထောင်ကိုပြသလိုက်သည်။

"ကျို့ထောင်- ဒီပစ္စည်းကို ငါမင်းဆီကလုတာနော်"

"ဟုတ်တယ်"

လူယုတ်မာများ ညီညွတ်နေသည်။

ထိုစဉ် ဘွန်လူအောသည် ရိုပ်ခနဲလှုပ်ရှားသွားသည်။ လေမုန်တိုင်းအတွင်း လွင့်မျောသွားသည့်ငှမ်းစကလေးပမာ အလွန်လျင်မြန်သည်။

ဓားဝမ့်ထိန်မှာ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ လက်ဗလာဖြစ်သွားသည်။

ဘွန်လူအော၏လက်ထဲ၌ ရတနာဘူးခွံပါသွားလေပြီ။ ရန်သူသုံးယောက်စလုံး မင်တက်ငေးကြောင်သွားသည်။

ဤလှေထဲ၌ ဤမျှကိုယ်ဖော့ပညာကောင်းသူ ပါရှိလာလိမ့်





မည်ဟု သူတို့ မထင်မှတ်ကြချေ။

ဘွန်လူအောက ရန်သူသုံးယောက်အား မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့်ကြည့်လိုက်သည်။

"နားထောင်ကြစမ်း၊ ကျွန်မတို့ကို ယောကျ်ားလေးတွေလို့ ရှင်တို့ထင်နေကြတုန်းပဲလား၊ ရှင်တို့ဟာ အဲဒီလောက်အထိ တုံးကြတယ်။ လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်ကတည်းက ကျောက်စိမ်းကေရာင်တံဆိပ်တော်ကိုလိုချင်စိတ်ကြောင့် မွန်ဂိုတွေနဲ့ပေါင်းခဲ့ကြတယ်၊ ကျားချောက်ကမ်းပါးက မိုးတိမ်ပျံလုကွမ်နန်ကို တိုက်ခိုက်ခဲ့ကြတယ်၊ အဲဒါတွေကို ရှင်တို့သတိရကြသေးရဲ့လား"

ရန်သူသုံးယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

ဘွန်လူအောက ဆက်ပြောသည်။

"အခုတစ်ခါ ပူးပေါင်းမိကြပြန်ပြီ၊ ရှင်တို့ရဲ့ယုတ်မာမှုဟာ ဘယ်တော့ဆုံးခန်းတိုင်တော့မယ်၊ ရှင်တို့ဟာ သေတောင်မှနောင်တတရားရမယ့်လူတွေမဟုတ်ဘူး။ ကျွန်မ ဘယ်သူလဲသိလား၊ ကျွန်မဟာ ရွှေဓားဗိုလ်ဘွန်ကြာမြိုင်ရဲ့သမီးရှင့်- သမီး- သိရဲ့လား၊ ဟိုရေထဲက မိန်းကလေးရော ဘယ်သူများအောက်မေ့နေသလဲ၊ သူက ဟွမ်ရန်နတ်လက်ဝါးကျန်းကျိအန်နန်ရဲ့သမီး ကျန်းစန်းဘော်တဲ့၊ သိရဲ့လား. . . သူကတော့ အထူးပြောနေစရာမလိုဘူး၊ ရှင်တို့အကြိမ်ကြိမ်သွားပြီး ဒုက္ခပေးခဲ့တဲ့ မိုးတိမ်ပျံလုကွမ်နန်ရဲ့သား လုစုယာပဲ"

"ဗွမ်း. . ."

ထိုစဉ် ကျန်းစန်းဘော်သည် အရှေ့ပင်လယ် ရှစ်ဆယ့်တစ်

ကျွန်းမှ ဟူစီတို့လှေပေါ်သို့ ခုန်ပျံတက်ကြသည့် ငါးပျံခုန်လွှားတက်နည်းအတိုင်း လှေပေါ်သို့ ခုန်တက်လာ၏။

ရန်သူသုံးယောက်မှာ အကြီးအကျယ်ထိတ်လန့်သွားကြသည်။ စန်းအော်၏ပညာကို အထင်ကြီးကြောက်ရွံ့သွားကြသည်။

အထက်ကဆိုခဲ့သည့်အတိုင်း စန်းအော်၏ပညာမှာ သိုင်းပညာမဟုတ်ပေ။ သိုင်းပညာတတ်ကျွမ်းသော ပင်လယ်သားများက ပင်လယ်ငါးပျံတစ်မျိုး ခုန်ပျံသည့်နည်းကို အတုယူ ကြိုးစားလေ့ကျင့်ကြခြင်းဖြင့် ထိုသို့ ရေထဲမှခုန်တက်နိုင်ကြခြင်းဖြစ်ပေသည်။

"ကဲ. . . ဘယ့်နှယ်လဲ၊ ရှင်တို့နဲ့တွေ့နေကြတာ နည်းနည်းနောနော ရန်ကြွေးရှိနေတဲ့လူတွေမဟုတ်ဘူးဆိုတာရှင်းသွားပြီ မဟုတ်လား၊ ကိုယ့်ခေါင်းကို ဖြုတ်ထားမလား၊ ကျွန်မတို့က ဖြုတ်ယူထားရမှာလား"

ကျို့ထောင်တို့သုံးယောက်မှာ ဘွန်၊ လု၊ ကျန်း ရန်သူ မျိုးဆက်များနှင့်တွေ့ဆုံနေခြင်းဖြစ်ကြောင်း ယခုမှပင် နားလည်သဘောပေါက်လေတော့သည်။

ရှည်လျားသောကာလတွင် တင်ရှိခဲ့သောကြွေးများဖြစ်၍ မုချတိုက်ပွဲဆင်ရတော့မည်ဖြစ်ကြောင်း သူတို့နားလည်ကြသည်။

ထို့ကြောင့် အသီးသီးပင် လက်နက်များထုတ်ကိုင်၍အသင့်ပြင်လိုက်ကြတော့၏။

ဘွန်လူအောကလည်း ရတနာဘူးခွံကို အတွင်းအိတ်၌ ထည့်သွင်းသိမ်းဆည်းလိုက်သည်။ သူမ၏ဘယ်ညာခါး၌ချိတ်ဆွဲထားသောဓားနှစ်လက်ကိုလည်း ဆွဲထုတ်လိုက်သည်။





"ကဲ. . . ဘယ်သူက ကျွန်မနဲ့အရင်တိုက်မလဲ"

ဘွန်လူအောသည် ပေါင်းမိုးပေါ်သို့ ခုန်တက်သွားပြီး စိန်ခေါ်လိုက်သည်။

သူတို့သည် ဘွန်လူအောကို သိပ်မကြောက်ချေ။

ဘာပညာနှင့်မှန်းမသိဘဲ ရေထဲမှခုန်တက်လာသော စန်းအော်ကို အလွန်ကြောက်ကြသည်။

"ငါတိုက်မယ်ဟေ့"

ကျို့ထောင်သည် သူ၏ဓားနှစ်လက်ကိုဝှေ့ယမ်းပြီး ပေါင်းမိုးပေါ်သို့ခုန်တက်လိုက်၏။

ထို့နောက် ဘွန်လူအောကို အပြင်းအထန်ထိုးနှက်တိုက်ခိုက်လေတော့သည်။

တစ်ခုထူးခြားသည်မှာ လှေပေါင်းမိုးသည် ယာယီပေါင်းမိုးကလေးသာဖြစ်၍ လုံးဝ မခိုင်ခံ့ချေ။

ဘွန်လူအောကဲ့သို့ ကိုယ့်ဖော့ပညာ တစ်ဖက်ကမ်းခတ်သူအဖို့ ဘာမျှမထူးခြားသော်လည်း ဘွန်လူအောလောက် ကိုယ်ဖော့ပညာမကောင်းသော ကျို့ထောင်အဖို့ကား ကြီးစွာသောဒုက္ခဖြင့် ကြုံတွေ့နေရတော့သည်။

အပေါ်၌ သတိထားတိုက်ခိုက်ရခြင်းကတစ်ဖက်၊ အောက်သို့ကျွံဝင်မသွားစေရန် သတိထားရခြင်းကတစ်ဖက်တို့ကြောင့် ကျို့ထောင်ခမျာ အလူးအလဲခုခံနေရရှာတော့ သည်။

သူစိုးရိမ်သည့်အတိုင်းပင် မကြာမီပင်ခြေတစ်ချောင်းသည် ပေါင်းမိုးအတွင်းသို့ ကျွံဝင်သွားလေတော့သည်။

ကျို့ထောင် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ သူ့မေးချက်များလည်း လွဲချော်သွားသည်။

ထိုစဉ်မှာပင် ဘွန်လူအော၏ခြေထောက်သည် ဝှီးခနဲ ပတ်ဝိုက်လာသည်။

"ဝုန်း. . ."

ကျို့ထောင်ခမျာ မည်သို့မျှ မရှောင်နိုင်တော့ပေ။

ဘွန်လူအော၏ကန်ချက်ကို ထိထိမိမိပင် အကန်ခံလိုက်ရသည်။ ထို့ကြောင့် ပေါင်းမိုးပေါ်မှလွင့်မြောက်တက်သွားကာ ရေထဲသို့ ဘွမ်းခနဲ ကျသွားတော့သည်။

"မြောင်း. . . မြောင်း. . . မြောင်း. . . သိပ်ကြည့်ကောင်းတာပဲ"

ကလေးမဟုတ် သူငယ်မဟုတ် အားပါးတရအော်ဟစ်လိုက်သည့်စန်းအော်၏ လက်ခုပ်ဩဘာသံပေတည်း။

ကျို့ထောင်ကား ရေကြောက်သူတို့ ထုံးစံအတိုင်း အခြေအနေဆိုးဝါးလျက်ရှိရှာလေပြီ။

စန်းအော်သည် ချင်ယာပန်းဂိုဏ်းသားလေ့ ထိုးသားနှစ်ဦးအား ကျို့ထောင်ကိုကယ်တင်ပေးရန် အမိန့်ပေးလိုက်သည်။

ထိုအချိန်၌ လုစုယာမှာ ဓားဝမ့်ထိန်၊ ရွှီရင်းတို့နှင့်တိုက်ပွဲဆင်နေပြီဖြစ်သည်။

စန်းအော်သည် သည်ဘက်လှည့်လိုက်သောအခါ တိုက်ပွဲကို မြင်လိုက်ရသည်။

"ဟင်. . တော်တော်ဟုတ်တဲ့လူပါလား၊ ဟိုမှာတစ်ယောက်





ခံနေရတာတောင် သင်ခန်းစာ မယူတတ်ဘူး၊ ကောင်းပြီ သူတို့ကို သင်ခန်းစာပေးရမယ်"

စန်းအော်သည် ခုန်ဝင်လာပြီး ရွှီရင်းအား လက်ဝါးနှင့်ရိုက်ချသည်။ ရွှီရင်းသည် ကိုယ်ကိုတစ်ပတ်လှည့်လျက် စန်းအော်၏ လက်ဝါးရိုက်ချက်ကို ဓားဖြင့်ခံသည်။

စန်းအော်၏ လက်ဝါးရိုက်ချက်သည် လမ်းကြောင်းပြောင်းသွားပြီး ရင်ဘတ်ဆီသို့တိုးဝင်လာ၏။ ရွှီရင်းမှာ သွေးပျက်မတတ် ထိတ်လန့်သွား၏။

ထိုလက်ဝါးရိုက်ချက်မှ လွတ်မြောက်ရန် အသေအကြေ ရှောင်တိမ်းလိုက်ရသည်။

သို့သော် သူ့ကြိုးစားမှုမှာ အချည်းအနှီးဖြစ်သွားသည်။

ဆီအိုးထဲမှာ ပူလှပါသည်ဆိုပြီး မီးဖိုထဲခုန်ချသလို ဖြစ်သွားသည်။ စန်းအော်ကိုရှောင်ကာမှ လုစုယာကို ကျောပေးမိလျက်သားဖြစ်သွားသည်။

လုစုယာက သူ့ကျောရိုးကြေးမှသွေးကြောကို လှမ်းပိတ်လိုက်ရာ ရွှီရင်းမှာ ပျော့ခွေကျသွားလေတော့သည်။

ဓားဝမ့်ထိန်မှာ စိတ်ဓာတ်ပျက်ပြားသွားသည်။

တိုက်ကွက်အနည်းငယ်သာတိုက်ရသေးသည်။ မိမိ၏လူမှာ သူတို့လက်တွင်း သက်ဆင်းသွားခဲ့ပြီ။

လုစုယာ၏လျင်မြန်မှုကို သူ မတွေ့ဘူးသဖြင့် လုစုယာနှင့် ဆက်လက်တိုက်ခိုက်ရမည်ကိုပင် ကြောက်လာသည်။

ထို့ကြောင့် လုစုယာအား ထိခိုက်ရန်တိုက်ခြင်းထက် မိမိကို

လုစုယာက ဒုက္ခမပေးနိုင်ရန်ကိုသာ ပိုး၍ဂရုပြုပြီး ခံစစ်သာကစားတော့သည်။

သူ့တောင်ဝှေးသည် တဗိုးဗိုးမြည်နေသည်။ တောင်ဝှေးစက်ဝိုင်းသည် သူ့ကိုဝိုင်းပတ်ကာရံထားသလိုရှိသည်။

လုစုယာအဖို့ကား ဤတိုက်ကွက်ကိုဖျက်ရန် မခက်လှပါ။

လက်ဝါးကို တစ်ချက်ချင်းရိုက်သွားရာ တဝုန်းဝုန်းလေဖိသံနှင့်အတူ မားဝမ့်ထိန်က တစ်လှမ်းချင်းနောက်ဆုတ်ပေးနေရသည်။

နောက်ဆုံး ဆုတ်စရာပင် မရှိတော့ချေ။ ဆုတ်သည်နှင့် ရေထဲကျဖို့ပဲ ရှိတော့သည်။

နောက်ဆုံး၌ မားဝမ့်ထိန်စိတ်လျှော့လိုက်သည်။

သူသည် သူ့တောင်ဝှေးတိုက်ကွက်ကို ရုပ်သိမ်းကာ ဘေးသို့ခုန်ထွက်လိုက်၏။ နောက်သို့ကား ခုန်မဆုတ်ရဲချေ။

ရေထဲလိမ့်ကျပြီး ဒုတိယကျို့ထောင်ဖြစ်သွားပေလိမ့်မည်။ သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး နွမ်းနယ်ပင်ပန်းလှစွာ စကားလှမ်းပြောသည်။

"လုစုယာ. . . မင်းအဖေနဲ့ငါနဲ့ တိုက်တာကို မင်း မြင်ဖူးသလား"

"ဘယ်မြင်ဖူးမှာလဲ. . . ကျုပ်က ငယ်ငယ်ကလေးရှိသေးတာပဲ"

"အေး. . . ဟုတ်မှာပေါ့လေ၊ အဲဒီတုန်းက မင်းအဖေနဲ့ ငါဟာ လက်ရည်တူပဲရှိကြပါတယ်၊ တစ်ယောက်ကိုတစ်ယောက် မရှုံးလဲမရှုံး နိုင်လဲမနိုင်ပါဘူး။ အခု မင်းနဲ့ယှဉ်ပြိုင်ကြတော့ မင်းဟာ မင်း





အဖေထက် အပြတ်အသတ်သာလွန်နေတယ်၊ ဒီတော့ ငါတိုက်ဖို့ဘာလိုတော့သလဲ၊ ငါကျေနပ်တယ်၊ မင်းနဲ့သတ်လို့ ငါ့အသက် သေရတာကို ငါကျေနပ်ပါတယ်"

သူသည် သူ့ရှေ့သို့ သူ့တောင်ဝှေးကို ပစ်ချလိုက်သည်။

လက်နှစ်ဖက်ကို ဘေးသို့ချထားလိုက်သည်။

သတ်လိုက သတ်စေတော့သဘောဖြင့် လည်စင်းခံပေးခြင်းဖြစ်သည်။ လုစုယာ၏တိုက်ကွက်ကို ပြန်လည်မတုံ့ပြန်တော့ဟူသောသဘောမျိုးပင်ဖြစ်တော့သည်။

လုစုယာသည် စိတ်သဘောထားကောင်းသူဖြစ်သည်။ မားဝမ့်ထိန်ကသာ အငေါ်တူးတူးဖြင့် ရန်စကားများဆက်ပြောလျှင် မှုချသတ်ဖိမည်ဖြစ်သည်။

ယခုကဲ့သို့ အရှုံးပေးသည့်စကားမျိုး ပြောလာသောအခါတွင်မူ သူသည် မားဝမ့်ထိန်ကို ရက်ရက်စက်စက် မလုပ်ရက်အောင်ဖြစ်သွားသည်။

ထို့ပြင် မားဝမ့်ထိန်သည် သူ့လက်နက်ကို ချထားလိုက်လေပြီ။ သိုင်းလောက၌ လက်နက်လွတ်ကျသွားလျှင် ထိုသူသည် သူ့ပြိုင်ဘက်ကို အရှုံးပေးရသည်။

ပညာချင်းမယှဉ်နိုင်သောကြောင့် လက်နက် လွတ်ကျရခြင်းဖြစ်သည်ဟု သတ်မှတ်ထားကြသည်။

အမိုးခံသဘောအတိုင်း ယှဉ်ပြိုင်သူတိုင်းသည် လက်နက်လွတ်ကျသည်နှင့် အရှုံးပေးရမြဲဖြစ်သည်။

ယခု. .

ဓားဝမ့်ထိန်က သူကိုယ်တိုင် လက်နက်ချထားလေပြီ။

ထို့ကြောင့် အရှုံးပေးထားသူကို တိုက်ခိုက်ရန် မလိုတော့၊ သတ်ဖြတ်ရန် မသင့်တော့ဟုယူဆပြီး ဓားဝမ့်ထိန်ချထားသည့် တောင်ဓားကို ပြန်ပေးရန် ခါးကုန်း၍ကောက်ယူလိုက်လေသည်။

ထိုစဉ် ဓားဝမ့်ထိန်သည် ရှိရှိသမျှအတွင်းအားကို ထုတ်လျက် လုစုယာ၏ဦးခေါင်းပေါ်သို့ ပြင်းထန်စွာရိုက်ချလိုက်လေတော့သည်။

"အစ်ကိုလုစုယာ. . . သတိထား"

ဓားဝမ့်ထိန်ကို လုံးဝ ယုံကြည်မှုမရှိသော စန်းအော်က မျက်ခြည်မပြတ် အကဲခတ်ကြည့်နေသည်ဖြစ်ရာ ဓားဝမ့်ထိန် လက်လှုပ်လိုက်သည်နှင့် စူးရှစွာအော်ဟစ်ရင်း လုစုယာရှိရာသို့ ဝက်ခေါင်းတိုး တိုးဝင်လာပြီး လုစုယာအား တွန်းထုတ်လိုက်သည်။

သူမအနေဖြင့် အတတ်နိုင်ဆုံး လုပ်နိုင်သည်မှာ လုစုယာကို တွန်းထုတ်ရုံသာရှိသည်။ ထိုသို့ တွန်းထုတ်မှုကြောင့် သူမအနေဖြင့် ဓားဝမ့်ထိန်၏ရိုက်ချက်အမိခံရပြီး သေဆုံးသွားရုံသာရှိသည်။

ကျန်းစန်းအော်သည် သူမ တတ်နိုင်သည့်အလုပ်ကို လျှပ်တစ်ပြက်ပင် လုပ်ဆောင်သွားသည်။

လုစုယာကား ဓားဝမ့်ထိန်၏အရှုံးပေးမှုကို လုံးဝယုံကြည်စိတ်ချထားပြီးဖြစ်၍ သူ့စိတ်များကို လုံးဝလျှော့ချထားပြီးဖြစ်သည်။

ထို့ကြောင့် ဓားဝမ့်ထိန်၏ရိုက်ချက်ကို မည်သည့်နည်းနှင့်မျှ ခုခံနိုင်သော အနေအထားမရှိပေ။

"ဝုန်း. . ."





တကယ့်အဖြစ်အပျက်သည် စိတ်ကူးယဉ်အဖြစ်အပျက်ထက် ပို၍ဆန်းကြယ်သည်ဟူသောစကားရှိခဲ့သည်။

စန်းအော် တစ်ဟုန်ထိုးပြေးတွန်းသဖြင့် လုစုယာလွင့်ထွက်သွားသည့်အချိန်နှင့် စန်းအော်နှင့် ဓားဝမ့်ထိန်ကြားထဲသို့ သွေးကြောပိတ်ခံထားရသော ရှုံ့ရင်း၏ခန္ဓာကိုယ်ကြီး လွင့်စဉ်ဝင်ရောက်လာသည့်အချိန်မှာ တစ်ချိန်တည်းဖြစ်နေသည်။

ဓားဝမ့်ထိန်မှာ သူ့လက်ဝါး အောက်သို့မကျမီမှာပင် ရှုံ့ရင်း၏ခန္ဓာကိုယ်ကြီးက သူ့အား ဝုန်းခနဲပစ်တိုက်လာပြီး လှေကြမ်းပြင်ပေါ်သို့ လဲကျသွားရလေတော့သည်။

ရှုံ့ရင်း၏ခန္ဓာကိုယ်ကို ပစ်သွင်းလိုက်သူမှာ ဘွန်လူအောဖြစ်ပေသည်။ သူမသည်လည်း တိုတောင်းလှသော အချိန်အတွင်း၌ အကောင်းဆုံးအလုပ်ကို အမြန်ဆုံးလုပ်ခဲ့ခြင်းဖြစ်ပေတော့သည်။

ထိုသို့ဖြစ်သွားခြင်းအတွက် ဓားဝမ့်ထိန်မှာ အတွင်းဒဏ်ရာအကြီးအကျယ်ရရှိသွားသည်။

ထိုအချိန်မှာပင် ချင်ယာပန်းဂိုဏ်းသား လှေထိုးသားနှစ်ယောက်က ကျို့ထောင်ကို လှေပေါ်သို့တွန်းတင်လာကြသည်။

ကျို့ထောင်မှာ လှေထိုးသားနှစ်ယောက်ထက် သိုင်းပညာအပြတ်အသတ်သာသော်လည်း ရေထဲတွင်မူ သူ့ပညာကိုမည်သို့မျှ မသုံးနိုင်ခဲ့ချေ။

ရေကျွမ်းလှသော ချင်ယာပန်းဂိုဏ်းသားနှစ်ဦးကလည်း ခွင့်သာဆဲမှ မခဲချင်လျှင် အလွဲနင့်ပြင်ရှိသေးလိမ့်လားဟူသော သဘောဖြင့် ကျို့ထောင်ကို မသေရုံတမည် စိတ်ကြိုက်ထုထောင်း

ကြလေတော့၏။

သူတို့လှေပေါ်သို့တွန်းတင်ပြီးသော **အခါ ကျို့**ထောင်မှာ မသေရုံတမည် **မျော့မျော့သာရှိနေတော့သည်။**

လုစုယာမှာ အသက်စွန့်၍ **သူ့အား တယ်**တင်ခဲ့သော ကျန်းစန်းအော်အား မျက်ရည်ဝဲသော **မျက်လုံးများဖြင့်**ကြည့်ကာ ကျေးဇူးတင်စကား **ဆိုသည်။**

"ကျေးဇူးတင်လိုက်တာ ညီမလေးရယ်"

သူသည် စန်းအော်လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။

လုစုယာ၏လှိုက်လှဲစွာထုတ်ဖော်ပြောဆိုလိုက်သည့် ကျေးဇူးတင်စကားသည် ကျန်းစန်းအော်၏ရင်ကို လွန်စွာအေးမြသွားစေလေသည်။

ထို့ကြောင့် စန်းအော်ကလည်း လုစုယာ၏လက်ကို တင်းကျပ်စွာ ပြန်လည်ဆုပ်ကိုင်မိသည်။

ဤသို့ လုစုယာနှင့်စန်းအော်တို့ ကျေးဇူးတင်ကြည်နူးနေသည့်မြင်ကွင်းကို မြင်လိုက်ရသောဘွန်လူအောမှာ မသိမသာသက်ပြင်းရှိုက်လိုက်မိသွားသည်။

"သူရဲကောင်းလေး၊ လှေကို ကျွန်တော်တို့ ပဲ့ပြန်ကိုင်လိုက်ပါပြီ၊ ဘယ်ဘက်ကိုဦးတည်ရမလဲခင်ဗျာ"

လှေထိုးသားနှစ်ဦးက လှမ်းမေးလာသဖြင့် ဘွန်လူအောပင်ကြားဖြတ် အမိန့်ပေးလိုက်ရတော့သည်။

"ချူးကျိုးဘက်ကို ဦးလှည့်လိုက်ပါ"





လှေသည် ချူးကျိုးဘက်သို့ဦးလှည့်လိုက်သည်။

လေကလည်း **အတော်အလိုက်**သိသည်။ သူတို့သွားမည့်ဘက်သို့ တသုန်သုန်တို**က်ခတ်နေ**သဖြင့် လှေ၏အသွားနှုန်းမှာ အတော်ကလေးမြန်သည်။

ချင်ယာပန်းဂိုဏ်းသားနှစ်ဦးကား **ရန်သူ**များကို ကောင်းစွာဆုံးမနိုင်သောတိုက်ပွဲ၌ ဝင်ရောက်အစွမ်းပြခွင့်ရလိုက်သဖြင့် လွန်စွာပီတိဖြစ်ကျေနပ်နေကြတော့သည်။

တစ်ညတာကုန်ဆုံးသွားသည့် အချိန်အတွင်း၌ လှေသည် မိုင်အတော်များများခရီးပေါက်ခဲ့၏။ အုန်းမြစ်မှာလည်း တဖြည်းဖြည်းကျဉ်းမြောင်းလာခဲ့ပြီဖြစ်သည်။

မြစ်ကြောင်းကျဉ်းလာခြင်း၊ လေမရတော့ခြင်းတို့ကြောင့် လှေထိုးသမားနှစ်ဦး၏လှော်ခတ်အားကို အားကိုးလာကြရသည်။ ခရီးလည်း သိပ်မတွင်တော့ပေ။

ဘွန်လူအောသည် ကိုယ်ဖော့ပညာစွမ်းဖြင့် မိုင်ပေါင်းများစွာကို လှစ်ခနဲ လှစ်ခနဲပြေးလွှားလာခဲ့သူဖြစ်ရာ ယခုကဲ့သို့ တအိအိချွန်တက်နေရသည့်ခရီးမျိုးကို လုံးဝစိတ်မရှည်တော့ပေ။

"အစ်ကိုလုစုယာ၊ ဒီပုံနဲ့ခရီးဆက်လို့ကတော့ သိပ်မဟန်တော့ဘူး၊ ကုန်းလမ်းဘက်က ခရီးဆက်ရင် ကောင်းမယ်နဲ့တူတယ်"

"အင်း. . . လှေကသိပ်နှေးလာတော့ ဒီလိုပဲ ခရီးဆက်ရတော့မှာပဲ"

လုစုယာကလည်း သဘောတူသည်။ ထို့ကြောင့် လှေကိုကမ်းကပ်ရန် အမိန့်ပေးလိုက်သည်။

ထိုစဉ် သူတို့ရှေ့တူရူမှလှေတစ်စင်းသည် လေးညို့မှထွက်လာသောမြားကဲ့သို့ တစ်ဟုန်ထိုးစုန်ဆင်းလာသည်။

သူတို့နှင့် ရေ လေဆန့်ကျင်ဘက်အနေအထားမျိုးဖြစ်သဖြင့် ထိုလှေသည်အလွန်မြန်သည်။ လှေဦးပိုင်းမှ လူတစ်ယောက်ကလည်း လှေချင်း မတိုက်မိစေရန် အော်ဟစ်သတိပေးလာသည်။

"ရှေ့ကလှေ ဘေးဖယ်ပါ။ ရှေ့ကလှေ ဘေးဖယ်ပါ"

ကျန်းစန်းအော်နှင့်ဘွန်လူအောသည် ဤမျှ သဲရေးရှင်ရေးစုန်ဆင်းလာသောလှေကို လွန်စွာသံသယရှိသွားသည်။

ထို့ကြောင့် ဓားဝမ့်ထိန်တို့လူစုကို အသေအချာစောင့်ကြည့်နေမိသည်။ ဓားဝမ့်ထိန်တို့၏စစ်ကူများလားဟုသံသယရှိသောကြောင့်ဖြစ်သည်။

ထိုလှေသည် အရှိန်နှုန်းလျှော့ချမည့် အရိပ်အယောင်တစ်ခုမျှမရှိသောအခါ လုစုယာစိုးရိမ်လာသည်။

"ဟေ့. . . ဒီလှေကိုရှောင်ပေးလိုက်စမ်း၊ မရှောင်ရင် တို့လှေကို သူ့လှေဦးနဲ့ထိုးခွဲမယ့်ပုံဖြစ်နေတယ်"

ချင်ယာပန်းဂိုဏ်းသားနှစ်ဦးသည် လှေပဲ့ကိုထိန်း၍ ရှောင်တိမ်းပေးလိုက်သည်။ လှေနှစ်စင်းသည် ပွတ်ကာသီကာ လွတ်သွားလေသည်။

"မင်းတို့ ကံကောင်းသွားတယ်ဟေ့"

စုန်ဆင်းလာသောလှေ၏ လှေဦးပေါ်မှလူက အော်ဟစ်သွားသည်။ လုစုယာတို့အားလုံးသည် လှေဦး၌ရပ်လာသူကို အသေအ ချာကြည့်ကြသည်။





မျက်နှာကစုတ်ချွန်းချွန်း၊ မျက်လုံးများက ငါးခူမျက်စိကဲ့သို့ကျဉ်းမြောင်းမြောင်း၊ နှုတ်ခမ်းမွေးကလည်း ကျိုးတိုးကျဲတဲဖြင့် ကြွက်တစ်ကောင်၏မျက်နှာနှင့် အလွန်တူသည်။ အသက်မှာမူ သုံးဆယ်ကျော်ခန့်သာရှိမည်။

လှေဦး၌ရပ်ကာ လှေချင်းမတိုက်မိစေရန် သဲရေးရှင်ရေးအော်လာသည်။

ဤအချက်ကိုထောက်၍ ရေမကျွမ်းကျင်သော လူမျိုးသာဖြစ်ရမည်ဟု အားလုံးကကောက်ချက်ချ၏။

"အစ်ကိုလုစုယာ လှေဝမ်းထဲမှာထိုင်နေတဲ့ လူနှစ်ယောက်ကိုသတိထားလိုက်မိရဲ့လား"

ဘွန်လူအောက မေးလိုက်သည်။

"ဟင်. . . ဘယ်သူ့ကို တွေ့လိုက်မိလို့လဲ"

"ညီမသာ မျက်စိမမှားဘူးဆိုရင်တော့ အဲဒီမှာထိုင်နေတဲ့လူနှစ်ယောက်ဟာ ကျင်းထုံတို့ ဆရာတပည့်နှစ်ယောက်ပဲဖြစ်လိမ့်မယ်"

"သေချာရဲ့လားညီမရယ်"

"သေချာပေါက်ကြီးတော့လဲ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် ညီမယုံပါတယ်၊ ကျင်းထုံနဲ့လုထူနန်ပဲ ဖြစ်မှာပါ"

"ဒါဆိုရင်- ငါတို့က ဒီမှာ ဘာဖြစ်လို့ရပ်နေရတော့မှာလဲ"

လုစုယာသည် လှေကိုချက်ချင်းပြန်လှည့်ခိုင်းသည်။

စောစောက လှေနောက်သို့ ပြန်လိုက်ရန်အမိန့်ပေးသည်။ လုစုယာတို့ကိုယ်တိုင်လည်း လှေကို ဝိုင်း၍လှော်ခတ်ကြသည်။

ရေဆန်လေဆန် တက်ကုန်ခွက်ကုန်ဖြစ်၍ သူတို့လှေသည်

စောစောကလှေ့ထက်ပင် ပို၍လျင်မြန်စွာပြေးတော့သည်။ မကြာမီ ရှေ့ကလှေကို မီလာတော့၏။

ထိုစဉ် ရှေ့လှေ၏ပေါင်းမိုးထဲမှ လူတစ်ယောက်ထွက်လာပြီး သူတို့လှေကို ခါးထောက်ကြည့်နေသည်။

ထိုလူကား ဦးခေါင်းကြီးကြီး နားရွက်ကားကားဖြင့် အဝေးမှမြင်ရုံဖြင့် မည်သူမည်ဝါဖြစ်ကြောင်းသိရှိနိုင်သော ဆရာကြီးကျင်းထုံပင်ဖြစ်ပေတော့သတည်း။

"ဟား. . . ဟား. . . ဟား လုစုယာ၊ မင်းတို့က အင်မတန်နောက်ကျတာပဲ၊ အခုမှ အမီလိုက်လာတာလားကွဟေ. . ."

လုစုယာတို့ကိုမြင်သောအခါ ကျင်းထုံက တဟားဟားရယ်ပြီးမေးသည်။

လုစုယာကလှမ်းကြည့်လိုက်ရာ လှေဦးတွင် မြင်ရသောကြွက်မျက်နှာနှင့်လူကို မတွေ့ရတော့ချေ။ ပေါင်းမိုးထဲဝင်သွားဟန်တူသည်။

ကျင်းထုံ၏ပုံသဏ္ဌာန်ကိုကြည့်ရသည်မှာ အလွန်အေးဆေးတည်ငြိမ်နေသည်။ ကျောက်စိမ်းဧကရာဇ်တံဆိပ်တော်ကိုများ ကျင်းထုံရယူနိုင်ခဲ့လေပြီလားဟု လုစုယာတွေးသည်။

ထိုစဉ် ကျင်းထုံကလှမ်းအော်လာသည်။

"ဟေ့. . . လုစုယာ မင်းနဲ့ငါ သဘောတူခဲ့တဲ့စည်းကမ်းချက်သုံးချက်ကို မှတ်မိသေးရဲ့လားကွ"

လှေနှစ်စင်းသည် ယှဉ်လျက်ပြေးနေကြသည်။ ထို့ကြောင့်စကားပြောရာတွင် အခက်အခဲမရှိလှပေ။





"မှတ်မိပါတယ်"

"ဒါဖြင့် တတိယသဘောတူညီချက်က ဘာတဲ့လဲ"

"လမ်းခွဲပြီး ကျောက်စိမ်းတံဆိပ်တော်ကိုရအောင်ယူကြမယ်၊ အရင်ရတဲ့လူအရင်ယူ၊ နောက်လူနဲ့ဘာမှမဆိုင်တော့ဘူး၊ နောက်လူက ရှောင်ပေးရမယ်၊ ရှိတဲ့ရန်ငြွေးကိုလဲ ပယ်ဖျက်ပစ်ရမယ်"

"အင်း. . . မင်းမှတ်မိသားပဲ"

"မှတ်မိပါတယ်၊ ဘာများအကြောင်းထူးလို့လဲ ဆရာဘိုးဘိုး"

"တကယ်လို့ ငါအရင်ရသွားပြီဆိုရင်ကောကွာ"

"ဆရာဘိုးဘိုး အရင်ရသွားလဲဘာဖြစ်လဲ၊ ရသွားပေါ့၊ မွန်ဂိုတွေလက်ထဲ အဲဒီပစ္စည်းမအပ်ရင်ပြီးတာပဲ၊ ကျွန်တော်ကလဲကျွန်တော့်အဖေရဲ့ရန်ငြွေးကို အမှတ်မထားတော့ပါဘူး၊ ခင်ဗျားကိုလဲ ကျွန်တော်က ဂရုစိုက်မနေတော့ပါဘူး။ ဒါပေမယ့် အဲဒီပစ္စည်းကိုမွန်ဂိုတွေရဲ့လက်ထဲအပ်မယ်ဆိုရင်တော့ အခြေအနေက တစ်မျိုးပြောင်းလဲသွားလိမ့်မယ်၊ ပစ္စည်းကိုလဲပြန်လုမယ်၊ အဖေ့ရန်ငြွေးကိုလဲပြန်ချေမယ်၊ မွန်ဂိုတွေနဲ့ပတ်သက်လာရင်တော့ ကျွန်တော်တို့ ရန်ငြွေးဟာ ကမ္ဘာကြေသော်လည်းဥဒါန်းမကြေတဲ့ ရန်သူအဖြစ် သတ်မှတ်ရလိမ့်မယ်"

လုစုယာက လေးလေးနက်နက်ပြောခြင်းဖြစ်သည်။

ကျင်းထုံပြုံးနေသည်။

လုစုယာက ကတိစကားကို အလေးထားသလောက် သူကကတိစကားကို အလေးမထားချေ။

သူက မီးစင်ကြည့် က,ရန်သာစိတ်ကူးသည်။

"ဟား. . . ဟား. . . ဟား မင်းဒီလောက်လဲ စိတ်ပူမနေစမ်းပါနဲ့၊ မင်းကို ပစ္စည်းတစ်ခုပြစရာရှိတယ်"

သူသည် ပြောပြောဆိုဆို အတွင်းအိတ်ထဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်သည်။

သူ့လက်ပေါ်တွင် အဝါရောင်အထုပ်ကလေးကိုတွေ့ရ၏။

ထိုအဝါရောင်ပိတ်စမျိုးမှာ မင်းကေရာဇ်နှင့်သက်ဆိုင်သော ကိစ္စမျိုးတွင် အသုံးပြုသည်။

ထို့ကြောင့်. . .

လုစုယာ၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားသည်။

"ဒါ. . . ဒါ ကျောက်စိမ်းကေရာဇ်တံဆိပ်တော်ဖြစ်နိုင်တယ်၊ ဒီအဝါရောင်ပိတ်စအောက်မှာ ဘာများရှိနေပါလိမ့်"

သူစိုးရိမ်ထိတ်လန့်နေစဉ် ကျင်းထုံက အဝါရောင်ပိတ်စကို လှစ်ဟခွါချနေသည်။

လုစုယာ၊ ကျန်းစန်းအော်နှင့် ဘွန်လူအောတို့ကား ရင်တထိတ်ထိတ်ဖြင့်ကြည့်နေကြသည်။

ကျင်းထုံကလည်း အဝါရောင်ပိတ်စကို ဖြည်းဖြည်းချင်းခွါချနေသည်။

မကြာမီ. . .

ခြောက်လက်မ ပတ်လည်ခန့်ရှိသော အရည်လဲ့နေသည့် ကျောက်စိမ်းတုံးကလေးသည် စိမ်းဖန့်ဖန့်အရောင်ဖြင့် ပေါ်လွင်ထင်ရှားလာလေတော့၏။

လုစုယာမျက်စိထဲ၌ ပြာခနဲဖြစ်သွား၏။





"တကယ့်ကျောက်စိမ်းကေရာဇ်တံဆိပ်တော်ပါပဲလား၊ ဘုရား ဘုရား သူတကယ်ရလာခဲ့ပြီကိုး"

ကျန်းစန်းအော်နှင့် ဘွန်လူအောတို့မှာလည်း စကားပင် မပြောနိုင်ကြတော့ချေ။

တစ်ယောက်နှင့်တစ်ယောက် ငေးကြည့်မိကြသည်။

သူတို့ရင်ထဲ၌ တစ်စုံတစ်ခု လစ်ဟာသွားသလို ခံစားလိုက်ရလေသည်။

ထိုစဉ် ပါးမြိုင်းမွေး မုတ်ဆိတ်မွေးနှင့် လူတစ်ယောက်သည် လှေပေါင်းမိုးထဲမှထွက်လာပြီး တဟားဟားအော်ရယ်လေသည်။ ထိုလူကား ကျင်းထုံ၏တပည့်ဖြစ်သော လုထူနန်ပေတည်း။

"ဟား. . . ဟား. . . ဟား ကဲ တွေ့ကြပြီလား ကျောက်စိမ်းကေရာဇ်တံဆိပ်တော်ကိုတွေ့ကြပြီလား"

လုစုယာမှာ တံဆိပ်တော်ကို မမှိတ်မသုန်ငေး၍ကြည့်နေသည်။ သူ့ရင်ထဲ၌ အမျိုးအမည်မသိသောဝေဒနာကို ခံစားလျက်ရှိနေသည်။

သူတို့ ခရီးမိုင်ပေါင်းများစွာ လှည့်လည်ခဲ့ရသည်မှာ ဤကျောက်စိမ်းတံဆိပ်တော်အတွက်ပင်မဟုတ်ပါလား။

ယခုမူကား တံဆိပ်တော်သည် စိတ်ထားမမှန်ကန်လှသော ဆရာကြီးကျင်းထုံ၏လက်ထဲသို့ ရောက်ရှိနေလေပြီ။

"ဘယ်လိုလဲကွ. . . ငေးကြည့်လှချည်လား၊ ကြည့်လို့ကို မဝဘဲ ဖြစ်နေပုံရတယ်၊ ဟဲ. . . ဟဲ. . . ဟဲ"

ကျင်းထုံမှာ အလွန်တရာဘူမြူးနေသည်။

လွန်စွာပီတိဖြစ်နေသည်။

သူ ဤသို့ပြသခြင်းမှာ မြင်ဘက်တစ်ယောက်အပေါ် တမင်အရသာခံရန် ပြသခြင်းပင်ဖြစ်တော့သည်။

ကျင်းထုံသည် လုစုယာကို စိတ်ကြိုက်လှောင်ပြောင်ကျီစယ်ပြီးနောက် ကျောက်စိမ်းတံဆိပ်တော်ကိုအဝါရောင်ပိတ်စဖြင့်ပြန်လည်ထုတ်ပိုးကာ ရင်ခွင်ထဲသို့ ထိုးသွင်းသိမ်းဆည်းလိုက်လေသည်။

"တော်လောက်ပြီ- တော်လောက်ပြီ- ဒီလောက်ကြည့်ရရင် ကျေနပ်လောက်ပြီ၊ ဟီး. . . ဟီး. . . ဟီး"

ကျင်းထုံက ဆီမန်းမန်းသလို ရေရွတ်နေသေးသည်။

ကျန်းစန်းအော်သည် တံဆိပ်တော်အတွက် မိမိတို့၏ဖခင်များ အသက်ကို ပမာဏမထား ကြိုးစားခဲ့ပုံများကို ပြန်လည်မြင်ယောင်လာသည်။

ရင်ထဲ၌ ဆို့နစ်လာသည်။

"ဒါ. . . တို့ ဘိုးဘွားတွေက ဟန်တွေအတွက် အသက်စွန့်ထိန်းသိမ်းခဲ့တဲ့ပစ္စည်း"

စန်းအော်သည် မပီမသရေရွတ်ပြီးနောက် သူ့ပညာကိုထည့်မတွက်မိတော့ဘဲ တစ်ဖက်လှေကို ခုန်ကူးသွားတော့သည်။

သူမသည် ကျင်းထုံအား နှလုံးကွဲအသည်းခြွေလက်ဝါးဖြင့် တရကြမ်းတိုက်ခိုက်တော့သည်။

"အဲဒီတံဆိပ်တော်ဟာ ဟန်တွေအတွက် ပစ္စည်း၊ ပြန်ပေးစမ်း"

ပြောလည်းပြော၊ တိုက်လည်းတိုက်သည်။





ကျင်းထုံကား ကျန်းစန်းအော်ကဲ့သို့သော မိန်းကလေးမျိုးကို လုံးဝဂရုမစိုက်ချေ။

စန်းအော်ကား သုံးလေးကွက်ရှောင်တိမ်းပြီး သူ့လက်ဝါးကို ခြောက်လိုက်သည်။

သူသာ ရိုက်ချလျှင် စန်းအော်မှာ တစ်ချက်တည်းနှင့်ဒဏ်ရာ ရသွားနိုင်ပေသည်။

သို့သော် ကျင်းထုံခေါင်းထဲသို့ အတွေးတစ်ချက် ဝင်သွားသည်။

"ကျောက်စိမ်းဧကရာဇ်တံဆိပ်တော်က ငါ့လက်ထဲရောက်နေပြီပဲ၊ ဘာဖြစ်လို့ ရန်ကြေးကိုတိုးပွါးအောင်လုပ်တော့မလဲ၊ ငါသာ ဒီကောင်မလေးကို ဒဏ်ရာရစေလိုက်ရင် ဟိုကောင်တွေဟာ ငါ့နောက်ကို မီးနိုးကြွက်လျှောက် လိုက်လို့ဆုံးမှာမဟုတ်တော့ဘူး"

ကျင်းထုံသည် ရိုက်ချမည့်လက်ကို အကွက်အကူးအပြောင်းပညာဖြင့် ဖျတ်ခနဲပြောင်းလဲပစ်လိုက်သည်။

စန်းအော်အား လျှပ်တစ် ပြက် ဖမ်းချုပ်လိုက်ကာ လုစုယာ၏လှေဆီသို့ ပြန်လည်လွှင့်ပစ်လိုက်သည်။

စန်းအော်မှာ အရုပ်ကလေးတစ်ရုပ်ပမာ လွင့်ထွက်သွားလေသည်။

စန်းအော်မှာ အကျသက်သာစေရန် လေထဲ၌တစ်ပတ်ကျွမ်းထိုးလိုက်ပြီး ဘွန်လူအော၏ဘေး၌ ရပ်မိလျက်သား ကျသွားလေသည်။

လုစုယာမှာ ကျောက်စိမ်းတံဆိပ်တော်အတွက် ရင်ထဲ၌

ဆွေးသလိုခံစားနေရသဖြင့် ကျန်းစန်းအော်အတွက်ပင် စိတ်မပူနိုင်သလိုဖြစ်နေရှာသည်။

"အစ်ကိုလုစုယာ ဒါဟာ ညီမတို့ရဲ့တံဆိပ်တော်ပဲ၊ ဒီပစ္စည်းကို ဒီအတိုင်း သူ့လက်ထဲထည့်လိုက်တော့မလား"

စန်းအော်က ကြိတ်မနိုင်ခဲမရ လေသံဖြင့် လုစုယာအားလှမ်းပြောသည်။

ထိုစကားကို ကျင်းထုံကြားသောအခါ အလွန်တရာဒေါသထွက်သွားသည်။

"ဟဲ့ ကောင်မစုတ်ကလေးရဲ့၊ ဒါက ဘယ်လိုလုပ် နင့်ပစ္စည်းဖြစ်နိုင်မလဲ၊ ဒါ နင့်အပိုင်ပစ္စည်းမို့လား"

"ကျွန်မ မွေးစားအဖေရဲ့ပစ္စည်းရှင့်၊ သိရဲ့လား၊ ကျွန်မအဖေရဲ့ပစ္စည်းဟာ ကျွန်မပစ္စည်းပဲ"

"အောင်မာ- နင်က လုကွမ်နန်ဆိုတဲ့ခွေးတိရိစ္ဆာန်ကို ပြောနေတာလား၊ သူက ငါရဲ့ဂိုဏ်းတူ တူတော်တယ်ဟဲ့၊ ယောဒီက ငါ့တပည့် ထူ့နန်ဆိုတဲ့ကောင်က နင့်မွေးစားအဖေ လုကွမ်နန် ဆိုတဲ့ခွေးတိရိစ္ဆာန်ရဲ့ညီတော်တယ်ဟဲ့၊ ပတ်သက်ရာ ပတ်သက်ကြောင်းတွေလျှောက်ပြောနေရရင် နင့်ထက် ငါတို့က ပိုပြီးသွေးနီးတော့မပေါ့ဟဲ့"

ကျင်းထုံသည် ဝါစဉ်ကြီး သိက္ခာကြီး ဆရာကြီးတစ်ပါးဖြစ်သည့်အချက်ကိုပင် မထောက်ထားဘဲ မိန်းမကောင်းရန်တွေ့ဆိုသလို စန်းအော်နှင့် အပြိုင်ကြနေသည်။

"ဟီး. . . ဟီး. . . ဟီး၊ ကဲ. . . မင်းတို့ ဘာပြောစရာရှိတော့သလဲ"





လုစုယာမှာ ဘာမျှမပြောနိုင်တော့ပေ။ သူ့ကိုယ် သူသာ အပြစ်တင်နေမိတော့သည်။

"ဒါ. . . ဒါ ငါ့အပြစ်ပဲ၊ ငါသာ ဖူထိုကျွန်းကို မဝင်ဘူးဆိုရင် ဒီပစ္စည်းဟာ ခုဆိုရင် ငါ့လက်ထဲရောက်နေလောက်ပြီ"

နောက်ဆုံး၌ လုစုယာမှာ သက်ပြင်းချရုံမှတစ်ပါး အခြားဘာမျှ မတတ်နိုင်တော့ပေ။

◈◈◈

## အခန်း(၅၀)
## တံဆိပ်တော် ရရှိသွားသူ

လုစုယာက ခြောက်ကပ်သောလေသံဖြင့်ပြောလိုက်သည်။

"ကျွန်တော့်စကားက ကုန်နေပါပြီ၊ ဆရာဘိုးဘိုးသာ မွန်ဂို တွေရဲ့လက်ထဲကို အဲဒီတံဆိပ်တော်ကို မအပ်ဘူးဆိုရင် ကျွန်တော့် အနေနဲ့ ဘာမှစွက်ဖက်စရာမရှိတော့ပါဘူး."

လုစုယာနှင့် ကျင်းထုံတို့စကားပြောနေစဉ် ကြွက်နှင့်တူသော လူသည် ပေါင်းမိုးထဲမှထွက်လာပြီး ကျင်းထုံနှင့်အတူရပ်လာလေ၏။

လုစုယာ၏စကားဆုံးသောအခါ ကျင်းထုံက ကြွက်မျက်နှာ နှင့်တူသော လူကိုကြည့်ပြီး အဓိပ္ပါယ်ပါပါရယ်မောလေ၏။

လုစုယာကား ကျင်းထုံကိုကြည့်ပြီး ဇဝေဇဝါဖြစ်နေသည်။

ယခုပုံစံအတိုင်းဆိုလျှင် ကျင်းထုံ၌ အားကိုးစရာ လောက် လောက်လားလား သိုင်းသမားအကူအညီ ရှိပုံမရချေ။

ကြွက်မျက်နှာရှိသောလူမှာလည်း သိုင်းပညာ သိပ်ထက်မြက်





ဟန်မတူပေ။

ဘယ်ပုံဘယ်နည်းဖြင့် သွေးနီဂိုဏ်းချုပ်ထံမှတံဆိပ်တော်ကို လုယူလာနိုင်သည်ကို လုစုယာ စဉ်းစား၍မရပေ။

ကြွက်မျက်နှာရှိသောလူက လုစုယာကိုခြေဆုံးခေါင်းဆုံး အကဲခတ်နေသည်။ သူ့အကြည့်များက တစ်စက်ကလေးမျှ ယဉ်ကျေးသိမ်မွေ့မှုမရှိပေ။

ထို့နောက် လုစုယာကိုပင် စတင် စကားပြောလေ၏။

"လူကြီးမင်းဟာ မရဏပုံလွှားတွေကို အနိုင်တိုက်နိုက်နိုင်ခဲ့တဲ့သူ မဟုတ်လား၊ ချင်ယာပန်းဂိုဏ်းကို ချေမှုန်းသုတ်သင်ခဲ့တဲ့ သူရဲကောင်းလုစုယာဆိုတာများလား"

လုစုယာက သိုင်းလောကထုံးစံအတိုင်း ဂါရဝပြုနှုတ်ဆက်လိုက်သည်။

"လုစုယာဆိုတာတော့ ဟုတ်ပါတယ်၊ သူရဲကောင်းတော့ မဟုတ်သေးပါဘူး"

"ဟာ. . . ဟား. . . ဟား ဒါကတော့ လူကြီးမင်းက ကိုယ့်ကိုယ်ကိုနှိမ့်ချတာပါ၊ လူကြီးမင်းရဲ့ကျော်ကြားမှုဟာ သိုင်းလောကတစ်ခုလုံးကို မျက်စိပိတ် နားပိတ်ထားလို့ မရအောင်ဖြစ်နေပါတယ်ဗျာ"

"ဒါကတော့ အလွန်အကျွံ ချီးမြှောက်တာပါ၊ ကျွန်တော် သိုင်းလောကထဲဆင်းလာတာ ဘာမှသိပ်ကြာသေးတာမဟုတ်ပါဘူး၊ ကဲ. . . ကျွန်တော့်အကြောင်း ထားပါတော့၊ လူကြီးမင်းကတော့ ဘယ်သူများပါလိမ့်"

ကြွက်မျက်နှာမျိုးရှိသောလူသည် လုစုယာတို့၏လှေပေါ်သို့ လှမ်းခုန်တက်လာသည်။

သူသည် လုစုယာ၏အမေးကိုမဖြေချေ။

လှေဝမ်းထဲသို့ လှမ်း၍အကဲခတ်သည်။

ထိုအခါ သွေးကြောပိတ်ခံထားရသော ကျို့ထောင်၊ မားဝမ့်ထိန်နှင့်ရွှဲရင်းတို့ကိုတွေ့သွားပြီး အားပါးတရ ရယ်မောလိုက်လေတော့သည်။

"ဟား. . . ဟား. . . ဟား သူရဲကောင်းလို့ကျော်ကြားတာ ဘယ်ဆန်းတော့မှာလဲ၊ ဒီလူတွေဟာ ခင်ဗျားတို့ကို နှိမ်နှိမ်ခဲ့ရတဲ့လူတွေပဲ မဟုတ်လား"

မားဝမ့်ထိန်မှာ ထိုလူကိုတွေ့လိုက်ရသည်နှင့်အကြီးအကျယ် မျက်နှာပျက်သွားသည်။

ရွှဲရင်းကမူ လဲကျနေရာမှပင် ဆဲဆိုသည်။

"ခွေးမသား သူခိုး၊ ခါးပိုက်နှိုက်၊ အလစ်သမား၊ မင်းက ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲ၊ မင်းအလစ်သုတ်သွားတဲ့ ငါ့တောင်ဝှေးရော ဘယ်မှာလဲ၊ ပြန်ပေးစမ်း"

"ဟီး. . ဟီး. . ဟီး ခင်ဗျားဟာ မလှုပ်နိုင်ဘဲနဲ့တောင် ဒေါသကြီးနေသေးတယ်၊ ပါပါတယ်၊ ခင်ဗျားရဲ့တောင်ဝှေးပါလာပါတယ်၊ ကျုပ်ရဲ့လှေထဲမှာကျန်ခဲ့ပါတယ်၊ ဒီလိုလုပ်ပါလား။ ကျုပ်လှေဆီကို ကူးခဲ့ပါလား၊ ကျုပ်က ခင်ဗျားတောင်ဝှေးကို ပြန်ပေးလိုက်မှာပါ"

လုစုယာမှာ လွန်စွာအံ့ဩနေတော့သည်။

မိမိမှာ သိုင်းလောက၌ ကျင်လည်မှု နည်းပါးခဲ့သဖြင့် ကြွက်မျက်နှာမျိုးရှိသောလူကို မသိသော်လည်း ကျို့ထောင်၊ မားဝမ့်ထိန်နှင့် ရွှဲရင်းတို့ကမူ ထိုလူကို သိနေပုံရသည်။





ထို့ပြင် ပက်ပက်စက်စက် ဆဲရေးလိုက်သည့်တိုင် ခံပြင်းပုံနာကြည်းပုံမရသော ကြွက်မျက်နှာနှင့်လူကိုလည်း လုစုယာ အံ့ဩနေမိသည်။

ထိုစဉ် တစ်ဖက်လှေမှ ဆရာကြီးကျင်းထုံ၏ အော်ဟစ်မေးမြန်းသံ ထွက်ပေါ်လာသည်။

"စောရဒေဝ မင်းဘယ်သူ့ကို တွေ့နေလို့လဲကွ"

ထိုသူက အရယ်အမောမပျက် ပြန်ပြောလေ၏။

"ကျုပ်တွေ့တဲ့လူတွေကို ပြောပြရင် ခင်ဗျားတို့ ဒူတက်မတတ်ရယ်ပြီး သေကုန်လိမ့်မယ်"

"ဟေ- ဘယ်သူတွေများလဲကွ၊ အရေးထဲမှာ မင်းကပဟေဠိဝှက်မနေစမ်းပါနဲ့"

"ဘယ်သူတွေမှတ်နေသလဲ၊ ရွှဲရင်းတို့ မားဝမ့်ထိန်တို့ပေါ့ဗျ၊ ဟား. . . ဟား၊ ရယ်စရာမကောင်းဘူးလား"

သူတို့အဖို့ အဘယ့်ကြောင့်ရယ်စရာကောင်းသည်ကို လုစုယာတို့ မသိပါ။

ထို့ကြောင့် အေးအေးဆေးဆေးပင် စောင့်ကြည့်နေလိုက်ကြသည်။

ထိုသူ၏နာမည်ကိုလည်း 'စောရဒေဝ'မှန်း အားလုံးက သိခွင့်ရလိုက်ကြသည်။

စောရဒေဝဟူ၍အမည်တွင်နေမှတော့ ရွှဲရင်းက ပက်ပက်

စက်စက်ဆဲသည့်ကိစ္စသည် ဘာမျှ မဆန်းတော့ဟု လုစုယာသတ်မှတ်လိုက်သည်။

"ဟား. . . ဟား. . . ဟား. .

ဟား. . . ဟား. . . ဟား"

စောရဒေဝ၏စကားက မှန်သည်။ ရှုံ့ရင်းတို့၏ နာမည်ကိုကြားလိုက်သည်နှင့် ကျင်းထုံနှင့်လုထူနန်တို့သည် အူတက်မတတ်ရယ်မောကြလေတော့သည်။

အတန်ကြာရယ်မောလိုက်ပြီးမှ. . .

"လုစုယာ. . . မင်းဟာ ငါထင်ထားတာထက်တောင် ငိုပြီးတော်နေသေးတယ်၊ အဲဒီလူတွေ ဘယ်သူတွေလဲဆိုတာမင်းသိလား"

လုစုယာက လှမ်းကြည့်လိုက်၏။

ဘာမျှတော့ မပြော။

ကျင်းထုံက ဆက်ပြော၏။

"အဲဒီလူတွေဟာ မင်းအဖေရဲ့ ရန်သူတော်ကြီးတွေပေါ့ကွ၊ ဒီမှာ အကောင်းဆုံးအကြံဉာဏ်တစ်ခုပေးမယ်၊ မင်း အလုပ်သင့်ဆုံးအလုပ်ကတော့ အဲဒီကောင်တွေကို မြစ်ထဲပစ်ချပြီး ငါးစာကျွေးလိုက်ဖို့ပဲ"

ရှုံ့ရင်းက မခံမရပ်နိုင်ဘဲပြန်အော်သည်။

"အရှက်မရှိတဲ့ကျင်းထုံ အခုမှ ဘာအသံကောင်းဟစ်နေတာလဲ၊ ကျားချောက်ကမ်းပါးကိုသွားပြီး တိုက်ခိုက်ကြတုန်းက မင်းကောမပါလို့လား"

ကျို့ထောင်ကလည်း လှမ်းအော်သည်။





"ကျို့ထောင်ကိုရော မှတ်မိသေးရဲ့လား၊ ကျင်းထုံ- အခုခင်ဗျားတို့ပြောနေတာကို ကျုပ်ကြားပြီးပြီ၊ တံဆိပ်တော်ကို ခင်ဗျားတို့ ရပြီးပြီဆိုတာ ကျုပ်တို့သိနေပြီ၊ ကျုပ်ကို ဘယ်လိုသဘောထားမယ်ဆိုတာကို ခုကတည်းက ရှင်းရှင်းပြောစမ်း"

ကျင်းထုံတို့ ဆရာတပည့်နှစ်ယောက်မှာ ခေတ္တကြောင်သွားကြသည်။

သို့သော် ဆက်၍ရယ်မြဲရယ်သည်။

"လက်စသတ်တော့ ကျို့ထောင်လဲပါသကိုး၊ ကျုပ်တို့ မတွေ့ရတာတောင် အတော်ကြာသွားပြီပဲ၊ ခင်ဗျားက ဘာကြောင့် အသံပဲ ပေးနေရတာလဲ၊ ထွက်ပြုကြည့်ပြီး မိတ်ဆွေဟောင်းကြီးကျင်းထုံကို လာနှုတ်ဆက်ပါဦးလား"

ကျင်းထုံသည် ကျို့ထောင်တို့သုံးယောက်စလုံး အခြေအနေဆိုးနေကြကြောင်း ရိပ်မိသည်။

ထို့ကြောင့် တမင်ပင် လှောင်ပြောင်သရော်လိုက်ခြင်း ဖြစ်ပေသည်။

သွေးကြောပိတ်ခံထားရသောကျို့ထောင်မှာ အလွန်တရာဒေါသထွက်နေသော်လည်း ဘာမျှမတတ်နိုင်ပေ။

နောက်တစ်ကြိမ်ကြုံတွေ့လျှင် ကောင်းကောင်းကြီး လက်စားချေမည်ဟူ၍သာ စိတ်ထဲ၌တေးမှတ်နိုင်တော့သည်။

ဓားဝမ့်ထိန်ကား သူတို့ထဲ၌ အကောက်ကျစ်ဆုံးနှင့် ဉာဏ်ရည်အသွားဆုံးသောပုဂ္ဂိုလ်ဖြစ်သည်။

သူသည် ဘာစကားမျှမပြောဘဲ ကျိတ်၍သာ အကြံဉာဏ်

ထုတ်နေလေသည်။

ထိုတဒင်္ဂအချိန်အတွင်းမှာပင် သူ့ခေါင်းထဲ၌ အကြံဉာဏ်တစ်ခုဖြိုးခနဲ ဖျတ်ခနဲလင်းလက်သွားသည်။

သူတို့လွတ်မြောက်နိုင်သော နည်းလမ်းမှာ ဤလမ်းမှအပ အခြားမရှိနိုင်တော့ဟုတွေးမိ၏။

ယင်းနည်းမှာလည်း ခက်ခက်ခဲခဲမဟုတ်ပါ။

ကျင်းထုံတို့အုပ်စုနှင့် လုစုယာတို့အုပ်စု တိုက်နိုက်ရန်ဖြစ်စေရန် လှုံ့ဆော်သွေးထိုးပေးမည့်နည်းလမ်းပင် ဖြစ်ပါတော့သည်။

"ကျင်းထုံ. . . ကျုပ်ကိုမှတ်မိရဲ့လား"

ကျင်းထုံက ရယ်လိုက်သည်။

"ပြောစရာရှိတာကိုပြောစမ်းပါကွာ၊ မင်းမျက်နှာကြီး ခွေးချီသွားတောင် မှတ်မိပါတယ်၊ မင်းအသံကြီး ဝဲစားသွားရင်တောင် ငါက မှတ်မိပါတယ်"

"ခင်ဗျား ဒီတစ်ခေါက် အုန်းမြစ်ထဲရောက်လာတဲ့အတွက် တံဆိပ်တော်ကို ရသွားခဲ့တယ်မဟုတ်လား"

"အဲဒါဘာဖြစ်သလဲ၊ ဒီလောက် ရနိုင်ဖို့ခက်ခဲတဲ့ပစ္စည်းကို ငါရအောင်ယူနိုင်တဲ့အတွက် မင်းတို့ကငါ့ကိုဂုဏ်ပြုဖို့တောင် ကောင်းသေးတယ်"

ဓားဝမ့်ထိန်က ရယ်သည်။

"ခင်ဗျား ဒီစကားကို မပြောသင့်သေးဘူး၊ ဟုတ်တယ်၊ ခင်ဗျားအနေနဲ့ လုံးဝမပြောသင့်သေးဘူး၊ ဘာဖြစ်လို့လဲသိလား၊ အချိန်စောသေးလို့ဗျာ၊ အချိန်စောနေသေးလို့"





ကျင်းထုံငြိမ်သွားသည်။

ဓားဝမ့်ထိန်၏စကားက သူ့အတွင်းစိတ်ကို မထိခလုတ် ထိခလုတ် ရန်စသွား၏။

သူသည် လုစုယာတို့၏လှေဦးသို့ ခုန်တက်လိုက်ရာ ဓားရေးဝနှင့် ယှဉ်လျက်သားဖြစ်သွား၏။

လှေနှစ်စင်းကား နှစ်စင်းပူးယှဉ်လျက် ရေစုန်လေစုန် မျောနေသည်။

သွေးနီဂိုဏ်းချုပ်ကြီး၏နယ်နိမိတ်မှ ကင်းလွတ်ခဲ့ပြီးလည်း ဖြစ်သည်။

ကျင်းထုံတို့ ပိုင်စိုးပိုင်နင်း ခုန်ကျော်လာသည်ကို ကျွန်းစန်းဘော်မှာ မည်သို့မျှမရှုစိမ့်နိုင်ပေ။

"ရှင်တို့ ဘာလာလုပ်ကြတာလဲ၊ ကျွန်မတို့လှေကို သာလာယံဇရပ်အောက်မေ့နေသလား၊ ဆင်းကြ. . . တစ်ယောက်မှ မလိုချင်ဘူး"

ကျွန်းစန်းဘော်မှာ တိုက်မည်နိုက်မည် တကဲကဲဖြစ်နေသဖြင့် လုစုယာက လက်မောင်းကိုလှမ်းဆွဲပြီး နားနားသို့ကပ်၍ပြောသည်။

"ညီမလေး သိပ်ပြီးဒေါသထွက်မနေနဲ့၊ သူတို့အချင်းချင်း ဘာတွေဖြစ်မယ်ဆိုတာ တို့မသိနိုင်ဘူး၊ သူတို့အချင်းချင်း ပြဿနာဖြစ်လို့ တံဆိပ်တော် တို့လက်ထဲရောက်လာရင်လဲ ငါတို့ အရှုံးမရှိနိုင်ပါဘူး ညီမလေးရဲ့"

ကျောက်စိမ်းတံဆိပ်တော် ပြန်ရနိုင်သည်ဆိုသည့် သွေးဆောင်စကားထက် အခြားမည်သည့်စကားကမျှ စန်းဘော်ကို ငြိမ်

သက်အောင် လုပ်နိုင်လိမ့်မည်မဟုတ်ချေ။

စန်းအော် ငြိမ်သက်သွား သည်။

ကျင်းထုံသည် မားဝမ့်ထိန်ကို စူးစူးစိုက်စိုက်ကြည့်ပြီး ခပ်ငေါက်ငေါက် မေးလိုက်သည်။

"မားဝမ့်ထိန် မင်း ဘာသဘောနဲ့ပြောလိုက်တာလဲ"

"ကျုပ်ပြောတာ ရှင်းနေတာပဲ၊ တံဆိပ်တော်ရပြီလို့ သေချာပေါက်မပြောပါနဲ့ဦးလို့ ပြောတာပဲ"

"ဘာလဲ. . . ငါရထားတဲ့တံဆိပ်တော်ဟာ အတုကြီးလို့ဆိုလိုတာလား၊ ဒါမှမဟုတ်. . ."

"ဟား. . . ဟား. . . ဟား. ."

သူသည် သူ၏ရယ်မောခြင်းအမှုကို ပြီးစီးအောင် မပြုနိုင်ခဲ့ပေ။

ချက်ချင်း သတိမေ့သွားလေတော့သည်။

အကြောင်းကား ဤသို့တည်း. . .။

အတွင်းဒဏ်ရာရထားပြီး သွေးကြောပိတ်ခံထားရသူ တစ်ဦးသည် မည်သည့်အခါမျှ စိတ်လွတ်ကိုယ်လွတ် မရယ်မောသင့်ပေ။

အမြင့်မားဆုံးရယ်သည်နှင့်အမျှ အန္တရာယ်လည်း လွန်စွာကြီးပေသည်။

ထို့ အတွက် မားဝမ့်ထိန် သတိမေ့သွားခြင်းသာဖြစ်သည်။

ကျင်းထုံမှာ သိုင်းလောကအတွေ့အကြုံ ရင့်ကျက်သူ ပြည့်စုံသူဖြစ်၍ မားဝမ့်ထိန်၏အခြေအနေကို ကြည့်ရုံဖြင့်သိရှိသည်။

"အင်း. . . မင်းတို့ ဘယ်လို တိုက်ခိုက်ထားသလဲတော့





မသိဘူး၊ ဒီအတိုင်းလွှတ်လိုက်ရင် မားဝမ့်ထိန်ရဲ့အသက်ရှင်ကွက် မမြင်ဘူး၊ သတ္တဝါတစ်ယောက်ရဲ့အသက် မသေကောင်း မပျောက်ကောင်းပါဘူးကွယ်၊ ငါပဲ ကယ်ဆယ်လိုက်ပါ့မယ်"

စန်းအော်ကား ရှေ့ထွက်သွားရန်လုပ်နေသဖြင့် လုစုယာက ဆွဲထားလိုက်ရသည်။

"ရှူး. . . ညီမလေး၊ အသာကြည့်နေ"

ကျန်းစန်းအော်သည် စိတ်လက်မသက်သာသော မျက်နှာဖြင့် ကြည့်နေရတော့သည်။

ကျင်းထုံသည် လှေဝမ်းထဲသို့ဆင်းသွားပြီး မားဝမ့်ထိန်၏ဒဏ်ရာကိုစစ်ဆေး၏။

"အင်း. . . သူ့အတွင်းဒဏ်ရာ ပြင်းပြင်းထန်ထန်ရထားပါလား"

သူသည် အတွင်းအိတ်ထဲမှဒဏ်ကြေဆေးတစ်လုံးကို ထုတ်ယူပြီး မားဝမ့်ထိန်၏ပါးစပ်ထဲသို့ထည့်ပေးလိုက်သည်။

ဆေးအစွမ်းကား တခဏ်အတွင်းပြပါ၏။

မားဝမ့်ထိန် သတိရလာသည်။

"မားဝမ့်ထိန် စောစောက ဘာဖြစ်လို့ ဒီလောက် စိတ်လွတ်ကိုယ်လွတ် ရယ်လိုက်တာလဲ"

မားဝမ့်ထိန်သည် သူ့အား ကျင်းထုံကသတိရအောင်လုပ်ပေးသည်ကို ချက်ချင်းရိပ်မိလိုက်၏။

"ကျင်းထုံ၊ ခင်ဗျားဘာကိုစိတ်ပူနေတာလဲ၊ ကျုပ်ရယ်လိုက်လို့ ခင်ဗျားစိတ်ထဲမှာ တံဆိပ်တော်ကို အတုလို့ထင်သွားသလား"

"မင်း ငါ့ကိုမမေးပါနဲ့၊ ငါမေးတာကို မင်းဖြေပါ"

"ခင်ဗျားရဲ့တံဆိပ်တော်က အစစ်ပါ၊ ဒီတံဆိပ်တော်ကို ဒီအတိုင်း နေပြည်တော်ကို သွားဆက်သလို့ ဘယ်ကောင်းမလဲ၊ တန်ဖိုးရှိတဲ့ပစ္စည်းဆိုတာ သူနဲ့လိုက်လျောတဲ့ အဖုံးအကာအဆင်အပြင်ရှိတယ်၊ အဲဒီပစ္စည်းထည့်တဲ့ရတနာဘူးခွံနဲ့မှ မှန်ကိုတွေက ဒီပစ္စည်းကိုအစစ်လို့ ထင်တော့မှာပေါ့"

"မြန်မြန်ပြောစမ်း ဓားဝမ့်ထိန်၊ အဲဒီဘူးခွံကို မင်း ရထားပြီ ပေါ့ဟုတ်လား"

ကျင်းထုံမျက်နှာသည် ချက်ချင်းပင် စူးစူးရဲရဲဖြစ်သွား၏။

ရတနာဘူးခွံကိုထုတ်မပေးလျှင် ဓားဝမ့်ထိန်ကို ချက်ချင်း သတ်တော့မည့်နှယ် အမူအရာမျိုးဖြစ်လာသည်။

ဓားဝမ့်ထိန်နှင့်ရှူရင်းတို့ကား နှစ်ပေါင်းများစွာကတည်းက တွဲဖက်လာသူများဖြစ်သည်။

ကျောက်စိမ်းတံဆိပ်တော်ရယူရန် ကျက်ကျန်းပြည်နယ်သို့ ထွက်လာကြသော်လည်း ကျင်းထုံသည် သူတို့ထက်ဦးစွာ ကျောက်စိမ်းတံဆိပ်တော်ကို ရရှိသွားခဲ့သည်။

ထို့ကြောင့် သူတို့သည် စိတ်ပျက်လက်ပျက်ဖြင့် အုန်းမြစ်တစ်လျှောက် စုန်ဆင်းလာရင်း ချူကျိုးသို့ရောက်ရှိလာသည်။

ခရီးလမ်းတွင် ရတနာဘူးခွံသတင်းကို သူတို့ရရှိခဲ့သည်။

ထို့ထက် ကံကောင်းသည်မှာ တိုက်တိုက်ဆိုင်ဆိုင်ပင် ကျိူ့ထောင်ကိုတွေ့ရှိပြီး လုစုယာတို့ထံ၌ ရတနာဘူးခွံရှိနေကြောင်း သိခွင့်ရခဲ့ခြင်းပင်။





ဓားဝမ့်ထိန်က တဟဲဟဲရယ်လိုက်သည်၊ ပြန်မဖြေပေ။

" မင်း. . . သေချင်နေသလား"

ကျင်းထုံက ဒေါသတကြီး သူ့လက်ကိုမြှောက်လိုက်သည်။

ဓားဝမ့်ထိန် အရယ်ရပ်သွားသည်။ သူက ကျင်းထုံကို စက်ဆုပ်ရွံရှာမုန်းတီးစွာကြည့်ပြီး ပြောလိုက်သည်။

"ကျုပ်ဆီမှာ ရတနာဘူးခွံမရှိဘူး၊ ရတနာဘူးခွံက ခင်ဗျားရဲ့ ဂိုဏ်းတူမြေး၊ ခင်ဗျားမျက်စိရှေ့က လုစုယာဆိုတဲ့ကောင်လေးဆီမှာ ရှိနေတယ်"

ကျင်းထုံ၏မြှောက်ထားသောလက်များ ပြန်ကျသွားသည်၊ လုစုယာကို ဆတ်ခနဲလှည့်ကြည့်လိုက်သည်။

လောဘတက်နေသည့် သူ့ခေါင်းထဲသို့ အသိဉာဏ်တစ်ခု လက်ခနဲဝင်သွား၏။

သိုင်းပညာ. . .

လုစုယာ၏သိုင်းပညာ။

လုစုယာ၏ပညာသည် ပေါ့ပေါ့သေးသေးမဟုတ်။

ထန်တိုဆရာတော်ဆီမှ ပညာအတော်များများ ရထားကြောင်း သူသိပြီးနေပြီ။

လုစုယာကို တရကြမ်းတိုက်၍မရ။

အပျော့ဆွဲဆွဲပြီး ကလိန်ကကျစ်လုပ်မှသာ ရမည်။

ကျင်းထုံက လုစုယာကို ပြုံးပြုံးကြီးကြည့်လိုက်သည်။

"ဓားဝမ့်ထိန်ပြောတာအမှန်ပဲလား လုစုယာ"

လုစုယာက ခေါင်းညိတ်လိုက်သည်။

"အမှန်ပါပဲ"

လုစုယာက ဘွန်လူအောထံမှ ရတနာဘူးခွံကိုတောင်းယူပြီး ကျင်းထုံမြင်သာအောင် မြှောက်ပြလိုက်သည်။

ရတနာဘူးခွံသည် ရတနာများပြိုးပြိုးပြက်ပြက်ဖြင့် ကျင်းထုံကို မျက်စပစ်ဖိတ်ခေါ်နေ၏။

လုစုယာသည် ဘူးခွံကိုပြပြီးသည်နှင့် အတွင်းအိတ်ထဲသို့ ထည့်သွင်း သိမ်းဆည်းလိုက်သည်။

လုစုယာကရယ်မောရင်း. . .

"ဘယ့်နှယ်လဲ ဆရာဘိုးဘိုးရဲ့၊ ဒီပစ္စည်းကို လိုချင်လာပြန်ပြီလား"

ကျင်းထုံကလည်း အရှက်ပြေရယ်သည်။

လူကြီးရှက်တော့ ရယ်သည်ဟု ဆိုရိုးစကားရှိသည် မဟုတ်ပါလား။

"ကြဲကြဲဖန်ဖန်ကွယ်၊ ဆင်ရှာတဲ့လူဟာ ဆင်တောင်ရရင်ကျေနပ်ရမှာပေါ့၊ ဆင်ခြေရာတွေ ထပ်ခွါယူဖို့မလိုပါဘူး။ တန်ဖိုးရှိတာက ဆင်ပဲဥစ္စာ၊ မင်းကဘူးခွံကိုရတယ်၊ ငါကတံဆိပ်တော်ကိုရတယ်၊ ဘယ်လောက်ကောင်းလိုက်တဲ့ ကုသိုလ်ကံလဲ၊ တို့မြေးအဘိုးရဲ့ကုသိုလ်ကံမျိုး ဘယ်သူ့မှာရှိတာမှတ်လို့ကွယ်"

အတွေ့အကြုံက စကားပြောသည်။

ချိုလိုက်သည့်စကား ပျားရည်ဆမ်းထားသလား အောက်မေ့ရသည်။ အမူအရာကလည်း အလွန်ကောင်းသည်။ ရတနာဘူးခွံကို လုစုယာရယူထားနိုင်သဖြင့် လုစုယာကိုပင် ဂုဏ်ပြု အမွှမ်းတင်





ချင်သည့်ပုံစံမျိုး။ လုစုယာသည် သူ့ဆရာဘိုးဘိုးကျင်းထုံအကြောင်း ကောင်းစွာသိသဖြင့် စိတ်ထဲ၌ ကျိတ်၍ရယ်နေမိသည်။

"လုစုယာ- မားဝမ့်ထိန်က မင်းနဲ့ငါ့ကို ရန်တိုက်ပေးတာကွ၊ မင်းသဘောပေါက်ရဲ့လား"

ကျင်းထုံက မေးလိုက်သည်။

လုစုယာ ခေါင်းညိတ်သည်။

"သိပ်သဘောပေါက်တာပေါ့၊ သူ ဘာတွေသပ်လျှိုပေးမလဲဆိုတာ တမင်စောင့်ကြည့်နေတာပါ"

"အင်း. . . ဒီလိုသိထားရင် ကောင်းပါလေ့ကွာ၊ မင်းနဲ့ငါ့အကြားမှာ ဘာပြဿနာမှမရှိဘဲ"

သူသည် စကားဆုံးသည်နှင့် စောရဒေဝဘက်သို့လှည့်ပြောလေသည်။

"ကဲ. . . ဟွမ်စန်းစုံ၊ တို့ ဒီမှာနေလို့ ဘာမှအကျိုးမရှိတော့ဘူး။ သွားကြစို့"

ကျင်းထုံက မျက်စပစ်ပြရင်း သူ့လှေဆီသို့ခုန်ကူးသွားလေသည်။ စောရဒေဝ ဟွမ်စန်းစုံကား ချက်ချင်းခုန်လိုက်မသွားပေ။

လုစုယာတို့အနီး တိုးကပ်သွား၏။

"အင်း. . . သူရဲကောင်းလုစုယာကို ခုလိုမြင်ဖူး တွေ့ဖူးဖို့ဆိုတာ လွယ်တာမှမဟုတ်ဘဲ၊ ကျုပ်က ထူးတယ်လို့ဆိုရမှာပေါ့၊ ကျုပ်ဟာ မင်းလောက်မကျော်ကြားပေမယ့် သိုင်းလောကမှာ နာမည်တစ်လုံးနဲ့နေတယ်ဆိုတာလောက်တော့ မင်းသိပါရဲ့နော်"

သူက လက်နှစ်ဖက်ကို ဖြန့်ပြပြီးမှ လုစုယာ၏ပခုံးကို ပုတ်

လိုက်၏။ ညီငယ်တစ်ယောက်ကို နှိုးကျူးသည့်ပုံစံမျိုးဖြစ်သည်။

"မင်းမဆိုးဘူး၊ ရွှေလျှောက် သည့်ထက်ပိုပြီး ကျော်ကြားဦးမယ်၊ မျက်နှာပွင့်လန်းဦးမယ်"

သူသည် နှိုးကျူးစကားပြောကြားပြီးနောက် တစ်ဖက်လှေသို့ ခုန်ကူးသွားတော့သည်။

သူရောက်သွားသည်နှင့် ကျင်းထုံတို့က လှေချင်းခွဲပစ်လိုက်ပြီး အလျင်အမြန်ဆုံးသောနှုန်းဖြင့် လှော်ခတ်သွားလေတော့သည်။

လုစုယာတို့မှာ ဘာမပြောညာမပြော ကျင်းထုံတို့လမ်းခွဲထွက်သွားသည့်အတွက် အံ့အားသင့်ကာကျန်ရစ်ခဲ့ကြလေသည်။

◈◈◈



အခန်း(၅၁)

ထူးခြားသော လက်ပိုင်ရှင်

လုစုယာတို့အုပ်စုမှာ အကြီးအကျယ် စိတ်ဓာတ်ကျသွားလေတော့သည်။

ကိုယ့်ရှူးကိုယ့်ပတ် ကိုယ့်စကားနှင့်ကိုယ်မိကာ တံဆိပ်တော်ကို လုယက်ခွင့်မသာဘဲဖြစ်သွား၏။

အမှန်အတိုင်းပြောရလျှင် ရတနာဘူးခွံနှင့်ပတ်သက်ပြီး ကျင်းထုံ လောဘတက်စေချင်သည်။

ကျင်းထုံ လောဘတက်ပြီး တိုက်ခိုက်လာပါက မိမိကိုယ်မိမိ ခုခံကာကွယ်သည့်အနေမျိုးဖြင့် အပြင်းအထန် ပြန်လည်တိုက်ခိုက်ကာ ကျင်းထုံထံမှ ကျောက်စိမ်းတံဆိပ်တော်ကို ရအောင်ပြန်ယူမည်ဟု လုစုယာ သန္နိဋ္ဌာန်ချထားပြီးဖြစ်ပေသည်။

ယခုသော်ကား. . .

ကျင်းထုံသည် ပြေရာပြေကြောင်းပြောလျက် ခပ်သွက်သွက် ထွက်ခွါသွားခဲ့ချေပြီတည်း။

မားဝမ့်ထိန်မှာ မိမိအကြံအစည်ကိုကျင်းထုံရိပ်မိသွားသဖြင့် အတော်ကလေးမကျေမနပ်ဖြစ် ကျန်ရစ်ခဲ့သည်။

သို့သော် သူသည်လည်း သိုင်းလောကအတွေ့အကြုံ ရင့်ကျက်သူဖြစ်၍ လုစုယာ၏အတွင်းအိတ်ရှိရာခါးစောင်းသို့ လှမ်းကြည့်လိုက်မိသည်။

ထိုခဏ၌ သူ့မျက်လုံးများ အရောင်တထိန်ထိန် လင်းလက်သွားသလိုရှိသည်။

စောစောက မကျေနပ်မှုများသည်လည်း လေနှင့်တိမ်ကဲ့သို့ ရုတ်ခြည်းကွယ်ပျောက်သွား၏။

"ကောင်လေး၊ ကျောက်စိမ်းကေရာဇ်တံဆိပ်တော်ကို မင်းတို့ဆွေစဉ်မျိုးဆက်အားလုံး သဲသဲမဲမဲစောင့်ရှောက်ခဲ့ကြတယ်၊ အခုကြည့်စမ်း အင်မတန်ကောက်ကျစ်တဲ့ လင်းယုန်ငှက်ကြီးဆီပါသွားပြီ၊ ဒီကောင်ကြီးဟာ ဒီတံဆိပ်တော်ကို မွန်ဂိုတွေဆီ သွားဆက်သမှာကွ၊ မင်းက ဘာဖြစ်လို့ လိုက်မလုဘဲ အေးအေးဆေးဆေး ကြည့်နေလိုက်ရတာလဲ"

လုစုယာ ဘာမျှမပြောနိုင်ပါ။

မိမိတို့၏ကတိစကားအကြောင်းလည်း ရှည်ရှည်ဝေးဝေး ရှင်းမပြနိုင်ပါ။

မားဝမ့်ထိန်က လုစုယာ ငိုင်နေသည်ကို အကဲခတ်ပြီး ဆက်လက်ပြောဆိုပြန်၏။





"အင်း. . . ကျင်းထုံ- ကျင်းထုံ၊ ဒါကြောင့်လဲ သူဟာ သိုင်းလောကထဲမှာ နာမည်တစ်လုံးနဲ့ကျော်ကြားနေတာပဲ၊ အခုဆိုတော့ သူ့အဖို့ မွန်ဂိုတွေရှေ့မှာ ပိုပြီးမျက်နှာပန်းလှတော့မှာပေါ့ါလေ"

"ခင်ဗျားအရူးလား၊ ဘာတွေလျှောက်ပြောနေတာလဲ"

"ငါမရူးပါဘူး၊ ဒါပေမယ့် ငါကတံဆိပ်တော်မရလို့ ရင်ထဲမှာ ကျိတ်ဆွေးနေတဲ့လူမျိုးတော့ မဟုတ်ပါဘူး၊ တံဆိပ်တော် လွယ်လွယ်နဲ့ရမလားလို့ ကြိုးစားတယ်၊ မရဘူးနော်ပြန်မယ်၊ တစ်ခုတော့ရှိတယ်ကွ၊ ကျင်းထုံဟာ အမြဲတမ်း ငါတို့ထက်တစ်ကွက်ကျော်တယ်၊ ငါတို့ကို အမြဲတမ်း ခေါင်းတုံးပေါ် ထိပ်ကွက်လုပ်တယ်၊ ငါတို့ထက် သူ့ သိုင်းပညာသာလို့ ခေါင်းတုံးပေါ် ထိပ်ကွက်လုပ်တာကတော့ ထားပါတော့၊ မင်းလိုလူမျိုးကိုတော့ ဒီလိုလုပ်ဖို့မကောင်းဘူးပေါ့ကွာ"

"ဗျာ. . . ကျုပ်ကို"

"ဟုတ်တယ်၊ ခုဆိုရင် သူဟာ ရတနာဘူးခွံထဲကို ကျောက်စိမ်းကေရာဇ်တံဆိပ်တော်ကိုထည့်၊ နေပြည်တော်ကိုသွားပြီး မွန်ဂိုတွေကို မျက်နှာလို မျက်နှာရလုပ်တော့မယ်၊ အတော်အရှက်နည်းတဲ့ကောင်ကြီး၊ အင်း. . . သူဆိုရင် အမတ်ချုပ်ကြီးရာထူးနဲ့ညီမျှတဲ့ ရာထူးတစ်ခုခုတော့ ရနိုင်လောက်ပါတယ်၊ တစ်ခုတော့ရှိတာပေါ့ကွာ၊ မင်းတို့ နန်နွဲ့ဂိုဏ်း ကြီးပွားသွားတယ်လို့ဆိုရမှာပေါ့"

လုစုယာသည် အထိတ်တလန့်ဖြင့် သူ့ခါးကြားမှအတွင်းအိတ်ကို စမ်းသပ်လိုက်သည်။

"ဟိုက်. . . ရတနာဘူးခွံမရှိတော့ပါလား"

သူ့အားအိတ်သည်လည်း ကွဲနေသည်။

သေးငယ်သော ဓားကလေးနှင့် ခွဲသွားဟန်တူသည်။

ရတနာဘူးခွံသည် သိပ်ကိုမလေးချေ။

ပေါ့ပါးသဖြင့်လည်းကောင်း၊ ကျောက်စိမ်းတံဆိပ်တော် မရသဖြင့် လုစုယာ၏စိတ်များ ဝေနေသောကြောင့်လည်းကောင်း၊ စောရဒေဝဟွမ်စန်းစုံ၏ လက်ချက်ကို အမိခံလိုက်ရခြင်းဖြစ်ပေသည်။

လုစုယာအိတ်နှိုက်နေသည်ကိုကြည့်ပြီး ခါးဝမ့်ထိန်က တဟားဟား အော်ဟစ်ရယ်မောတော့သည်။

"ရှာမနေနဲ့တော့၊ ဟွမ်စန်းစုံလက်ထဲပါသွားပြီ၊ ငါထင်တော့ အထင်သားကွ၊ ဟဲ. . . ဟဲ. . . ဟဲ"

"တော်တော် တော်တဲ့သူခိုးပဲ"

"ဟား. . . ဟား. . . ဟား၊ တော်သလားမမေးနဲ့၊ သူ့ကို စောရဒေဝလို့ခေါ်တာပဲကြည့်တော့၊ နောက် သူ့ဘွဲ့တစ်ခုလဲ ရှိသေးတယ်ကွ၊ 'ခုန်းခုံဒေဝ' တဲ့၊ အဓိပ္ပါယ်ကတော့ နတ်လောက်ကို အစွမ်းထက်တဲ့ သူခိုးလက်တဲ့၊ ဟဲ... ဟဲ... ဟဲ မင်းအိတ်ထဲက ရတနာဘူးခွံကို အများရှေ့မှာ ခွဲယူသွားပုံကလေးက မညင်သာဘူးလားကွာ"

ကျို့ထောင်နှင့်ရွှိရင်းတို့ကလည်း တဟားဟားနှင့်အော်ဟစ်ရယ်မောကြလေတော့၏။

သိုင်းလောက၏ သူရဲကောင်းလက်သစ်ကလေး ခေါင်းတုံးပေါ် ထိပ်ကွက်ခံရပုံမှာ သူတို့အတွက် ရယ်မောစရာဖြစ်နေသည်ကား အမှန်ပင်။

စန်းအော်နှင့် ဘွန်လူအောတို့သည် ချင်ယာပန်းဂိုဏ်းသား





နှစ်ဦးအား တက်စုံရွက်ကုန်ဖွင့်နိုင်းကြသည်။ သို့သော် အကြံသမားများကိုကား လုံးဝ မမီတော့ချေ။

လုစုယာသည် နတ်လောက်အစွမ်းထက်သော သူခိုးလက်၏လျှင်မြန်မှုကို စဉ်းစားနေသည်။

ခင်မင်ရင်းနှီးဟန်ဖြင့် ပခုံးတစ်ချက်ပုတ်လိုက်ခြင်းသည် ခါးအလယ်၌ ထားရှိသောအတွင်းအိတ်ကို ဓားဖြင့်ခွဲရန် အာရုံလွှဲပြောင်းခြင်းပင်ဖြစ်ကြောင်း သူသတိရလာသည်။

သိုင်းသမားတစ်ယောက်သည် အခြားမည်သူတစ်ယောက်၏လက်ဖြင့် မည်သည့်အခါမျှ ပခုံးအပုတ်မခံပေ။

ပခုံးအပုတ်ခံရခြင်းသည် သေတွင်းတူးခြင်းဖြစ်သွားနိုင်သည်မဟုတ်ပါလား။

စောရဒေဝက သူ့ကိုပခုံးပုတ်မည်ပြုသောအခါ ဂရုမစိုက်သည့်အနေဖြင့် လုစုယာကအပုတ်ခံလိုက်၏။

သို့သော် တစ်စုံတစ်ခု မလုပ်ကြံနိုင်စေရန်မူ အတွင်းအားထုတ်လျက် သတိကြီးစွာထားစောင့်ကြည့်ခဲ့သည်။

ထိုအချိန်မှာပင် စောရဒေဝက ခါးဆီမှအိတ်ကို ဓားဖြင့်ခွဲကာ ရတနာဘူးခွံကိုယူသွားခဲ့ပေသည်။

"အင်း. . . တကယ့်ကို နတ်လောက်အစွမ်းထက်တဲ့ သူခိုးလက် ခုန်းခုံဒေဝပါပဲကွယ်"

လုစုယာက ညည်းညည်းညူညူရေရွတ်လိုက်မိလေသည်။

"ဒါဟာ သင်ခန်းစာ အမှတ်တစ်ပဲလုစုယာ. . ၊ မင်းကိုယ်မင်း ဟုတ်လှပြီ၊ တော်လှပြီထင်နေတယ်မဟုတ်လား၊ သိုင်းလောကရဲ့

စကားပုံကို မင်း ကောင်းကောင်းမှတ်ထားရမယ်၊ 'မြင့်သောတောင် တစ်တောင်ထက် အခြားပိုမြင့်သောတောင်တစ်တောင်သည် အစဉ် အမြဲရှိ၏' ဆိုတဲ့စကားကိုလေ၊ စောရဒေဝဟွမ်စန်းစုံဟာ မင်းထက်ပို တော်တယ်ဆိုတာ အသဲနှလုံးထဲကစွဲစွဲမြဲမြဲမှတ်ထား"

လုစုယာသည် သူ့ကိုယ်သူ ကျိတ်၍ဆုံးမနေ၏။

ဘွန်လူအောက ဓားဝမ့်ထိန်ကိုလှမ်းပြော၏။

"ရှင်ဟာ စောရဒေဝဟွမ်စန်းစုံအကြောင်း အတော်ကလေး သိတာပဲ"

သိုင်းလောကာ၏နောက်ပေါက်ကလေးများက ချီးမြှင့်ဆို လိုက်သည့်စကားကြောင့် ဓားဝမ့်ထိန်မှာ တဟင်းဟင်းဖြင့် ရယ်မော လိုက်သည်။

"သိပ်သိတာပေါ့၊ တို့က သိုင်းလောကထဲမှာကြာလှပြီဖြစ်တဲ့ ဘိုးသက်ရှည်ကြီးတွေပဲ၊ မင်းတို့ မသိသေးတာကို ငါပြောပြလိုက်ဦး မယ်၊ အခု မင်းတို့ အူလည်လည်ခံလိုက်ရသလို သွေးနီဂိုဏ်းချုပ်ကြီး လဲ အူလည်လည်ခံလိုက်ရပြီဆိုတာ ငါလောင်းကြေးတင်ပြီး ပြောရဲ တယ်..."

"ရှင်...ရှင်ဆိုလိုတာက သူ- သူ ဟွမ်စန်းစုံက..."

"အေး... အဲဒီစောရဒေဝပဲ၊ သွေးနီဂိုဏ်းချုပ်ကြီးကို အရှူးလုပ်နိုင်တယ်၊ ကျွင်းထုံ သိုင်းပညာကောင်းတယ်ဆိုပေမယ့် သွေးနီဂိုဏ်းချုပ်ကြီးကို မမီပါဘူး၊ လုထူနန်ကလဲ သိပ်မစွံပါဘူး၊ ဒါနဲ့ များ ဘယ်လိုလုပ်ပြီး တံဆိပ်တော်ကို လုယူလာသလဲလို့ မမေးပါ နဲ့တော့၊ စောရဒေဝပါမှတော့ အဖြေဟာ အလိုလိုထွက်လာပြီပေါ့"





ထိုအတွေးကို ကျွင်းထုံတို့ စောရဒေဝတို့နှင့် တွေ့စကပင် လုစုယာတွေးခဲ့မိသည်။

ယခု ဓားဝမ့်ထိန်ရှင်းပြမှ ရှင်းရှင်းလင်းလင်းသိတော့သည်။ စောရဒေဝပညာမှာ လက်၏လျှင်မြန်မှုပင်ဖြစ်တော့သည်။

ကျွင်းထုံနှင့်သူ စကားဆိုပြီး သဘောတူညီချက်ပြုလုပ်ပြီး သောအခါ နေပြည်တော်သို့သွားပြီး ကျွင်းထုံအကူအညီသွားတောင်း မည်ဟု သူတွက်ချက်ခဲ့သည်။

မရဏပျံလွှားနှစ်ဆယ့်ဆစ်ကောင်ဆီ သွားမည်ဟု လုစုယာ တွေးထင်ခဲ့သည်။

တကယ်တော့ ကျွင်းထုံသွားသည်မှာ မရဏပျံလွှားဆီ မ ဟုတ်ပေ။

စောရဒေဝဟွမ်စန်းစုံဆီသာ ဖြစ်သည်။

စောရဒေဝသည် သွေးနီဂိုဏ်းချုပ်ကြီးကို နှစ်ပေါက်တစ် ပေါက်ရိုက်ပြီး ကျောက်စိမ်းတံဆိပ်တော်ကို အလစ်သုတ်ခဲ့ခြင်းသာ ဖြစ်ရပေမည်။

လုစုယာမှာ ထိုအကြောင်းကိုတွေးမိသည်နှင့် အသံထွက် အောင် ရယ်မောလိုက်မိ၏။

"ဘာရယ်တာလဲအစ်ကို"

ဘွန်လူအောက မေးလိုက်သည်။

"ဩော်...ငါက မင်း သိပ်ဘဝင်မမြင့်နဲ့ မင်းထက် စောရ ဒေဝက ပိုတော်တယ်လို့ ကိုယ့်ကိုယ်ကို သတိပေးနေခဲ့ရတယ်၊ အခု ဆိုရင် စောရဒေဝက ငါ့ထက်တောင်မကဘူး၊ သွေးနီဂိုဏ်းချုပ်ကြီး

ထက်တောင် ပို့တော်နေတာပါပဲကလားလို့တွေးပြီး ရယ်မိတာပါ"

ထိုစဉ် ရွှံ့ရင်းက ဒေါသတကြီးပြောသည်။

"ဒီကောင်ဘဝင်မြင့်အောင် မင်းက အရှူးဘုံပြောက် ချီးကျူးမနေစမ်းပါနဲ့၊ ဒီခွေးတိရိစ္ဆာန်ဟာ အကျင့်ကောင်းတဲ့ကောင်မဟုတ်ဘူး၊ ဒီတစ်ခါ ငါနဲ့တွေ့ရင် သူ့လက်နှစ်ဖက်ကို ဖြတ်ပစ်မယ်၊ သိုင်းလောကမှာ လက်မဲ့ဒေဝလို့နာမည်တွင်သွားစေရမယ်"

လုစုယာကမူ သက်ပြင်းချရင်းပြောသည်။

"ဆရာဘိုးဘိုးဟာ တကယ့်ကိုအမြော်အမြင်ရှိပါပေတယ်၊ သူ့အမြော်အမြင်တွေကို ဟန်တရုတ်တွေအတွက် သုံးလိုက်ရင် ဘယ်လောက်ကောင်းလိုက်လိမ့်မလဲ၊ မရဏာပျံလွှားနှစ်ဆယ့်တစ်ကောင်လုံးလိုက်လာရင်တော့ ဒီတံဆိပ်တော်ကို သူလွယ်လွယ်နဲ့ ရမှာမဟုတ်ဘူး၊ အခုတော့ ခါးပိုက်နှိုက်ဝိဇ္ဇာတစ်ယောက်ကိုခေါ်လာပြီး တံဆိပ်တော်ကို လွယ်လွယ်ကူကူယူလာနိုင်ခဲ့တယ်၊ စူးနေရာစူး ဆောက်နေရာဆောက် သုံးလဲသုံးတတ်ပါပေ့ ဆရာဘိုးဘိုးရယ်"

စန်းအော်ကား ချင်ယာပန်းဂိုဏ်းသားနှစ်ဦးနှင့်အတူ ပွဲကိုင်လျက်ရှိသည်။

သူမက ပွဲပိုင်းမှလှမ်းအော်သည်။

"အစ်ကို ဘာမှပူမနေနဲ့၊ ကျွန်မတို့ ဒီလူလိမ်ကြီးတွေနောက် အမီလိုက်ကိုလိုက်မယ်"

သူတို့သဲကြီးမဲကြီး ခွက်တိုက်လှော်ခတ်နေစဉ် သူတို့နှင့်အပြိုင် ကမ်းပေါ်၌ လူလေးယောက်ပြေးလွှားနေသည်ကို ဖဲ့ဩဖွယ်ရာတွေ့မြင်လိုက်မိသည်။





"ဟ. . . ဘာတွေပါလိမ့်"

ချင်ယာပန်းဂိုဏ်းသားတစ်ဦးက အာမေဋိတ်သံရေရွတ်လိုက်မိသည်။

လူလေးယောက်ကား လှစ်ခနဲလှစ်ခနဲဖြစ်နေသည်။

အလွန်တရာမြန်ဆန်စွာပြေးနေသည်။

ကိုယ့်ဖော့ပညာကောင်းလွန်းလှသဖြင့် ငှက်ကြီးလေးကောင်မြေရှပ်ပျံသန်းနေသကဲ့သို့ရှိနေသည်။

ရှေ့ဆုံးမှ လူမှာ အနီရောင်ဝတ်ရုံကြီး ဝတ်ဆင်ထားသဖြင့် ဝတ်ရုံကြီးသည် လေထဲ၌တလွှားလွှားဖြစ်နေလေသည်။

သူ့နောက်တွင်ပါလာသူများကား အနက်ရောင်၊ အဖြူရောင်နှင့်အစိမ်းရောင်များ အသီးသီးဝတ်ဆင်ထားသည်။

ထိုမြင်ကွင်းမှာ အလွန်တရာ ရင်သပ်ရှုမောဖွယ်ရာ ကောင်းသောမြင်ကွင်းဖြစ်သည်။

လူသားတို့လှုပ်ရှားမှုများအနက် တန်ခိုးကြွံ့ပါတ်မပါဘဲ လေ့ကျင့်မှုစွမ်းအင်ဖြင့် ထက်ထက်မြက်မြက် အဆန်းတကြယ် ပြေးလွှားခြင်းဖြစ်ပေရာ မြင်ရသူတိုင်း မချီးကျူးဘဲမနေနိုင်ကြပေ။

ရှေ့ဆုံးမှအနီရောင်ပုဂ္ဂိုလ်က လှမ်း၍အော်ငေါက်လိုက်လေသည်။

"ကျင်းထုံ သင့်ဘွဲ့မရှိတဲ့ကောင်၊ မင်းတို့ ဘယ်အထိပြေးနိုင်မလဲဆိုတာ ငါစောင့်ကြည့်နေတယ်ဟေ့"

အသံသည် အုန်းမြစ်တစ်ပြင်လုံး ပဲ့တင်ထပ်ဟိန်းထွက်သွားလေသည်။

ခြသေ့်ဆယ်ကောင်ပြိုင်၍ ဟိန်းလိုက်လေသလားထင်မှတ်ရပေသည်။

တော်ရုံတန်ရုံလူများသာဆိုလျှင် သရဲတစ္ဆေလေးကောင်ကမ်းပေါ်မှ ဟိန်းဟောက်ခြိမ်းခြောက်သည်တင်ပြီး လိပ်ပြာလွင့်သွားကြပေလိမ့်မည်။

ရှူရင်းက မေတ္တာရပ်ခံလာ၏။

"လုစုယာ ငါတို့ကို ကုန်းပတ်ပေါ်တင်ပေးပါ၊ ဒီလောက် အတွင်းအားကောင်းတဲ့လူ ဘယ်သူလဲဆိုတာ ငါတို့သေချာအောင် ကြည့်ပါရစေ"

လုစုယာက သုံးယောက်စလုံးကို ကုန်းပတ်ပေါ်သို့တင်ပေးလိုက်သည်။

သွေးကြောကိုတော့ ဖွင့်မပေးပေ။

ရှူရင်းသည် လဲကျနေရာမှ ကမ်းသို့လှမ်းကြည့်လိုက်သည်။

"သွေး. . . သွေးနီဂိုဏ်းချုပ်ကြီးပဲ၊ ဒီလူဟာ သွေးနီဂိုဏ်းချုပ်ကြီးကွ၊ သူဟာ ဘယ်တော့မှ ခွင့်လွှတ်တယ်မရှိဘူး၊ တို့အမြန်ဆုံးပြေးနိုင်မှ အသက်ချမ်းသာရာရလိမ့်မယ်"

ရှူရင်းက တုန်လှုပ်စွာပြောသည်။

လုစုယာသည်ပင်လျှင် တုံ့ဩသွား၏။

ပေပေတေတေသိုင်း သမားကြီးများဟု ထင်မြင်ယူဆထားရသောရှူရင်းတို့သည်ပင်လျှင် သွေးနီဂိုဏ်းချုပ်ကြီးကိုကြောက်သည်ဆိုလျှင် သွေးနီဂိုဏ်းချုပ်ကြီးသည် သိုင်းလောက၌ အမှန်တကယ်ရက်စက်ကြမ်းကြုတ်သူသာ ဖြစ်ရပေမည်။





သွေးနီဂိုဏ်းချုပ်ကြီးသည် သူခက်ခက်ခဲခဲရှာဖွေထားရသောတံဆိပ်တော်ကို သူ့ထံမှ ခေါင်းတုံးပေါ်ထိပ်ကွက် နိုးယူသွားသဖြင့် အကြီးအကျယ်ဒေါသထွက်ကာ ကျင်းထုံနောက်သို့ သဲကြီးမဲကြီးလိုက်ချလာခြင်းဖြစ်တော့သည်။

သွေးနီဂိုဏ်းချုပ်ကြီးသည် သူနှင့်အတူ တပည့်သုံးယောက်ကို ခေါ်ဆောင်လာခဲ့ရာ ၄င်းတို့မှာ မျောက်မွေးဖြူ ဝါစိမ်းမြွေနှင့်လင်းနို့နက်တို့ပင်ဖြစ်လေသည်။

သွေးနီဂိုဏ်းချုပ်ကြီးသည် သိုင်းလောက၏ လူထူးလူဆန်းကြီးဖြစ်သည်။

သူ့တပည့်များ၏ နာမည်များကိုကြည့်ပါ။ မည်သူမျှ နာမည်ရင်းနှင့်မရှိကြပေ။ တိရိစ္ဆာန်နာမည်များမှည့်ရာတွင်လည်း ထူးခြားသောတိရစ္ဆာန်များ၏နာမည်များကိုသာ ပေးသည်။

လုစုယာမှာ သိုင်းလောကထဲရောက်ရှိလာသော်လည်း သွေးနီဂိုဏ်းချုပ်ကြီးကို တစ်ကြိမ်တစ်ခါမျှမမြင်ဘူးချေ။

ယခုမမျှော်လင့်ဘဲတွေ့ရသောအခါ အလွန်တရာစိတ်မာတိတက်ကြွမိသည်။

ထို့ကြောင့် အတွင်းအားထုတ်ကာ သွေးနီဂိုဏ်းချုပ်ထံ အကြောင်းပြန်ကြားလေ၏။

"သွေးနီဂိုဏ်းချုပ်ကြီးလား၊ ဒီလှေပေါ်မှာ ကျင်းထုံမရှိပါဘူး၊ ဂိုဏ်းချုပ်ကြီးလက်စားချေချင်တဲ့လူက ကျုပ်တို့ရှေ့ကပြေးသွားပြီ၊ ဒီလှေကို ကျုပ်တို့လဲ လိုက်နေတာပဲ"

လုစုယာ၏အသံကလည်း လေထဲ၌ပဲ့တင်တုန်ခါနေသည်။

ထိုအခါ လင်းနို့နက်က လှေပေါ်မှလူငယ်သည် သူ ဖူထို ကျွန်း၌တွေ့ဆုံခဲ့ဖူးသော လုစုယာဖြစ်ကြောင်း သူ့ဆရာအားရှင်းပြ၏။

"မင်းက လုစုယာဆိုတာလား၊ အေး. . . ခုလိုတစ်ပြိုင်တည်း တွေ့ရတာကောင်းတယ်၊ မင်းနဲ့တွေ့ပြီး စာရင်းရှင်းစရာရှိသေးပေမယ့် မင်းရဲ့စာရင်းက ဒီလောက်မများပါဘူး၊ ဟို သူခိုးကျင့်သူခိုးကြံ ကြံတဲ့ ကျင်းထုံနဲ့က ရှင်းစရာပိုများတယ်၊ ဒီတော့ ကျင်းထုံနောက်ကို အရင် လိုက်ရမယ်ဟေ့"

သူသည် အကျိုးအကြောင်းပြောပြီးသည်နှင့် ကမ်းစပ်တစ် လျှောက် အနိမ့်မြင့်တင် ပြေးသွားလေတော့၏။

ဘွန်လူအောကား သွေးနီဂိုဏ်းချုပ်ကြီးကို သတင်းကြားနှင့် အထင်တကြီးရှိခဲ့၏။ ယခုလူချင်းတွေ့ဆုံသောအခါ သာမန်အဘိုး ကြီးတစ်ယောက်မျှသာဟုယူဆပြီး စိတ်ပျက်သွား၏။

ကျန်းစန်းအော်ကား သွေးနီဂိုဏ်းချုပ်ကြီးကို အထင်ကြီးခြင်း လည်းမရှိ၊ သိလည်းမသိချေ။ ထို့ကြောင့် ကြောက်ရွံ့ခြင်းမရှိဘဲ လှမ်း ကြည့်နေသည်။

တကယ်သိသူများဖြစ်သည့် ဓားဝမ့်ထိန်၊ ရှု့ရင်းနှင့် ကျို့ ထောင်တို့ကား ဖောချွေးပြန်နေကြသည်။

သူတို့သည် သွေးကြောပိတ်ခံထားရသဖြင့်သာ ဤအချိန် အထိ လှေပေါ်၌နေကြခြင်းဖြစ်၏။

အကယ်၍ သွေးကြောပိတ်ခံမထားရပါလျှင် လှေကို တစ် ဖက်ကမ်းသို့ အတင်းကပ်စေပြီး ထွက်ပြေးသွားပိမည်သာဖြစ်သည်။ သူတို့သည် သွေးနီဂိုဏ်းချုပ်ကြီးကို ဤမျှအထိကြောက်ကြသည်။





ရှု့ရင်းက လုစုယာအားတောင်းပန်သည်။

"လုစုယာ ငါတို့သွားပါရစေတော့၊ ငါတို့ရဲ့သွေးကြောတွေကို ဖွင့်ပေးပါ"

"ဘာလဲ၊ သွေးနီဂိုဏ်းချုပ်ကြီးကိုကြောက်လို့လား၊ သူ မရှိ တော့ဘူး၊ ပြေးသွားပြီ"

"ဘယ်ကပြေးရမှာလဲ၊ သူပြန်လာမယ်လို့ ပြောသွားတာပဲ၊ သွေးနီဂိုဏ်းချုပ်ကြီးဟာ ရန်ကြွေးရန်စကို ဘယ်တော့မှမမေ့ဘူး"

လုစုယာက လှောင်ရယ်ရယ်လိုက်၏။

"ဟား. . . ဟား. . . ဟား သတ္တိကြောင်လိုက်တာဗျာ၊ ဒါနဲ့ များ ကျောက်စိမ်းကောရာခ်တံဆိပ်တော်ကို လုယူဖို့ ဆင်းလာရသေး သလား"

"အေးလေ မင်းက သွေးနီဂိုဏ်းချုပ်အကြောင်း မသိသေး တော့ သိပ်မကြောက်ဘူးပေါ့၊ မင်းစဉ်းစားကြည့်လေ၊ သိုင်းလောကထဲ မှာ ကျင်းထုံဟာ နာမည်တစ်လုံးနဲ့နေတဲ့လူကွ၊ ဒါပေမယ့် သူဟာ သွေး နီဂိုဏ်းချုပ်ကြီးကိုတော့ကြောက်တယ်၊ ဒါဆိုရင် မင်းစဉ်းစားတတ်ဖို့ ကောင်းပါပြီ၊ တံဆိပ်တော်နောက် တို့လိုက်တာကတော့ အချောင်ရ မလားလို့ပါကွာ၊ တို့ကိုခွင့်လွှတ်ပါ၊ တောင်းပန်ပါတယ်"

ရှု့ရင်းတို့ သွေးနီဂိုဏ်းချုပ်ကြီးကိုကြောက်ရွံ့သည်မှာ အ ကြောင်းရှိသည်။

သူတို့သည် သွေးနီဂိုဏ်းချုပ်ကြီး၏အမည်ကိုသာ ကြားဖူး ကြသည်။

လူချင်းတော့ မတွေ့ဘူးချေ။

ထို့ကြောင့် ဓားဝဲ့ထိန် နှင့်နှစ်ယောက်ပေါင်းပြီး တိုက်ခိုက်ပါက အနိုင်ရနိုင်သည်ဟု ကိုယ့်ကိုယ်ကိုအထင်ကြီးခဲ့ကြသည်။ ဤသို့ဖြင့် သူတို့နှစ်ယောက် လုံစွမ်သို့ချီတက်ခဲ့ကြ၏။

လုံစွမ်သို့ သူတို့ရောက်ခဲ့ကြပါသည်။

သို့သော် သွေးနီဂိုဏ်းချုပ်ကြီးကိုကား မတွေ့ရပါ။

သွေးနီဂိုဏ်းချုပ်ကြီးကိုယ်စား သူ့တပည့်များဖြစ်ကြသော မျောက်မွေးဖြူနှင့် ဝါးစိမ်းမြွေတို့ကိုသာတွေ့ကြရသည်။

သူတို့အကြီးအကျယ်ရှုံးနိမ့်ပြီး ထွက်ပြေးခဲ့ကြရာ သွေးနီဂိုဏ်းချုပ်ရှိရာဆင်းလာသော ကျင်းထုံတို့နှင့်တွေ့ဆုံကြရပြန်သည်။

ထိုစဉ်စောရဒေဝကထပ်မံအစွမ်းပြလိုက်ရာ ရှုံ့ရင်း၏တောင်ဝှေး ပျောက်ဆုံးသွားခဲ့ရသည်။

သွေးနီဂိုဏ်းချုပ်၏တပည့်ကိုတောင်မှ သူတို့ မနိုင်ကြသဖြင့် သွေးနီဂိုဏ်းချုပ်ကိုကြောက်ရွံ့ကြသည်မှာ လွန်စွာသဘာဝကျပါပေသည်။

ရှုံ့ရင်း၏တောင်းပန်ချက်ကို စန်းအော်ကလက်မခံပေ။

"လွန်ခဲ့တဲ့ဆယ့်ခြောက်နှစ်က ရှင်တို့လုပ်ခဲ့တဲ့ မကောင်းမှုတွေ အများကြီးပဲရှင့်၊ အဲဒီအပြစ်တွေကို ရှင်တို့ရဲ့သွေးနဲ့ဆေးမှ စင်ကြယ်လိမ့်မယ်"

"အဲဒီလိုတော့မလုပ်ပါနဲ့မိန်းကလေးရယ်၊ ငါတို့ဟာ ခုထက်ထိ လူတစ်ယောက်မှမသတ်ဖူးသေးပါဘူး၊ ကျားချောက်ကမ်းပါးကိုလာတိုက်တဲ့ကိစ္စမှာလဲ ကျင်းထုံ လူလည်လုပ်တာပါ၊ တို့က ဓားစာခံသက်သက်ပါ၊ တို့လဲ ကျင်းထုံလိမ်တာကို ခံရတဲ့လူတွေပါ"





စန်းအော်ကား ရှုံ့ရင်းတို့အား ခွင့်လွှတ်လိုစိတ် အနည်းငယ်မျှမရှိပေ။

သို့သော် လုစုယာနှင့်ဘွန်လူအောတို့၏သဘောကို လုစ်လျူရှုပစ်ပယ်၍မရကြောင်းလည်း သိသည်။

ထို့ကြောင့်. . .

"အစ်ကိုလုစုယာ. . . ဘယ်လိုသဘောရသလဲ"

လုစုယာမှာ ရှုံ့ရင်းတို့ကို မသတ်လိုပေ။ ဘွန်လူအောဘက်သို့လှည့်ကြည့်ကာ ပြောလိုက်၏။

"ညီမလေး ဘွန်လူအောကကော ဘယ်လိုသဘောရသလဲ"

ဘွန်လူအောမှာ လုစုယာ၏စိတ်သဘောထားကို သိ၏။

ထို့ပြင် နန်ရွှဲတောင်မှ ထန်တိုဆရာတော်သည်လည်း လူသတ်ခြင်းကိုရွံမုန်းကြောင်း ကြားသိထားပြီးဖြစ်၏။

ရှုံ့ရင်းတို့အား အပြစ်မပေးဘဲပြန်လွှတ်လိုက်ပါက စန်းအော်မကျေမနပ်ဖြစ်ဦးမည်ကိုလည်း သိသည်။

"ကဲ. . . ကျွန်မပဲ အဆုံးအဖြတ်ပေးမယ်၊ ရှင်တို့ဟာ ကျွန်မတို့ ဘွန်၊ လု၊ ကျန်းမျိုးဆက်တွေကို တစ်ယောက်မှမသတ်ခဲ့ဖူးဘူး၊ ဒါကို ကျွန်မတို့သိတယ်၊ ဒီတော့ သေစားသေရမယ့်အပြစ်မျိုး မလိုအပ်ဘူး၊ ဒါပေမယ့် ဘာစ်သက်လုံး ရှင်တို့လုပ်လာတဲ့ မကောင်းမှုတွေကလဲ များလွန်းအားကြီးတယ်၊ အဲဒီပြစ်မှုတွေအတွက်တော့ ရှင်တို့အပြစ်ဒဏ်ခံသင့်တယ်၊ ဒါကြောင့် ရှင်တို့ နားရွက်တွေကို ဖြတ်ပစ်ရမယ်"

ဘွန်လူအောက သက်ပြင်းချလိုက်သည်။

ပြီးမှ ဆက်ပြောသည်။

"အဲဒီလိုအပြစ်မျိုး ပေးရတာကတော့ ရှင်တို့တတွေ နောက်ထပ်မကောင်းမှုတွေ ထပ်ပြီးမကျူးလွန်အောင်လို့ပါ၊ ဘာပဲဖြစ်ဖြစ် ရှင်တို့ အသက်မသေတာကိုဘဲ ကျေးဇူးတင်ရလိမ့်မယ်"

စန်းအော်ကား ထိုစီရင်ချက်ကို သိပ်ကျေနပ်ပုံမရချေ။

သို့သော် မသင့်တင့်သော စီရင်ချက်ဟူ၍လည်း ပြော၍မရပြန်ချေ။

"ရှင်တို့ သက်သာသွားတယ်မှတ်ပါ"

သူသည် စကားဆုံးသည်နှင့် ဓားကို ဝှေ့ယမ်းလှုပ်ရှားလိုက်လေ၏။

"ရှမ်း . . . ရှမ်း . . . ရှမ်း"

ဓားချက်များက အလွန်တိကျသည်။

ရန်သူသုံးယောက်စလုံး နားရွက်များပြတ်ကုန်တော့သည်။

ရှို့ရင်းတို့သုံးယောက်မှာ ပူခနဲသာခံစားလိုက်ရသည်။

"ခင်ဗျားတို့ အများကြီးကံကောင်းပါတယ်၊ အသက်ထက်တန်ဖိုးကြီးတဲ့အရာဆိုလို့ တိုင်းပြည်နဲ့အမျိုးဂုဏ်ပဲရှိပါတယ်၊ တိုင်းပြည်နဲ့အမျိုးဂုဏ်ကိုဘေးဖယ်ထားတဲ့ ခင်ဗျားတို့အဖို့မှာတော့ အသက်ပဲ အရေးကြီးဆုံးဖြစ်နေပါလိမ့်မယ်၊ နားရွက်နှစ်ဖက်ဟာ အသက်လောက်တန်ဖိုးမရှိတဲ့အတွက် ခင်ဗျားတို့ကျေနပ်ကြပါ၊ ကဲ- ခင်ဗျားတို့ကို ကမ်းပေါ်တင်ပေးခဲ့ပါ့မယ်"

လုစုယာက ရန်သူသုံးယောက်၏သွေးကြောများကို ဖွင့်ပေးလေသည်။





ရန်သူများသည် အချင်းချင်း သွေးစည်းညီညွတ်သွားကြပြီး တစ်ယောက်ကိုတစ်ယောက် ဆေးထည့်ပြုစုကြ၏။

ကမ်းသို့ လှေဆိုက်ကပ်သောအခါ သုံးယောက်စလုံး ကမ်းပေါ်သို့ပြေးတက်ကြသည်။

ကျို့ထောင်သည် ကမ်းပေါ်သို့ရောက်သည်နှင့် လှေအစွဲကို ပြန်စောင့်ကြည့်သည်။

စန်းအော်တို့လှေ ရေလယ်သို့ရောက်သောအခါ ကျို့ထောင်က အော်ဟစ်ကြိမ်းဝါးလေတော့၏။

"မိန်းကလေး မင်းရဲ့ဓားချက်တစ်ချက်ကို ငါတစ်သက်လုံး မှတ်ထားလိုက်ပြီ၊ အသည်းထဲစွဲနေအောင် မှတ်ထားလိုက်ပြီ၊ သိရဲ့လား"

စန်းအော်က ကမ်းခြေသို့လှမ်းကြည့်၏။

"ဟင်း- ရှင်တို့အကြောင်း ကျွန်မက မသိဘူးမှတ်နေသလား၊ ရှင်တို့ကိုလွှတ်လိုက်လို့ကတော့ သိုင်းလောကတစ်ခုလုံး အငြိမ်ကို နေရမှာမဟုတ်ဘူးဆိုတာ ကျွန်မသိပြီးသား၊ ရှင်တို့ဟာ ခွေးရူးလို သိုင်းသမားတွေ၊ မြင်မြင်ကရာ လျှောက်ကိုက်ပြီး ပတ်ဝန်းကျင်ကိုဒုက္ခပေးမယ့်လူတွေဆိုတာ ကျွန်မနားလည်ပြီးသား၊ ရှင်တို့ကို ကျွန်မ ဓားချက်နှစ်ချက်စီသုံးလိုက်တယ်ဆိုတာ မှတ်ထားဦး၊ တစ်ချက်တည်းလို့ ထင်မနေနဲ့"

စန်းအော်သည် ကျို့ထောင်ကို လွန်စွာဒေါသထွက်သွား၏၊ လမ်းပေါ်သို့ခုန်တက်နိုင်သောအနေအထားမျိုးရှိလျှင် ချက်ချင်း ခုန်တက်ပြီး လိုက်သတ်မည်မှာသေချာသည်။

လုစုယာက ဖျောင်းဖျလိုက်၏။

"ညီမလေးရယ်... သူတို့က အသံပဲ ပေးနိုင်တော့တာပါ။ တကယ့်စွမ်းရည်က မရှိတော့ပါဘူး"

ကမ်းပေါ်မှရန်သူသုံးယောက်လည်း ပျောက်ကွယ်သွားလေပြီ။ စန်းဘော်ကား အံကြိတ်နေဆဲ...း

စာစဉ်(၃)ပြီး၏။

စာစဉ်(၄)ဆက်လက်ဖတ်ရှုပါရန်

နေဝန်းဆာဝ်စာပေ